http://www.dhammadownload.com



ဓမ္မဘောဂီစာစဉ်(၁၁)

မထေရ်မြတ်တို့စကားဝိုင်း(၇)

ဓမ္မဘောဂီအရှင်ဝိစိရိယ(တောင်စွန်း)

# ဘဝပြန်ချီ

[ အတွေးသစ်ဆောင်းပါးများ ]



http://www.dhammadownload.com



# နေရာနဲ့ လူ

| ပတိရူပနဲ့ အတ္တသမ္မာပဏိဓိ |

ကိုယ့်အတွက် ရေကန်အသင့် ကြာအသင့်ဖြစ်တဲ့အရပ်ကို
ရှာဖွေနေသူဟာ ကိုယ်စွမ်းကိုယ်စ ပျောက်နေတဲ့အတွက်
ဘဝပါပျောက်ပြီး သေနေမယ်။

ရောက်ရာအရပ်မှာ ရေကန်တူးပြီး ကြာပေါက်အောင်
စွမ်းဆောင်နိုင်မှသာ ကိုယ်စွမ်းကိုယ်စပြည့်ဝတဲ့အတွက်
ဘဝပါ ပြည့်ဝရှင်သန်မယ်။

| ဓမ္မဘောရီ အရှင်ဝီရိယ |

http://www.dhammadownload.com

မမှဘောရီစာစဉ် (၁၀)

# ဘဝပြန်ချီ

## မထေရ်မြတ်တို့ စကားဝိုင်း (၇)

ဓမ္မဘောရီ - အရှင်ဝီရိယ (တောင်စွန်း)

ပင်ရင်း

**New Day Colour Separation**

အမှတ် (၁၄၈)၊ လမ်း (၅၀)၊ ပုစွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၂၀၁၄၃၇၊ ၂၉၈၆၄၂

ဖြန့်ချိရေး

**ရာပြည့်စာအုပ်ဆိုင်**

အမှတ် (၄၁၆)၊ မဟာဗန္ဓုလလမ်းနှင့် ၃၅ လမ်းထောင့်၊
ရန်ကုန်မြို့။ ဖုန်း - ၇၁၀၁၀၃

http://www.dhammadownload.com

စာမူခွင့်ပြုချက်အမှတ် ■ [ ၃၂၀ ၃၉၉ ၀၇ ၀၉ ]
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ■ [ ၃၂၀ ၃၉၉ ၀၈ ၀၉ ]
ထုတ်ဝေသည့်အကြိမ် ■ ပထမအကြိမ်
(ဩဂုတ်လ၊ ၂၀၀၉)
အုပ်ရေ ■ ၃၀၀၀
မျက်နှာဖုံးနှင့် ■ ဒေါ်ခင်အေးမြင့်
အတွင်းစာသားပုံနှိပ်သူ ရာပြည့်အော့ဖ်ဆက်
အမှတ် ၁၈၁၊ လမ်း ၅၀
ပုဇွန်တောင်မြို့နယ်။
ရန်ကုန်မြို့။
ထုတ်ဝေသူ ■ ဦးသစ်လွင်၊
ဂန္ဓဝေါမြင်စာပေ
၁၁၃၊ ရွှေပြည်သာလမ်း၊
၆ ရပ်ကွက်၊ သာကေတ၊ ရန်ကုန်။
စာအုပ်ချုပ် ■ ဖူးပွင့်မွေး
မျက်နှာဖုံး ■ ဗဂျီလင်းဝဏ္ဏ
အတွင်းအပြင်အဆင် ■ မောင်မင်းယု (ချင်းတွင်း)
တန်ဖိုး ■ ၈၀၀ ကျပ်

၂၉၄ ·၃
ဝီရိယ / အရှင်၊ ဓမ္မဘောရီ (တောင်စွန်း)
ဘဝပြန်ချိ၊ မထေရ်မြတ်တို့စကားဝိုင်း (၇)
ဓမ္မဘောရီ အရှင်ဝီရိယ (တောင်စွန်း)၊ ရန်ကုန်။
ဂန္ဓဝေါမြင်စာပေ၊ ၂၀၀၉။
စာ - ၁၆၈၊ စင်တီ - ၁၂ . ၅ x ၁၈ . ၅ (၁) ဘဝပြန်ချိ၊
မထေရ်မြတ်တို့စကားဝိုင်း (၇)

http://www.dhammadownload.com

# မာတိကာ


| | | |
|---|---|---|
| ၁။ | ဘဝပြန်ချီ (၁) | ၅ |
| ၂။ | ဘဝပြန်ချီ (၂) | ၁၂ |
| ၃။ | ပြန်ချီကကွက်များ | ၁၇ |
| ၄။ | ခွင့်လွှတ်သည်းခံ စိတ်ကောင်းလေးနဲ့ပြန်ချီ | ၂၄ |
| ၅။ | စာနာစိတ်နဲ့ ပြန်ခဲ့ပါ | ၃၃ |
| ၆။ | မချွတ်ယွင်းဖို့ အမြင်ရှင်းရမယ် | ၄၀ |
| ၇။ | တန်ဖိုးထားတဲ့မိဘနဲ့ တန်ဖိုးဖြတ်တဲ့မိဘ | ၄၇ |
| ၈။ | အမြင့်ဆုံးဘဝကို တည်ဆောက်ခြင်း (၁) | ၅၆ |
| ၉။ | အမြင့်ဆုံးဘဝကို တည်ဆောက်ခြင်း (၂) | ၆၄ |
| ၁၀။ | အမြင့်ဆုံးဘဝကို တည်ဆောက်ခြင်း (၃) | ၇၂ |
| ၁၁။ | ပုဂ္ဂိုလ်ယုတ်မြတ်နဲ့ ကုသိုလ်ယုတ်မြတ် (၁) | ၈၄ |
| ၁၂။ | ပုဂ္ဂိုလ်ယုတ်မြတ်နဲ့ ကုသိုလ်ယုတ်မြတ် (၂) | ၉၀ |

http://www.dhammadownload.com


| | | |
|---|---|---|
| ၁၃။ | အခွင့်နှင့်အရေး (၁) | ၉၆ |
| ၁၄။ | အခွင့်နှင့်အရေး (၂) | ၁၀၁ |
| ၁၅။ | 'အနန္တ' ဘွဲ့ကို<br>ပေးအပ်ချီးမြှင့်တဲ့ ကျေးဇူးရှင်လေးများ | ၁၀၇ |
| ၁၆။ | ချီးမြှောက်ခြင်းနဲ့ လှူဒါန်းခြင်း (၁) | ၁၁၆ |
| ၁၇။ | ချီးမြှောက်ခြင်းနဲ့ လှူဒါန်းခြင်း (၂) | ၁၂၃ |
| ၁၈။ | နှလုံးကောင်း စိတ်မြတ် (၁) | ၁၃၀ |
| ၁၉။ | နှလုံးကောင်း စိတ်မြတ် (၂) | ၁၃၇ |
| ၂၀။ | နှလုံးကောင်း စိတ်မြတ် (၃) | ၁၄၁ |
| ၂၁။ | လူရည်သန့် | ၁၄၅ |
| ၂၂။ | ဒါနနဲ့ သံသရာ | ၁၄၉ |
| ၂၃။ | တရားသဖြင့် နေထိုင်သူ | ၁၅၆ |
| ၂၄။ | အို, နာ, သေခြင်းမရှိသူ | ၁၆၃ |

http://www.dhammadownload.com

# ဘဝပြန်ချီ (၁)

"လူ့ဘုံ လူ့ဘဝဆိုတာ ကုသိုလ်ကံအခ ပေးနိုင်သမျှ ခဏလေး တည်းခိုခွင့်ရတဲ့ 'တည်းအိမ်' ပါ။ အိမ်ရှင်ကို စော်ကားပြစ်မှားမိရင်တော့ နောက်တစ်ခါ တည်းခွင့်ရဖို့ မလွယ်လောက်တော့ဘူး"

မမွှေဘေရီ-အရှင်ဝီရိယ

မိမိ ပထမဆုံး ပညာစသင်တဲ့အချိန်ကစပြီး မန္တလေး (အမရပူရ) ကိုရောက်ခဲ့ကာ နှစ်ပေါင်းနှစ်ဆယ်ကျော် ဆက်တိုက်နေခဲ့တာဖြစ်လို့ မန္တလေးဇာတိသားလို ဖြစ်နေပေမယ့် မန္တလေးသားတိုင်း ဒုံးမဝေးလှတဲ့ အငြိမ့်သဘင်နဲ့ ပတ်သက်လို့တော့ အတော်လေး ဒုံးဝေးပါသေးတယ်။

"ပြည်သူချစ်သော အနုပညာသည်များ"လို စာအုပ်မျိုးကို

http://www.dhammadownload.com



အတော် နှစ်နှစ်ခြိုက်ခြိုက် ဖတ်ရှုဖူးတာကလွဲလို့ လက်တွေ့မျက်မြင် အငြိမ့်ကြည့်ရတာကို ဝါသနာ နည်းခဲ့တယ်။ ငယ်ငယ်ကတော့ "လောကီစာအုပ်တွေ" လို့ သတ်မှတ်ထားတဲ့ ဂျာနယ်၊ မဂ္ဂဇင်း၊ ဝတ္ထု စတာတွေကို မဖတ်ရဘူးဆိုတဲ့ ပိတ်ပင်မှုကြောင့် ညပိုင်း မီးပိတ်ပြီးတဲ့အချိန်ရောက်မှသာ စာကို ဖယောင်းတိုင်မီးနဲ့ ခိုးဖတ်ရတာဆိုတော့ စာဖတ်ခြင်းကို ဝါသနာထုံတဲ့ မိမိအနေနဲ့ အငြိမ့်အတွက် အချိန် သိပ်မပေးဖြစ်ခဲ့လို့ ခုလို ဒုံးဝေးနေတာပါပဲ။

ဒီတစ်ခေါက် မန္တလေး ပြန်ရောက်တော့ အလွန့်ကို ခင်မင်ရင်းနှီးတဲ့ မိတ်ဆွေတစ်ဦးက "ကဲ... ကိုယ့်လူ၊ အငြိမ့်ဝါသနာမပါဘူးဆိုလည်း တစ်ခါတည်းနဲ့ စွဲသွားစေမယ်။ ဒါကိုတော့ ကြည့်ဖြစ်အောင် ကြည့်စမ်းပါ" ဆိုပြီး လေပါတီမမြရင် နှစ်တစ်ရာပြည့်အထိမ်းအမှတ် အငြိမ့်ခွေကို ဖွင့်ပြပါတယ်။ မိမိက သိပ်ပြီး စိတ်ဝင်စားဟန်မပြတဲ့အခါ "ကဲ ... ကဲ မန္တလေး နေလာပြီး အငြိမ့်အကြောင်းမှ နည်းနည်းပါးပါး တီးမိခေါက်မိ မရှိရင် ညံ့ရာကျတယ်။ ဟောဒီ အခန်းကတော့ ကြည့်လည်း ကြည့်ဖူးပြီး နားလည်းလည်ထားမှဖြစ်မယ်" ဆိုပြီးတော့မှ 'ပြန်ချီ' ဆိုတဲ့အခန်းကို ဖွင့်ပြရင်း အဓိပ္ပာယ်ကိုလည်း ရှင်းပြပါတယ်။

သူပြောပြတဲ့အတိုင်း မိမိ နားလည်သလောက်ကတော့ လေပါတီ မမြရင်တို့ခေတ်တုန်းက နာမည်ကြီး အငြိမ့်တွေမှာ ခေါင်းဆောင်မင်းသမီး နဲ့ ရှေ့ထွက်မင်းသမီး တစ်လက်လောက်ပဲ ရှိတယ်။ 'ရှေ့ထွက်' ဆိုတဲ့ အတိုင်း ခေါင်းဆောင်မင်းသမီး မထွက်သေးမီ ရှေ့ပိုင်းမှာ စောစော ရောက်နေတဲ့ ပရိသတ်ကို ဖျော်ဖြေရင်း ကခွင့်ရတဲ့ မင်းသမီးပါပဲ။ အဲဒီ ရှေ့ထွက်မင်းသမီးမှာ ပညာစွမ်းပြခွင့်အဖြစ် ခေါင်းဆောင် မင်းသမီး ထွက်ခါနီး နောက်ဆုံး

http://www.dhammadownload.com



ကခွင့်ရတဲ့ အချီကို 'ပြန်ချီ' လို့ ခေါ်ပါသတဲ့။

'ပြန်ချီ' ရဲ့ ထူးခြားချက်ကတော့ ဒီအချီကို ကတဲ့နေရာမှာ ဆိုင်း အဖွဲ့နဲ့ မင်းသမီးတို့ဟာ ကြိုတင်ပြီးညှိနှိုင်း ဇာတ်တိုက်ထားခြင်း လုံးဝ မရှိဘူး။ မင်းသမီးက သီချင်းတစ်ပုဒ်ကို ဆိုလိုက်တာနဲ့ ဆိုင်းကလည်း ပထမတော့ အဲဒီသီချင်းအလိုက်ပဲ နည်းနည်းပါးပါး တီးလိုက်တယ်။ နောက်တော့ သူတီးချင်သလို တီးတော့တာပဲတဲ့။ ငြိမ့်ငြိမ့်ညောင်း ညောင်းလေး တီးနေရာကနေ ခပ်ဆတ်ဆတ် တီးလုံးကို ပြောင်းချင်လည်း ပြောင်းတယ်။ ယိုးဒယားတီးကွက်လိုကနေ ဘီလူးဆိုင်း၊ မျောက်ဆိုင်းလို ခပ်ကြမ်းကြမ်းတီးလုံးကို ပြောင်းချင် ပြောင်းတယ်။ ပြီးရင် မြိုင်ထလို ခပ်သွက်သွက် တီးလုံးမျိုး ပြန်ပြောင်းချင်လည်း ပြောင်းတယ်။ ဆိုင်းက ဘယ်လိုပဲ ပြောင်းပြီးတီးတီး မင်းသမီးက တီးကွက်စည်းချက်နဲ့ လိုက်ဖက်အောင် ကပြရတာပါပဲတဲ့။

အငြိမ့်ကြည့်တဲ့ ပရိသတ်က များသောအားဖြင့်တော့ ခေါင်းဆောင် မင်းသမီးကိုသာ အဓိကထားကြတာ ဖြစ်ပေမယ့် ဒီ "ပြန်ချီ" ဆိုတဲ့ အခန်းကိုတော့ မီအောင်လာရောက်ပြီး ကြည့်ကြပါသတဲ့။ "ဆိုင်းက ဘယ်လိုတီးလုံးကနေ ဘယ်လိုတီးလုံးမျိုးကို ပြောင်းလိုက်မလဲ။ မင်းသမီးကကော တီးလုံးတီးကွက်နဲ့ အံဝင်အောင် ကနိုင်ပါ့မလား"ဆိုပြီး ဒီတီးကွက်နဲ့ ဒီ 'က' ကွက်ကို အလွန်စိတ်ဝင်တစား စောင့်ကြည့်ကြတာ ဆိုကိုး။ အဲဒီမှာ တီးလုံးက အနု၊ အကြမ်း၊ အငြိမ့်၊ အဆတ် အမျိုးမျိုး ပြောင်းသလို မင်းသမီးကလည်း အားကျမခံ အံဝင်ခွင်ကျ ကနိုင်တယ်ဆိုရင် ပရိသတ်က လက်ခုပ်တဖြောင်းဖြောင်းနဲ့ အားပေးကြ၊ 'ဝမ်းစမိုး' ဆိုပြီး တောင်းဆိုကြနဲ့ ပရိသတ်နဲ့ မင်းသမီးတို့ တရင်းတနှီးအဖြစ်ဆုံး ကကွက်ဖြစ်လို့

http://www.dhammadownload.com



မင်းသမီးကလည်း ဒီ 'ပြန်ချီ'ကို ဂုဏ်ယူဝင့်ကြွား ကြိုးစား ပြီးကတယ်။ ဆိုင်းကလည်း မင်းသမီး ကိုးရိုးကားရားဖြစ်အောင်ကို အပြောင်းအလဲတွေ အမျိုးမျိုးနဲ့ အစွမ်းပြကြတာမို့ ဒီတစ်ည 'ပြန်ချီ' ကကွက်ကို မမီလိုက်ဘူးဆိုရင် အငြိမ့်ကြည့်ရတယ်လို့တောင် မထင်ကြဘူးဆိုပဲ။

'ပြန်ချီ' မှာ မင်းသမီးရဲ့ နောက်ထပ် အရေးပါတဲ့ အခွင့်ထူးတစ်ခုကတော့ ခေါင်းဆောင်မင်းသမီး အသစ်တင်ပြီး အငြိမ့်သစ်ထောင်လိုကြတဲ့ ပုဂ္ဂိုလ်များအနေနဲ့ 'ပြန်ချီ' ကို အလေးထားလေ့လာကြပါသတဲ့။ "ဘယ်ရှေ့ထွက် မင်းသမီးကတော့ 'ပြန်ချီ' မှာ ပရိသတ်လက်ခုပ်သြဘာ အပေးခံရတယ်။ ပရိသတ် သဘောကျတယ်" ဆိုရင် အဲဒီမင်းသမီးဟာ မကြာခင် ခေါင်းဆောင်မင်းသမီး ဖြစ်ခွင့်ရသွားတော့တာပဲဆိုတဲ့ အကြောင်း ရှင်းပြပါတယ်။

ဟုတ်လည်း ဟုတ်လောက်ပါတယ်။ ကကြိုးကကွက်ဆိုတာ ဘာမှ သိပ်နားမလည်တဲ့ မိမိအနေနဲ့တောင် ဒီကကွက်ဟာ အတော် မြိုင်မြိုင်ဆိုင်ဆိုင်နဲ့ မင်းသမီးကော ဆိုင်းအဖွဲ့ပါ ပညာချင်း ပြိုင်နေကြတာမို့ အတော်လေး စိတ်ဝင်တစား ကြည့်မိလိုက်သလို၊ ဝါသနာပါလို့ အငြိမ့်ကြည့်မယ်ဆိုရင် ဒီအခန်းဟာ မင်းသမီးရဲ့ ပညာသားကို အပြည့်အဝ အကဲခတ်ခွင့်ရတဲ့ အခန်းပါလားဆိုတာလောက်တော့ သဘောပေါက်သလိုလို ရှိလာပါတယ်။

'ပြန်ချီ' ဆိုတာ ဒီတစ်ညအတွက် ပြန်ခါနီး နောက်ဆုံးကပြတဲ့ အချီလို့ ဆိုလိုတာလား။ ပရိသတ်က နောက်ထပ်ပြန်ပြီးတောင်းဆိုလာအောင် ပညာကုန် အစွမ်းပြပြီး ကရတဲ့အချီလို့ဆိုလိုတာလားရယ်လို့တော့ သူငယ်ချင်းက သဲသဲကွဲကွဲ ရှင်းမပြလို့

http://www.dhammadownload.com



အတိအကျ မသိလိုက်ရဘူး။ ဇာတ်ခုံပေါ်မှာ "ပြန်ချီ" အကကောင်းရင် ပရိသတ်က ပြန်လည်တောင့်တတယ်။ တစ်ဆင့်ထက်တစ်ဆင့် တိုးတက်တဲ့ အခွင့်အလမ်းတွေ ရရှိသွားတယ် ဆိုတာလောက်ပဲ သဘောပေါက်မိတာပါ။

ဆန့်ကျင်ဘက်အနေနဲ့တော့ သူငယ်ချင်းက နှုတ်နဲ့ ဖြည့်စွက်ပြီး ပြောပြတဲ့အထဲမှာ ပါသေးတယ်။ "မင်းသမီးက ပြန်ချီ အကကောင်းလို့ ပရိသတ်က ပြန်လည်တောင်းဆိုနေပေမယ့် သူ့အတွက် သတ်မှတ်ထားတဲ့ အချိန်စေ့တော့ နောက်ထဲပြန်ဝင်သွားရတယ်။ အဲဒီအချိန်မှာ လူရွှင်တော်က ထတဲ့ပြီး "အောင်မာ... ကောင်မလေးလောက်တော့ ငါလည်း ကပြတတ်ပါတယ်။ ကဲ... ဆိုင်းဆရာ ပညာကို စမ်းချင်သလောက် စမ်းလိုက်စမ်း" ဆိုပြီး ကပါလေရောတဲ့။ ဆိုင်းရဲ့ တီးကွက်ကတခြား လူရွှင်တော် ကပြတာက တခြားနဲ့ "ကပေါက်တိ ကပေါက်ချာ' ဖြစ်နေတော့မှ ကြီးတဲ့ လူရွှင်တော်က ပြေးလာတဲ့ပြီး 'နင့်ဟာ ပြန်ချီကပါဆိုနေမှ နင်ကနေပုံက 'ပြန်ချီ' မဟုတ်ဘူး 'ကန်ချီ' ကြီးဟဆိုပြီး" ခြေနဲ့ကန်ထည့်လိုက်ပါသတဲ့။

တစ်လောဆီက ဂျာနယ်တွေထဲမှာ မန္တလေးက လူရွှင်တော်ကြီး ဦးပေါ်စံရဲ့ နာရေးသတင်းကို ဓာတ်ပုံတွေ ဆောင်းပါးတွေနဲ့ ဖတ်လိုက်ရတယ်။ အဲဒီထဲမှ ဦးပေါ်စံကို ချစ်တဲ့ပရိသတ်များက လွမ်းသူ့ပန်းခွေ ပို့ကြတဲ့အခါ အလယ်မှာ "လူ့ဘုံမှာ ဇာတ်စုံကဖို့၊ အဘ ဦးပေါ်စံ အမြန် ပြန်လာပါ" ဆိုတဲ့ တမ်းတစာတမ်း ရေးထားတာကို တွေ့လိုက်ရတော့ "ပြည်သူကြားမှာ ပြည်သူတွေချစ်အောင် ပြန်ချီ အကကောင်းခဲ့လို့ ပြည်သူတွေက ပြန်လည်တမ်းတကြတာ ဖြစ်လိမ့်မယ်။ ဒါကိုပဲ 'ပြန်ချီ' လို့ ခေါ်ရလေမလား" လို့ အတွေး

http://www.dhammadownload.com



ပေါ်လာမိတယ်။

ဟုတ်တယ်လေ။ လူ့ဘုံ လူ့ဘဝဆိုတာ တကယ်တော့ ဘယ်သူမှ အပြီးအပိုင်နေခွင့် ရကြတာ မဟုတ်ပါဘူး။ ဘယ်သူက မှလည်း အပြီးအပိုင်စီးထားလို့ မရဘူး။ ကံတန်ဖိုး ပေးထားနိုင် သလောက် ခေတ္တခဏသာ တည်းခိုးနားနေခွင့်ရတဲ့ 'တည်းအိမ်' တစ်ခုမျှသာပါ။ ကံအဖိုးအခ မကုန်သေးမီ တည်းခိုခွင့်ရခိုက် ကြံစည်၊ ပြောဆို၊ လုပ်ကိုင်နေကြတဲ့ ကံသုံးပါးတို့ဆိုတာ လောက ဇာတ်ခုံမှာ ကံဇာတ်ဆရာ စီမံတဲ့အတိုင်း ကပြနေကြရတဲ့ လောက ဇာတ်ဆောင် လောကသားတို့ရဲ့ 'ပြန်ချီ' များလို့ ဆိုနိုင်ပါလိမ့်မယ်။

ကံဇာတ်ဆရာရဲ့ ကိုယ်ပိုင်သံစဉ်များဖြစ်တဲ့ ရရှိခြင်း၊ ဆုံးရှုံး ခြင်း၊ အခြံအရံများခြင်း၊ အထီးကျန်ခြင်း၊ ကဲ့ရဲ့ခြင်း၊ ချီးမွမ်းခြင်း၊ ချမ်းသာခြင်း၊ ဆင်းရဲခြင်းဆိုတဲ့ လောကဓံ ရှစ်ပေါက် သံစဉ်တီးလုံး များဟာ လောက ဇာတ်ဆောင်များနဲ့ ကြိုတင်ညှိနှိုင်း ဇာတ်တိုက် ထားတာ မဟုတ်ကြဘဲ ကံဇာတ်ဆရာပေးတဲ့ အခွင့်အလှည့်အတိုင်း သာ ဖြစ်နေကြတာပါ။

ဘာပဲဖြစ်ဖြစ် လောကထဲရောက်လာတဲ့ လောကသားတိုင်း ဟာ ဘဝပိုင်ရှင် ကံဇာတ်ဆရာရဲ့ လောကဓံတီးကွက်ကို ငြင်းဆန် ခွင့် မရနိုင်ကြပါဘူး။ ဒါဟာလည်း လောကနိယာမရဲ့ သတ်မှတ် ချက်တစ်ခု ဖြစ်နေတယ်ဆိုတာ အားလုံးအသိပါပဲ။ ဘယ်နည်းနဲ့ မဆို ဒီတီးကွက်အတိုင်း လက်ခံပြီး လှုပ်ရှားကပြကြရမှာပါ။

❑

http://www.dhammadownload.com

# ဘဝပြန်ချီ (၂)

အဲ... တစ်ခုပဲရှိပါတယ်။ "လောကဓမ္မ"ဆိုတဲ့အတိုင်း လောကထဲရောက် လာသူမှန်သမျှ မလွဲမသွေ ကြုံတွေ့ရမြဲဆိုတဲ့ အသိတရားဆင်ခြင်တုံတရား လက်ကိုင်ထားပြီး အလိုက်သင့် ကပြကြမလား။ လောကဓံနဲ့ ဆန့်ကျင်ဘက် ပြိုင်ဘက်အဖြစ် ကိုယ့်လောဘ ကိုယ့်အတ္တကို ရှေ့တန်းတင်ပြီး မရ,ရအောင်၊ မဖြစ်,ဖြစ်အောင် ဇွတ်အတင်း ကြံဖန် လှုပ်ရှားကြ ကပြကြမလား။ ဒါပဲ ခြားနားပါတယ်။ မ 'က' ပဲတော့ နေခွင့်မရှိကြပါဘူး။ နေလည်း မနေကြပါဘူး။

မြတ်ဗုဒ္ဓရဲ့ အဘိဓမ္မာ သဘောတရားအရကတော့ ဆင်ခြင်တုံတရား ကင်းမဲ့ပြီး လောကဓမ္မ အခွင့်အလှည့်အရ ရရှိခွင့်မပေးတာကို မရရအောင်ယူဖို့ ကြိုးစားတာ၊ မရရင် မကျေမနပ် ပေါက်ကွဲတာ၊ ပေါက်ကွဲပြီးထင်ရာစိုင်းတာဆိုတဲ့ အပြုအမူ(ကကွက်)တွေဟာ "အယောနိ သောမနသီကာရ မသင့်မလျော်တဲ့ နှလုံးသွင်းသဘောထား" ဦးဆောင် ပြုမူတာ ဖြစ်တယ်တဲ့။ ဒီလို ကိုယ့်ရဲ့ အခွင့်အလှည့်

http://www.dhammadownload.com



မဟုတ်တာကို မရအရ ယူခြင်းဟာ သူတစ်ပါးရဲ့ အခွင့်အလှည့်ကို လုယူတဲ့သဘောဖြစ်လို့ လောကသား အချင်းချင်းဖြစ်တဲ့ သူတစ်ပါး အတွက် ကိုယ်ဆင်းရဲခြင်း၊ စိတ်ဆင်းရဲခြင်း (တစ်မျိုးမျိုးကိုဖြစ်စေ၊ နှစ်မျိုးလုံးကိုဖြစ်စေ)ကို ဖြစ်ပေါ်စေတဲ့အတွက် လောကပြစ် (လောကဝဇ္ဇ) အရ အပြစ်ရှိတဲ့ အကုသိုလ် အလုပ်မျိုးလို့ သတ်မှတ်ပါတယ်။ ဒီလို အယောနိသောမနသိကာရ ဦးဆောင်တဲ့ ကကွက်များဟာ 'ပြန်ချီ' မဖြစ်နိုင်ဘူး။ 'ကန်ချီ' များသာဖြစ်တယ်။ လူ့လောကကြီးက ပြန်လည်တောင့်တစရာကောင်းတဲ့ က ကွက် မဟုတ်ဘူး။ လူ့လောကထက် နိမ့်ကျတဲ့ ဘုံဘဝကိုရောက်အောင် ကန်ချခံရမယ့် က ကွက်မျိုးကို ဆိုလိုတာပါ။

လောကဓမ္မအရ ကံရဲ့ အကျိုးပေးခွင့် အားလျော်စွာ ဖြစ်ပေါ်လာတဲ့ လောကခံ တီးကွက်အလိုက် ဆင်ခြင်တုံတရားရှိရှိ ကြံစည် ပြောဆို ပြုမူတာမျိုးကတော့ "ယောနိသောမနသိကာရ = အကျိုးသင့်အကြောင်းသင့် နှလုံးသွင်းမှု" ရှေ့သွားဦးဆောင်ပြီး ပြုမူတာဖြစ်လို့ လောကဓမ္မနဲ့ မဆန့်ကျင့်တဲ့အတွက် လောကပြစ်ကင်းတဲ့ ကုသိုလ်အလုပ်မျိုးလို့ သတ်မှတ်ပါတယ်။ ဒီလိုပြုမူ (ကပြ) သူများဟာ အထက်မှာပြောခဲ့တဲ့ ဦးပေါစံ တို့လိုပဲ လောကကြီးက ပြန်လည်တောင့်တထိုက်သူ၊ တောင့်တခြင်း ခံရသူများဖြစ်လို့ 'ပြန်ချီ' ကို ကောင်းကောင်း ကနိုင်သူလို့ပဲ ဆိုရမှာပါ။

"ငှက်မှာ ပျံရင်းသေ၊ လူမှာ ကြံရင်းသေ' ဆိုတဲ့အတိုင်း လူ့လောကထဲ ရောက်လာသူ မှန်သမျှ ကံသုံးပါးဆိုတဲ့ ကခြင်းသုံးမျိုးထဲက တစ်မျိုးမျိုးနဲ့တော့ ကပြနေကြတာချည်းပါပဲ။ မိမိတို့ ကပြနေတာဟာ ပြန်ချီလား၊ ကန်ချီလားဆိုတာကို အချိန်မီ စဉ်းစား သုံးသပ်မိကြဖို့ ပြောချင်တာပါ။

http://www.dhammadownload.com



ဘုရားအစရှိတဲ့ အရိယာသူတော်စင်များနဲ့ အရိယာတရား နားရည်ဝကြသူတို့ကတော့ "မနုဿတ္တဘာဝေါ ဒုလ္လဘော = လူ့ဘုံ လူ့ဘဝမှာ ကပြခွင့်ကြုံရတာဟာ ရခဲတဲ့ အခွင့်ထူးကြီး တစ်ခု" လို့ သတ်မှတ်ခံယူကြပါတယ်။ အရခဲဆုံးကို ရရှိခိုက်မှာ ဘယ်လို အသုံးချမလဲ။ ဘယ်လို က,ကြိုးမျိုးနဲ့ ကပြကြမလဲဆိုတာ ကတော့ မိမိတို့ရဲ့ ဝေဖန်သုံးသပ်နိုင်စွမ်းအားပေါ်မှာသာ တည်နေပါတယ်။

လောကသားအားလုံး ဆန္ဒတူ သတ်မှတ်ထားတဲ့ စည်းကမ်းတစ်ခုလည်း ရှိပါတယ်။ "အိမ်ရှင်ကို ဧည့်သည် မစော်ကားရ" တဲ့။

ဟုတ်တာပေါ့။ ဘယ်သူပဲဖြစ်ဖြစ် ကိုယ့်အိမ်မှာ လာပြီး တည်းခိုတဲ့ ဧည့်သည်က အိမ်ရှင်ကို စော်ကားမယ်။ အိမ်ရှင်နဲ့ ဆန့်ကျင်ဘက် ပြုမယ်ဆိုရင် အိမ်က မြန်မြန်ပြန်နှင်ချင်မယ်။ ဒီလိုလူမျိုးက နောက်တစ်ခါ တည်းခိုခွင့်ပြုပါဆိုရင်လည်း ဘယ်နည်းနဲ့မှ လက်ခံချင်မှာ မဟုတ်ပါဘူး။ ဒါက အရိုးသားဆုံး အရှင်းဆုံး လူ့စည်းကမ်းရဲ့ ဆုံးဖြတ်ချက်ပါ။

အထက်မှာ ပြောခဲ့တဲ့အတိုင်း 'လူ့ဘဝ' ဆိုတာဟာ ကံတန်ဖိုးနဲ့ ပေးပြီး ခေတ္တနေခွင့်ရတဲ့ 'တည်းအိမ်'တစ်ခုပါ။ လူ့ဘုံ လူ့ဘဝမှာ လူသား တစ်ယောက်အဖြစ် ခေတ္တတည်းခို နေထိုင်ခွင့် ရခိုက်မှာ အိမ်ရှင် ကြည်ဖြူအောင် အလိုက်အထိုက် ကျင့်သုံး နေထိုင်တတ်ဖို့နဲ့ ကိုယ်ပေးထားတဲ့ ကံတန်ဖိုးကုန်ဆုံးလို့ ပြန်လည်ထွက်ခွာသွားရရင်တောင် နောက်တစ်ခါ ပြန်လာခွင့်ရဖို့ အိမ်ရှင်က ကြည်ကြည်ဖြူဖြူ ပြန်လည်ဖိတ်ခေါ်ချင်လောက်အောင် ပြုမူကျင့်သုံး (ကပြ) ကြဖို့ အရေးကြီးပါတယ်။

လူ့ဘဝရဲ့အိမ်ရှင်က ဘယ်သူလဲ။ "သဗ္ဗေသတ္တာ ကမ္မဿ

http://www.dhammadownload.com



ကတာ = သတ္တဝါမှန်သမျှ ကံရဲ့ အမွေခံများသာ ဖြစ်တယ်” ဆိုတဲ့ စကား။ “ကံ ပြုသမျှ နှုကြရတယ်” ဆိုတဲ့ စကားတွေကို ထောက်ဆ ကြည့်ရင် လူ့ဘဝဆိုတဲ့ တည်းအိမ်ရဲ့ ပိုင်ရှင်က ‘ကံ’ ပါ၊ တိတိကျကျ ပြောရရင် လူ့ဘဝ ဆိုတာ ကာမသုဂတိဘုံထဲမှာ အကျုံးဝင်တာ ဖြစ်လို့ လူ့ဘဝရဲ့ အိမ်ရှင်ဟာ ကာမာဝစရကုသိုလ်ကံ ဖြစ်ပါတယ်။

လူ့ဘုံဘဝကို လာရောက်တည်းခိုတဲ့ လူသားတစ်ယောက် အနေနဲ့ လူ့ဘဝရဲ့ အိမ်ရှင်ဖြစ်တဲ့ ကာမာဝစရကုသိုလ်ကံကို ကျော် လွန်ပြီး ဈာန်ကုသိုလ်၊ မဂ်ကုသိုလ်အထိ ပြုလုပ်နိုင်ကြမယ်ဆိုရင် လူ့ဘဝ အိမ်ရှင်ဖြစ်တဲ့ ကာမဝစရ ကုသိုလ်ကံက ကြည်ဖြူကျေနပ် တဲ့အတွက် ဆန့်ကျင်ဘက်ပြုသူလို့ မဆိုနိုင်ပါဘူး။ သူ့ကံအလျောက် လူ့ဘုံ လူ့ဘဝထက်ပိုပြီး မြင့်မြတ်တဲ့ ဘုံဘဝအထိ သွားခွင့်ရသူ (သို့မဟုတ်) ဘဝအားလုံးကို လွန်မြောက်ပြီး ဒုက္ခဇာတ် အကြွင်းမဲ့ ချုပ်ငြိမ်းသူသာ ဖြစ်မှာပါ။

တကယ်လို့ ကာမာဝစရကုသိုလ်ကံ အဆင့်လောက်ကိုသာ စိတ်စေတနာ စင်စင်ကြယ်ကြယ်နဲ့ ပြုလုပ်သူဆိုရင်လည်း လူ့ဘဝ ပိုင်ရှင်နဲ့ စိတ်စေတနာချင်း တူညီတဲ့အတွက် အိမ်ရှင် ကျေနပ်တဲ့ အလုပ်ကို လုပ်သူဖြစ်လို့ အိမ်ရှင်ကြည်ဖြူတဲ့ ဧည့်သည်မျိုးပဲ ဖြစ်မှာ ပါ။ ဒီလို ဧည့်သည်မျိုးကိုကျတော့ အိမ်ရှင်က နေသမျှ သက်တမ်း တစ်လျှောက်လုံး ကြည်ဖြူရှုမျှမကဘူး။ ကံအခကြေး ကုန်ဆုံးလို့ တည်းခို နေထိုင်ခွင့် ကုန်နေပြီဆိုရင်တောင် တတ်နိုင်သမျှ ဆက်ပြီး နေထိုင်ဖို့ တားမှာပဲ။ နောက်ဆုံး တားခွင့်မရတော့လို့ ခရီးဆက် ရတော့မယ်ဆိုရင်လည်း အထက်မှာ ပြောခဲ့တဲ့ ဦးပေါ်စံရဲ့ နောက်ဆုံး ခရီးမှာလိုပဲ ဇာတ်တူသားအချင်းချင်းက ဝမ်းနည်းလှိုက်လှဲ့ နှုတ်ဆက်ပို့ဆောင်ကြပြီး မကြာခင် ပြန်လာခဲ့ဖို့ တမ်းတမ်းတတ

http://www.dhammadownload.com



တောင်းဆိုကြမှာ မလွဲပါဘူး။ ဒီလိုပြုမူ (ကပြ) တဲ့ အချီမျိုးကို 'ဘဝပြန်ချီ' လို့ တင်စားပြောလိုက်ချင်တာပါ။

တိပိဋကဓရ (ယော) ဆရာတော်ဟောတဲ့ တရားတစ်ပွဲမှာ ကြားလိုက်ရဖူးတယ်။ ဒကာမကြီးတစ်ယောက်တဲ့ လူမှုရေး၊ စီးပွား ရေး စတဲ့ လောကအဆင့်အတန်းအရလည်း အလယ်အလတ်တန်း လောက်ဆို တော့ အဘက်ဘက်က ချို့တဲ့မှုမရှိဘူးလို့ပဲ ဆိုရမှာပါ။ သူ့မှာ သမီးတွေ သုံးယောက်လောက် ပေါ်ပေါက်ပြီး နောက်ဆုံး သားလေးတစ်ယောက် ထွန်းပေါ်လာတော့ တစ်အိမ်လုံးက ဖူးဖူးမှုတ် အလိုလိုက်ကြ၊ ချစ်ကြတာတဲ့။

သားလေးကလည်း မိဘနဲ့ အစ်မတွေ အလိုလိုက်ကြ၊ ချစ်ကြ သလောက် အခွင့်အရေး အပြည့်ယူပြီး အသားကုန်ဆိုးပါသတဲ့။ ဆယ့်လေးငါးနှစ်အရွယ်လောက်ရောက်တော့ အဖေကလည်း ဆုံးပါးသွားတယ်။ အစ်မတွေလည်း သူ့အိုးသူ့အိမ်တွေနဲ့ ခွဲသွား ကြတယ်။ အမေနဲ့ သားပဲ ကျန်နေပေမယ့် အမေကို ဘာမှ ငဲ့ညှာ ရကောင်းမှန်း မသိဘူး။ ဆိုးသည်ထက် ဆိုးလာရာက နောက်ဆုံး တော့ ကောင်းတာလေး တစ်မျိုးကလွဲလို့ ကျန်တာတွေ အကုန် အစုံ တတ်လာတယ်။ ကာလပေါ် မူးယစ်ဆေးစွဲပြီး အမေ့ စည်းစိမ် ကုန်သလောက်ရှိတော့ ကာလပေါ် ရောဂါပါ စွဲလာလို့ အမေ့မှာ ရှိသမျှနေရာ တိုက်ခန်းပါ မကျန်ရောင်းချပြီး ငါးနှစ် ခြောက်နှစ်လောက် ကုသပေးရတယ်။ နောက်ဆုံးတော့ ကုရာနတ္ထိ ဆေးမရှိဆိုတဲ့ ကာလပေါ်ရောဂါတို့ သွားရာလမ်းအတိုင်း သွား တော့တာပါပဲတဲ့။

အဲဒီ ချစ်လှစွာသော တစ်ဦးတည်းသော သားကလေး သေဆုံး သွားတဲ့အခါ မိခင်ကြီးက သူ့သားရဲ့နာမည်ကို  အော်ခေါ်တဲ့ပြီး

http://www.dhammadownload.com



"နင် အသေနောက်ကျတာကို တွေးမိတိုင်း အမေရင်နာသဟဲ့'လို့ ငိုကြွေးပါသတဲ့။ အမေရင်းကတောင် ပြန်လည်တောင့်တဖို့ နေနေသာသာ အပြန်နောက်ကျလို့တောင် ရင်နာသူဆိုကတည်းက ဘဝအိမ်ရှင် ကံတရားက ဘယ်လိုလုပ် ပြန်လာခွင့်ပြုနိုင်ပါတော့မလဲ။ ဒီလိုပြုမူနေထိုင် (ကပြ)တဲ့ အချီမျိုးတွေကိုတော့ မင်းသမီးရဲ့ 'ပြန်ချီ' ကကွက်အပြီး ကပြတဲ့ လူရွှင်တော်ကို ခေါင်းဆောင် လူရွှင်တော်ကြီးက ခြေနဲ့ကန်ပြီး ပြောလိုက်သလို "နင့်ဟာ ပြန်ချီမဟုတ်ဘူး။ ကန်ချီဟ" ဆိုပြီး ဇာတ်တူလူသား အားလုံးက ခြေနဲ့များဝိုင်းပြီး ကန်ချင်ကြမလားပဲ။

သူငယ်ချင်းက ပြောလည်းပြော၊ ပြလည်းပြတဲ့ 'ပြန်ချီ' တီးလုံးနဲ့ ကကွက်ကို ကြည့်ရှုနားထောင်အပြီး ဘဝနဲ့ ဆက်စပ်တွေးမိတာကို ပြန်ပြောလိုက်တာပါ။

ပြန်ချီကကွက်ကလေးများနဲ့ ဘဝလှပ သာယာကြပါစေ။

❐

http://www.dhammadownload.com

# ပြန်ချီကကွက်များ

အငြိမ့်လောကမှာသုံးတဲ့ 'ပြန်ချီ'ဆိုတဲ့ စကားလုံးကို သဘောကျလို့ မိမိ နားလည်သလောက် ဘဝ၊ ဓမ္မတို့နဲ့ ဆက်စပ်စဉ်းစားမိသမျှ အကြောင်း တိုက်ဆိုင်တဲ့အခါမှာ ဟောလည်းဟောဖြစ်ခဲ့သလို အတွေးသစ်မှာလည်း ရေးဖြစ်လိုက်ပါတယ်။ ဒါဟာ ပြန်ချီဆိုတဲ့ စကားလုံးကို အဓိပ္ပာယ်ဖွင့် လိုရင်း မဟုတ်ပါဘူး။ ဘဝအတွက် စဉ်းစားစရာ ဓမ္မသဘောကိုသာ ပြောလိုရင်းပါ။ (ပြန်ချီရဲ့ မူလ အဓိပ္ပာယ်ကို နားလည်သူများက ဖွင့်ပြဖို့လည်း တောင်းပန် ပါတယ်)

ဒီအကြောင်းကို ရေးမြို့မှာ စပ်မိကြတော့ ရင်းနှီးတဲ့ ဒကာ တစ်ဦးက "ဘဝမှာ ပြန်ချီမြောက်အောင် ဘယ်လိုကပြရမလဲဆိုတာ ပါ အပြည့်အစုံ ဟောပြမှ ပိုပြီး အဆင်ပြေမယ်"လို့ အကြံပြုပါ တယ်။ ဒါနဲ့ ညပိုင်းမှာ တရားဟောတော့ အင်္ဂုတ္တရနိကာယ်၊

http://www.dhammadownload.com



စတုက္ကနိပါတ်၊ အပဏ္ဏကဝဂ်၊ သမ္မာဒိဋ္ဌိသုတ်ကို အခြေခံပြီး ဟော ဖြစ်ခဲ့ပါတယ်။ အဲဒီ သုတ်ရဲ့ မူရင်း မြန်မာပြန်ကို အရင်ပြောချင် ပါတယ်။

ရဟန်းတို့ တရားလေးမျိုးတို့နဲ့ ပြည့်စုံတဲ့ ရဟန်းဟာ မချွတ် ယွင်းတဲ့ အကျင့်ကို ကျင့်သူလည်းမည်တယ်။ အာသဝေါတရားတို့ ကုန်ဖို့ (ရဟန္တာဖြစ်ဖို့) အကြောင်းတရားလည်း ပြည့်စုံတယ်။

အဲဒီတရားလေးမျိုးဆိုတာကတော့ ကာမဂုဏ်မှ ထွက် မြောက်ဖို့ ကြံတဲ့ 'နေက္ခမ္မဝိတက်'၊ မပျက်စီးစေဖို့ကြံတဲ့ 'အဗျာပါဒ ဝိတက်'၊ မညှဉ်းဆဲ ဖို့ကြံတဲ့ 'အဝိဟိံသဝိတက်' နဲ့ မှန်ကန်တဲ့အမြင် 'သမ္မာဒိဋ္ဌိ' တို့ပဲ ဖြစ်တယ်။

ဒီတရားလေးမျိုးနဲ့ ပြည့်စုံတဲ့ ရဟန်းဟာ မချွတ်ယွင်းတဲ့ အကျင့်ကို ကျင့်သူလည်း မည်တယ်။ အာသဝေါကုန်ဖို့ (ရဟန္တာ ဖြစ်ဖို့) အကြောင်း တရားနဲ့လည်း ပြည့်စုံတယ်တဲ့။

'ပြန်ချီ'ဆိုတဲ့ စကားကို လူ့ဘုံ (သုဂတိဘုံ)က ပြန်လည် တောင်းဆိုလာအောင်၊ ပြန်လည် လက်ခံချင်လောက်အောင် ကောင်းတဲ့အချီ၊ တစ်ဆင့်ထက်တစ်ဆင့် တိုးတက်စေတဲ့ အချီလို့ ဓမ္မနဲ့ယှဉ်ပြီး စဉ်းစားမိတာပါ။ အဲဒီလို အဆင့်မီတဲ့ အချီမျိုးဖြစ်ဖို့ ကရမယ့် ကကွက်ကတော့ ဘုရားရှင် သမ္မာဒိဋ္ဌိသုတ်မှာ ဟော တော်မူတဲ့ တရားလေးမျိုးတို့ဆိုရင်လည်း လုံလောက်တယ်လို့ပဲ ဆိုချင်ပါတယ်။

ဒီတရားလေးမျိုးနဲ့ (လေးမျိုးထဲက တစ်မျိုးမျိုးနဲ့) ပြည့်စုံသူကို ဘုရားရှင်ကတော့ "အပဏ္ဏက ပဋိပဒံ ပဋိပန္နောဟောတိ = မချွတ် ယွင်းတဲ့ အကျင့်ကို ကျင့်သုံးသူလည်းမည်တယ်"လို့ ဟောတော် မူတာပါ။ ဆိုလိုတာကတော့ "လူ့ပြည်က ပြန်လည်တောင့်တ

http://www.dhammadownload.com



လောကီရုံ၊ လူ့ပြည်နဲ့ တန်ရုံလောက် သာမကဘူး အရိယာလမ်းစဉ်နဲ့ တိုင်းတာရင်တောင် ချွတ်ယွင်းချက် မမြင်ဘူး။ လူ့ဘုံ (သုဂတိဘုံ) နဲ့ တန်ရုံမကဘူး။ နိဗ္ဗာန်နဲ့တောင် တန်တယ်။ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ရေးအတွက် မချွတ်မယွင်း ကျင့်သူလို့ ဆိုနိုင်တယ်' လို့ ပြောချင်တာပါ။ နောက်တစ်ပိုဒ်ကို ကြည့်လိုက်ရင် ဒီအဓိပ္ပာယ်က ပိုပြီး ပီပြင်မှာပါ။

'ယောနိစဿ အာရဒ္ဓါဟောတိ အာသဝါနံ ခယာယ = အာသဝေါကုန်ဖို့ (ရဟန္တာဖြစ်ဖို့) အကြောင်းတရားလည်း ပြည့်စုံတယ်" တဲ့။

(အံ-၁၊ မြန်-၄၀၂)

ပထမဆုံးအချက် (ပထမကချီ) 'နေက္ခမ္မဝိတက်' ဆိုတာ တိုက်ရိုက် မြန်မာပြန်ကတော့ ကာမဂုဏ်မှ ထွက်မြောက်ဖို့ ကြံစည်တာလို့ ပြန်ကြပါတယ်။ ကာမဝိတက်ရဲ့ ဆန့်ကျင်ဘက်ဖြစ်တဲ့ အကြံအစည်ပါပဲ။ 'ကာမ ဝိတက်' ဆိုတာ အာရုံငါးပါး ကာမဂုဏ်တရားတွေကို ကိုယ့်အတွက်ရဖို့၊ သိမ်းပိုက်ဖို့ ဘာမဆို ကိုယ်က အသာတန်းရဖို့၊ အခွင့်ထူးရရှိဖို့အတွက်သာ ကြံစည်တဲ့ အကြံအစည်ဖြစ်လို့ ဒီအကြံရဲ့ ဆန့်ကျင်ဘက်ဖြစ်တဲ့ နေက္ခက္ခဝိတက်ဆိုတာ အများနားလည်အောင်ပြောရရင်တော့ စွန့်လွှတ် အနစ်နာခံနိုင်တဲ့ စိတ်ဓာတ်၊ အကြံအစည်လို့ပဲ ပြောရမှာပါ။

သတ္တာဝါတို့ရဲ့ သံသရာဆိုတာ "အဝိဇ္ဇာတဏှာ မူလနှစ်ဖြာ" ဆိုတဲ့ အတိုင်း သူ့အကျိုး ကိုယ့်အကျိုး၊ သူ့အတွက် ကိုယ့်အတွက် မျှမျှတတ မှန်မှန်ကန်ကန် ဝေဖန်ဆုံးဖြတ်နိုင်စွမ်း မရှိတဲ့ အဝိဇ္ဇာနဲ့ လိုချင် တောင့်တ ကပ်ငြိတွယ်တာတတ်တဲ့ တဏှာတို့က ဦးစီးဦးဆောင်ထားတာ ဖြစ်လေတော့ ဘာမဆို ကိုယ်လိုချင်သမျှ ကိုယ်သာရဖို့ ကိုယ့်အတွက်သာ သိမ်းပိုက်ထားဖို့အဖြစ်သာ ကြံစည်

http://www.dhammadownload.com



စိတ်ကူးကြတာပါ။ ဒါဟာ သတ္တဝါတိုင်းရဲ့သန္တာန်မှာ ဖြစ်နေကြတာဆိုတော့ အကြီးမားဆုံး ချွတ်ယွင်းချက်၊ အကြီးမားဆုံး အပြစ်ကြီးဖြစ်နေပေမယ့် သတ္တဝါတိုင်းကတော့ ကိုယ့်ကိုပဲဖြစ်ဖြစ်၊ သူ တစ်ပါးကိုပဲဖြစ်ဖြစ် ဒီလိုအကြံမျိုး ကြံစည်နေသူကို 'အပြစ်' လို့တောင် မသတ်မှတ်ကြတော့ပါဘူး။ ပုထုဇဉ်တိုင်းရဲ့ အခြေခံအမြင်၊ အခြေခံစိတ်ထားလို့တောင် ခံယူထားကြပါပြီ။

အရာရာကို စဉ်းစားကြံစည်တဲ့အခါ 'ကိုယ့်အတွက်' ဆိုတာကို အဓိကထားပြီး တွေးတောကြံစည်တဲ့ ကာမဝိတက်ဦးစီးသူများကိုပဲ 'အတ္တ' ကြီးသူများ၊ အတ္တသမားများလို့ ခေါ်ဆိုကြတာပါ။ ဒီလိုကြံစည်ခဲ့ကြတာဟာ အနမတဂ္ဂ သံသရာက စခဲ့ကြတဲ့ တွေးရိုးတွေးစဉ်ကြီးဖြစ် လို့ ဒီအတွေးနဲ့ မျောပါနေရတဲ့ သံသရာခရီးကြီးကိုလည်း "အနုသောတဂါမိ = ရေစုန်ခရီး" လို့ ခေါ်ပါတယ်။ ရေစုန်ခရီးသည်တို့ရဲ့ ဘဝပန်းတိုင်ဆိုတာ ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်မှာ ဘုရားရှင် ကောက်ချက်ချတော်မူခဲ့သလိုပဲ "ဇရာ, မရဏ, သောက, ပရိဒေဝ, ဒုက္ခ ဒေါမနဿ ဥပါယာသ = အိုခြင်း၊ သေခြင်း၊ ဝမ်းနည်း၊ ငိုကြွေး၊ ကိုယ်ဆွေး စိတ်ပူပြီး အကြီးအကျယ် ပင်ပန်းရခြင်း" များနဲ့သာ တစ်ဘဝပြီးတစ်ဘဝ နှုတ်ဆက်ခွဲခွာပြီး ခရီးဆက်နေကြရခြင်းပဲ ဖြစ်တယ်ဆိုတာ သဘောပေါက်သင့်ပါပြီ။

ဘုရားရှင် ညွှန်ပြတဲ့ 'နေက္ခမ္မဝိတက်' ဆိုတာ အဲဒီ ကာမဝိတက် ရေစုန်ခရီးနဲ့ ဆန့်ကျင်ဘက် အကြံအစည် အတွေးအခေါ်ဖြစ်ဖို့ပဲ။ ရလို, ပိုင်လို, သိမ်းပိုက်လိုတဲ့ အကြံတွေအစား စွန့်လွှတ်၊ ကူညီ၊ အနစ်နာခံလိုတဲ့စိတ်ထားမျိုး ကြံစည်တွေးခေါ်မှုမျိုး ထားကြဖို့ပါ။ ဒီအတွေးအခေါ် အကြံအစည်ဟာ မွေး၊ အို၊ နာ၊ သေ၊ ဝမ်းနည်း၊ ငိုကြွေး၊ ပူဆွေးပင်ပန်းခြင်းပန်းတိုင်နဲ့ ဖြောင့်ဖြောင့်ဆန့်ကျင်ဘက်

http://www.dhammadownload.com



လမ်းခရီးဖြစ်လို့ "ပဋိသောတဂါမိ = ရေဆန်လမ်း" ဖြစ်ပါတယ်။

"ဘုရားအစရှိတဲ့ အရိယာသူတော်စင်တို့ လျှောက်လှမ်းတဲ့ ခရီးဟာ ဒီလို ရေဆန်လမ်းခရီးဖြစ်လို့ ရေစုန်လမ်းခရီးမှာ ကျင့်သားရပြီး အဝိဇ္ဇာထုထည် ထူသည်ထက်ထူ၊ ရာဂကိလေသာမြူတွေ ထပ်သည်ထက် ထပ်နေတဲ့ သံသရာခရီးသွား ပုထုဇဉ် အများစုကြီး အနေနဲ့ သိမ်မွေ့နက်နဲ သိမြင်နိုင်ခဲတဲ့ အဏုမြူသဖွယ် ရေဆန်လမ်းညွှန် တရားကို ထိုးထွင်းသိမြင်ဖို့ မလွယ်လှဘူး" လို့ ဘုရားဖြစ်တော်မူစက လောကကိုကြည့်ပြီး မှတ်ချက်ချခဲ့တာပါ။

(ဝိနည်းမဟာဝဂ္ဂ-၈)

ဘာပဲဖြစ်ဖြစ် ရေစုန်ခရီးရဲ့ ပန်းတိုင်နဲ့ အန္တရာယ်တို့ကို သိမြင်နိုင်လောက်အောင် အဝိဇ္ဇာအမှောင်ထုနဲ့ ကိလေသာမြူနည်းပါးသူ၊ နည်းပါးလိုသူများအနေနဲ့တော့ ဒုက္ခအားလုံး ချုပ်ငြိမ်းအေးမြရာ ပန်းတိုင်ဆီ ဦးတည်တဲ့ ဒီရေဆန်လမ်းကို ဝမ်းပန်းတသာ လက်ခံကြမှာ ဖြစ်ပါတယ်။

ဒီလမ်းကို လက်ခံကျင့်သုံးဖို့ ဆုံးဖြတ်ထားတဲ့ အရိယာတပည့်သားများ (ဗုဒ္ဓဘာသာဝင် သူတော်စင်များ) အဖို့ ဒီရေဆန်လမ်းကို ပထမဆုံးခြေလှမ်းစတဲ့အနေနဲ့ ပြောင်းလဲရမှာကတော့ 'နေက္ခမ္မဝိတက်' လို့ခေါ်တဲ့ စွန့်လွှတ်ကူညီ အနစ်နာခံလိုတဲ့ အတွေးအကြံ ခံယူချက် ခိုင်ခိုင်မာမာရှိကြဖို့ပဲ ဖြစ်ပါတယ်။

ဘုရားရှင်တို့ လာရာလမ်း (ပါရမီခရီးစဉ်) ကို ကြည့်မယ်ဆိုရင်လည်း နေက္ခမ္မဝိတက်ရဲ့ အရေးပါပုံကို သဘောပေါက်လောက်ပါတယ်။ ဒီအတွေးအကြံ ခံယူချက်မျိုးမရှိဘဲ စစ်မှန်တဲ့ဒါန၊ ရိုးသားဖြူစင်တဲ့ သီလဆိုတာ မရှိနိုင်ပါဘူး။ ဒါန, သီလ မရှိဘဲနဲ့လည်း ပညာ၊ ဝီရိယစတဲ့ ပါရမီတွေ ပြည့်ဖို့မလွယ်ဘူးဆိုတာ သေချာ

http://www.dhammadownload.com



ပါတယ်။

ဗုဒ္ဓဘာသာဝင်တွေ အတော်များများ နှုတ်ကျိုးနေတဲ့ 'မနောပုဗ္ဗင်္ဂမာဓမ္မာ" တို့၊ "စိတ်သာရှင်စော ဘုရားဟော" တို့ဆိုတဲ့ စကားတွေကို လေးလေးနက်နက် စဉ်းစားကြည့်မယ်ဆိုရင် လူတွေက ပြောဆိုပြုလုပ်သမျှ ကံတွေဆိုတာ 'စိတ်' လို့ ပြောပြောနေတဲ့ အတွေးအကြံ ခံယူချက်စိတ်ထားများက ဦးဆောင်တာပါ။

တစ်နည်းပြောရရင်တော့ လူ့ဘဝဇာတ်ခုံပေါ်မှာ လူတွေကပြ သရုပ်ဆောင်နေကြရတဲ့ ကံသုံးပါးထဲမှာ မနောကံက အနီးကပ် ညွှန်ကြားတဲ့ ဒါရိုက်တာဖြစ်ပြီး ကာယကံ၊ ဝစီကံတို့ဆိုတာ မနောကံ ဦးဆောင်ညွှန်ပြတဲ့အတိုင်း လိုက်နာကပြကြရတဲ့ သရုပ်ဆောင်များသာ ဖြစ်ပါတယ်။ ဒါကြောင့် ဘုရားရှင်က "မနောကံမှာ နေက္ခမ္မဝိတက် ဆိုတဲ့ 'စွန့်လွှတ်အနစ်နာခံတဲ့ စိတ်ကောင်းကလေး' သာ မွေးမြူပေးလိုက်ပါ" ဒါရိုက်တာကောင်းသွားပြီဆိုရင် ဝစီကံကလည်း တစ်ဖက်သားအပေါ် တင်စီးလွှမ်းမိုး အနိုင်ယူလိုတဲ့ စကားမျိုးတွေ ရှောင်ပြီး ကူညီ ရိုင်းပင်းတဲ့ အကြံပေးစကား၊ ရွှင်လန်းဝမ်းသာစေတဲ့ စကား၊ ကျိုးရှိမှန်ကန်တဲ့ စကားမျိုးတွေကိုသာ ပြောဆိုတော့မှာဖြစ်လို့ ဝစီကံသရုပ်ဆောင် ကပြမှုလည်းကောင်းလာမှာ သေချာပါတယ်။

ကာယကံကလည်း ခိုးဆိုးလုယက် အနိုင်အထက် ပြုမူမှုမျိုးတွေကို ဘယ်တော့မှ မလုပ်တော့ဘဲ "စွန့်ကြဲပေးကမ်း ထမ်းရွက်ကူညီ" စတဲ့ ကာယကံ အကောင်းစားများနဲ့သာ ကပြသွားမှာဖြစ်လို့ ကံသုံးမျိုးလုံး တကယ့်ကို အပျံစား အကောင်းစား ပြန်ချီများသာ ဖြစ်သွားတော့မှာပါ။

ဒီလို ကံအားလုံး ကောင်းမွန်မှန်ကန်စေတတ်လို့လည်း

http://www.dhammadownload.com



နေက္ခမ္မဝိတက်နဲ့ ပြည့်စုံသူကို ဘုရားရှင်က...

"အပဏ္ဏကပဋိပဒံ ပဋိပန္နောဟောတိ = လောက, ဓမ္မ နှစ်ဝလုံးကို မချွတ်ယွင်းစေတဲ့ အကျင့်ကို ကျင့်သုံးသူဖြစ်တယ်'

"ယောနိစဿ အာရဒ္ဓါဟောတိ အာသဝါနံ ခယာယ = အာသဝေါကုန်ခန်းတဲ့ ရဟန္တာဖြစ်လောက်အောင် သင့်လျော်ပြည့်စုံတဲ့ အကျင့်ကို ကျင့်သုံးသူဖြစ်တယ်" လို့ ဟောတော်မူတာပါ။

မှန်ပါတယ်။ စွန့်လွှတ် အနစ်နာခံတဲ့စိတ် အကြံအစည် (နေက္ခမ္မဝိတက်) ဆိုတာ နိဗ္ဗာန်ရောက်ကြောင်း အကျင့်ဖြစ်တဲ့ မဂ္ဂင်ရှစ်ပါးထဲမှာ ဦးစီးဦးဆောင် ပညာမဂ္ဂင်မှာ ပါဝင်တဲ့ သမ္မာသင်္ကပ္ပ မဂ္ဂင်ပဲဖြစ်တဲ့အတွက် သုဂတိဘုံကို ပြန်လာထိုက်တဲ့ ပြန်ချီသာမက နိဗ္ဗာန်အထိ ဆိုက်ရောက်မျက်မှောက် ပြုနိုင်လောက်အောင် ထိုက်တန်တာမို့ ပြန်ချီသာမက 'တန်ချီ' လို့တောင် ဆိုနိုင်ပါလိမ့်မယ်။

'ကန်ချီ' ကို ရှောင်ရှားပြီး ပြန်ချီ၊ တန်ချီများနဲ့ ကပြရင်း ဘဝလှပ တင့်တယ်ကြပါစေ။

□

http://www.dhammadownload.com

# ခွင့်လွှတ်သည်းခံ စိတ်ကောင်းလေးနဲ့ပြန်ချီ

'ပြန်ချီ' ဆိုတဲ့ စကားကို သုံးလက်စနဲ့မို့သာ ပြန်ချီလို့ ပြောလိုက်ရပေမယ့် "နေက္ခမ္မဝိတက်၊ အဗျာပါဒဝိတက်၊ အဝိဟိံသဝိတက်၊ သမ္မာဒိဋ္ဌိ" ဆိုတဲ့ ဒီတရားလေးမျိုးတို့ဟာ သုဂတိဘုံဘဝသို့ ပြန်လာဖို့ ထိုက်တန်ရုံမျှမက အာသဝေါကုန်ခန်းတဲ့ ရဟန္တာဖြစ်ဖို့အထိ ထိုက်တန်တဲ့တရားများလို့ ဘုရားရှင်က ဟောညွှန်ခဲ့တာပါ။

အဲဒီတရားလေးမျိုးထဲက 'နေက္ခမ္မဝိတက်' လို့ခေါ်တဲ့ 'စွန့်လွှတ်အနစ်နာခံတဲ့စိတ်ထား' ဦးဆောင်ပြီး ကံသုံးပါးလှုပ်ရှားကပြခြင်းဆိုတဲ့ ပထမပြန်ချီပြီးတော့ အခု ဒုတိယပြန်ချီဖြစ်တဲ့ 'အဗျာပါဒဝိတက်' ကို ဆက်ပြောမှာပါ။

'အဗျာပါဒဝိတက်' ဆိုတာ 'ဗျာပါဒဝိတက်' နဲ့ ဆန့်ကျင်ဘက် အတွေးအကြံ ဖြစ်ပါတယ်။ ပုထုဇဉ်များအနေနဲ့ အနမတဂ္ဂသံသရာကစပြီး ခုချိန်ထိ ဗျာပါဒဝိတက်တွေ ဦးဆောင်ကပြခဲ့ကြတာ

http://www.dhammadownload.com



သမ္မာရင့်လှပြီဖြစ်လို့ ဗျာပါဒဝိတက်ကို အရင်ပြောမှ ပိုပြီး သဘောပေါက်လိမ့်မယ်။ ကိုယ်ကျွမ်းကျင်တဲ့ ကိစ္စပေကိုး။

'ဗျာပါဒ' ဆိုတာ ပျက်စီးစေလိုတာ၊ ဖျက်ဆီးလိုတာပါပဲ။ သူတစ်ပါးပျက်စီးရာ ပျက်စီးကြောင်း စိတ်ကလည်း တွေးကြတယ်။ နှုတ်ကလည်း ပြောဆိုတယ်။ ကာယကံမြောက်လည်း ပြုမူကြပါတယ်။ ကိုယ်နဲ့ မတည့်သူ၊ ဆန့်ကျင်ဘက်ဖြစ်သူကို ကိုယ်တိုင်ကလည်း အစွမ်းကုန် ပျက်စီးရာပျက်စီးကြောင်း ကံသုံးပါးလုံးနဲ့ ကြိုးစားခဲ့ကြသလို၊ သူတို့ ကံအလျှောက်ဖြစ်စေ၊ သူတစ်ပါး ပယောဂကြောင့်ဖြစ်စေ၊ ပျက်စီးဆုံးရှုံး နစ်နာကြတာကိုပင် အရသာခံပြီး ဝမ်းမြောက်တတ်ကြသူတွေ အကုသိုလ်ဝေစုကို မဆီမဆိုင် ဆတ်ဆော့ပြီး ဝင်ယူကြသူတွေလည်း အများကြီးပါပဲ။

တော်တော်လေးတော့ ကြာပါပြီ။ နိုင်ငံခြား အားကစားသတင်းတစ်ခုထဲမှာ ဖတ်လိုက်ရတာ၊ ဘရာဇီးနိုင်ငံမှာ နာမည်ကြီးဘောလုံးအသင်းကြီးတစ်သင်းကို အားပေးကြတဲ့ ပရိသတ်တွေ မြို့တော်ရဲ့ ညအချိန်မှာ ကားဟွန်းတွေ ဆူညံအောင်တီးပြီး ဆိုကြ၊ ကကြ၊ အော်ကြ ဟစ်ကြ ပျော်နေကြတာ တစ်မြို့လုံးကို ပွက်လောရိုက်နေတာပဲတဲ့။ ဒီလူတွေ ဒီလောက် အော်ဟစ်မြူးတူးနေကြတာ သူတို့ အားပေးတဲ့အသင်း အောင်ပွဲတစ်ခုခု ရလို့များလားဆိုတော့ အဲဒီလို မဟုတ်ဘူး။ ဖြစ်ပုံကို တွေးကြည့်ရင် ရယ်အားထက် ရွံအားသန်စရာပါပဲ။

ဖြစ်ပုံကတော့ ဘရာဇီးနိုင်ငံမှာ အဲဒီလူတွေ အားပေးတဲ့ အသင်းနဲ့ အဓိက ပြိုင်ဘက်ဖြစ်တဲ့ တခြားနာမည်ကြီးအသင်းတစ်သင်းက ပြည်တွင်းပြိုင်ပွဲမှာ သူတို့အသင်းထက်သာလွန်ပြီး ချန်ပီယံဖြစ်သွားတယ်။ အဲဒီချန်ပီယံအသင်းက တခြားနိုင်ငံက ချန်ပီယံတွေနဲ့

http://www.dhammadownload.com



ဗိုလ်တကာ့ဗိုလ်ပြိုင်ပွဲဝင်ရာမှာ နောက်ဆုံး ဖလားလုပွဲရောက်တော့ တခြားနိုင်ငံကအသင်း အနိုင်ရ ဗိုလ်စွဲသွားလို့ ပျော်ကြတာတဲ့။

သေသေချာချာ စဉ်းစားကြည့်နော်။ ကိုယ့်နိုင်ငံကအသင်းနဲ့ သူများနိုင်ငံအသင်းက ဗိုလ်လုကြတာ၊ သူများနိုင်ငံအသင်းက အနိုင်ရ ဗိုလ်စွဲပြီး ကိုယ့်နိုင်ငံအသင်းက အရှုံးကြီးရှုံးလာလို့ သူတို့ပျော်ကြ တာ၊ လွတ်ခနဲ ကြည့်လိုက်ရင် သတင်းရေးတာ မှားများမှားနေ သလားလို့တောင် ထင်စရာပေါ့။ ဒါပေမယ့် အဲဒီအတိုင်း အမှန်ပဲ။ ကိုယ့်နိုင်ငံကအသင်း ရှုံးလာလို့ကို ပျော်ကြတာတဲ့။ ဘာဖြစ်လို့ ပျော်ကြတုန်း ဆိုတော့ ကိုယ့်နိုင်ငံအသင်းက ပြည်တွင်းမှာ ကိုယ့်ရဲ့ အဓိကပြိုင်ဘက် ရန်သူဖြစ်လို့ဆိုကိုး။ သူတို့စိတ်ထဲမှာ ကိုယ့် ပြည်တွင်းက အဓိက ပြိုင်ဘက်အသင်း အနိုင်ရအောင်ပွဲခံမှာ မကြားလို မမြင်လိုဘူးလေ။ ဣဿာမစ္ဆရိယပေါ့။ အခု သူတို့ တောင့်တတဲ့အတိုင်း သူတို့ ပြိုင်ဘက်အသင်း ရှုံးလာလို့ အပျော်ကြီး ပျော်ကြတာ။ တစ်မြို့လုံး ဆူညံ ပွက်လောရိုက်နေတာပဲတဲ့။ ဘယ် လောက်ထိ ရိုက်ပေါက်တိုးတဲ့ အလုပ်လဲလို့။ ဗျာပါဒ ဝိတက်ဆိုတာ အဲသလောက် အဆင့်နိမ့်တာ။

ဒီ ဗျာပါဒဝိတက် စိတ်ထားတွေဟာ ကိုယ့်ပတ်ဝန်းကျင်မှာ လည်း အမြဲလိုလို တွေ့နေကြမှာပါ။ ကိုယ်တောင် ဘယ်လောက် အထိ ဖြစ်ခဲ့ပြီလဲဆိုတာ မရေတွက်နိုင်လောက်တော့ဘူး။ လူတစ် ယောက် ဒုက္ခတစ်ခုခုနဲ့ ကြုံရပြီဆိုရင်လေ "မှတ်ကရောကွ၊ ဒီကောင် ဒီလောက် ထောင်ထောင်၊ ထောင်ထောင်နဲ့ လုပ်ချင်လှတာ ထိတာ တောင် နည်းသေးတယ်" ဆိုတဲ့ စိတ်ထားမျိုးတွေ၊ "ကြည့်နေပါ၊ ဒီလောက်တောင် မြေကြီးနဲ့ ခြေထောက်နဲ့ လွတ်နေရင် မကြာခင် မှောက်လျက်လဲပြီး မြေကြီးထဲ ရောက်သွားမယ့် ကောင်ပါ" ဆိုပြီး

http://www.dhammadownload.com



စိတ်ထဲက ကျိန်ဆဲနေတာတွေ၊ ဖြစ်သွားပြီဆိုတော့လည်း "ဝမ်းသာလိုက်လေကွာ၊ ဒီကောင်မျိုး ဒီလိုထိပေးမှ" ဆိုပြီး ဝမ်းသာကြတာတွေ၊ စဉ်းစားကြည့်ရင် ဘယ်လောက် ဆိုးဝါးတဲ့စိတ်ဓာတ်လဲ။ အဲဒါကို "ဗျာပါဒဝိတက် = သူတစ်ပါးအပေါ် ပျက်စီးစေလိုတဲ့စိတ်ထား" လို့ခေါ်တာ။

ဒီလို ဗျာပါဒဝိတက် အကြံအစည်တွေ ဦးဆောင်ပြီး ကံသုံးပါးမြောက်အောင် ကပြခဲ့ကြတာဟာ အနမတဂ္ဂ သံသရာကတည်းကဆိုတော့ ဘယ်လောက်ကြာခဲ့ပြီဆိုတာ ဘယ်သူမှ မပြောနိုင်ကြပါဘူး။ ဒါပေမဲ့ ဘယ်လို ဇာတ်သိမ်းကြရတယ်ဆိုတာကတော့ ဘုရားရှင် ကိုယ်တိုင်က ဟောပြထားခဲ့လို့ ဗုဒ္ဓဘာသာဝင်တိုင်းလိုလို ကြားဖူးနားဝ ရှိနေကြပါပြီ။ "ဝေ မေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ" ဆိုတဲ့ ပဋိစ္စသမုပ္ပါဒ်နိဂုံးမှာ ဟောတော်မူထားတဲ့အတိုင်းပါပဲ။ ဝမ်းနည်း၊ ငိုကြွေး၊ ကိုယ်ဆင်းရဲ၊ စိတ်ဆင်းရဲ ပူပန်မှုတွေနဲ့ လုံးချာလိုက်ပြီး၊ ချမ်းသာစစ် ချမ်းသာမှန်ဆိုတာ အနားတောင် သီခွင့်မရခဲ့တဲ့ ဆင်းရဲအစုကြီးနဲ့သာ တစ်ဘဝ ဇာတ်သိမ်းခဲ့ရပြီး ဒီဇာတ်လမ်းကြီးကိုပဲ ထပ်တလဲလဲ ကပြနေကြရတာပါ။

"အဲဒါကို အလေးအနက် သဘောပေါက်ကြတဲ့ ဘုရားရှင်တပည့်သားများအနေနဲ့ မကောင်းတဲ့ ဇာတ်သိမ်းကနေ ကောင်းတဲ့ဇာတ်သိမ်းခြင်းနဲ့ သိမ်းလိုကြတယ်ဆိုရင် အဲဒီ ဗျာပါဒဝိတက်နဲ့ ဆန့်ကျင်ဘက်ဖြစ်တဲ့ 'အဗျာပါဒ ဝိတက်' ဆိုတဲ့ ခွင့်လွှတ်သည်းခံတဲ့ စိတ်ကောင်းကလေး မွေးလိုက်ပါ' တဲ့။

"သူတစ်ပါးအပေါ် ပျက်စီးစေလိုတဲ့ စိတ်ထား၊ ဖျက်ဆီးလိုတဲ့စိတ်ထား၊ ရန်ငြိုးအာဃာတ အငြိုးအတေးဆိုတဲ့ စိတ်တွေမထားတော့ဘဲ သံသရာခရီးသွား ဒုက္ခနယ်သားအချင်းအချင်းအပေါ်

http://www.dhammadownload.com



ဆင်းရဲဒုက္ခ ကင်းဝေးစေလိုတဲ့စိတ်ထား၊ အခက်အခဲ အနှောင့်အယှက်တွေ ကင်းဝေးစေလိုတဲ့ စိတ်ထား၊ ဘေး၊ ရောဂါ၊ ရန်၊ အန္တရာယ်တွေ ကင်းစေလိုတဲ့ စိတ်ထားကို မွေးလိုက်ပါ" တဲ့။

"ကိုယ့်အတွက် ဘာအကျိုးမှမရဘဲ သူတစ်ပါးကြုံရတဲ့ ဒုက္ခကို ကြည့်ပြီး အကုသိုလ် ယူနေမယ့်အစား ကိုယ့်အိတ်ထဲက တစ်ပြားမှ မစိုက်ရဘဲနဲ့ 'သူတစ်ပါးကြုံရတဲ့ ဒုက္ခတွေ လွတ်မြောက်ပါစေ' ဆိုတဲ့ မေတ္တာစိတ်ကလေးနဲ့ ကုသိုလ်ယူလိုက်စမ်းပါ" လို့ တိုက်တွန်းလိုက်တာပါပဲ။

ဒီလို စိတ်ဓာတ်ကလေး မိမိရဲ့ နှလုံးအိမ်ထဲမှာ ထာဝရကိန်းနေမယ်ဆိုရင် 'မနောကံ' ဆိုတဲ့ ဒါရိုက်တာကောင်း ဦးဆောင်ညွှန်ကြားမှု ရှိလာပြီဖြစ်လို့ ဝစီကံ သရုပ်ဆောင်တွေ၊ ကာယကံ သရုပ်ဆောင်တွေလည်း အကုန်လုံး ကောင်းလာကြမှာပါ။ အားလုံး ကောင်းသွားပြီဆိုရင် အားလုံး ကောင်းသွားကြမှာပါ။ အားလုံး ကောင်းဖို့အတွက် အားလုံးကောင်းဖို့ လိုပါတယ်။ "ကံသုံးမျိုးကောင်းရင် ကောင်းကျိုးအားလုံးနဲ့ ပြည့်စုံမယ်" လို့ ဆိုလိုတာပါ။

မိမိတို့ ဇာတိရွာနဲ့ မနီးမဝေးရွာကြီးတစ်ရွာမှာ ရှေးခေတ်သူကြီးဟောင်း အစဉ်အဆက်မျိုးတွေနဲ့ အခုနောက်ပိုင်းမှာ တိုးတက်ကြီးပွားလာကြတဲ့ အမျိုးတို့ အစဉ်အလာအရ ရန်ငြိုးအာဃာတကြီးမားကြတာ အချင်းချင်း သားပေးသမီးယူကိစ္စမျိုးတောင် အဖြစ်မခံဘူး။ လူငယ်ချင်း ရည်ငံကြတယ်ဆိုဦးတော့ လူကြီးများက "မနေနိုင်လို့ သေခါမှသေရော့ မပေးစားဘူး" ဆိုတဲ့ အပေါက်မျိုး အမြဲထားတယ်။ ဒီမျိုးဆက်နှစ်ခုကြောင့် တစ်ရွာထဲမှာ တောင်ပိုင်းနဲ့ မြောက်ပိုင်းဆိုပြီး ကွဲကြသလို ကိုးကွယ်ဆည်းကပ်ရာ ဘုန်းတော်ကြီးကျောင်းတွေလည်း တောင်ကျောင်း၊ မြောက်ကျောင်းဆိုပြီး

http://www.dhammadownload.com



နှစ်ကျောင်းကွဲပြားလာပါတယ်။

"ရွာအမှူ ဘုန်းကြီးပတ်" လို့ပဲ ပြောရမလား မသိဘူး။ ဘုန်းတော်ကြီးကျောင်း အချင်းချင်းကလည်း ဘာသာရေး၊ သာသနာရေး၊ ပညာရေးကလွဲလို့ ကျန်တဲ့ကိစ္စတွေ အားလုံးလိုလိုမှာ အချင်းချင်း အပြိုင်အဆိုင်ပဲ။ အဆိုးဆုံးကတော့ သီတင်းကျွတ် (ဝါကျွတ်) မီး ထွန်းပွဲပါပဲ။ တစ်ဖက်နဲ့တစ်ဖက် ဗျောက်အိုးတွေ အပြိုင်အဆိုင် ဖောက်ကြ၊ လူငယ်တွေလုပ်ကြတဲ့ အရုပ်ပြဇာတ်တွေမှာ တစ်ဖက်နဲ့ တစ်ဖက် စောင်းကြ၊ မြောင်းကြ၊ ရန်စကြပေါ့။

တစ်နှစ်မှာ ဘယ်လောက်အထိ ဆိုးသလဲဆို ဥပုသ်ရက်မှာ ကျောင်းဝိုင်းထဲ ဆွမ်းတော်ကြီးလောင်းလှူဖို့ သွားကြတဲ့ မိန်းကလေး အတန်းထဲ တစ်ဖက်ကာလသားတွေက ဗျောက်အိုးအတွဲလိုက် ပစ် ထည့်လိုက်တော့ မိန်းကလေးတွေ လန့်ဖျပ်ပြီး တိုးဝှေ့ပြေးလွှားရင်း ဆွမ်းအုပ်တွေ မှောက်လိုမှောက်၊ လုံချည်တွေ ဖိုးရိုးဖားရား ကိုးရိုး ကားရားအဖြစ်နဲ့ နောက်ဆုံး ဟိုဘက်ပိုင်း၊ ဒီဘက်ပိုင်း တုတ်တပြက် ဓားတပြက်ဖြစ်ပြီး ရုံးပြင်ကနား ရောက်ပါရော။ အပြန်အလှန် စွဲကြ တိုင်ကြဆိုတော့ ယောက်ျားတွေ အားလုံးလောက်နီးပါးက တရားခံ၊ မိန်းမတွေ အားလုံးနီးပါးက သက်သေပေါ့။

ဒီမြို့နယ်မှာ ဒီရွာက မှုခင်းအများဆုံးလို ဖြစ်နေတာရယ်၊ ဒီရွာရဲ့ ရန်ငြိုးအာဃာတတွေရယ်လို့ သိထားတဲ့အတွက် ရုံးကလည်း ပညာသားပြလိုက်တယ်။ မိုးဦးကျလို့ ကြဲကောင်း လှဲကောင်းချိန် ရောက်ရင်း ရုံးချိန်းဆင့်လိုက်ရင်းနဲ့ တစ်နှစ်လုံး တောင်သူ လုပ်ငန်း ဘာမှမလုပ်နိုင်ကြဘူး။ ဒါပေမဲ့ တစ်ဖက်နဲ့တစ်ဖက် ရန်ငြိုးတွေ က လျော့မသွားပါဘူး။

လူကြီးတွေက မာန်မာနတွေ၊ ဒေါသတွေနဲ့ တစ်ဖက်နဲ့တစ်ဖက်

http://www.dhammadownload.com



မခေါ်နိုင်၊ မပြောနိုင် တင်းမာနေကြပေမယ့် လူငယ်တွေကတော့ ရွာနဲ့ သုံးမိုင်ကျော်ကျော်ဝေးတဲ့ အလယ်တန်းကျောင်းမှာ အတူ ကျောင်းတက်နေရတာဖြစ်လို့ အချင်းချင်း ကျောင်းနေဖက် သူငယ်ချင်း များအဖြစ် ခင်မင်ရင်းနှီးကြပါတယ်။

တစ်နှစ် မိုးဦးကျမှာ တောင်ပိုင်းသူကြီးရဲ့သား တောထဲမှာ ယာထွန်ရင်း ဂိုးထိ (မြွေပွေးကိုက်) ပါလေရော၊ အနီးအပါး ယာ ကွက်မှာလည်း မြောက်ပိုင်းသူကြီးတို့ သားအဖနှစ်ယောက်က ထွန် စက်နဲ့ ယာထွန်နေကြတယ်။ ပိုးထိတဲ့ကလေးကအော်ပြီး အကူအညီ တောင်းတော့ သူငယ်ချင်းဖြစ်တဲ့ မြောက်ပိုင်းသူကြီးသားက မနေနိုင် ဘူး။ ထွန်စက်ကို ဒီအတိုင်းရပ်ထားခဲ့ပြီး ပြေးသွားပါတယ်။ အနား ရောက်လို့ အကျိုးအကြောင်းစုံ သိတဲ့အခါ အဖေကို လှမ်းအော်ခေါ် ရင်း သူ ဗဟုသုတရှိထားသလောက် ရွှေဦးသူနာပြုနည်းနဲ့ ဒဏ်ရာ အထက်နားမှာ သူဝတ်ထားတဲ့ စွပ်ကျယ်အင်္ကျီကို ချွတ်ပြီး စည်း ပေးလိုက်တယ်။ အဖေရောက်လာတော့ နှစ်ယောက်သား ပွေ့ သယ်ပြီး သုံးမိုင်ကျော်လောက်ဝေးတဲ့ တိုက်နယ်ဆေးရုံရှိရာကို ထွန်စက်နဲ့ သယ်ပြီး ပို့လိုက်ကြပါတယ်။

ဆေးရုံ အချိန်မီရောက်သွားတဲ့အတွက် ကလေး ဘာမှ ကတိမ်း ကပါးမဖြစ်ဘဲ သက်သာခွင့် ရသွားပါတယ်။ အခြေအနေ စိတ်ချရ ပြီဆိုတာ သိတော့မှ ကလေးကို ဆေးရုံမှာပဲထားခဲ့ကာ မြောက်ပိုင်း လူကြီးတို့ သားအဖက ရွာပြန်ပြီး တောင်ပိုင်းက ကလေးမိဘတွေ ကို သတင်းပေးကြတော့ ဆေးရုံလိုက်သွားကြတယ်။ ဟိုရောက်လို့ အကြောင်းစုံလည်းသိရ၊ ကလေးကလည်း စိတ်ချရပြီဆိုတော့ ရွာကို ပြန်လာပြီး တောင်ပိုင်း လူကြီးက မြောက်ပိုင်း လူကြီးအိမ်ကို နောက်ပါ ကိုယ်ရံတော်မပါဘဲ တစ်ယောက်တည်း သွားတယ်။

http://www.dhammadownload.com



ဟိုရောက်တော့ "ကဲ... ရှည်ရှည်ဝေးဝေးတွေ ပြောမနေတော့ဘူး သူငယ်ချင်း၊ တို့ လူကြီးတွေ ရန်ငြိုးအာဃာတကြီးခဲ့ကြလို့ ရွာလည်း နာမည်ပျက်၊ လူတွေလည်း စီးပွားပျက်နဲ့ ကြုံခဲ့ရတာနှစ်ပရိစ္ဆေဒတွေများလှပြီ၊ ခုလည်း သူတို့ကလေးချင်းက ကျောင်းနေဖက် သူငယ်ချင်းသံယောဇဉ်နဲ့ အချိန်မီ ကယ်ခဲ့ပေလို့သာ မဟုတ်ရင် ငါ့သား ရေတိမ်နစ်ရမှာ၊ ကလေးတွေချင်း ကျောင်းနေဖက် သူငယ်ချင်းတွေ ဖြစ်ကြသလို မင်းတို့ငါတို့လည်း ငယ်ငယ်က ကျောင်းနေဖက် သူငယ်ချင်းတွေပဲ။ ကလေးတွေက အသိအလိမ္မာ ရှိကြလျက်နဲ့ တို့တစ်တွေက မမိုက်သင့်ကြတော့ဘူး။ ငါလည်း မင်းအပေါ် ဘာရန်ငြိုးမှ မထားတော့ဘူး။ အားလုံး ခွင့်လွှတ်တယ်၊ မင်းလည်း ငါ့အပေါ် ခွင့်လွှတ်ပါ" ဆိုပြီး တောင်းပန်လိုက်တော့ ဘာပြောကောင်းမလဲ သူတို့လည်း မောဟမာန်မာနတွေ ဖုံးထားကြလို့သာ တင်းနေကြတာ။ တစ်ရွာတည်းနေ၊ တစ်ရေတည်းသောက်၊ တစ်ကျောင်းတည်းထွက်တွေပဲဟာ ဘယ်အောင့်ထားနိုင်ကြမလဲ။ တစ်ခါတည်း ကြီးတောင့်ကြီးမားရှိမှ တစ်ယောက်နဲ့တစ်ယောက်ဖက်ငိုရင်း အလွမ်းတောင် သယ်နေလိုက်ကြပါသေးသတဲ့။

ခုတော့ အဲဒီရွာကြီးက တိုက်တွေ၊ ကားတွေ၊ တီဗွီစလောင်းတွေနဲ့ ညီညွတ်စည်ကားနေကြပါပြီ။ ဒါဟာ လောကရေးသက်သက်ပဲ ရှိပါသေးတယ်။

မြတ်စွာဘုရားရှင်ကတော့ ဗျာပါဒဝိတက်တွေကို အဗျာပါဒဝိတက်နဲ့ အစားထိုးနိုင်ခဲ့ရင် လောကရေးမှာသာ မကပါဘူး ဒီထက်အရေးကြီးတဲ့ ဓမ္မရေးရာမှာလည်း...

"အပဏ္ဏက ပဋိပဒံ ပဋိပန္နောဟောတိ - မချွတ်ယွင်းတဲ့ အကျင့်ကို ကျင့်သူဖြစ်တယ်။ ယောနိစသော အာရဒ္ဓါဟောတိ အာသ

http://www.dhammadownload.com



= = ဝါနံ ခယာယ = အာသဝေါကုန်ခန်း (ရဟန္တာဖြစ်) ရန် အကြောင်း တရားနဲ့ ပြည့်စုံသူလည်း ဖြစ်တယ်" လို့ ဟောတော်မူပါတယ်။

(အံ ပြန်-၁-၄၀၂)

အတွေးမှန်၊ အပြောမှန်၊ အပြုမှန်များနဲ့ ဘဝပြန်ချီကို စည်းချက်ညီညီ ကနိုင်ကြပါစေ။

□

http://www.dhammadownload.com

# တနာစိတ်နဲ့ ပြန်ခဲ့ပါ

သုဂတိဘုံနဲ့ ပြန်လာဖို့သာမက အမြင့်ဆုံး အရိယာအဆင့်ထိရောက်ဖို့ ထိုက်တန်တဲ့ နောက်ထပ် ကချီတစ်မျိုးကတော့ "အဝိဟိံသဝိတက်" ပါတဲ့။

'အဝိဟိံသ ဝိတက်' ဆိုတာ 'ဝိဟိံသ ဝိတက်' ရဲ့ ဆန့်ကျင်ဘက်ဖြစ်လို့ 'ဝိဟိံသဝိတက်' ကို အရင်သိဖို့ လိုပါတယ်။ သိဖို့လိုတယ်ဆိုတာ ဝေါဟာရနဲ့ အဓိပ္ပာယ် တွဲသိဖို့ပြောတာပါ။ အဓိပ္ပာယ် အရ မသိပေမယ့် ကျင့်သုံးမှုအရကတော့ ဒီတရားလည်း အနမတဂ္ဂ သံသရာကတည်းက လက်ကသုံးတောင်ဝှေးလို သုံးစွဲလာခဲ့တဲ့ အပေါင်းအဖော်ဟောင်းကြီးပါပဲ။ 'ဝိဟိံသ ဝိတက်' ဆိုတာ 'သတ်ဖြတ်ညှဉ်းဆဲလိုတဲ့ အကြံအစည်' လေ။

သတ္တဝါဆိုတာ ဘဝကို 'ဘဝနိကန္တိတ လောဘဇော' ဆိုတဲ့ အလိုဆန္ဒနဲ့ စခဲ့ကြတာဖြစ်လို့ ပထမဆုံးတော့ ကိုယ့်အလိုဆန္ဒတွေ ပြည့်ချင်တယ်။ လိုတာရဖို့ အလိုကျဖြစ်ဖို့ တောင့်တတယ်။ ဆန္ဒ

http://www.dhammadownload.com



မပြည့်ဘူး။ လိုတာမရဘူး၊ အလိုကျမဖြစ်ဘူးဆိုတော့ အလိုမကျတဲ့ ဒေါသဆိုတာ ဖြစ်လာကြရော။ အဲဒီမှာ ကိုယ့်အလိုကျ မဖြစ်တာဟာ တစ်စုံတစ်ယောက်ကဖြစ်စေ၊ တစ်စုံတစ်ရာကဖြစ်စေ အနှောင့်အယှက် အဟန့်အတားဖြစ်တယ်လို့ ယူဆရင် အဲဒီတစ်စုံတစ်ယောက်ကို နာကျင်အောင်၊ သေကျေအောင်၊ ရိုက်ပုတ်၊ ပစ်ခတ်၊ သတ်ဖြတ် လိုတဲ့ စိတ်ဆိုးစိတ်ရိုင်း အကြံအစည်တွေ ဖြစ်ပေါ်လာပါတယ်။ အဲဒီ အကြံဆိုး၊ အကြံရိုင်းတွေကို 'ဝိဟိံသ ဝိတက်' လို့ ခေါ်ပါတယ်။

ကိုယ့်အလိုဆန္ဒကို နှောင့်ယှက်ရင် ကိုယ့်အလိုဆန္ဒနဲ့ ဆန့်ကျင်ရင် ရန်သူလို့ သတ်မှတ်ပြီး ခွန်အားတို့၊ လက်နက်တို့နဲ့ အနိုင်ယူပစ်မယ်ဆိုတဲ့ စိတ်ထားဟာ အနိမ့်ဆုံးဖြစ်တဲ့ တိရစ္ဆာန်များမှာလည်း ရှိတာပါပဲ။ အစွယ်ရှိတဲ့ သတ္တဝါက အစွယ်အားကိုးနဲ့၊ ဦးချို ရှိတဲ့ သတ္တဝါက ဦးချိုအားကိုးနဲ့ ပြဿနာကို ဖြေရှင်းကြတာမျိုး ပေါ့။ ဒီလို ကာယခွန်အားနဲ့ ပြဿနာကို ဖြေရှင်းကြတာဟာ တစ်အောင့် တစ်ခဏလောက် ကျေနပ်စရာ ဖြစ်ကောင်းဖြစ်နိုင်ပေမယ့် ရေရှည် ဘေးရန်ကင်းကြောင်းလည်း မဖြစ်ဘူး။ ဒေါသ ကိလေသာတွေ များသည်ထက်များပြီး ရန်ငြိုးအာဃာတတွေ တိုးသည်ထက် တိုးစေတယ်။ သံသရာခရီးတစ်လျှောက်မှာလည်း ဒုက္ခတွင်းနက်သည် ထက်နက်ပြီး သံသရာခရီး ရှည်စေတယ်။ ဒါကြောင့် "အက္ကောဓေန ဇိနေကောဓံ = အမျက်ဒေါသ ရန်ငြိုး အာဃာတကင်းတဲ့ မေတ္တာစိတ်နဲ့ အမျက်ဒေါသ ရန်ငြိုးအာဃာတ ကြီးသူကို အောင်နိုင်ရမယ်" လို့ ဘုရားရှင်က ဟောတော်မူတာပါ။

ဘုရားရှင်ရဲ့ တပည့်သားများအနေနဲ့ ဘုရားရှင်ဟောညွှန် ဆုံးမတော်မူတဲ့အတိုင်းပဲ 'ဝိဟိံသဝိတက်' လို့ခေါ်တဲ့ သတ်ဖြတ် ညှဉ်းဆဲ နိုင်ထက်စီးနင်း ပြုမူလိုတဲ့ အကြံအစည်တွေကို 'အဝိဟိံသ

http://www.dhammadownload.com



ဝိတက်' ခေါ်တဲ့ သည်းခံခွင့်လွှတ်စိတ်၊ ကိုယ်ချင်းစာစိတ်များနဲ့ အစားထိုး မွေးမြူလိုက်ပါတဲ့။ "ကိုယ်နှင့်လည်းစာ၊ သတ္တဝါကို၊ ကြင်နာလှစေ၊ သူ့အသက်ကို ချစ်ပါလေ" ဆိုတဲ့ ရှင်မဟာရဋ္ဌသာရရဲ့ ဆုံးမစကား အတိုင်းပါပဲ။

ဒီလို သတ္တဝါအချင်းချင်းအပေါ်မှာ ကိုယ်ချင်းစာစိတ်၊ သည်းခံ ခွင့်လွှတ်စိတ် မွေးမြူဖို့ အခက်အခဲ ရှိနေမယ်ဆိုရင်တော့ "သဗ္ဗေသတ္တာ ကမ္မဿကတာ = သူသူကိုယ်ကိုယ် သတ္တဝါဟူသမျှဟာ ကံရဲ့ အမွေခံများသာ ဖြစ်တယ်။ တစ်နည်းအားဖြင့်တော့ ကံကြမ္မာရဲ့ သားကောင်တွေအချင်းချင်းသာ ဖြစ်ကြတယ်"လို့ နှလုံးသွင်းပေး ရမယ်လို့ အဋ္ဌကထာဆရာက အကြံပြုတိုက်တွန်းပါတယ်။

ဟုတ်ပါတယ်။ ဘယ်သတ္တဝါမဆို ကံတရားရဲ့ ခွင့်ပြုချက်အတိုင်း အသက်တိုရှည်၊ ချမ်းသာဆင်းရဲဆိုတဲ့ လောကဓံခွဲတမ်းကို မငြင်းမဆန် ရယူခံစားရပြီး ကံတရားရဲ့ အာမခံချက် ကုန်ဆုံးတဲ့အခါ သင်္ချိုင်းရနယ်သားတို့ရဲ့ ထုံးစံအတိုင်း မုချပြောင်းလဲပျက်စီးကြရမှာ သေချာပါတယ်။ ဘယ်သူက ဘယ်သူ့ကိုမှ သတ်ဖြတ်ညှဉ်းဆဲပြုနေစရာမလိုဘူး။ "သတ္တဝါအားလုံးဟာ အချိန်တန်ရင် သေကြရဖို့ သင်္ချိုင်းခုံရုံးက စီရင်ချက်ချပြီးသားများချည်း ဖြစ်ကြတယ်" လို့ နှလုံးသွင်း ခံယူကြရမှာပါ။ ဒါဟာ ဘယ်သူမှ ငြင်းဆန်မရတဲ့ သင်္ချိုင်းရ ဓမ္မတို့ရဲ့ နိယာမပဲ ဖြစ်ပါတယ်။

သေသေချာချာ စဉ်းစားကြည့်မယ်ဆိုရင်တော့ သင်္ချိုင်းရနယ်သားအချင်းချင်း သင်္ချိုင်းခုံရုံးက သေမိန့်စီရင်ချက် ချထားခြင်းခံရသူတွေ အချင်းချင်း တစ်ယောက်နဲ့တစ်ယောက် သတ်ဖြတ်ညှဉ်းဆဲလိုကြတာ၊ သတ်ဖြတ်ညှဉ်းဆဲလိုတဲ့စိတ်နဲ့ ခိုက်ရန်ဖြစ်ပွားနေကြတာတွေဟာ '**စားဖိုသည်ရဲ့ မီးဖိုချောင်ထဲက ကြက်တွေ တစ်ကောင်**

http://www.dhammadownload.com



နဲ့တစ်ကောင် ရန်စောင်ပြီး ခွပ်နေကြတာ' နဲ့ အတော်တူပါတယ်။ ကြက်မိုက်မိုက်နေကြတယ်လို့ ဆိုရမှာပေါ့။ ဒါဟာလည်း နားထောင်ကောင်းအောင်လို့ လျှော့လျှော့ပေါ့ပေါ့ ပြောလိုက်ရတာပါ။ တကယ်တော့ ကြက်ဆိုတာဟာ တိရစ္ဆာန်ပဲ ဖြစ်တာမို့ တိရစ္ဆာန်လို မိုက်နေကြတာလို့ ဆိုလိုရင်းပါပဲ။

အဲဒီလို တွေးတောဆင်ခြင်ပြီး သတ်ဖြတ်ညှဉ်းဆဲလိုတဲ့ စိတ်တွေကို ဖယ်ရှားပစ်လိုက်စမ်းပါ။ ဒီစိတ်ဓာတ်တွေအစား 'အဝိဟိံသ ဝိတက်' ဆိုတဲ့ မသတ်ဖြတ် မညှဉ်းဆဲလိုတဲ့ စိတ်အကြံ၊ ကိုယ်ချင်းစာတဲ့ စိတ်ကောင်းကလေးတွေ၊ သူတစ်ပါး အသက်ရှည်ရာ အနာမဲ့ရေး၊ ရန်ဘေးကင်းကြောင်းဖြစ်တဲ့ စိတ်အကြံအစည်ကလေးတွေနဲ့ အစားထိုးပြီး ကြံစည်ကြစမ်းပါတဲ့။

ကိုယ်ချင်းစာ စိတ်ကောင်းကလေး တကယ်တမ်း မွေးမြူနိုင်လာပြီဆိုရင် လောကမှာ ကိုယ်တိုင် ကြုံတွေ့ခံစားရဖူးတဲ့ နားမချမ်းသာစရာ စကားမျိုးတွေ၊ ကိုယ်ဆင်းရဲ စိတ်ဆင်းရဲဖြစ်စရာ အပြုအမူမျိုးတွေနဲ့ ကိုယ်က သူများအပေါ် ဘယ်တော့မှ မပြောဆို မပြုမူမိတော့မှာ သေချာပါတယ်။ အဲဒီလို ရှောင်ကြဉ်ကျင့်သုံးနေထိုင်မယ်ဆိုရင် ဒီပုဂ္ဂိုလ်ဟာ မတရားမှုကင်းသူ ဖြစ်ပါတယ်။ "သဗ္ဗပါပဿ အကရဏံ = မကောင်းမှု (မတရားမှု) ကို လုံးဝ မပြုလုပ်ရ" ဆိုတဲ့ ဘုရားရှင်တို့ရဲ့ အခြေခံနံပါတ်တစ် အဆုံးအမနဲ့အညီ နေထိုင်နိုင်ခြင်းဖြစ်လို့ သိက္ခာသုံးပါးနဲ့ ပြောမယ်ဆိုရင် အခြေခံသီလသိက္ခာ လုံခြုံ ပြည့်စုံတယ်လို့ ဆိုရမှာပါ။

ဟုတ်ပါတယ်။ လောကမှာ တရားမျှတတယ်ဆိုတာကို တယ်ပြီး သဘောမပေါက်ကြပေမယ့် "မတရားဘူး၊ မမျှတဘူး" ဆိုတာကိုတော့ လူတိုင်းလိုလို ကိုယ်တွေ့ကြုံဆုံ ခံစားသိကြဖူးမှာပါ။

http://www.dhammadownload.com



တစ်ယောက်ယောက်က မိမိအပေါ် ကျိုးမဲ့ပြစ်ရဖြစ်အောင်၊ ကိုယ်ဆင်းရဲ စိတ်ဆင်းရဲဖြစ်အောင် ကြမ်းကြမ်းတမ်းတမ်း ဆဲရေးတိုင်းထွာ ပြောဆိုတာကို ကြားရတဲ့အခါ၊ အလိမ်အညာခံရတဲ့အခါ၊ ချောပစ်ကုန်း တိုက်စကား ပြောဆိုခံရတဲ့အခါမျိုးတွေမှာ "ဒါဟာ သက်သက် မတရားပြောတာပဲ။ မမှုမတ မမှန်မကန်ပြောတာပဲ" ဆိုပြီး ကိုယ်တိုင် ခံစားဖူးကြမှာပါ။ ဒီလို ပြောဆိုခံရတာကို ကိုယ်တိုင် မကြားလို၊ မခံလိုကြဘဲ ဒီလို ပြောဆိုခံရတဲ့ ဘေးမျိုးမှ ကင်းဝေးလိုကြတဲ့ ဆန္ဒတွေလည်း ဖြစ်ပေါ်ဖူးကြပါလိမ့်မယ်။ အဲဒီလို ကိုယ်တိုင်က မတရားဘူးလို့ ခံယူထားတဲ့ အပြောအဆိုမျိုးတွေ၊ ကိုယ်က သူများအပေါ် မပြောမဆိုမိအောင် ရှောင်ကြဉ် ကျင့်သုံးနေထိုင်တာကို မတရားမှုကင်းအောင် နေထိုင်တယ်လို့ ဆိုရတာပါပဲ။ အပြုအမူကာယကံမှာလည်း ဒီနည်းအတိုင်းပါပဲ။

အချင်းချင်းပြောဆိုပြုမူ ဆက်ဆံကြတဲ့အခါ ကိုယ်တိုင်က ကျေနပ်စရာကောင်းလိုက်လေ။ ဒီလိုပြောသံကြားရတာ။ "ဒီလို အပြုအမူမျိုးနဲ့ တွေ့ကြုံရတာ ကိုယ်ရောစိတ်ပါ ချမ်းသာလိုက်လေ။ ဒါဟာ ကောင်းမွန်မှန်ကန်တဲ့ အပြောအဆို အပြုအမူမျိုးပဲ။ ဒါဟာ တရားနည်းလမ်းကျပြီး မှုမှုတတရှိတဲ့ အပြောအဆိုမျိုးပဲ" ဆိုပြီး ကိုယ်တိုင် ကျေကျေနပ်နပ် ခံစားကြဖူးပါလိမ့်မယ်။ နောက်နောင်လည်းပဲ ဒီလို အပြောအဆို အပြုအမူမျိုးနဲ့သာ ကြုံတွေ့ရပါစေဆိုတဲ့ ဆန္ဒမျိုးတွေလည်း ဖြစ်ဖူးမယ်ထင်ပါတယ်။ အဲဒီလို ကိုယ်တိုင်က တရားမှုတတယ်လို့ ခံစားရပြီး ကိုယ်တိုင်လိုလားတောင့်တတဲ့ အပြောအဆို၊ အပြုအမူတွေနဲ့ သူတစ်ပါးအပေါ် ပြောဆိုပြုမူမယ် ဆိုတဲ့ စိတ်ကောင်းကလေးတွေ မွေးမြူကြပါလို့ ဆိုလိုတာပါ။ ဒါကို 'အဝိဟိံသဝိတက်' လို့ ခေါ်ပါတယ်။

http://www.dhammadownload.com



အားလုံးသိကြတဲ့အတိုင်းပဲ ရိုးသားဖြောင့်မတ်တဲ့ လူကောင်း သူကောင်းဆိုတာဟာ ကံသုံးပါးတို့ ရှေ့သွားနောက်လိုက် ကိုက်ညီကြရမှာဖြစ်လို့ 'မနောကံ' ဖြစ်တဲ့ စိတ်အကြံအစည် ကောင်းမွန်နေရင် မနောကံနဲ့အညီ သရုပ်ဆောင်ကြရတဲ့ ကာယကံ၊ ဝစီကံတို့လည်း ကောင်းမွန်မှန်ကန်လာကြမှာ မလွဲပါဘူး။ ဒီလို ကံသုံးပါးလုံး ကောင်းမွန်မှန်ကန်အောင် ကျင့်ကြံနေထိုင်ကြခြင်းဟာ တရားနည်းလမ်းကျကျ နေထိုင်ကျင့်ကြံနေတာဖြစ်လို့ တရားနဲ့နေသူ၊ တရားသဖြင့်နေသူလို့ပဲ ဆိုရမှာပါ။

ဒါကြောင့်လည်း ဘုရားရှင်က အဝိဟိံသဝိတက် ဦးဆောင်ပြီး ကျင့်ကြံ နေထိုင်သူများကို "အပဏ္ဏက ပဋိပဒံ ပဋိပန္နော ဟောတိ = မချွတ်ယွင်းတဲ့ အကျင့်ကို ကျင့်နေသူမည်တယ်"

"ယောနိ စဿ အာရဒ္ဓါ ဟောတိ အာသဝါနံ ခယာယ = အာသဝေါကုန်ခန်း ရဟန္တာဖြစ်ဖို့ အကြောင်းလည်း ပြည့်စုံတယ်" လို့ ဟောတော်မူတာပါ။

(အင်္ဂုတ္တိုရ်၊ စတုက္ကနိပါတ်၊ သမ္မာဒိဋ္ဌိသုတ်ပါ ၃၈၈-မြန် ၄၀၂)

မချွတ်ယွင်းတဲ့အကျင့်ကို ကျင့်နေသူဖြစ်တယ်ဆိုတာ လောကနဲ့လည်း မဆန့်ကျင်၊ ဓမ္မနဲ့လည်း မဆန့်ကျင်သူ (သုဂတိလူ့ဘုံကို ပြန်လိုက ပြန်လာခွင့်နဲ့ ထိုက်တန်တဲ့ ပြန်ချီအကကောင်းသူ) ဓမ္မနဲ့လည်း မဆန့်ကျင်တဲ့အတွက် ဓမ္မအဆင့်အတန်း တစ်ဆင့်ထက်တစ်ဆင့် မြင့်တက်စေသူလို့ ဆိုရမှာပါ။

"အာသဝေါကုန်ခန်းတဲ့ ရဟန္တာဖြစ်ဖို့အကြောင်းလည်း ပြည့်စုံတယ်" လို့ ဘုရားရှင်ကိုယ်တော်တိုင် ဟောကြားခဲ့တာဖြစ်လို့ ဒီပုဂ္ဂိုလ်မျိုးဟာ တရားအဆင့်တွေ တိုးပွားမြင့်တက်အောင် ကြိုးစား

http://www.dhammadownload.com



နေသူလည်း ဖြစ်ပါတယ်။ ဒီပုဂ္ဂိုလ်မျိုးဟာ တရားအားထုတ်နေသူ စစ်စစ်ဖြစ်တယ်လို့ ဆိုလိုတာပါပဲ။

သုဂတိလောကထဲ ပြန်လာခွင့်ရှိရုံမကဘူး လောကုတ္တရာ အဆင့်ဆင့်နဲ့ပါ ထိုက်တန်တဲ့အတွက် ပြန်ချီသာမက တန်ချီနဲ့ပါ ပြည့်စုံသူလို့ပဲ ထပ်မံ ဆိုလိုက်ပါရစေ။

□

http://www.dhammadownload.com

## မချွတ်ယွင်းဖို့ အမြင်ရှင်းရမယ်

လောကဓမ္မနှစ်မျိုးလုံးနဲ့လည်း မဆန့်ကျင်၊ နိဗ္ဗာန်နဲ့လည်းတန်တဲ့ နောက်ထပ် ပြန်ချီတစ်မျိုးကတော့ 'သမ္မာဒိဋ္ဌိ' ပါတဲ့။

'သမ္မာဒိဋ္ဌိ' ဆိုတာ 'မှန်ကန်တဲ့အသိ' ဖြစ်တယ်လောက်တော့ ဗုဒ္ဓဘာသာတိုင်းလိုလို သိနေကြပြီးသားပါ။ အဆင့်သုံးဆင့် ရှိပါတယ်။

ကမ္မဿကတာသမ္မာဒိဋ္ဌိ = ကံနဲ့ ကံရဲ့အကျိုးကို သိမြင်မှု။

ဝိပဿနာသမ္မာဒိဋ္ဌိ = သင်္ခါရတရားတို့ရဲ့ အနိစ္စသဘော အရ၊ ဒုက္ခ သဘော၊ အနတ္တသဘောတို့ကို ထိုးထွင်းသိမြင်မှု။

မဂ္ဂ သမ္မာဒိဋ္ဌိ - နိဗ္ဗာန်ကို မျက်မှောက်ပြုသိမြင်မှုတို့ ဖြစ်ပါတယ်။

ကမ္မဿကတာ သမ္မာဒိဋ္ဌိက အခြေခံမူလတန်းအဆင့်၊ ဝိပဿနာ သမ္မာဒိဋ္ဌိက အလယ်တန်း၊ အထက်တန်းအောင်၊ မဂ္ဂသမ္မာ ဒိဋ္ဌိ ကတော့ ဘွဲ့ရအဆင့်လို့ ဆိုချင်လည်း ဆိုနိုင်ပါတယ်။

http://www.dhammadownload.com



ဒီလိုအတန်းနဲ့ နှိုင်းယှဉ်ခဲ့ပြတာ အကြောင်းရှိပါတယ်။ ပညာရေးနယ်ပယ်မှာ မူလတန်းအောင်ပြီးမှ အလယ်တန်း၊ အထက်တန်းတက်၊ အထက်တန်းအောင်ပြီးတော့မှ ဘွဲ့ရအဆင့် တက်ကြရတယ်ဆိုတာ လူတိုင်းသိပြီး ဖြစ်မှာပါ။

ဓမ္မပညာရေးမှာလည်း ဒီသဘောနဲ့ ဆင်ဆင်တူပါတယ်။ ကမ္မဿကတာ သမ္မာဒိဋ္ဌိ ခိုင်မြဲပြီးမှ ဝိပဿနာ သမ္မာဒိဋ္ဌိအဆင့်တက်၊ ဝိပဿနာ သမ္မာဒိဋ္ဌိပြည့်မီသွားပြီဆိုရင် မဂ္ဂသမ္မာဒိဋ္ဌိအဆင့်ကို ရောက်သွားတာပါ။

ဗုဒ္ဓဘာသာဝင် စစ်စစ်တစ်ယောက်ဖြစ်ရေးမှာ ကံနဲ့ ကံရဲ့အကျိုးကို အခိုင်အမာ မတုန်မလှုပ် ယုံကြည်လက်ခံရေးဟာ အလွန်အရေးကြီးပါတယ်။ တော်တော်များများက ကိုယ့်ကိုယ်ကိုတော့ ကမ္မဿကတာသမ္မာဒိဋ္ဌိ ကိုယ်တိုင်မှတ်ကျောက် တင်ကြည့်မှ သမ္မာဒိဋ္ဌိ အရည်ပြည့် မပြည့် သိနိုင်မှာပါ။

သမ္မာဒိဋ္ဌိ ဒီဂရီအပြည့် အရည်ပြည့်ရှိသူဆိုတာ ဘယ်လောက်ဆိုးဝါးတဲ့ လောကဓံမျိုးနဲ့ပဲ ကြုံရကြုံရ၊ ကံ ကံရဲ့အကျိုးနဲ့ ရတနာသုံးပါးတို့ရဲ့ ဂုဏ်ကလွဲလို့ တခြားသူပြော လူပြောတွေအပေါ် ဟုတ်နိုးနိုး ယောင်ရောယိမ်းယိုင် လုံးဝမဖြစ်မှ သမ္မာဒိဋ္ဌိ အခြေခံပြည့်ဝခိုင်မာတယ်လို့ ဆိုရမှာဖြစ်ပါတယ်။

ဘုရားရှင်လက်ထက်တော်က သီဝလိသတို့သားရဲ့ မယ်တော်ဖြစ်တဲ့ ကောလိယသာကီမင်းသမီး သုပ္ပဝါသမှာ ခုနစ်နှစ်ပတ်လုံး သန္ဓေသားကို လွယ်ထားရပြီးလို့ ဖွားမြင်ခါနီးမှာ ခုနစ်ရက်လုံးလုံး အာဝေဏိကဒုက္ခကို အပြင်းအထန် ခံစားရတယ်။

အဲဒီအချိန်မှာ သုပ္ပဝါသမင်းသမီးက ဘယ်လို ရေမန်းလက်ဖွဲ့ အဆောင်မှ အားမကိုးဘူး။

http://www.dhammadownload.com



* သမ္မာသမ္ဗုဒ္ဓေါ ဝတ သောဘဂဝါ၊
ယော ဣမဿ ဝေရူပဿ ဒုက္ခဿ
ပဟာနာယ ဓမ္မံ ဒေသေတိ။

ဒီလို ဒုက္ခမျိုးကို ပယ်ဖျောက်နိုင်ဖို့အတွက် တရားဟောပြတော်မူတဲ့ မြတ်စွာဘုရားဟာ တရားအားလုံးကို ကိုယ်တော်တိုင် သိမြင်တော်မူတဲ့ 'သမ္မာသမ္ဗုဒ္ဓ' ဂုဏ်တော်နဲ့ ပြည့်စုံတော်မူပါပေတယ်။

* သုပ္ပဋိပန္နော ဝတ တဿ ဘဂဝတော
သာဝကသံဃော၊ ယော ဣမဿ
ဝေရူပဿ ဒုက္ခဿ ပဟာနာယ ပဋိပန္နော။

ဒီလို ဒုက္ခမျိုးကို ပယ်ရှားနိုင်ဖို့ ကျင့်ကြံအားထုတ်တဲ့ ဘုရားရှင်ရဲ့ တပည့်သားသံဃာတော်ဟာ ကောင်းစွာ ကျင့်ကြံတဲ့ 'သုပ္ပဋိပန္န' ဂုဏ်တော်နဲ့ ပြည့်စုံတော်မူပါပေတယ်။

* သုသုခံ ဝတ တံ နိဗ္ဗာနံ၊ ယတ္ထိဒံ ဝေရူပံ ဒုက္ခံ နသံဝိဇ္ဇတိ။

ဒီလို ဒုက္ခမျိုး လုံးဝမရှိတဲ့ 'နိဗ္ဗာန်' ဆိုတာ တကယ်ချမ်းသာစစ် 'သု သုခ' ဖြစ်ပါပေတယ်ဆိုပြီး ရတနာမြတ်သုံးပါးတို့ရဲ့ ဂုဏ်တော်ကို နှလုံးသွင်းဆင်ခြင်ရင်း ခံစားနေရတဲ့ အာဝေဏိက ဒုက္ခကြီးကို သည်းခံနေတယ်။

ပြီးတော့ သူ့ရဲ့ ခင်ပွန်းကို မြတ်စွာဘုရားထံ စေလွှတ်ပြီး အကျိုးအကြောင်း လျှောက်ထားစေပါတယ်။ မြတ်ဘုရားရှင်က 'ကောလိယ သာကီမင်းသမီး သုပ္ပဝါသ ကိုယ်ရောစိတ်ပါ ချမ်းသာပါစေ၊ မိခင်ရော ကလေးပါ ကျန်းမာစွာ ဖွားမြင်နိုင်ပါစေ' လို့ မေတ္တာပို့ပေးလိုက်တဲ့ ခဏမှာပဲ မိခင်ရောကလေးပါ ကျန်းမာစွာ ဖွားမြင်နိုင်ပါတယ်။

သမ္မာဒိဋ္ဌိဆိုတာ အခြေခံအနိမ့်ဆုံးအနေနဲ့ကို အဲသလောက်

http://www.dhammadownload.com



ခံယူချက်ရှိရှိနဲ့ ကံနဲ့ ကံရဲ့အကျိုးကိုရော၊ ရတနာသုံးပါးတို့ရဲ့ ဂုဏ်ကျေးဇူးကိုရော သိမြင်ရမှာပါ။ ဒီလို ခံယူချက်ရှိရှိ အခိုင်အမာသိမြင်တဲ့အတွက် ကောလိယမင်းသမီး သုပ္ပဝါသဟာ သဒ္ဓါတရားလည်း ခိုင်မြဲပါတယ်။ ဒီလောက်ပြင်းထန်တဲ့ ဒုက္ခကြီးကို ဒီလောက် ရက်ကြာကြာ ခံစားနေရပေမယ့် ကုသိုလ်ကံနဲ့ ရတနာသုံးပါးရဲ့ ဂုဏ်ကျေးဇူးကလွဲလို့ ဘာကိုမှ မယုံကြည်ပါဘူး။

ဒါကြောင့်လည်း ဥဖွ မန္တရားတွေ၊ ဂါထာအဆောင်ဆေးဝါးတွေ၊ ရေမန်းတွေ ဘာတစ်ခုမှ မတောင့်တဘဲ သူ့ရဲ့စိတ်ထဲမှာ ရတနာသုံးပါးရဲ့ ဂုဏ်ကျေးဇူးကို အောက်မေ့ဆင်ခြင်တဲ့ ကုသိုလ်စိတ်မပြတ်ဖြစ်နေအောင် ပွားများပြီး ကြုံတွေ့ခံစားရတဲ့ ဝေဒနာကို သည်းခံနေပါတယ်။

မြတ်စွာဘုရားရှင်ကလည်း သုပ္ပဝါသရဲ့ သန္တာန်မှာ အခိုင်အမာရှိနေတဲ့ သမ္မာဒိဋ္ဌိ ဦးစီးတဲ့ သဒ္ဓါတရားနဲ့ မပြတ်ပွားများပြီး ရှိနေတဲ့ အနုဿတိ ကုသိုလ်ဓာတ်ခံကောင်းကို သိတော်မူတဲ့အတွက် "မိခင်ရော ကလေးပါ ကျန်းမာစွာ ဖွားမြင်နိုင်ပါစေ" လို့ မိန့်ကြားအားဖြည့်ပေးလိုက်တာပါ။

"မြတ်စွာဘုရားရှင်က မေတ္တာစကား မိန့်ကြားလိုက်တဲ့ခဏမှာပဲ မိခင်ရော ကလေးပါ ကျန်းမာစွာ ဖွားမြင်တယ်" ဆိုတာကို ကြည့်ပြီး "ဒါဟာ ဘုရားရှင်ရဲ့ တန်ခိုးတော်ကြောင့်ပဲ" လို့ ယူဆမယ်ဆိုရင် ကြ္ကဿရနိမ္မာန ဟေတုဒိဋ္ဌိ အယူမှားဖြစ်သွားလို့ သမ္မာဒိဋ္ဌိ မဖြစ်တော့ပါဘူး။

မီးခြစ်တစ်ခုရဲ့ သံဘီးကို အသာအယာ ပွတ်လိုက်ရုံနဲ့ မီးပွင့်သွားတဲ့အခါ "ဒါဟာ သံဘီးက ကောင်းလွန်းလို့" ဆိုရင် မမှန်ကန်ပါဘူး။ မီးခြစ်ကျောက်ကလည်း ကောင်းမှသာ အလွယ်တကူ မီး

http://www.dhammadownload.com



ပွင့်နိုင်တာပါ။ သေသေချာချာ စဉ်းစားကြည့်မယ်ဆိုရင် မီးပွင့်ရမယ့် ကျောက်အမျိုးအစားကောင်းဖို့က ပိုပြီး အရေးပါပါတယ်။ ကျောက်က မီးပွင့်ပေးရမှာကိုး။

အခုလည်း အဲဒီသဘောပါပဲ။ မေတ္တာကို ခံယူမယ့်ပုဂ္ဂိုလ်က မေတ္တာစွမ်းအား အပြည့်အဝ တည်နိုင်လောက်အောင် သဒ္ဓါစွမ်းအား၊ ကုသိုလ်စွမ်းအား ကောင်းရမှာဖြစ်လို့ အကျိုးကို ခံစားရမယ့်သူရဲ့ ကုသိုလ်ကံက ပဓာနကျတယ်လို့ ယူဆမှသာ ကမ္မဿကတာ သမ္မာဒိဋ္ဌိအမြင်မှန် ခိုင်မာတယ်လို့ ဆိုရမှာဖြစ်ပါတယ်။

ကောလိယမင်းသမီးလို ခိုင်မာတဲ့ သဒ္ဓါတရားဖြစ်လောက်အောင် ကံ ကံရဲ့အကျိုးနဲ့ ရတနာသုံးပါးရဲ့ ဂုဏ်ကျေးဇူးကို သိမြင်တာမျိုးကို အခြေခံသမ္မာဒိဋ္ဌိ အစစ်အမှန်ရှိတယ်လို့ ဆိုတာပါ။ ပါးစပ်က သရဏဂုံကို မပြတ်ရွတ်နေပေမယ့် အရေးကြုံတဲ့အခါ ရတနာသုံးပါးကို ဘေးဖယ်ထားပြီး အင်းအိုင် ခါးလှည့်၊ လက်ဖွဲ့ မန္တရား၊ တန္တရ မန္တရ၊ ဥဖွ ရေမန်း၊ ဓာတ်ရိုက် ယတြာဆိုတာမျိုးကိုသာ အလေးထား အားကိုးနေဆဲပဲဆိုရင်တော့ 'သူများယောင်လို့ယောင်၊ အမောင် တောင်မြောက်မသိ' ဆိုတဲ့ အမည်ခံ သမ္မာဒိဋ္ဌိသာဖြစ်လို့ အခုပြောနေတဲ့ သမ္မာဒိဋ္ဌိ အရည်အချင်း မပြည့်မီသေးဘူးလို့သာ ကိုယ့်ကိုယ်ကို ဆုံးဖြတ်ပြီး ခိုင်မာအောင် အမြန်ဆုံး ပြုပြင်လိုက်ပါ။

ဒီလို ခိုင်မာတဲ့ သမ္မာဒိဋ္ဌိ ရှိသူများဟာ "ကောင်းတဲ့ကံက ကောင်းကျိုးကိုပေးတယ်။ ကောင်းကျိုးရချင်ရင် ကောင်းတဲ့ကံတွေ အားရှိအောင်လုပ်ရမယ်။ မကောင်းတဲ့ကံတွေဖြစ်နေရင် မကောင်းကျိုးဆိုတဲ့ 'ဆိုးမွေ' ကို မုချခံရမယ်" ဆိုတာ သိတဲ့အတွက် ဘာမဆို ကိုယ်သာရယူလိုတဲ့ ကာမဝိတက်တွေ သူတစ်ပါးကို ပျက်စီး စေလိုတဲ့

http://www.dhammadownload.com



ဗျာပါဒ ဝိတက်တွေ၊ ညှဉ်းဆဲသတ်ဖြတ်လိုတဲ့ ဝိဟိံသ ဝိတက်တွေကို ဝေးဝေးရှောင်ရှားပြီး စွန့်လွှတ်အနစ်နာခံလိုတဲ့ နေက္ခမ္မဝိတက်၊ ခွင့်လွှတ်သည်းခံတဲ့ အဗျာပါဒဝိတက်၊ ကိုယ်ချင်းစာနာ ထောက်ထားတတ်တဲ့ အဝိဟိံသ ဝိတက်များနဲ့ယှဉ်တဲ့ မနောကံ ကောင်းများ ဦးဆောင်လာမှာ သေချာပါတယ်။

ကံသုံးပါးတို့ရဲ့ ဦးဆောင်ရှေ့သွားဖြစ်တဲ့ မနောကံ (မနောပုဗ္ဗင်္ဂမာဓမ္မာ) အားကောင်းလာပြီဆိုရင် ကာယကံ၊ ဝစီကံ တွေလည်း ကံဆိုး၊ ကံညံ့၊ ကံနိမ့်များ ကင်းစင်ပြီး အကောင်းစား၊ အမြင့်စား၊ အမြတ်စားကံတွေသာ ဖြစ်နေကြမှာပါ။

ကံသုံးပါးလုံးမှာ 'မတရားမှု' လို့ခေါ်တဲ့ အဆိုး အညံ့ အနိမ့်စား လောဘ၊ ဒေါသ၊ မောဟတွေကင်းပြီး 'တရားမှု' လို့ ခေါ်ဆိုရမယ့် တင့်တယ်ကောင်းမြတ်တဲ့ အလောဘ၊ အဒေါသ၊ အမောဟ တရားတွေ ဦးစီးလာပြီဖြစ်လို့ ဒီပုဂ္ဂိုလ်မျိုးဟာ လောကဘက်ကပဲ ကြည့်ကြည့်၊ ဓမ္မဘက်ကပဲကြည့်ကြည့် ဘယ်ဘက်ကမှ ချွတ်ယွင်းချက် မရှိတော့ပါဘူး။

ဒါကြောင့်လည်း ဒီလို ပုဂ္ဂိုလ်မျိုးကို ဘုရားရှင်က...

အပဏ္ဏက ပဋိပဒံ ပဋိပန္နောဟောတိ = လောက၊ ဓမ္မ၊ နှစ်ဌာနလုံးမှာ ချွတ်ယွင်းချက်မရှိဘဲ အကျင့်ကို ကျင့်သုံးနေသူ၊ (ဝါ) တရားသဖြင့် ကျင့်သုံးနေသူ (တရားအားထုတ်နေသူ) စင်စစ်ဖြစ်တယ်။

"ယောနိ စဿ အာရဒ္ဓါ ဟောတိ အာသဝါနံ ခယာယ = ကိလေသာ အာသဝေါတွေ ကုန်ခန်းပြီး ရဟန္တာဖြစ်နိုင်ဖို့အတွက် သင့်မြတ် ပြည့်စုံသူစစ်စစ် ဖြစ်တယ်" လို့ ဟောတော်မူခဲ့တာပါ။

(အင်္ဂုတ္တိုရ်၊ စတုက္ကနိပါတ်၊ အပဏ္ဏကဝဂ်၊ သမ္မာဒိဋ္ဌိသုတ်)

ဒီတရားလေးမျိုးတို့ကို ပြန်ပြီး အကျဉ်းချုပ်ကြည့်လိုက်ရင်း...

http://www.dhammadownload.com



ရှေ့သုံးပါးက သမ္မာသက်ပွမဂ္ဂင်၊ နောက်ဆုံးတစ်ပါးက သမ္မာဒိဋ္ဌိမဂ္ဂင်ဖြစ်တဲ့အတွက် "ပညာမဂ္ဂင်နှစ်ပါးကို ပြောနေတာ ဖြစ်တယ်" လို့ သဘောပေါက်စရာပါ။

ပညာမဂ္ဂင်နှစ်ပါးဟာ သစ္စာလေးပါး ထိုးထွင်းသိမြင်ရေး အတွက် တစ်ခုတည်းသော ကျင့်စဉ်လမ်းကြောင်းဖြစ်တဲ့ မဂ္ဂင်ရှစ်ပါး တို့ရဲ့ ဦးဆောင်မဂ္ဂင်များ ဖြစ်တယ်ဆိုတာလည်း အားလုံး သဘော ပေါက်လောက်ပါတယ်။ ဒါကြောင့်လည်း ဘုရားရှင်က "လောက၊ မေ့နှစ်ပါးလုံးနဲ့လည်း မဆန့်ကျင်၊ အသဝေါကုန်ခန်း ရဟန္တာ အဆင့်အထိ ရောက်ဖို့လည်း သင့်မြတ်ပြည့်စုံတယ်" လို့ ဟောကြား တော်မူခြင်း ဖြစ်ပါတယ်။

ပြန်ချီ တန်ချီအစစ်များနဲ့ သာသနာကြီးကျိုးနပ်အောင် ကပြ နိုင်ကြပါစေသော်။

❑

http://www.dhammadownload.com

# တန်ဖိုးထားတဲ့မိဘနဲ့ တန်ဖိုးဖြတ်တဲ့မိဘ

လူစဉ်မီ လူတန်းဝင်တဲ့ လူတစ်ယောက်လို့ သတ်မှတ်နိုင်ဖို့အတွက် ယေဘုယျလိုအပ်တဲ့ အရည်အချင်းက 'စိတ်ကောင်းရှိဖို့' ဖြစ်တယ် ဆိုတာ လူတိုင်း တညီတညွတ် လက်ခံထားတဲ့ 'စံ' ဖြစ်ပါတယ်။ စိတ်ကောင်းရှိဖို့အတွက် စိတ်ကောင်းထားတတ်ဖို့ အရေးကြီး ပါတယ်။

စိတ်ကောင်းထားတတ်အောင် အခြေခံ ခိုင်ခိုင်မာမာ တည် ဆောက်ဖို့အတွက် ပထမဆုံး အရေးကြီးတာက သပ္ပုရိသ သံသေဝ = သူတော်ကောင်း၊ မိတ်ကောင်း ဆွေကောင်းတို့နဲ့ ပေါင်းသင်းဆက်ဆံ မိဖို့ အရေးကြီးတယ်ဆိုတာကို မြတ်စွာဘုရားရှင်က 'အဝိဇ္ဇာသုတ် (အံ-၃-၃၄၈) မှာ ဟောညွှန်ခဲ့ပါတယ်။

ဒီဟောညွှန်ချက်အတိုင်း လူတစ်ယောက်ရဲ့ဘဝကို စဉ်းစား ကြည့်မယ်ဆိုရင် လူ့ဘဝရောက်လာတဲ့ လူကလေးတစ်ယောက် အတွက် ပထမဆုံး ပေါင်းသင်းဆက်ဆံရတဲ့ လက်ဦးဆရာ မိဘနှစ်

http://www.dhammadownload.com



ပါးတို့ဟာ အဲဒီလူကလေးရဲ့ ဘဝတစ်လျှောက်လုံးအတွက် အရေးကြီးဆုံး အခန်းကဏ္ဍက ပါဝင်နေတယ်ဆိုတာကို သဘောပေါက်ကြရမှာပါ။

မိဘများအနေနဲ့ ကိုယ့်ကိုယ်ကို ပြတ်ပြတ်သားသား ပီပီပြင်ပြင် ဆန်းစစ်ပြီး မေးခွန်းထုတ်သင့်တာကတော့ "သားသမီးအပေါ်မှာ မေတ္တာစစ် မေတ္တာမှန်နဲ့ တန်ဖိုးထား မြတ်နိုးကြမှာလား၊ ကိုယ်ရေးကိုယ်တာ ကိုယ့်ကျေနပ်မှု ကိုယ့်အကျိုးစီးပွားအတွက် တန်ဖိုးဖြတ်ပြီး အသုံးချကြမှာလား" ဆိုတဲ့ အချက်ပါပဲ။ မေတ္တာသုတ်မှာ မြတ်စွာဘုရားရှင် ဟောပြတာကတော့ စစ်မှန်တဲ့ မိဘမေတ္တာဆိုတာ 'သားသမီးအတွက် အသက်ကိုတောင် ပေးစွန့်ရဲတယ်' ဆိုတဲ့ ပြဟ္မစိုရ်စိတ်ထား ရှိနိုင်သူများ ဖြစ်တယ်။ ဒီလိုစိတ်ထားရှိတဲ့ မိဘများဟာ ပြဟ္မာနဲ့ တစ်ဂိုဏ်းတည်းထားလောက်အောင် မြင့်မြတ်သူ ကျေးဇူးကြီးမားသူများ ဖြစ်တယ်လို့ ဆိုပါတယ်။

ဒီကနေ့ မိဘအများစုရဲ့ စိတ်ထားကို ပေါ့ပေါ့တန်တန် အမှတ်တမဲ့နဲ့ "မိဘဆိုတာ ကိုယ့်သားသမီး ကိုယ်ချစ်တာပေါ့။ တန်ဖိုးထားမြတ်နိုးတာပေါ့" လို့ မထင်ပါနဲ့။ တကယ့်စိတ်ထားဆိုတာ လုပ်ဆောင်ချက်များနဲ့ အကောင်အထည်ဖော်ရမြဲ ဖြစ်ပါတယ်။ တစ်နည်းပြောရရင်တော့ တမင်တကာ ရုပ်ပြဟန်ဆောင်မှုမျိုး မဟုတ်တဲ့ လက်တွေ့ လုပ်ဆောင်ချက်များဟာ လုပ်ဆောင်သူရဲ့ စိတ်သဘောထား အမှန်ကို ဖော်ပြနေခြင်းပဲ ဖြစ်ပါတယ်။ လူတို့ရဲ့ ကာယကံ ဝစီကံဆိုတာ မနောကံရဲ့ သရုပ်ဆောင်များ ဖြစ်တယ်ဆိုတဲ့ မြတ်ဗုဒ္ဓရဲ့ အဘိဓမ္မာနည်းအတိုင်းပါပဲ။

မိမိရဲ့ အတွေ့အကြုံလေးတစ်ခုကို ပြောချင်ပါတယ်။ ဘိုးဘွားစဉ်ဆက် ကျောက်မျက်ရတနာလုပ်ငန်းနဲ့ ချမ်းသာတဲ့ မိသားစု

http://www.dhammadownload.com



မှာ သမီးလေးက ဉာဏ်ပညာ ထက်မြက်ပါတယ်။ ဆယ်တန်းမှာ သုံးဘာသာဂုဏ်ထူးနဲ့ အောင်မြင်တယ်။ အဲဒီတုန်းက ဆရာဝန်သင် တန်းတက်ဖို့အတွက် သတ်မှတ်ထားတဲ့ အမှတ်မီတယ်။ ဒါပေမဲ့ ကလေးမလေးက ငယ်ငယ်ကတည်းက တွေ့မြင်နေရတဲ့ ကျောက် မျက်ရတနာလေးတွေ အကွက်ဖော်ပြီး အရောင်ဖြာထွက်အောင်လုပ် တာကို စိတ်ဝင်စားခဲ့တာဆိုတော့ ပညာကလေး အထိုက်အလျောက် သင်လာတဲ့အခါ ဒါဟာ ရူပဗေဒပညာရပ်ပဲဆိုတာ သဘောပေါက် လာတယ်။ ဒါကြောင့် သူက ရူပဗေဒကို ထွန်းထွန်းပေါက်ပေါက် ဖြစ်အောင် လေ့လာချင်တယ်။

တက္ကသိုလ်ဝင်ခွင့် လျှောက်လွှာတွေ ဖြည့်ရတဲ့အခါတော့ မိဘများက ဆွေထဲမျိုးထဲမှာ ဆရာဝန်ဆိုတာ မထွန်းပေါ်ခဲ့ဖူးသေး တဲ့အတွက် ဆရာဝင်သင်တန်း တက်စေချင်တယ်။ သမီးကလည်း သူ့ဝါသနာမပါတဲ့ ဘာသာရပ်ကို မတက်ချင်ဘူး။ နောက်ဆုံးတော့ ဆရာဝန်ဖြစ်မှ ဂုဏ်ရှိတယ်ဆိုပြီး သမီးလေးကို အတင်းအကျပ်ပဲ ဆေးတက္ကသိုလ် ပို့လိုက်ပါတယ်။

တိုတိုပြောရရင်တော့ ဆေးတက္ကသိုလ် ဒုတိယနှစ်မှာ (ထင် ပါတယ်) ဖားကို လက်တွေ့ခွဲရမယ်ဆိုတဲ့အခါ ဖားလည်းမကိုင်ရဲ ဘူး။ နောက်ဆုံး သူများအကူအညီနဲ့ ခွဲနိုင်အောင် စီစဉ်ပေးလို့ ခွဲ မယ်လုပ်လိုက်တုန်း ဖားက ရုန်းကန်သလို လှုပ်တာကိုကြည့်ပြီး လန့်ဖျပ် သတိမေ့သွားရာက ဒီပညာကို ဘယ်လိုမှ ဆက်သင်ခိုင်းလို့ မရတော့ဘူး။ ဒါနဲ့ ဆေးတက္ကသိုလ်က ထွက်လိုက်ပြီး ဘွဲ့ရဖို့ အတွက် စာပေးစာယူ (အဝေးသင်)နဲ့ ပြန်စရတော့ ကျောင်းနေဖက်တွေထက် သုံးနှစ်လောက် နောက်ကျပြီးမှ သူ ဘယ်လိုမှ ဝါသနာ မပါတဲ့ ဘာသာရပ် (ဒဿနိက ထင်ပါတယ်)နဲ့ ဘွဲ့ရသွားတယ်။

http://www.dhammadownload.com



အဲဒီ ကလေးမလေးဟာ အရင်က သွက်လက်ဖျပ်လတ်သလောက် ခုတော့ ငူတူတူငိုင်တိုင်တိုင်ကလေးကိုဖြစ်လို့ ဘာအလုပ်မှလည်း ဟုတ်တိပတ်တိ မလုပ်ဘူး။ သူ့ကိုပြောလိုက်ရင် 'သူ့ဘဝအတွက် သူဝါသနာပါတဲ့ပညာကို မသင်ခဲ့ရလို့ ဘာမှမလုပ်တတ်ဘူး။ သူ့ဘဝကို မိဘတွေက ကြိုက်သလို စီမံခဲ့တာဖြစ်လို့ သူ့ဘဝ ပြည့်စုံဖို့အတွက် မိဘများမှာသာ တာဝန်ရှိတယ်' ဆိုပြီး တဇောက်ကန်း တယူသန်ကလေး ဖြစ်သွားပါတော့တယ်။

အဲဒီမိဘတွေက 'သားသမီးရဲ့အကျိုးကို တကယ်လိုလားပြီး သားသမီးကို ချစ်ခင်မြတ်နိုး တန်ဖိုးထားကြသူတွေလား။ သားသမီးကို လူသုံးကုန်၊ ရုပ်ဝတ္ထုလို သဘောထားပြီး ကိုယ့်အတွက် ဂုဏ်တုဂုဏ်ပြိုင် ဝါကြွားစရာပစ္စည်းအဖြစ်နဲ့ တန်ဖိုးဖြတ် အသုံးချလိုက်ကြသူတွေလို့ပဲ ဆိုရမလား' ဆိုတာ စဉ်းစားကြည့်ဖို့ ပြောတာပါ။

ဘယ်အရာမဆို တန်ဖိုးထားတတ်သူအတွက် တန်ဖိုးထားသလောက် တန်ဖိုးဖြတ်လို့ မရနိုင်အောင် တန်ဖိုးတက်နေစမြဲဖြစ်ပြီး တန်ဖိုး 'ဖြတ်' လိုက်တာနဲ့ တစ်ပြိုင်နက် တန်ဖိုးက 'ပြတ်' သွားတာပါ။ တန်ဖိုး 'ပြတ်' တယ်ဆိုတာ စဉ်းစားကြည့်ရင် ကိုယ့် အတွက်တန်ဖိုး 'ပျက်' သွားခြင်းပါပဲ။ အဘိုးအဘွားတို့ ထိမ်းမြား လက်ထပ်ခဲ့စဉ်က ခေတ်ပုံတစ်ပုံ၊ ဒါမှမဟုတ် အဲဒီခေတ်က မိသားစု ခေတ်ပုံတစ်ပုံဟာ ကုန်ကျမှုတန်ဖိုးအရ ဘာမှပြောပလောက်မယ် မဟုတ်ပါဘူး။ ဒါပေမဲ့ အဲဒီ မျိုးနွယ်စဉ်ဆက်ကို တန်ဖိုးထားသူ အတွက်ကတော့ ဒီခေတ်ပုံဟာ ဘာနဲ့မှ နှိုင်းယှဉ်ပြီး တန်ဖိုးဖြတ်လို့ မရနိုင်သလို ဘယ်လောက် တန်ဖိုးကြီးပါတယ်ဆိုတဲ့ ရတနာမျိုးနဲ့မှ လဲလှယ်နိုင်မှာလည်း မဟုတ်ပါဘူး။

တကယ်လို့ အဲဒီပုံဟာ ခေတ်ပုံဆိုတာ ပေါ်ဦးစခေတ်လောက်က လက်ရာဖြစ်လို့ တစ်စုံတစ်ယောက်က မတန်တဆ ဈေးကြီးပေးဝယ်လို့

http://www.dhammadownload.com



ရောင်းပစ်လိုက်ပြီဆိုပါစို့။ အဲဒါ တန်ဖိုးဖြတ်လိုက်တာပဲ။ ကိုယ့်အတွက် တန်ဖိုးလည်း ပြတ်သွားတာပါပဲ။ အဲဒီ ရောင်းလို့ရတဲ့ ပိုက်ဆံတွေ သုံးပစ်လို့ ကုန်သွားတဲ့အခါ ကိုယ့်အတွက် တန်ဖိုး လုံးဝ ပျက်စီးသွားပြီလို့လည်းပဲ ဆိုရတော့မှာပါ။

တန်ဖိုးထားတတ်သူက တစ်ဖက်သား (အရာဝတ္ထု) ကို တန်ဖိုး တက်စေသူဖြစ်ပြီး တန်ဖိုးဖြတ်သူဟာ တန်ဖိုးပြတ်စေသူ (တန်ဖိုး ဖျက် သူ) ဖြစ်သလို တန်ဖိုးဖြတ်ခြင်းကို ခံရသူ (ခံရတဲ့ အရာဝတ္ထု) ဟာလည်း တန်ဖိုးပျက်သွားသူ ဖြစ်သွားပါတယ်။ အဆိုးဆုံးကတော့ တကယ့် တန်ဖိုးအမှန်ကို မသိဘဲ ကိုယ့်အကြိုက် ကိုယ့်သဘောနဲ့ တန်ဖိုးဖြတ်ခြင်း နဲ့ ကိုယ့်တန်ဖိုးကို ကိုယ်နားမလည်ဘဲ သူတစ်ပါး တန်ဖိုးဖြတ်တာကို လက်ခံအတည်ပြုခြင်းပါပဲ။ အထက်မှာ ပြောခဲ့တဲ့ မိန်းကလေးကို နိုင်ထက်စီးနင်း တန်ဖိုးဖြတ်ခံရသူများအဖို့တော့ ကံဆိုးမိုးမှောင်ကျခြင်းလို့တောင် ဆိုနိုင်ပါလိမ့်မယ်။

ကိုယ့်တန်ဖိုး ကိုယ်နားလည်တန်ဖိုးထားရမှန်း မသိတဲ့အတွက် တစ်စုံတစ်ယောက်က တန်ဖိုးဖြတ်ခံရခြင်းကသာ မူလတန်ဖိုးကို ပျက်စေတာ မဟုတ်ပါဘူး။ ပတ်ဝန်းကျင်က အထင်ကြီး အလေးထားတဲ့ တန်ဖိုးကို အဟုတ်ထင်ပြီး ခေတ်စနစ်ပတ်ဝန်းကျင် ရေစီးထဲမျှောပြီး မျောနေသူများဟာလည်း ကိုယ့်တန်ဖိုး ကိုယ်ဖျက်ဆီးနေသူများလို့ပဲ ဆိုရမှာပါ။ ဥပမာ ဒီနေ့ လူငယ်တော်တော်များများ မျောပါနေတဲ့ ပတ်ဝန်းကျင်က ဆရာဝန်ကို အထင်ကြီးမယ်ဆိုရင် ဆရာဝန်ဖြစ်ဖို့ ကြိုးစားတာတို့ သင်္ဘောသားကို အထင်ကြီးတယ်ဆိုရင် သင်္ဘောသား ဖြစ်အောင် ကြိုးစားတာတို့ စတာမျိုးတွေ့ပေါ့။

ပြီးတော့ တန်ဖိုးကို အကဲခတ်လို့မရသေးတဲ့ ကလေးငယ် တွေကို ခေတ်ကာလတန်ဖိုး ရေစီးထဲမျှောဖို့ ကြိုးစားကြသူများလည်း

http://www.dhammadownload.com



အလားတူ တန်ဖိုးဖျက်သူများလို့ပဲ ဆိုရမှာပါ။ ပန်းချီဆရာ ပေါ်ဦး သက်ရှိစဉ်က သူ့ဆီမှာ သရုပ်ဖော်ပုံရေးပေးဖို့ လာအပ်တဲ့ ကလေး ကဗျာတွေထဲမှ လူလေးကြီးရင် ဘာလုပ်မလဲ ဆရာဝန်ကြီးလား၊ အင်ဂျင်နီယာကြီးလား စတဲ့ ခေတ်ကာလမှာ လူတွေ အထင်ကြီးတဲ့ ပညာရပ်တွေနဲ့ မေးခွန်းပုံစံ ကဗျာတစ်ခုကို ဖတ်ပြီး 'ဒီ စာရေး ဆရာ နှုတ်မငြိမ် လက်မငြိမ်နဲ့ တယ်ဖောက်ပြန်ပါလားကွာ၊ လူလေးကြီးရင် သူ ဝါသနာပါရာ သူလုပ်မှာပေါ့။ ဘာဖြစ်လို့ လူတွေ အရှုးထတဲ့ ဂုဏ်တု ဂုဏ်ပြိုင်တွေနဲ့ ကလေးတွေကို ဖျက်ဆီးနေရတာလဲ' ဆိုပြီး မြည်တမ်းသတဲ့။ သူ့သားက 'အဲဒါ ဖေဖေ့သူငယ်ချင်း ကဗျာဆရာ ရေးတာဗျ' လို့ ပြောလိုက်တော့ 'ဒီကောင် ဘာဖြစ်လို့များ ဒီလောက် ဖောက်ပြန် သွားပါလိမ့်' လို့ ရယ်ပြီး ညည်းလိုက်သတဲ့။

ကိုယ့်တန်ဖိုးကိုယ် အစစ်အမှန်သိပြီး ကိုယ့်ကိုယ်ကို တန်ဖိုး ထားတဲ့ ပုဂ္ဂိုလ်မျိုးကျတော့ ပတ်ဝန်းကျင်က တန်ဖိုးဖြတ်တာကို လက်မခံဘဲ ကိုယ့်တန်ဖိုးကို အမှန်အကန် တိုးတက်အောင် ကြိုးစား ပြီး တန်ဖိုးဖြတ်သူတွေ မခန့်မှန်းနိုင်လောက်အောင် တန်ဖိုးတက် သွားနိုင်ပါတယ်။

အထင်ရှားဆုံး သာဓကတစ်ခုကတော့ ဘုရားလောင်းတော် 'သိဒ္ဓတ္ထ' မင်းသားပါပဲ။ ဟုတ်ပါတယ်။ အလောင်းတော် မင်းသားဟာ ပဋိသန္ဓေစပြီး တည်နေကတည်းက အံ့ဖွယ်ထူးခြားတဲ့ ဖြစ်ရပ်တွေနဲ့ ဝန်းကျင်တစ်ခွင်လုံးကို ရိုက်ခတ်ကျော်ကြားခဲ့သလို မွေးဖွားလာတဲ့ အခါမှာလည်း သာမန်ယောကျ်ားတို့ထက် လွန်ကဲထူးခြားတဲ့ ရုပ်ဆင်း အင်္ဂါလက္ခဏာများနဲ့ ပြည့်စုံသူဖြစ်လို့ သူ့ခမည်းတော် သုဒ္ဓေါဒန မင်းကြီးက မင်းဆရာဖြစ်တဲ့ ဟူးရားပုဏ္ဏားတွေကို ခေါ်ပြီး မေးတဲ့အခါ အကြီးဆုံးပုဏ္ဏား သုံးလေးဦးလောက်က လောကနယ်မှာနေရင်

http://www.dhammadownload.com



စကြဝဠာမင်း ဖြစ်မယ်။ ဓမ္မနယ်မှာ မွေ့လျော်ပြီး ကြိုးစားမယ်ဆိုရင် သဗ္ဗညုဘုရားစစ်ဖြစ်မယ်လို့ ဟောကြားကြပါတယ်။ သုဒ္ဓေါဒနမင်းကြီး က ဘုရင်ဆိုတော့ ဘုရင့်အသိအတိုင်း 'ဧကရာဇ် စကြာမင်းကြီး ဖြစ်စေရမယ်' လို့ သားတော်ကို တန်ဖိုးဖြတ်လိုက်ပါတယ်။

သူ တန်ဖိုးဖြတ်တဲ့အတိုင်း ဖြစ်လာစေဖို့အတွက် သားတော် လေးကို ခမ်းနားကြီးကျယ်တဲ့ နန်းတော်ကြီးတွေ ဝိမ်ခံစရာအမျိုးမျိုး တွေ ဖန်တီးပေးရုံမက သံယောဇဉ် အမြစ်တွယ်အောင်ဆိုပြီး အသက် ၁၆ နှစ်အရွယ်မှာ 'ယသောဓရာ' ဆိုတဲ့ အလှမယ်မင်းသမီးလေးနဲ့ လက်ထပ်ပေးပါတယ်။ တခြားငြိတွယ်စရာ ချောလှငယ်ရွယ်တဲ့ မောင်းမ မိဿံတွေနဲ့ပါ ဝန်းရံပြီး သံယောဇဉ်အထပ်ထပ်နဲ့ တုတ်ချည်ပြီး သူ့ အလိုကျဖြစ်လာအောင် ကြိုးစားတာပါ။

အမှန်ကတော့ သုဒ္ဓေါဒနမင်းကြီးက သားတော်ကို မချစ်လို့ တော့ မဟုတ်ပါဘူး။ အလွန်ချစ်တာပါပဲ။ ဒါပေမဲ့ သူ့ဘဝ သူ့ပတ်ဝန်းကျင် မှာက ဘုန်းတန်ခိုးကြီးမားတဲ့ ရှင်ဘုရင်ဆိုတာ သူ့ခေတ်သူ့အခါမှာ စည်းစိမ်ချမ်းသာ အကြီးမားဆုံးဆိုတော့ သူ သိသလောက် တန်ဖိုးအကြီး ဆုံးဆိုပြီး တန်ဖိုးဖြတ်လိုက်တာပါပဲ။

ဒါပေမဲ့ လောကသားတို့ ကံကောင်းတာက သိဒ္ဓတ္ထမင်းသားဟာ သူတို့ထင်သလို တန်ဖိုးအဖြတ်ခံတဲ့ ခပ်ညံ့ညံ့အမျိုးအစားထဲက မဟုတ်ဘဲ ပါရမီဓာတ်ခံ အပြည့်ရှိတဲ့ ယောကျ်ားကောင်း ယောကျ်ားမြတ်ပီပီ ပတ်ဝန်းကျင်က ဖြတ်တဲ့တန်ဖိုးကို လက်မခံဘဲ သူ့တန်ဖိုးသူ အလေး ထား ရုန်းထွက်ခဲ့လို့သာ လောကအားလုံးမှာ တန်ဖိုးဖြတ်လို့မရတဲ့ အနှိုင်းမဲ့ဗုဒ္ဓအဖြစ် ရောက်ရှိခဲ့ပြီး ဒီနေ့အထိ သံသရာခရီးသွား ဒုက္ခနယ်သား အားလုံးတို့ရဲ့ ကိုးကွယ်အားထားရာအဖြစ် ရပ်တည် နေနိုင်တာပါ။

http://www.dhammadownload.com



ပြောလိုရင်းကတော့ မိဘဆိုတာ သားသမီးတို့ ပထမဆုံး တွေ့ဆုံပေါင်းသင်းရတဲ့ ပုဂ္ဂိုလ်များဖြစ်တဲ့အတွက် 'သပ္ပုရိသ' ဆိုတဲ့ စိတ်ကောင်းစေတနာကောင်းရှိသူ၊ မေတ္တာတရားအစစ်အမှန် ကြီးမားသူ၊ သားသမီးတို့ရဲ့ အကျိုးစီးပွားစစ်စစ်ကို လိုလားသူတွေ ဖြစ်ကြဖို့ပါ။ သားသမီးကို အသုံးချပစ္စည်းလို သဘောထားပြီး တန်ဖိုးမဖြတ်မိကြစေဖို့ အထူးသတိပြုရမှာပါ။ ဒီနေ့ လူ့အသိုက်အဝန်းမှာ ဒီထက်ပိုပြီး အံ့သြစရာကောင်းတဲ့ ဆိုးဝါးမှုကတော့ သားသမီးတို့ကို ကုန်သွယ်ပစ္စည်းလို သဘောထားပြီး ကိုယ့်အကျိုးစီးပွား ကိုယ့် ဂုဏ်သိက္ခာအတွက် စီးပွားဖြစ် ဈတ်အတင်း ထိမ်းမြားလက်ထပ်ပေးကြတဲ့ ကိစ္စမျိုးပါပဲ။

တစ်သက်မှာတစ်ခါသာ ဆုံးဖြတ်ရမယ့် အိမ်ထောင်ရေးလို ကိစ္စမျိုးမှာ တစ်သက်လုံး အတူလက်တွဲနေထိုင်သွားကြရမယ့် သားသမီးတို့ရဲ့ စိတ်ဆန္ဒကို လုံးဝ ထည့်မတွက်ဘဲ ကိုယ်ကျိုးကိုယ်စီးပွားနဲ့ ကိုယ့်ဂုဏ်သိက္ခာအတွက်သာ ကြည့်ပြီး တန်ဖိုးဖြတ် အသုံးချသွားကြတဲ့ မိဘတို့ရဲ့ မေတ္တာဆိုတာ မြတ်စွာဘုရားရှင်က ဖြဟ္မာနဲ့ နှိုင်းပြီး ချီးကျူးခဲ့တဲ့ မေတ္တာမျိုး ဟုတ်ပါရဲ့လား။ 'မိကောင်းဖခင်' ဆိုတဲ့ ဂုဏ်နဲ့ 'စည်းစိမ်ဥစ္စာရှင်' ဆိုတဲ့ ဂုဏ်သိက္ခာနှစ်မျိုးမှာ မိဘတို့ အလေးထား ရွေးချယ်ရမယ့်ဂုဏ်ဟာ ဘယ်ဂုဏ်လဲဆိုတာ အလေးအနက် စဉ်းစားရွေးချယ်ကြဖို့ပါ။

ဒီလိုပြောလိုက်တဲ့အတွက် သားသမီးတို့အရေးမှာ မိဘတို့က ဘာမှ ဝင်ရောက်စွပ်ဖက်ခြင်း မပြုရဘူးလို့တော့ မယူဆသင့်ပါဘူး။ 'မကောင်းမြစ်တား၊ ကောင်းရာညွှန်လတ်' စတဲ့ မိဘဝတ္တရားတွေ ရှိတယ်ဆိုတာ အားလုံးသိပြီးသားပါပဲ။ 'ကောင်းရာကိုညွှန်လတ်' ဆိုတဲ့ နေရာမှာသာ အဲဒီ 'ကောင်းရာ' ဆိုတာ 'ကိုယ်ကောင်းဖို့ ကိုယ်

http://www.dhammadownload.com



ကျေနပ်ဖို့' ဆိုတဲ့ စိတ်မထားဘဲ သူတို့အတွက် ကောင်းဖို့ဆိုတဲ့ မေတ္တာစိတ်သန့်သန့်ကလေး မွှန်မွှန်မြတ်မြတ် ထားကြဖို့ပါ။ 'ကောင်း' ဆိုတဲ့နေရာမှာလည်း တစ်ကိုယ်ရေ စိတ်ချမ်းသာရေး လောကရေး ဓမ္မရေးဘက်စုံ 'ကောင်း' ဖြစ်ဖို့ မျှမျှတတ ညွှန်ပြနိုင်ဖို့ အရေးကြီးပါတယ်။

အဲဒီလို ညွှန်ပြနိုင်မှသာ 'သူတော်ကောင်းနဲ့ ပေါင်းသင်းမှီဝဲမှုပြည့်စုံသူမှာ သူတော်ကောင်းစကား ကြားနာခွင့်ရတယ်' ဆိုတဲ့ မြတ်စွာဘုရား အဆုံးအမတော်နဲ့ ကိုက်ညီမှာပါ။ သူတော်ကောင်းဆိုတာ 'သူ' တော်လာစေဖို့အတွက် ကိုယ့်ဘက်က စိတ်ကောင်း စေတနာကောင်းထားတတ်သူကို ခေါ်တာပါ။ သူတို့ရဲ့ ပါရမီဓာတ်ခံ မျိုးစေ့ကလေးတွေလောင်းရိပ်မဲ့ နှောင်ကြိုးမဲ့ ပေါက်ရောက်ရှင်သန်ခွင့် ပေးရမှာ ဖြစ်ပါတယ်။ သူတော်မှ ကိုယ်ကောင်းမယ်ဆိုတဲ့ အတ္တသမားမျိုး မဖြစ်စေရပါဘူး။

'သူတော်ကောင်းစစ်ရဲ့ စကားကို ကြားနာရမှု ပြည့်စုံရင် ယုံကြည်မှုသဒ္ဓါတရား ခိုင်မြဲတယ်' လို့ ဆိုပါတယ်။ ယုံကြည်တယ်ဆိုတာလောကရေးရာအရ အလေးထား လေးစားထိုက်တဲ့ မိဘဆရာသမားတို့ရဲ့ ဂုဏ်ကျေးဇူးကို ယုံကြည်ခြင်း၊ ရတနာသုံးပါးနဲ့ ကံကံရဲ့အကျိုးကိုယုံကြည်ခြင်း၊ ကိုယ့်အရည်အချင်းနဲ့ ကိုယ်စွမ်းကိုယ်စတို့ကို ယုံကြည်ခြင်းစတဲ့ ယုံကြည်သင့်၊ ယုံကြည်ထိုက်သမျှကို ယုံကြည်တဲ့စိတ်ထက်သန်လာမယ်လို့ ဆိုလိုတာပါ။

ယုံကြည်မှုနဲ့ ပြည့်စုံသူများဟာ အရာရာကို ယောနိသောမနသိကာရနဲ့ စိတ်ကောင်းထားတတ်တဲ့ လူကောင်းသူကောင်းများဖြစ်နိုင်ပါသတဲ့။ အဲဒါ မြတ်ဗုဒ္ဓအလိုတော်ကျ မိဘတိုင်းက သားသမီးတို့ရဲ့ အမြင့်ဆုံးဘ၀ကို တည်ဆောက်ပေးခြင်းပဲ ဖြစ်ပါတယ်။

မိကောင်းဖခင် ပီသကြပါစေ။

http://www.dhammadownload.com

# အမြင့်ဆုံးဘဝကို တည်ဆောက်ခြင်း (၁)

အမြင့်ဆုံးဘဝဆိုတာ အခြေခံခိုင်မာပြီး ဘယ်တော့မှ ဆုတ်ယုတ်ပျက်စီးခြင်းမရှိတဲ့ ဘဝမျိုးကို ဆိုလိုတာပါ။ ဒီလို မြင့်မြတ်ခိုင်မြဲတဲ့ဘဝတစ်ခုကို တည်ဆောက်ဖို့အတွက် အခြေခံလိုအပ်ချက် လေးခုရှိတယ် လို့ မြတ်စွာဘုရားရှင်က ဟောညွှန်ပါတယ်။ လေးခုဆိုတာ (၁) ရှေးက ကြိုတင်ပြုထားတဲ့ ကောင်းမှုရှိခြင်း၊ (၂) သင့်လျော်တဲ့ အရပ်ဒေသမှာ နေထိုင်ရခြင်း၊ (၃) သူတော်ကောင်း မိတ်ကောင်း ဆွေကောင်းတို့နဲ့ ပေါင်းဆုံခွင့်ရခြင်း၊ (၄) မိမိကိုယ်မိမိ အကောင်းဆုံးဖြစ်အောင် တည်ဆောက် ထိန်းသိမ်းနိုင်ခြင်းတို့ ဖြစ်ပါတယ်။

ဒီလေးခုမှာ ရှေ့နှစ်ခုက အတိတ်အစွမ်းအစနဲ့ ပိုမို သက်ဆိုင်ပြီး နောက်နှစ်ခုက ပစ္စုပ္ပန်အစွမ်းအစနဲ့ ပိုမို သက်ဆိုင်တယ်လို့ ဆိုရပါလိမ့်မယ်။ အတိတ်အစွမ်းအစနဲ့ ပစ္စုပ္ပန်အစွမ်းအစမှာလည်း ပစ္စုပ္ပန်အစွမ်းအစက ပိုပြီး ပဓာနကျပါတယ်။ ဒီနှစ်ခုမှာလည်း ပဓာနအကျဆုံးက မိမိကိုယ်မိမိ ကောင်းအောင် တည်ဆောက်ခြင်းပါ။

http://www.dhammadownload.com



ဒါကို ကျေကျေနပ်နပ် သဘောကျ လက်ခံနိုင်အောင် လူတိုင်းလိုလို ကြားဖူး နားဝရှိကြတဲ့ 'ကုဋေရှစ်ဆယ် သူဌေးသား' နဲ့ ပတ်သက်ပြီး မြတ်စွာဘုရားရှင် ဟောတော်မူတာကို အလေးအနက် ဆင်ခြင် ကြည့်သင့်ပါတယ်။

ကုဋေရှစ်ဆယ် သူဌေးသားက စည်းစိမ်းဥစ္စာတွေ အားလုံး ကုန်ဆုံးပြီး အခြေမဲ့အနေမဲ့ဘဝမှာ လင်မယားနှစ်ယောက်စလုံး ခွက် လက်ဆွဲ တောင်းစားနေကြရာက နောက်ဆုံး အိုမင်းမစွမ်း အရွယ် ရောက်လာတဲ့အခါ အရပ်ထဲကို လှည့်လည်ပြီး မတောင်း ရမ်းနိုင်တော့တဲ့အတွက် ဘုရားကျောင်းတော်မှာ ကိုရင်ကလေး တွေ စွန့်ကြဲပေးကမ်းတဲ့ အကြွင်းအကျန် အကပ်အသတ်ကလေး တွေကို မဝရေစာ စားနေရတာ ကြည့်ပြီး ဘုရားရှင်က အရှင် အာနန္ဒာကို...

"ဒီသူဌေးလင်းမယားဟာ ပထမအရွယ်မှာ ကိုယ့်ကိုယ်ကို ကောင်းအောင် တည်ဆောက် ကြိုးစားခဲ့မယ်ဆိုရင် လောကီအကျိုး စီးပွားကို ရှာရင်လည်း ပထမတန်းစားသူဌေးကြီး ဖြစ်နိုင်တယ်။ လောကုတ္တရာ အကျိုးစီးပွားကို ရှာမယ်ဆိုရင်လည်း လင်က ရဟန္တာ၊ မယားက အနာဂါမ် ဖြစ်နိုင်တယ်။ ဒုတိယအရွယ်မှာ ကြိုးစား အားထုတ်ရင် လောကီနယ်မှာဆို ဒုတိယတန်းစားသူဌေး၊ လောကုတ္တရာမှာ လင်က အနာဂါမ်၊ မယားက သကဒါဂါမ် ဖြစ်နိုင်တယ်။ တတိယ အရွယ်မှာ ကြိုးစားရင် လောကီမှာ တတိယ တန်းစားသူဌေး၊ လောကုတ္တရာမှာ လင်က သကဒါဂါမ်၊ မယားက သောတာပန်လောက်တော့ ဖြစ်နိုင်သေးတယ်။ ခုတော့ အချိန်တွေ လွန်ကုန်ပြီဖြစ်ကြလို့ ရေခန်းတဲ့ ညွှန်ချောက်အိုင်ကြီးထဲက အတောင် ကျွတ်တဲ့ ကြိုးကြာအိုကြီးတွေလို ငိုညည်းမှိုင်ငေးရုံမှတစ်ပါး ဘာမျှ

http://www.dhammadownload.com



မစွမ်းနိုင်ကြတော့ဘူး” လို့ မိန့်ကြားတော်မူပါတယ်။

သူတို့ဘဝကို ကြည့်လိုက်ရင် အတိတ်အစွမ်းအစဖြစ်တဲ့ ကြိုတင် ပြုခဲ့ဖူးတဲ့ ကောင်းမှုအရလည်း ပထမတန်းစား သူဌေးကြီး ဖြစ်နိုင်လောက်တဲ့ကံနဲ့ ရဟန္တာအထိ ဖြစ်နိုင်လောက်တဲ့ ပါရမီ ပြည့်စုံတယ်။ သင့်လျော်တဲ့ အရပ်ဒေသအရလည်း အထူးပြောစရာ မရှိပါဘူး။ လောကရေးလည်း မဖျင်း၊ ဓမ္မရေးလည်း မကင်းဆိုသလို လောကဓမ္မ နှစ်မျိုးလုံး တိုးတက်ထွန်းကားရာဖြစ်တဲ့ အရပ်မှာ နေထိုင်ကြရတာပါ။

ပစ္စုပ္ပန်အစွမ်းအစအနေနဲ့ ကြည့်လိုက်ရင်တော့ သူတို့ လူဘဝ ရောက်လာပြီး ပထမဆုံး တွေ့ဆုံပေါင်းသင်းရတဲ့ မိဘနှစ်ပါးကိုယ် တိုင်က သူဌေးကြီးတွေဖြစ်ပေမယ့် သားသမီးတို့ရဲ့ ကလျာဏမိတ် ကောင်းအဆင့် မရှိကြပါဘူး။ “သားသမီးကို အရိပ်တကြည့်ကြည့်နဲ့ မုဒိတာ များပြီးတော့တာ နေချင်ကြတယ်။ သားသမီးတို့ နောင်ရေးမှာ ကြုံတွေ့ရမယ့် ဒုက္ခကို ကြိုတင်မြော်မြင်တတ်တဲ့ ကရုဏာတရား မရှိကြပါဘူး။ မေတ္တာစစ်မေတ္တာမှန်ဆိုတာ ရေရှည်ကို ရှုမျှော်သနား တတ်တဲ့ ကရုဏာတရား အစစ်အမှန်ရှိမှ မေတ္တာစစ်ရှိသူလို့ ခေါ် နိုင်ပါတယ်။ ဒါကြောင့်လည်း မြတ်စွာဘုရားရှင်ကို သတ္တဝါတို့အပေါ် ကျရောက်မယ့် ဒုက္ခကို မျှော်တွေး ကရုဏာထားမှု အားကြီးလို့ “မဟာကရုဏာရှင်” လို့ ချီးကျူးခေါ်ဆိုရတာပါ။

နောက်ဆုံးတော့ “ဘယ်သူမပြု မိမိမှု” ဆိုသလိုပဲ ကိုယ့်ကိုယ်ကို တည်ဆောက်နိုင်စွမ်းဆိုတဲ့ “အတ္တသမ္မာ ပဏိဓိ” က အဓိက အကျဆုံး ဖြစ်ပါတယ်။ အတ္တသမ္မာပဏိဓိနဲ့ ပြည့်စုံကြတဲ့ အရှင်သာရိပုတ္တရာနဲ့ အရှင်မောဂ္ဂလန် အလောင်းအလျာဖြစ်တဲ့ ဥပတိဿနဲ့ ကောလိတတို့ ကျတော့ မိဘများက ဘယ်လိုပဲ စီမံကြပေမယ့် သူတော်ကောင်း

http://www.dhammadownload.com



အပေါင်းအသင်းကို ရအောင်ရှာပြီး ပါရမီနဲ့ တန်ရာကို အရောက်သွား ကြတာပါပဲ။

ပစ္စုပ္ပန်နဲ့ ပတ်သက်တဲ့ အစွမ်းအစနှစ်မျိုးထဲက အရေးအကြီး ဆုံးဖြစ်တဲ့ "ကိုယ့်ကိုယ်ကို တည်ဆောင်နိုင်ရေးအတွက် ပထမဆုံး လိုအပ်ချက်ကတော့ "သပ္ပုရိသသံသေဝ" လို့ခေါ်တဲ့ သူတော်ကောင်း မိတ်ကောင်း ဆွေကောင်းတို့နဲ့ ပေါင်းဆုံရေးဖြစ်ပါတယ်။ ဒါကြောင့် မြတ်စွာဘုရားရှင်က အင်္ဂုတ္တရနိကာယ်၊ ဒသကနိပါတ်၊ အဝိဇ္ဇာသုတ် မှာ အခြေခံခိုင်မာတဲ့ အမြင့်ဆုံးဘဝကို တည်ဆောက်နိုင်ရေးအတွက် နံပါတ် (၁) အချက်က "သပ္ပုရိသသံသေဝ = သူတော်ကောင်းတို့နှင့် ပေါင်းဆုံ မှီဝဲခြင်းဖြစ်တယ်" လို့ ဟောတော်မူပါတယ်။

"သံသေဝ။ သေဝန" ဆိုတဲ့ ပါဠိစကားကို မြန်မာလို "ပေါင်း သင်းတယ်" လို့ အလွယ်တကူ ဘာသာပြန်ပေမယ့် အပေါင်းအသင်း ဖြစ်တယ်။ မိတ်ဆွေသင်္ဂဟဖြစ်တယ်ဆိုတဲ့ ပေါင်းသင်းမှုမျိုးကို ဆိုလိုတာ မဟုတ်ပါဘူး။ နည်းနာခံတာ၊ နည်းယူအတုလိုက်ပြီး ကျင့်ကြံပြုမူစရာ အဖြစ် ဆရာသဘောမျိုး သတ်မှတ်ပေါင်းသင်းတာကို ဆိုလိုတာပါ။ "သပ္ပုရိသ = သူတော်ကောင်း" ဆိုတာလည်း ဒီနေရာမှာ ပုတီးစိပ်၊ တရားထိုင်၊ မေတ္တာပို့စတဲ့ အလုပ်များနဲ့ တစ်ကိုယ်ရေးကောင်းအောင် နေထိုင်တဲ့ ပုဂ္ဂိုလ်မျိုးကို ဆိုလိုတာ မဟုတ်ဘဲ သူတစ်ပါးတို့ကို ကျိုးရှိ မှန်ကန်အောင် နည်းလမ်းညွှန်ပြ ဆုံးမကူညီတတ်တဲ့ ပုဂ္ဂိုလ်မျိုးကို ဆိုတာပါ။ အဲဒီလို ပုဂ္ဂိုလ်မျိုးထံ ဆည်းကပ်ပြီး နည်းညွှန်ဆုံးမမှု၊ သွန်သင်ပြသမှုကို ခံယူရမယ်လို့ ဆိုလိုပါတယ်။

သူတော်ကောင်းထံ ဆည်းကပ် နည်းနာခံတဲ့ ပုဂ္ဂိုလ်ဟာ (၂) သူတော်ကောင်းစကားကို ကြားနာရပါတယ်။ ဆိုးကျိုးဖြစ်စေတတ်တဲ့ ဆိုးပြစ်တို့ကို တားဆီးပိတ်ပင်ပြီး ကောင်းကျိုးရစေတဲ့ ကောင်းရာ

http://www.dhammadownload.com



ကောင်းကြောင်း လမ်းညွှန်ပြောကြားတဲ့ စကားကို သူတော်ကောင်း စကားလို့ ခေါ်တာပါ။

သူတော်ကောင်းစကား စစ်စစ်မှာ မကောင်းမွန် မမှန်ကန်တဲ့ အတွေးအကြံ (မနောကံ) အပြောအဆို (ဝစီကံ) အပြုအမူ (ကာယကံ) တို့ကြောင့် မကောင်းတဲ့ ဆိုးကျိုးဒုက္ခတွေ ရရှိတတ်ပုံ၊ ကောင်းတဲ့ ကံများကြောင့် ကောင်းကျိုးသုခအမျိုးမျိုး ရရှိနိုင်ပုံတို့ကို ညွှန်ပြဆုံးမတာဖြစ်လို့ သူတော်ကောင်းစကား ကြားနာရသူဟာ (၃) ကံနဲ့ ကံရဲ့ အကျိုးကို ယုံကြည်တဲ့ သဒ္ဓါတရားအရင်းခံပြီး ရတနာသုံးပါး၊ မိဘ၊ ဆရာသမားတို့ရဲ့ ဂုဏ်ကျေးဇူးကို ယုံကြည်ခြင်းစတဲ့ စစ်မှန်တဲ့ သဒ္ဓါတရား ခိုင်မြဲလာစေနိုင်ပါတယ်။ ယုံကြည်မှု သဒ္ဓါတရားတွေထဲမှာ အခြေခံ အကျဆုံးက ကံ ကံရဲ့အကျိုးကို ယုံကြည်မှု ဖြစ်ပါတယ်။

မှန်ပါတယ်။ ကံကံရဲ့ အကျိုးကို ယုံကြည်တဲ့ ကမ္မသကတာ သမ္မာဒိဋ္ဌိနဲ့ယှဉ်တဲ့ သဒ္ဓါတရားမပါဘဲ ဘယ်လို တန်ခိုးဣဒ္ဓိပါဒ်နဲ့ ပြည့်စုံတဲ့ ပုဂ္ဂိုလ်ကို ယုံကြည်သည်ဖြစ်စေ၊ အဲဒီ ယုံကြည်မှုဟာ စစ်မှန်တဲ့ သဒ္ဓါတရားမဟုတ်တဲ့အတွက် မှန်ကန်တဲ့ ယုံကြည်မှု မဟုတ်ပါဘူး။ ပုဂ္ဂိုလ်ကို ယုံကြည်ကိုးကွယ်ရုံနဲ့ ကောင်းကျိုးချမ်းသာ ရနိုင်တယ်လို့ ခံယူသွားခဲ့ရင် "ဣဿရနိမ္မာနဟေတုဒိဋ္ဌိ" လို့ခေါ်တဲ့ "တန်ခိုးရှင်က ဖန်ဆင်းပေးရင် အရာရာဖြစ်နိုင်တယ်" ဆိုတဲ့ အယူမှား မိစ္ဆာဒိဋ္ဌိ ဖြစ်သွားပါတယ်။ ကမ္မသကတာသမ္မာဒိဋ္ဌိနဲ့ ယှဉ်တဲ့ သဒ္ဓါတရား အစစ်အမှန်ရှိသူဟာ (၄) စိတ်ကောင်းထားတတ်မှု (ယောနိသောမနသိကာရ) ဖြစ်လာစေပါတယ်။ စိတ်ကောင်းထားတတ်မှု (ယောနိသောမနသိကာရ) ကို ဖြစ်စေနိုင်တဲ့ သဒ္ဓါတရားမျိုးသာ စစ်မှန်တဲ့ သဒ္ဓါတရားဖြစ်တယ်လို့ ဆိုလိုတာပါ။

ဘဝကို အဆင့်ဆင့်တည်ဆောက်ရာမှာ နံပါတ် (၁) နဲ့ (၂)

http://www.dhammadownload.com



အဆင့်များက အပြင်ဗဟိဒ္ဓ အကူအညီအဆင့်များဖြစ်ပြီး နံပါတ် (၃) ယုံကြည်မှု (သဒ္ဓါ) ဆိုတဲ့ အဆင့်ဆိုတာက မိမိရဲ့ အတွင်း အဇ္ဈတ္တမှာ စတင်ဖြစ်ပေါ်လာတဲ့အဆင့် ရောက်လာပြီဖြစ်လို့ အတွေးအခေါ် အယူအဆတစ်ခုရဲ့ သန္ဓေမျိုးစေ့သဖွယ် ဖြစ်တဲ့ အတွက် အလွန်အရေးကြီးတဲ့ အကူးအပြောင်းတစ်ခု ဖြစ်လာပါပြီ။ ဒါကြောင့် ယုံကြည်မှုဟာ မှန်ကန်တဲ့ ယုံကြည်မှု ဟုတ်မဟုတ်ဆိုတာ ကို စိစစ်ဖို့ လိုအပ်ပါတယ်။

မြတ်စွာဘုရားရှင်ကတော့ တစ်ဆင့်တစ်ဆင့် မြင့်မြတ်တဲ့ ဘဝ လမ်းခရီးကို လျှောက်လှမ်းရာမှာ သဒ္ဓါနဲ့ပညာဟာ မျက်လုံးနှစ်ခုနဲ့ တူတယ်။ ဒီမျက်လုံးနှစ်ခုဟာ တစ်ခုက ပြူးကျယ်လွန်းရင် ကျန်တစ်ခုက မှေးမှိန်သွားတတ်တယ်။ တစ်ဖက်ကျယ် တစ်ဖက်ကျဉ်းဆိုတဲ့ အမြင်မျိုး ဟာ တစ်ဖက်မြင်ဖြစ်တဲ့အတွက် တဇောက်ကန်းအမြင်မျိုး ဖြစ်သွားမယ်။ ဒီမျက်လုံးနှစ်ခုဟာ တစ်ခုကတစ်ခုကို အပြန်အလှန် ကူညီအားဖြည့်ပေးနိုင်ပြီး နှစ်ခုလုံး ညီမျှဖို့ လိုအပ်တယ်လို့ သတိ ပေးပါတယ်။ (ဒီ ၂-၄၅၊ ဗောဇ္ဈင်အဖွင့်)

တခြားတစ်နေရာမှာလည်း မြတ်စွာဘုရားရှင်က...

'ယုံကြည်မှု' ဟာ ပထမဆုံး လိုအပ်တဲ့ မိတ်ဆွေကောင်း ဖြစ်တယ်။

'ယုံကြည်မှု' မိတ်ဆွေနဲ့ ပေါင်းမိသူကို 'အသိဉာဏ်' မိတ်ဆွေ က ကူညီမယ်။

ဒီ မိတ်ဆွေကောင်းနှစ်ယောက်နဲ့ ပူးပေါင်းပြီး ကြိုးစားအား ထုတ်သူဟာ အခက်အခဲအားလုံးကို ကျော်လွှားပြီး အေးငြိမ်းချမ်းသာ မှုနဲ့ မွေ့လျော်ရလိမ့်မယ်" လို့ ဟောညွှန်တော်မူပါတယ်။

(သဒ္ဓါသုတ်)

http://www.dhammadownload.com



"စစ်မှန်တဲ့ ယုံကြည်မှုဆိုတာ မှန်ကန်တဲ့ အသိဉာဏ်ကို ဖြစ်စေနိုင်တယ်။ မှန်ကန်တဲ့ အသိဉာဏ်ကို မဖြစ်စေဘူးဆိုရင် ဒီ ယုံကြည်မှုဟာ စစ်မှန်တဲ့ ယုံကြည်မှုမဟုတ်ဘူး" ယုံကြည်မှုနဲ့ အသိဉာဏ်နှစ်မျိုးလုံး မှန်ကန်ရင် အေးငြိမ်းချမ်းသာမှုကို မုချရနိုင်တယ်။ အေးငြိမ်းချမ်းသာမှုဆိုတဲ့ အကျိုးကို မရဘူးဆိုရင်တော့ ဒီယုံကြည်မှု၊ သိမြင်မှုနှစ်ခုလုံးဟာ မှားယွင်းနေပြီလို့လည်း ဒီဒေသနာက သတိပေးနေတဲ့သဘော ရှိပါတယ်။

ဘဝကို အမြင့်ဆုံးရောက်အောင် အဆင့်ဆင့် တည်ဆောက်ပုံကို ညွှန်ပြတဲ့ ဒီ 'အဝိဇ္ဇာ' သုတ်မှာတော့ 'စစ်မှန်တဲ့ ယုံကြည်မှု (သဒ္ဓါ) နဲ့ ပြည့်စုံသူဟာ စိတ်ကောင်း နှလုံးကောင်း ထားတတ်လာတယ်" လို့ ဟောညွှန်ပါတယ်။

မှန်ပါတယ်။ မကောင်းတဲ့စိတ်ထား၊ မကောင်းတဲ့ နှလုံးသွင်းဆိုတာ လောဘ၊ ဒေါသ၊ မာန်မာန၊ ဣဿာမစ္ဆရိယတို့နဲ့ ယှဉ်တွဲနေတဲ့ စိတ်ထားနှလုံးထားမျိုးကို ဆိုတာပါ။ ကံ ကံ၏အကျိုးကို ယုံကြည်တဲ့ သဒ္ဓါတရား ခိုင်မာသူများအနေနဲ့တော့ သတ္တဝါတိုင်း ဘဝတစ်ခုခုမှာ ဖြစ်ကြရတာဟာ လာရာလမ်းကြောင်းဖြစ်တဲ့ ကံအကြောင်းတရားချင်းလည်း သီးခြားစီဖြစ်တယ် (နာနာဘာဝ)၊ အခု ဖြစ်တည်နေရတဲ့ ရုပ်နာမ်ချင်းလည်း သီးခြားစီဖြစ်တယ် (ဝိနာဘာဝ) ဒီဘဝကို စွန့်ခွာသွားကြရတဲ့အခါမှာလည်း သီးခြားစီပဲဖြစ်တယ် (အညထာဘာဝ) လို့ ယုံကြည်လက်ခံတဲ့အတွက် မိမိနဲ့ စိတ်သဘောထားချင်း မတိုက်ဆိုင်မှု၊ မိမိအလိုကျ မဖြစ်မှုတို့နဲ့ ကြုံတွေ့ရပေမယ့် "မူလအခြေခံဖြစ်တဲ့ ကံအကြောင်းတရားချင်း ကတည်းက မတူတဲ့ အမျိုးပဲ" လို့ နှလုံးသွင်းပြီး စိတ်ကောင်း နှလုံးကောင်း ထားတတ်လာပါတယ်။

http://www.dhammadownload.com



လောကမှာ ကြုံတွေ့ရရှိလာတဲ့ ကောင်းဆိုးနှစ်တန် လောကဓံ ဆိုတာဟာလည်း မိမိတို့ပြုခဲ့တဲ့ ကောင်းကံ၊ မကောင်းကံတို့ရဲ့အကျိုး ပေးခွင့် အလှည့်ကျအတိုင်းသာ ကြုံရမြဲဖြစ်တယ်လို့ အမှန်အတိုင်း နှလုံးသွင်း ဆင်ခြင်နိုင်တဲ့အတွက် လောကဓံ အတက်အကျကြောင့် လည်း မာနထောင်လွှားခြင်း၊ စိတ်ဓာတ်ကျခြင်းများ မဖြစ်စေဘဲ စိတ်ကို အေးအေးထားနိုင်ပါတယ်။

လူချင်းတူ၊ အလုပ်ချင်း နေရာချင်းတူ၊ ဉာဏ်လုံ့လချင်းတူ ပါလျက် အကျိုးပေးချင်းမတူတာကို တွေ့ကြုံရတဲ့အခါမှာလည်း ကံမျိုးစေ့ချင်း ကွာခြားမှုနဲ့ ကံတို့ရဲ့ အကျိုးပေး အလှည့်အခွင့်ကို သဘောပေါက် နားလည်တဲ့အတွက် မနာလိုဝန်တိုဖြစ်မှု၊ မောက်မာ ထောင်လွှားမှုမျိုး မဖြစ်စေဘဲ စိတ်ကောင်းနှလုံးကောင်း ထားတတ် လာတယ်။ မုဒိတာပွားတတ်လာတယ်လို့ ဆိုလိုတာပါ။

အဘိဓမ္မာဒေသနာများမှာတော့ ကံ ကံ၏အကျိုးတို့ကို အပြည့် အဝ ယုံကြည်ပြီး စိတ်ကောင်း နှလုံးကောင်းထားတတ်ဖို့ အသေးစိတ် ခွဲခြားပြထားပါတယ်။

❒

http://www.dhammadownload.com

# အမြင့်ဆုံးဘဝကို တည်ဆောက်ခြင်း (၂)

ကံ ကံ၏အကျိုးနဲ့ ပတ်သက်လို့ အဘိဓမ္မာမှာ အသေးစိတ် ရှင်းပြထားပုံကတော့ လူမှာ 'မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်' ဆိုပြီး အပြင်က အာရုံတို့ရဲ့ ဝင်ရာတံခါးသဖွယ်ဖြစ်တဲ့ ဒွါရငါးခုရှိတယ်။ တစ်ခုတစ်ခုကို အမှီပြုပြီး သိတတ်တဲ့စိတ်က နှစ်မျိုးစီရှိတယ်။ မျက်စိကိုအမှီပြုပြီး အဆင်းကိုသိတဲ့ စိတ်နှစ်မျိုး (စက္ခုဝိညာဏ်ဒွေး)၊ နားကိုအမှီပြုတဲ့ ကြားသိစိတ်နှစ်မျိုး (သောတဝိညာဏ်ဒွေး)၊ နှာခေါင်းကိုအမှီပြုတဲ့ နံသိစိတ်နှစ်မျိုး (ဃာနဝိညာဏ်ဒွေး)၊ လျှာကိုအမှီပြုတဲ့အရသာသိစိတ်နှစ်မျိုး (ဇိဝှါဝိညာဏ်ဒွေး)၊ ကိုယ်ကိုအမှီပြုတဲ့အတွေ့ သိ ဝိဉာဏ်နှစ်မျိုး (ကာယဝိညာဏ်ဒွေး) တို့ ဖြစ်ပါတယ်။

အဲဒီနှစ်မျိုးစီမှာ တစ်မျိုးက မိမိပြုခဲ့ဖူးတဲ့ အကုသိုလ်ကံတို့ရဲ့ အကျိုးပေးခွင့်အရဖြစ်တဲ့ 'အကုသလဝိပါက်' စိတ်ဖြစ်ပြီး တစ်မျိုးက ကုသိုလ်ကံ အကျိုးပေးခွင့် ကြုံတဲ့အခါ ဖြစ်ပေါ်တဲ့ 'ကုသလဝိပါက်' စိတ် ဖြစ်ပါတယ်။ အကုသိုလ်ကံတို့ အကျိုးပေးခွင့် အလှည့်

http://www.dhammadownload.com



ရောက်တဲ့အခါ 'အနိဋ္ဌာရုံ' လို့ခေါ်တဲ့ မကျေနပ်စရာ အာရုံများနဲ့ တွေ့ကြုံရပါတယ်။ အဲဒီအခါမှာဖြစ်တဲ့ 'သိစိတ်' က အကုသလ ဝိပါက်စိတ် ဖြစ်တယ်။ ကုသိုလ်ကံတို့ အကျိုးပေးခွင့်အလှည့်ရောက်ရင် 'ဣဋ္ဌာရုံ' လို့ခေါ်တဲ့ ကျေနပ်စရာအာရုံများနဲ့ တွေ့ကြုံရပါတယ်။ အဲဒီအခါမှာဖြစ်တဲ့ 'သိစိတ်' က ကုသလဝိပါက်ပါ။ ဒီ ကုသိုလ် အကုသိုလ်ဆိုတာတွေကလည်း သူတစ်ပါးပြုထားတာတွေ မဟုတ်ပါဘူး။ မိမိကိုယ်တိုင်ပြုခဲ့တဲ့ ကံများသာ ဖြစ်ပါတယ်။

ဒါကြောင့်လည်း ဆဋ္ဌသင်္ဂါယနာခေတ်က မစိုးရိမ် အဘိဓဇ မဟာရဋ္ဌဂုရု ဆရာတော်ဘုရားကြီး ရန်ကုန်မှာ ကြွရောက်သီတင်းသုံးနေစဉ် ရန်ကုန်တက္ကသိုလ် ကထိက ဦးလှမောင်တို့ ဦးဆောင်တဲ့ ဒကာများကို အဘိဓမ္မာပို့ချပေးရင်း အဘိဓမ္မာသဘောကို ဘယ်လောက် နားလည် လက်ခံ ကျင့်သုံးနိုင်သလဲဆိုတာ စမ်းသပ်တဲ့ သဘောနဲ့...

"မင်းတို့ ထမင်းစားပွဲမှာ ဟင်းတစ်ခွက် ဆားငန်နေရင် အဘိဓမ္မာ သဘောအရ ဘယ်သူ့ကို အပြစ်တင်မလဲ" လို့ မေးတော့...

ဦးလှမောင်ဆိုတဲ့ ဒကာကြီးက "အိမ်ရှင်မ ဆားမပြည်းဘဲ မဆင်မခြင်ထည့်တာဖြစ်လို့ အိမ်ရှင်မကို အပြစ်တင်ရမှာပါ ဘုရား" လို့ လျှောက်ထားပါတယ်။

ဆရာတော်ကြီးက "ဆားငန်တာကို သိတဲ့စိတ်က ဘယ်စိတ်လဲကွ"

"ဇိဝှာဝိညာဏ်စိတ်ပါဘုရား"

"ကုသလဝိပါက်စိတ်လား၊ အကုသလဝိပါတ်စိတ်လား"

"(ကိုယ်မကျေနပ်တဲ့ အနိဋ္ဌာရုံနဲ့ ကြုံရတာဆိုတော့) အကုသလ ဝိပါက်စိတ်ပါဘုရား"

http://www.dhammadownload.com



"ဒါဖြင့် ဟင်းချက်တဲ့ အိမ်ရှင်မနဲ့ မဆိုင်ပါဘူးကွ၊ ကိုယ့် အကုသိုလ်က ကိုယ့်ကို ပြန်အကျိုးပေးတာပါ" လို့ မိန့်ကြားတော်မူပါ တယ်။ (ထေရုပတ္တိ - ၁၉၄)

ကံ ကံ၏အကျိုးကို တကယ်လက်ခံ ယုံကြည်ကြတဲ့ မထေရ် မြတ်ကြီးတို့ စိတ်ကောင်း နှလုံးကောင်းထားကြပုံများဟာ လေးစား ကြည်ညိုစရာကောင်းလှသလို အားကျအတုယူဖို့လည်း အလွန်ကောင်း ပါတယ်။

တစ်ခါက လယ်တီဆရာတော်ဘုရားကြီး သင်္ဘောနဲ့ ခရီး သွားတော့ အထူးတန်းအိပ်ခန်းမှာထားတဲ့ ဆရာတော်ရဲ့ ပစ္စည်းတွေ ညပိုင်းမှာ သူခိုးခိုးသွားတယ်။ မနက်အစောမှာ ကပ္ပိယက အထဲဝင် ကြည့်တဲ့အခါ ပစ္စည်းတွေ ခိုးခံရတာသိတော့ ဆရာတော်ကြီးကို "ဆရာတော်ဘုရား လုပ်ပါဦးဘုရား သင်္ဘောပုလိပ် (အဲဒီခေတ်အသုံး) ကို အမြန်တိုင်မှ ဖြစ်မယ်ဘုရာ့၊ ဆရာတော့်ပစ္စည်းတွေ သူခိုး ခိုး သွားပြီ" လို့ လျှောက်တဲ့အခါ ဆရာတော်ကြီးက...

"ကပ္ပိယရဲ့ ကိုယ့်ပစ္စည်း သူများအခိုးခံရတာဟာ ကိုယ်က သူများပစ္စည်း ခိုးခဲ့ဖူးလို့ပေါ့ကွ၊ အသာနေစမ်းပါ၊ မင်း အော်ကြီးဟစ် ကျယ် လုပ်ခါမှ ငါ သူခိုးဖြစ်ခဲ့ဖူးတာ လူသိကုန်ပါ့မယ်" လို့ မိန့်ကြား တော်မူပါသတဲ့။

တောင်တွင်းကြီး နတ်မှီတောရဆရာတော်ကြီးကိုလည်း သူ့ ဒကာတွေက ရေဒီယိုကြီးတစ်လုံး ဝယ်ပြီးလှူထားတာ သူခိုးယူသွား တယ်။ ဆရာတော်ကြီးက သိပေမယ့် ဘာမှမပြောဘူး။ လှူထားတဲ့ ဒကာတွေ ကျောင်းကိုရောက်လာတဲ့အခါ ရေဒီယိုကြီးမမြင်လို့ မေး တော့ "သူ့ပိုင်ရှင်လာယူသွားတယ်ကွ" လို့ ဖြေပါသတဲ့။ "ဆရာတော် တပည့်တော်တို့က ဆရာတော်ကို အပြီးအပိုင်လှူထားတာပဲ၊ ဆရာ

http://www.dhammadownload.com



တော်ပဲ ပိုင်တာပေါ့။ တခြား ဘယ်ကပိုင်ရှင် ရှိမှာလဲ” ဆိုတော့ “ငါ မပိုင်လို့ ငါ့နားမှာ မရှိတော့တာပေါ့ကွာ” လို့ပဲ မိန့်ကြားပါသတဲ့။ “ဆရာတော်ရှင်းရှင်းပဲ ပြောလိုက်ပါတော့ သူခိုးခိုးသွားတာမို့လား။ ဒါဆို ရေဒီယိုကြီးဆုံးပြီပေါ့” ဆိုတော့ “ဆုံးတော့ မဆုံးပါဘူးကွ။ ဆုံးတယ် ဆိုတာ မီးလောင်သွားတာတို့၊ ရေမျောသွားတာတို့လို ဘယ်သူမှ မသုံးရတော့ရင်သာ ဆုံးတယ်လို့ ပြောရတာမျိုး၊ ခုဟာက ဒီနေရာမှာ မသုံးရတော့ပေမယ့် တစ်နေရာရာမှာတော့ အသုံးတည့် နေပါလိမ့်မယ်” လို့ မိန့်ကြားတော်မူပါတယ်။

အမရပူရမြို့ အောင်ခြင်းရှစ်ပါး ဆရာတော်ဘုရားကြီးကိုလည်း ကထိန်ဒကာတွေက အမေရိကန်ဖြစ် တိုင်ကပ်နာရီကြီးတစ်လုံး လှူကြတယ်။ ဆရာတော်ကြီးက ထုံးစံအတိုင်းဆိုရင် ကထိန်က ရသမျှကို ဦးဇင်း၊ ကိုရင်တွေအတွက် သင့်သလို ခွဲဝေပေးပြီးရင် ကျန်တဲ့ ပစ္စည်းအားလုံးကို မြို့နယ်ဝိနည်းစာပြန်ပွဲမှာ ဆုပေးဖို့ စာမေးပွဲ ကျင်းပရာဖြစ်တဲ့ တူမောင်းတိုက်ကို အကုန်ပို့ထားလေ့ရှိတာမို့ ဒီနာရီကြီးကိုတော့ ဆရာတော်ကျောင်းမှာပဲ ရှိစေချင်တဲ့အတွက် ဒကာတွေက “ဘယ်လိုမှ စွန့်မပစ်ပါနဲ့ဘုရား” လို့ လျှောက်ထားပြီး တိုင်မှာ တစ်ခါတည်း ချိတ်ပေးထားခဲ့တယ်။

တစ်ညမှာ ဒီနာရီကြီး အဖိုးတန်မှန်းသိတဲ့ သူခိုးက လာဖြုတ်သွားတယ်။ မနက်လင်းတော့ နာရီကြီး မမြင်တဲ့အတွက် ဦးဇင်းများက “ဆရာတော့်နာရီကြီး သူခိုးတက်ခိုးသွားပြီမို့လား။ ဆရာတော် ညက သူခိုးလာတာ မနိုးဘူးလား” လို့ လျှောက်ကြတဲ့အခါ “နိုးပါသကွာ၊ မမီမကမ်း ဖြုတ်နေတာကြားလို့ ဟိုဘက်နားမှာ ခွေးခြေ ရှိတယ်။ အေးအေးဆေးဆေးဖြုတ်၊ မမီမကမ်းနဲ့ဖြုတ်လို့ လွတ်ကျ သွားရင် နာရီအကောင်းမရတဲ့အပြင် ဦးဇင်းတွေ နိုးကုန်လို့ မင်း

http://www.dhammadownload.com



ဒုက္ခရောက်နေဦးမယ်လို့တောင် ပြောလိုက်သေးတယ်" ဆိုတော့...

'ဆရာတော် အလှူဒကာတွေက ဆရာတော်သုံးစေချင်လို့ တမင်ရွေးပြီး ကျောင်းမှာ ချိတ်ထားခဲ့တာ သူခိုးလာမှန်းသိရင်တော့ ပြောဖို့ကောင်းတာပေါ့" ဆိုတော့ "ကိုယ့်ကိုယ်ကိုယ်တောင် မပိုင်တဲ့ ဥစ္စာ တခြားပစ္စည်းတွေကို ဘယ်ပိုင်ပါ့မလဲ။ ကိုယ်မပိုင်လို့ တခြားပစ္စည်း တွေကို လုံ့ချတဲ့နေရာရောက်အောင် တစ်ခါတည်း လှူပစ်လိုက်တာပဲ။ ခုဥစ္စာက သူတို့က မလှူစေချင်ဘဲ ချန်ထားခဲ့လို့ အလှူခံက ကိုယ် တိုင်လာယူသွားတာကွ။ မထူးပါဘူးကွာ။ သူက လာယူတော့ ကိုယ် ကသွားပြီး အလှူရတောင် သက်သာသေးတယ်။ ဥစ္စာဆုံးပြီး ငရဲ ကြီးအောင် မတွေးရဘူးကွ။ ဥစ္စာဆုံးပြီးရင် ကုသိုလ်တော့ ကိုယ့် အတွက် ကျန်အောင် တွေးမှပေါ့" လို့ ဆုံးမတော်မူပါသတဲ့။

ကံကို တကယ် ယုံကြည်တော်မူကြတဲ့ ဆရာတော်ကြီးများရဲ့ နှလုံးသွင်းသဘောထားက "ပြုသူအသစ်၊ ဖြစ်သူအဟောင်း" တဲ့။ "အခု ပြုလုပ်တာဟာ ကံသစ်ဖြစ်တယ်။ နောက်နောင် အကျိုးပေးမယ်။ အခု ဖြစ်ပေါ်ကြုံတွေ့ရတာဟာ ကံဟောင်းရဲ့ အကျိုးပေးဖြစ်တယ်။ မကောင်း ရင် မတုံ့ပြန်နဲ့။ အသစ်တစ်ခါ ထပ်ဖြစ်ရင် နောက်ထပ် ပြန်ပေးနေရ မယ်" လို့ ဆုံးမ မိန့်ကြားတော်မူလေ့ရှိကြပါတယ်။

ကံ ကံ၏အကျိုးကို ယုံကြည်ရေးဟာ လောကမွေ့နှစ်မျိုးလုံး အတွက် အရေးကြီးတဲ့ အခြေခံတရားဖြစ်လို့ ဆရာတော်ကြီးများက အထူးအလေးအနက်ထား တိုက်တွန်းတော်မူကြပါတယ်။ လောကရဲ့ အခက်အခဲ၊ လောကမှာ ရင်ဆိုင်ဖြေရှင်းစရာဆိုတာ အမျိုးအမည်တွေ ဘယ်လိုပဲ ကွဲပြားနေနေ စာရင်းချုပ်လိုက်ရင် လောကဓံတရား ရှစ်ပါးပဲ ရှိတယ်။ ဒီလောကဓံတရားကို ရင်ဆိုင်ဖြေရှင်းနိုင်တဲ့ စွမ်းအား အစစ်ဆိုတာ သဒ္ဓါနဲ့ ပညာဆိုတဲ့ စွမ်းအားကလွဲလို့ တခြားမရှိဘူး။

http://www.dhammadownload.com



သဒ္ဓါတရားက သက်သာခွင့်ကို ရစေပြီး ပညာတရားက ချုပ်ငြိမ်းပျောက်ကင်းစေတဲ့ စွမ်းအားရှိပါတယ်။

သဒ္ဓါ ပညာတရားနဲ့ လောကဓံကာကွယ်ပုံနဲ့ ပတ်သက်လို့ ဆရာတော်ဦးဝုမ် ဆုံးမပုံဟာ သာသနာမှာ တလေးတစား ပြောစမှတ်တွင်ခဲ့ပါတယ်။

သက္ကရာဇ် ၁၁၉၉ ခုနှစ်မှာ သာယာဝတီမင်းက အင်းဝကို ပုန်ကန်ပြီး ထီးနန်းသိမ်းပိုက်တဲ့အခါ နောင်တော်ဖြစ်တဲ့ ဘကြီးတော် စစ်ကိုင်းမင်းနဲ့ မိဖုရားခေါင်ကြီး မယ်နုတို့ကို အသက်ချမ်းသာပေးပြီး အိမ်နိမ့်စံအဖြစ်နဲ့ ထားလိုက်တယ်။

၁၂၀၂ ခုနှစ်မှာ ရွှေဓားမင်းသား အမျူးပြုတဲ့ မတ္တရာပုန်ကန်မှု မအောင်မြင်ဘဲ ဖမ်းမိလို့ စစ်ဆေးတဲ့အခါ "နောင်တော် (ဘကြီးတော် စစ်ကိုင်းမင်း) ထီးနန်းစည်းစိမ် ပြန်လည် စံစေရအောင် မိဖုရားခေါင်ကြီး နန်းမတော် (မယ်နု) အစီအစဉ်နဲ့ ပုန်ကန်ရပါကြောင်း ထွက်ဆိုတဲ့အတွက် ထုံးစံနှင့်အညီ နန်းမတော်ကို ရေချပြီး အဆုံးစီရင်ဖို့ မြို့ဝန်လက်ကို အပ်လိုက်တယ်။

ရေမှာ ဖျောက်မယ့်နေ့ရောက်တော့ နန်းမတော်က "ဆရာတော်(ဦးဝုမ်)ကို နောက်ဆုံး ဖူးမြော်လိုတယ်" လို့ တောင်းဆို တဲ့အတွက် သာယာဝတီမင်းက ခွင့်ပြုပြီး ဆရာတော် ဦးဝုမ် ခြေတော်ရင်း ရောက်အောင် ပို့ပေးလိုက်တော့ ကျောင်းအမ နန်းမတော်ကြီးက ဆရာတော်ကိုဦးချပြီး "ဆရာတော်ဘုရား အခုအခါ သာယာဝတီမင်းရဲ့ တန်ခိုးလွှမ်းမိုးလာလို့ သူ့ရဲ့ အာဏာစက်နဲ့ တပည့်တော်မရဲ့ အသက်ကို အဆုံးစီရင်ခြင်း ခံရပါတော့မယ် ဘုရား" လို့ လျှောက်ထားတဲ့အခါ ဆရာတော်ဦးဝုမ်က "သူကြွေးရှိရင် ဆပ်ရပေလိမ့်မယ်" လို့ တစ်ခွန်းတည်းသော စကားကို မိန့်ကြားတော်မူလိုက်ပါသတဲ့။

http://www.dhammadownload.com



ဆရာတော်ရဲ့ ဆိုလိုရင်းကို နားလည်တဲ့ ကျောင်းအမကြီးက ဆရာတော်ကို ဦးချပြီး အာဂန္တုသားများခေါ်ရာကို ရဲရဲကြီး လိုက်သွားပါတော့သတဲ့။

(တောမှီရဟန်း - မယ်နု အုတ်ကျောင်းဆရာတော် ၁၆၃)

ဆရာတော်ဦးဗုဓ်ရဲ့ ကံ ကံ၏အကျိုးကို ယုံကြည်မှု ခိုင်မြဲပုံ၊ သဒ္ဓါစွမ်းအား ပညာစွမ်းအားဖြင့် လောကဓံကို မမှုဘဲ ခံနိုင်စွမ်းရှိပုံနဲ့ ပတ်သက်လို့ နောက်ထပ် ပြောစမှတ်တွင်တဲ့ ဖြစ်ရပ်တစ်ခုကတော့...

ညောင်ကန်ရွာမှာနေတဲ့ ဆရာတော်ရဲ့ မယ်တော်ကြီးကို ကျောင်းအမကြီး နန်းမတော်မယ်နုက အင်းဝနန်းတော်ရှေ့ ရပ်ကွက်မှာ အိမ်တစ်ဆောင်ဆောက်ပေးထားလို့ အဲဒီမှာပဲနေတယ်။ တစ်နေ့ နန်းတော်ရှေ့ရပ်ကွက်မှာ မီးလောင်တော့ မယ်တော်ကြီးက ရေချိုးနေခိုက်ဖြစ်လို့ မီးထဲ အားလုံးပါသွားတယ်။ မယ်တော်ကြီးမှာ ခါးဝတ်တစ်ထည်နဲ့ ပခုံးတင်တဘက်ကလေးပဲ ကျန်ပါတော့သတဲ့။

မယ်တော်ကြီးက ရင်လျားခါးဝတ်နဲ့ တဘက်ကလေး ပခုံးမှာတင်ပြီး ဆရာတော်ကြီးကို ဖြစ်ကြောင်းစုံ လျှောက်ထားရင်း မျက်ရည်ကျတဲ့အခါ ဆရာတော်က "ဒကာမကြီး တစ်သံသရာလုံး လောင်လာတဲ့မီး ကျုပ် မတားဆီးနိုင်ဘူး။ ကုသိုလ်ကံကသာ အေးငြိမ်းအောင် တားဆီးနိုင်တယ်" လို့ မိန့်ကြားပြီး...

"ဒကာမကြီး မီးလောင်လို့ ဆင်းရဲသလား" လို့ မေးပါတယ်။

"တပည့်တော်မမှာ တစ်သက်နဲ့တစ်ခါ ဒီဆင်းရဲမျိုး မတွေ့ကြုံဖူးပါဘုရား" ဆိုတော့...

"ဒကာမကြီး ချမ်းသာချင်ရင် ခင်ပျား တစ်ဘက်ကလေး ကျုပ်ကို လှူခဲ့"လို့ မိန့်ကြားပြီး တဘက်ကို အလှူခံထားလိုက်တယ်။

http://www.dhammadownload.com



ဒီအကြောင်းကို ကြားတဲ့အခါ ကျောင်းအမ နန်းမတော်ကြီးက ဆရာတော့် မယ်တော်ကြီးအတွက် အိမ်အသစ်တစ်လုံး ဆောက်လုပ်ပေးပါသတဲ့။

မယ်တော်ကြီး အနိစ္စရောက်တော့လည်း ဆရာတော်ကို သွားလျှောက်တဲ့အခါ "အေး...သေရင် သင်္ဂြိုဟ်လိုက်ကြတာပေါ့" လို့ပဲ အမိန့်ရှိလိုက်ပါတယ်။ မယ်တော်ကြီးကို သင်္ဂြိုဟ်တဲ့နေ့မှာ ဆရာတော်ကို ဘယ်သူမှ သွားရောက် မလျှောက်ထားရဲတဲ့အတွက် အသုဘကို ဆရာတော်သီတင်းသုံးတဲ့ "မဟာအောင်မြေဘုံစံ" ကျောင်းကြီးနားက ချသွားတယ်။ ဆရာတော်က စာကြည့်မပျက်ဘူး။ အသုဘ ကျောင်းနားရောက်လာလို့ ကျောင်းပေါ်မှာရှိတဲ့ တပည့်ကြီးများက "မယ်တော်ကြီး ရှာပနချလာတာ ကျောင်းအနီး ရောက်နေပါပြီဘုရား" လို့ လျှောက်ထားတော့မှ မတ်တတ်ရပ်ပြီး ပြတင်းပေါက်ကနေ ကြည့်ရင်း "ဒကာမကြီးက တို့အရင်ကျသကိုး၊ သွားနှင့်ပေဦးတော့" လို့ မိန့်တော်မူလိုက်ပါသတဲ့။

စစ်မှန်တဲ့ သဒ္ဓါတရားပိုင်ရှင်များဟာ စိတ်ကောင်းထားတတ်ကြသလို ပညာတရားနဲ့ပါ ပေါင်းဆုံမိတဲ့အတွက် လောကဓံကိုလည်း အဲဒီလို အံတုအနိုင်ယူနိုင်ကြပါတယ်။

❒

http://www.dhammadownload.com

# အမြင့်ဆုံးဘဝကို တည်ဆောက်ခြင်း (၃)

မိဘတွေအနေနဲ့ သားသမီးအပေါ်မှာ တန်ဖိုးထားနေကြတာလား။ တန်ဖိုးဖြတ်နေကြတာလားဆိုတဲ့ အကြောင်းကိုတော့ ရေးခဲ့ပြီးပြီ။ သားသမီးများကိုယ်တိုင်ကတော့ ကိုယ့်ကိုယ်ကိုယ် ဘယ်လိုသဘောထားကြသလဲ။ တန်ဖိုးထားနေကြသလား။ တန်ဖိုးဖြတ်ခြင်းကို မျှော်လင့် တောင့်တနေကြသလားဆိုတာ အလေးအနက် စဉ်းစားရပါလိမ့်မယ်။

ဒီနေရာမှာ နမူနာအဖြစ်နဲ့ မိမိရဲ့ ညီတော်တစ်ယောက်အကြောင်း နည်းနည်းပြောပြချင်ပါတယ်။ မိဘများက တောင်သူလယ်သမား အလယ်အလတ်တန်းစားဖြစ်ပြီး အတန်းပညာ ဘာမှ သင်ကြားခဲ့ဖူးသူတွေ မဟုတ်တဲ့ ပီဘိတောင်သူလယ်သမား စင်စစ်တွေဖြစ်ပေမယ့် သားသမီးပညာရေးကိုတော့ အစွမ်းကုန် အားပေးကြသူတွေပါ။ ညီတော်မောင်ဘွဲ့ရပြီး ကျောင်းဆရာလုပ်တယ်။ အသက်သုံးဆယ်ကျော်လေးမှာ အလယ်တန်းကျောင်းအုပ်ဖြစ်နေပြီ။ သားနဲ့

http://www.dhammadownload.com



မယားနဲ့လည်းဖြစ်ပြီ။ ဇနီးက အိမ်ဆိုင်လေး တစ်ဖက်တစ်လမ်းနဲ့ဖြစ်လို့ စားဝတ်နေရေး သင့်တင့်ရုံ ရှိကြပါတယ်။ ဒါပေမယ့် မယားညီအစ်ကို မိသားစုများက တိုက်နဲ့ကားနဲ့ဆိုသလို ဖြစ်ကြတော့ သူက အဆင့်နိမ့်နေတယ်လို့ ထင်တယ်၊ သူက ညနေတိုင်းလည်း အသောက်အစားလေး ဖက်နေတော့ ယောက္ခမများက တယ်အရေးမဝင်ကြဘူး။ ဒါကို သူက ပစ္စည်းမရှိလို့ နှိမ်တယ်လို့ ထင်တယ်။

ဒါနဲ့ အလုပ်ကထွက်ပြီး စင်ကာပူ သွားချင်တယ်ဆိုလို့ အားလုံးက ဝိုင်းဝန်းကူညီလိုက်ပါတယ်။ ဟိုရောက်တော့ ပန်းရန်လုပ်ရသတဲ့။ အဲဒီမှာတော့ အချိန်က တိကျမှုဆိုတော့ သူလိုအိပ်ချိန် နိုးချိန် မတိကျသူအတွက် အဆင်မပြေဘူး။ တစ်နှစ်လောက်နေတော့ ကုန်ကျတဲ့စရိတ်တောင်မကျေဘူး ပြန်ရောက်လာတယ်။ သူနဲ့အတူ ပြန်ပါလာတာကတော့ အရက်ကို အကောင်းစားမှ သောက်တတ်တဲ့ အကျင့်ပါပဲ။ ပြန်ရောက်တော့ ကုန်သည်လုပ်ချင်ပြန်သတဲ့။ ဆွေမျိုး၊ မိဘများအနေနဲ့ ဘာမှ မကူညီနိုင်ကြတော့ဘူး။ နိုင်ငံခြားသွားပြီး အလုပ်လုပ်နိုင်ဖို့အတွက် ရောင်းချပေးလိုက်ရတာ ကုန်သလောက်ရှိပြီ။ ဒါနဲ့ တောင်သူတစ်ပိုင်း တောပွဲစားတစ်ပိုင်း လုပ်နေတယ်။ သူဖြစ်ချင်သလို ကားပိုင် တောသူဌေးလေးအဆင့် မရောက်ဘူး။ ညနေပိုင်း မူးမူးရှိပြီဆိုရင် သူ အမြဲပြောလေ့ရှိတာက "သူများသားသမီးတွေမှာ မိဘတွေက အရင်းအနှီး လုံလုံလောက်လောက် ထုတ်ပေးနိုင်တော့ ကြီးပွားကြတယ်။ ငါ့မှာတော့ လုပ်ကိုင်ကြိုးစားချင်စိတ်ရှိပေမယ့် မိဘတွေ ကပ်စေးနဲ့လို့ ငွေနဲ့ မရင်းနှီးနိုင်ဘဲ လူနဲ့လေပဲ ရင်းနှီးလုပ်ကိုင်နေရလို့ တစ်နေကုန် မနားတမ်း ပြေးလွှားပြီးမှ ထမင်းနှစ်နပ် အဝတ်နှစ်ထည်ပိုင် အနိုင်နိုင် ရှိတယ်။ မိဘညံ့ဖျင်းရင် သားသမီး ကံဆိုးတာပဲ" ဆိုပြီး ပတ်ဝန်းကျင်ကို အမြဲ ဂျီ (ချေ)

http://www.dhammadownload.com



ကျနေတယ်။ နောက်တော့ အရက်ရဲ့ ကျေးကျွန် အဖြစ်နဲ့ ငယ်ငယ်ရွယ်ရွယ် ဘဝဆုံးသွားပါတယ်။

ဒါဟာ ညီတော်မောင်တစ်ယောက်ရဲ့ တကယ့်ဖြစ်ရပ်ပါ။ သူဟာ သူ့ကိုယ်သူ တန်ဖိုးထားနေသူလား။ တန်ဖိုးဖြတ်ခြင်းကို တောင့်တမျှော်လင့်နေသူလားဆိုတာ စဉ်းစားသုံးသပ်မိမယ်တော့ မထင်ပါဘူး။ သူများရဲ့ တန်ဖိုးဖြတ်ခြင်းကို တောင့်တငံ့လင့်နေသူဆိုတာ "ငါဟာ သူများနှာခေါင်းနဲ့ အသက်ရှုမှ ဝမယ့်လူ" လို့ ကိုယ့်ကိုယ်ကို တန်ဖိုးဖြတ်လိုက်တာပါပဲ။

ကိုယ်ကြုံတွေ့ရမယ့် လောကဓံဆိုတာ ကိုယ်တိုင် ရင်ဆိုင်ရတာမျိုး ဖြစ်လို့ တကယ် လောကဓံနဲ့ ရင်ဆိုင်လာရတဲ့အခါမှာ ဒီကိစ္စဟာ မိဘ ညံ့ဖျင်းလို့၊ ဆရာသမားညံ့လို့၊ အပေါင်းအသင်း မကောင်းလို့၊ ခေတ်စနစ်က အခြေအနေမပေးလို့ဆိုတဲ့ ဆင်ခြေများနဲ့ ခုခံကာကွယ်လို့ မရနိုင်ဘူးဆိုတာ သူ မသိဘူး။ သိအောင်လည်း မကြိုးစားဘူး။ တကယ်ကိုယ်တွေ့ကိုယ်ကြုံ သိလာတဲ့အချိန်မှာတော့ လှေပေါက်နဲ့ လှော်ခတ်တဲ့ တရုတ်ကြီးပြောသလို 'ကိစ္စရှိပြီ ဆရာကီး' ဆိုတော့ ရေလယ်ခေါင် ရောက်နေပြီ။ ရှေ့တိုးမရ နောက်ဆုတ်မရနဲ့ ရေလယ်မှာ စုပ်စုပ်မြုပ်သွားတော့တာပါပဲ။

မြတ်စွာဘုရားက အတတ်ပညာ၊ စည်းစိမ်ဥစ္စာ၊ အခြံအရံ၊ ချမ်းသာသုခ စဉ်ဆက်မပြတ် ဖြစ်ပေါ်တိုးတက်ကြောင်း စက်လေးပါးရှိတယ်လို့ ဟောညွှန်တော်မူပါတယ်။

(၁) ပတိရူပ ဒေသဝါသ = မိမိလိုအပ်တဲ့ အတတ်ပညာ စီးပွားဥစ္စာကို ရရှိနိုင်လောက်အောင် သင့်လျော်လျောက်ပတ်တဲ့ နေရာဒေသမှာ နေထိုင်ခြင်း။

(၂) သပ္ပုရိသူပနိဿယ = မိမိကို ဆုံးမသွန်သင် ကူညီပေး

http://www.dhammadownload.com



နိုင်မည့် ဆရာသမားကောင်း မိတ်ဆွေကောင်း သူတော်ကောင်းတို့ကို မှီဝဲဆည်းကပ်ခြင်း။

(၃) အတ္တသမ္မာ ပဏိဓိ = မိမိရဲ့ ကိုယ်စိတ်နှစ်ရပ်တို့ကို ကောင်းအောင် ဆောက်တည်ခြင်း။

(၄) ပုဗ္ဗေ ကတပုညတာ = ရှေးက ကြိုတင်ပြုလုပ်ထားတဲ့ ကောင်းမှုကုသိုလ်ရှိခြင်း။

(ဘယ်အလုပ်မဆို မလုပ်မီက ကြိုတင်လေ့လာပြင်ဆင်ထားပြီး ဖြစ်ခြင်း) ဆိုတဲ့ အကြောင်းတရားလေးပါးပါပဲ။

ဒီအကြောင်းတရားလေးပါးကို စက်လေးပါးလို့ ခေါ်ရတာကတော့ ခုရော နောင်ပါ ချမ်းသာသုခနဲ့သာ စဉ်ဆက်မပြတ် ပြည့်စုံစေတတ်တဲ့အတွက်ကြောင့် ဖြစ်ပါတယ်။ တစ်နည်းအားဖြင့် အခုခေတ်မှာ ကုန်ပစ္စည်းများကို သက်သာမြန်ဆန်အောင် ထုတ်လုပ်တဲ့ ယန္တရားများကို 'စက်' လို့ခေါ်သလို အတတ်ပညာ စည်းစိမ်ဥစ္စာတို့ကို သက်သာမြန်ဆန်ပြီး အဆက်မပြတ် ရရှိစေတတ်လို့ 'စက္က = စက်' လို့ ခေါ်တာပါ။

ဒီစက်လေးပါးထဲမှာ 'ပုဗ္ဗေကတ ပုညတာ' စက်နဲ့ ပြည့်စုံတဲ့ပုဂ္ဂိုလ်ဟာ ကျန်စက်သုံးမျိုးနဲ့ ပြည့်စုံအောင် ဒီစက်က ပို့ဆောင်ကူညီပေးတဲ့အတွက် ပုဗ္ဗေကတ ပုညတာစက်က ပဓာန လိုရင်းဖြစ်တယ်လို့ အဋ္ဌကထာဆရာက မိန့်ဆိုပါတယ်။ ဒီနေရာမှာ 'ရှေးက ကြိုတင်ပြုလုပ်ထားတဲ့ ကောင်းမှု' ဆိုတာကို သဘောပေါက်ဖို့ လိုပါတယ်။ 'ရှေး' ဆိုတာ 'အရင်က ကြိုကြိုတင်တင်' ဆိုတဲ့ အဓိပ္ပာယ်ပါ။ ကြိုတင်ပြင်ဆင်မှု ရှိထားရမယ်ဆိုတဲ့ သဘောပါ။ ဒါကလည်း မိမိ ရည်မှန်းချက်အလိုက် အချိန်ကာလ ပမာဏချင်း ကွာဟပါတယ်။ သဗ္ဗညုဘုရားရှင်ဖြစ်ဖို့ ရည်မှန်းတဲ့ ပုဂ္ဂိုလ်များ အတွက်ဆိုရင်

http://www.dhammadownload.com



အနည်းဆုံး လေးအသင်္ချေနဲ့ ကမ္ဘာတစ်သိန်းလောက် ကြိုတင် ပြင်ဆင်ရပါတယ်။ အခုခေတ် ပညာရေး စီးပွားရေးမှာလည်း ဒီအတိုင်းပါပဲ။ ရည်မှန်းချက် ကြီးမားရင် ကြီးမားသလောက် ကြိုတင်ပြင်ဆင် လေ့လာဆည်းပူးရမှာ ဖြစ်ပါတယ်။

အမှန်ကတော့ ဒီစကားလေးပါးဟာ သူ့နေရာနဲ့သူ ပမာဏကျ တာချည်းပါပဲ။ အရိယာဖြစ်ဖို့ ပါရမီဓာတ်ခံ ရင့်သန်ပြည့်စုံနေတဲ့ ပုဂ္ဂိုလ်များအတွက် ဘုရား အစရှိတဲ့ သူတော်ကောင်းများကို မှီခို ဆည်းကပ်ရခြင်းဆိုတဲ့ 'သပ္ပုရိသူပနိဿယ' ဟာ ရာနှုန်းပြည့် အရေးပါတယ်လို့ (သံယုတ်ကလျာဏ မိတ္တသုတ်မှာ) ဟောတော်မူ ခဲ့တာရှိသလို၊ ပါရမီတွေ ပြည့်စုံရင့်သန်နေပေမယ့် သူတော်ကောင်း တရားကို ကြားနာခွင့်မရနိုင်တဲ့ ရပ်ပြစ်ရှစ်ပါးမှာ ဖြစ်နေရလို့ 'ပတိ ရူပဒေသဝါသ' ချို့တဲ့ရင်လည်း ဘာအကျိုးမှမရနိုင်ပါဘူး။

အဋ္ဌကထာဆရာ မိန့်ကြားတဲ့ 'ပုဗ္ဗေကတပုညတာ' က အဓိက လိုရင်း ဖြစ်တယ်ဆိုတဲ့ စကားနဲ့ပတ်သက်လို့ ရွှေကျင်ဂိုဏ်း ဥပ သာသနာပိုင် အဘိဓဇမဟာရဋ္ဌဂုရု သပြေကန် ဆရာတော်ဘုရားကြီး ကတော့ 'ဒီအချက်ဟာ တကယ့်ပါရမီရှင် အကြီးစား ပစ္ဆိမဘဝိက (ဒီဘဝမှာ မုချရဟန္တာဖြစ်ရမည့်ပုဂ္ဂိုလ်) တို့အတွက်သာ လုံလောက် တန်ရာတယ်။ သာမန်ပါရမီ ကောင်းမှုရှင်များအတွက် စိတ်မချရသေး' လို့ သုံးသပ်တော်မူပါတယ်။

ဆရာတော် ထောက်ပြတဲ့ သဘာဝယုတ္တိ သာဓကများကတော့...

ရှင်ဒေဝဒတ်ဟာ ပတိရူပဒေသဝါသမှာလည်း နေရတယ်။ တကယ့်သပ္ပုရိသ ဘုရားရှင်နဲ့လည်း ဆည်းကပ် ပေါင်းသင်းခွင့်ရ တယ်။ ရှေးကောင်းမှုလည်း ရှိသင့်သမျှ ရှိခဲ့တာပဲ။ လောကီအဘိညာဏ် တွေတောင် ရခဲ့သေးတာကိုး။ ဒါပေမဲ့အတ္တသမ္မာပဏိဓိ ပျက်တဲ့

http://www.dhammadownload.com



အတွက် ဂျန်စက်သုံးပါးလည်း အချည်းနှီး ဖြစ်သွားပါတယ်။ အဇာတသတ် မင်းလည်း အလားတူပါပဲ။ ရှင်ဒေဝဒတ်နဲ့ အပေါင်း မှားပြီး အတ္တသမ္မာပဏိဓိပျက်လို့ သောတာပန်ဖြစ်နိုင်လောက်တဲ့ ပါရမီတွေ အချည်းနှီး ဖြစ်သွားရပါတယ်။

ဒီနေရာမှာ 'ရှင်ဒေဝဒတ်ဟာ အရိယာဖြစ်လောက်အောင် ပါရမီခတ်ခံ မကောင်းခဲ့' လို့ ထင်ကောင်း ထင်ကြလိမ့်မယ်။ ဒီထက် ထင်ရှားတဲ့ သာဓကတစ်ခုကတော့ လူတိုင်း သိပြီးသားဖြစ်တဲ့ 'ကုဋေ ရှစ်ဆယ် သူဌေးသား' ပါပဲ။ သူဟာ ပထမအရွယ်မှာ လောကီစည်းစိမ် အတွက် ကြိုးစားခဲ့ရင် ပထမတန်းစား သူဌေးကြီးအဆင့် ရောက်နိုင် သလို လောကုတ္တရာရေးကို ကြိုးစားမယ်ဆိုရင်လည်း ရဟန္တာအထိ ဖြစ် နိုင်တယ်လို့ ဘုရားရှင်ကိုယ်တိုင် မှတ်ချက်ချခဲ့တာပါ။ ငယ်စဉ်အခါက ပညာဗဟုသုတ မရှာမှီးခဲ့တဲ့အတွက် ကိုယ့်ကိုယ်ကို တည်ဆောက် နိုင်စွမ်း မရှိတော့။ ဒါတွေ ပါရမီတွေရော ဘုရားရှင် သီတင်းသုံးရာ အရပ်မှာနေရတဲ့ ပတိရူပဒေသဝါသရော ဘုရားရှင်ကို အချိန်မီ ဆည်းကပ်ကိုးကွယ်ခွင့်တွေပါ အားလုံး ဆုံးရှုံးပြီး တောင်းရမ်းစား သောက်ရင်း လမ်းဘေးမှာပဲ ဘဝဆုံးသွားရတာပါ။

အဇာတသတ်မင်းနဲ့ ပတ်သက်လို့လည်း ရှင်ဒေဝဒတ်နဲ့ အပေါင်းမှားခဲ့လို့ 'သပ္ပုရိသူပနိဿယ' ချို့တဲ့တာက အဓိကလို့ ထင်စရာရှိပါတယ်။ မဟုတ်ပါဘူး၊ 'ကိုယ်ကောင်းရင် ခေါင်းဘယ်မှ မရွေ့' ဆိုသလိုပဲ အတ္တသမ္မာပဏိဓိကသာ ပဓာနပါ၊ လက်ဝဲရံ လက်ယာရံ အလောင်းတော်များဟာ သိဒ္ဓတ္ထဆရာကြီးနဲ့ ပထမဆုံး ပေါင်းမိကြတာပါ။ သာမန် ပေါင်းမိတာတောင် မဟုတ်ဘူး။ အရိုက်အရာခံများအဖြစ် ပရိသတ်ကို လွှဲအပ်ခြင်းခံရတဲ့အထိကို ပေါင်းမိတာပါပဲ။ ဒါပေမဲ့ အလောင်းတော်များက မိမိတို့ရဲ့ ရည်မှန်းချက်

http://www.dhammadownload.com



အစစ်အမှန် မရမချင်း ဘာကိုမှ မသာယာ မယစ်မူးဘဲ ကိုယ့်ကိုယ်ကို ဆောက်တည်နိုင်ကြလို့ နောက်ဆုံးမှာ အမှန်အကန် တန်ရာအဆင့် အထိ ရောက်နိုင်ကြတာပါ။ ဒါကြောင့် ပစ္ဆိမဘဝိကများလွဲရင် အတ္တသမ္မာ ပဏိဓိစက်ဟာ အရေးအကြီးဆုံး' ဆိုတဲ့ သုံးသပ်ချက်ဟာ အလေးမူစရာ ဖြစ်ပါတယ်။

ကိုယ့်ကိုယ်ကိုယ် တည်ဆောက်နိုင်ဖို့အတွက် အရေးအကြီးဆုံး လိုအပ်ချက်က 'သပ္ပုရိသူ ပနိဿယ' ဆိုတဲ့ သူတော်ကောင်း ဆရာ သမားကောင်းတို့ကို မှီခိုဆည်းကပ်ခွင့် ရရှိခြင်း ဖြစ်ပါတယ်။ ဘယ်လောက် ပါရမီထူးခြား ကြီးမားတဲ့ ပုဂ္ဂိုလ်ဖြစ်ဖြစ် မွေးရာပါ ပြည့်စုံတတ်ကျွမ်းကျင်မှုဆိုတာ မရှိပါဘူး။ ဆရာသမားကောင်း မိတ်ကောင်း ဆွေကောင်း သူတော်ကောင်းတို့ရဲ့ အထောက်အကူကို ရရှိမှ တတ်ကျွမ်းနားလည်ကြတာချည်းပါပဲ။

ဒါကြောင့် မြတ်စွာဘုရားရှင်က အမြင့်ဆုံးဘဝတစ်ခုကို တည် ဆောက်နိုင်ဖို့အတွက် ပထမဆုံး သပ္ပုရိသူပနိဿယ ရှိဖို့လိုတယ်လို့ ဟောတော်မူတာပါ။ မင်္ဂလာတရားတော်တွေထဲမှာလည်း လူမိုက် ကို မမှီဝဲဘဲ ရှောင်ကြဉ်ပြီး ပညာရှိကို မှီဝဲဆည်းကပ်ရေးကို ပထမ ဆုံးအဖြစ် ဟောကြားတာပါပဲ။ ဒီနေရာမှာ 'သေဝန = မှီဝဲဆည်းကပ် ခြင်း' ဆိုတာ ပေါင်းသင်းဆက်ဆံခြင်းကိုဆိုတာ မဟုတ်ပါဘူး။ 'မှီဝဲခြင်း' ဆိုတာ တစ်စုံတစ်ရာ မိမိရဲ့ အတွင်းအဇ္ဈတ္တထဲရောက်အောင် ဆောင်ယူတဲ့သဘော ဖြစ်ပါတယ်။ သူ့ဆီက အမူအကျင့် ဝါဒ အသိပညာကို မိမိက နည်းနာခံပြီး ရယူခြင်းပြုတာကို မှီဝဲဆည်း ကပ်တယ်လို့ ခေါ်ပါတယ်။ လူမိုက်ကိုဖြစ်စေ၊ သူတော်ကောင်း ကိုဖြစ်စေ တွေ့ဆုံပေါင်းသင်း ရင်းနှီးကာမျှကို ပြောတာမဟုတ်ဘူး ဆိုတာ သဘောပေါက်ဖို့ လိုပါတယ်။

http://www.dhammadownload.com



ဒါက အကြောင်းရှိလို့ ရှင်းပြရတာပါ။ တစ်ချိန်က နီတိဆိုတဲ့ စာအုပ်ကလေးတွေ ရေးနေတဲ့ စာရေးဆရာတစ်ဦးက သူရေးတဲ့ နီတိစာအုပ်တစ်အုပ်မှာ 'မြတ်စွာဘုရားသည် လူမိုက်ကို မပေါင်းသင်းရဟု ဆိုသော်လည်း သူကိုယ်တိုင်က အင်္ဂုလိမာလ စသူတို့နဲ့ ပေါင်းသင်းခဲ့သည် မဟုတ်ပါလော' ဆိုပြီး ရေးထားတာ တွေ့ရဖူးတယ်။ ပေါင်းသင်းခြင်းနဲ့ မှီဝဲခြင်းကို ကွဲကွဲပြားပြား နားမလည်ဘဲ ခုလို ရေးထားတဲ့ စာတွေဖတ်ပြီး နားဝေတိမ်တောင် ဖြစ်သွားမှာစိုးလို့ပါ။ မိတ်ဆွေအဖြစ် ပေါင်းသင်းတာကို 'သင်္ဂဟ = သဟာယ' လို့ခေါ်ပါတယ်။ 'သေဝန' ဆိုတာက ဆရာအဖြစ်ထားပြီး နည်းနာခံယူတာ၊ အားကျအတုယူတာမျိုးကို ခေါ်တာပါ။ 'မှီဝဲဆည်းကပ်တယ်' လို့ သုံးပါတယ်။ သုံးဆယ့်ရှစ်ဖြာ မင်္ဂလာ သံပေါက်မှာရေးထားတဲ့ 'မှီဝဲဆည်းကပ် နည်းယူစေ' ဆိုတာက ဆိုလိုရင်းအဓိပ္ပာယ် အမှန်အတိုင်း ဖြစ်ပါတယ်။

ပညာရှိ သူတော်ကောင်း မိတ်ကောင်း ဆွေကောင်းဆိုတာ မိမိအတွက် ကောင်းမွန်အကျိုးရှိတဲ့ အတတ်ပညာ နည်းနာနိဿယကို ပြောဆိုညွှန်ပြနိုင်တဲ့ ပုဂ္ဂိုလ်လို့ ဆိုလိုတာပါ။ လူပုဂ္ဂိုလ်မှရယ်လို့ မဟုတ်ပါဘူး။ ဒီခေတ်မှာတော့ စာအုပ်စာပေ သတင်းဆက်သွယ်ရေးတွေက တစ်ဆင့်လည်း ရယူနိုင်ကြတာဖြစ်လို့ အဲဒါတွေကို လေ့လာဆည်းပူးတာဟာလည်း သပ္ပုရိသူ ပနိဿယ သဘောမျိုးပါပဲ။

သပ္ပုရိသူပနိဿယ = သပ္ပုရိသ + ဥပနိဿယမှာ 'ဥပနိဿယ' ဆိုတာ အားကြီးတဲ့ အထောက်အကူလို့ ပြောတာပါ။ နည်းလမ်း ညွှန်ပြ ပေးတဲ့သဘောနဲ့ ကူညီပေးနိုင်တာပါ။ 'မစ' တဲ့ ပုဂ္ဂိုလ် မဟုတ်ပါဘူး။ ဒါကြောင့် ဘုရားရှင်က 'သင်တို့က ကိုယ့်တာဝန် ကိုယ်သိပြီး ကိုယ့်ကိစ္စကိုယ် အပြင်းအထန် ကြိုးစားရမယ်။

http://www.dhammadownload.com



ဘုရားရှင်တို့ဆိုတာက နည်းလမ်း ညွှန်ပြရုံသာဖြစ်တယ်' လို့ (ဓမ္မပဒ ၂၇၆ မှာ) ဟောတော်မူတာပါ။

သူတော်ကောင်းကို ဆည်းကပ်မှု ပြည့်စုံရင် သူတော်ကောင်း စကား နားရည်ဝလာတယ်။ သူတော်ကောင်းစကား (ဆရာသမား စကား) နားရည်ဝလာတဲ့အတွက် စစ်မှန်တဲ့ ယုံကြည်မှု ပြည့်ဝလာ မယ်။ ယုံကြည်မှု မှန်ကန်ပြည့်ဝရင် 'ယောနိသောမနသိကာရ' ဆိုတဲ့ 'စိတ်ကောင်းထားတတ်လာမယ်' လို့ လွယ်လွယ် မြန်မာပြန်လိုက်တာ ပါ။ အပြည့်အစုံ မြန်မာလိုပြောရရင်တော့ ကြောင်းကျိုး ဆက်စပ်ပြီး စည်းကမ်းနည်းလမ်း ဓလေ့ထုံးစံ မှန်မှန်ကန်ကန် စဉ်စားဝေဖန် ဆုံးဖြတ်တတ်တဲ့ စိတ်ဓာတ်ရင့်သန်လာမယ်လို့ ပြောလိုက်တာပါ။

'စည်းကမ်းတကျ နည်းလမ်းတကျ ဓလေ့ထုံးစံ မှန်မှန်ကန်ကန်' ဆိုတဲ့ စကားတို့ကို ပေါ့ပေါ့တန်တန် သဘောမထားဘဲ၊ လေးလေးနက် နက် သဘောပေါက်သင့်ပါတယ်။ စည်းကမ်းဆိုတာ ရှင်လည်းရှင့်စည်း၊ လူလည်း လူ့စည်းဆိုတာရှိသလို၊ ရှင့်ဓလေ့ ရှင့်ထုံးစံ၊ လူ့ဓလေ့ လူ့ထုံးစံ ဆိုတာ ရှိပါတယ်။ ရှေးဆရာတော် မထေရ်မြတ်များက 'ရှင်က လူစိတ် ပေါက်ရင် တရားပျက်တယ်။ လူက ရှင်စိတ်ပေါက်ရင် စီးပွားပျက်တယ်' လို့ ဆိုဆုံးမလေ့ရှိပါတယ်။ ဒီစကားက အတော် အဓိပ္ပါယ် လေးနက် ကျယ်ဝန်းပါတယ်။

ရှင် (ရှင်ရဟန်း) ဆိုတာ တရားကို အဓိက ကြိုးစားအားထုတ် ကြရတာဖြစ်ပြီး စားဝတ်နေရေး ကျန်းမာရေးကိုတော့ ဝိနည်း စည်းကမ်းအရ လိုအပ်သလောက် ရှာဖွေကြရတာ ဖြစ်ပါတယ်။ ဒါဟာ ရှင့်ဓလေ့ ရှင့်စည်းကမ်းပါ။

လူဆိုတာက စားဝတ်နေရေး ကျန်းမာရေး ပြည့်စုံဖို့ အဓိက ကြိုးစားအားထုတ်ကြရတာဖြစ်ပြီး လူ့ဝိနည်းအရ တရားနဲ့မကင်း

http://www.dhammadownload.com



ဓအောင် စောင့်စည်းကြရတာပါ။ လူ့ဝိနည်းဆိုတာ ဒုစရိုက်ဆယ်ပါးနဲ့ သိင်္ဂါလောဝါဒသုတ်လာ လူ့ဝတ္တရားများကို ခေါ်တာပါ။

ရဟန်းက စီးပွားကို အဓိကထားလာရင် လူ့စိတ်ပေါက်တယ်လို့ ခေါ်ပါတယ်။ လူကလည်း စီးပွားကိုပစ်ထားပြီး တရားယောင်ယောင် လုပ်နေတာကို ရှင်စိတ်ပေါက်တယ်လို့ ပြောတာပါ။ လူဝတ်ကြောင် ဖြစ်ပေမယ့် တကယ် တရားစိတ်ပါတယ်ဆိုရင်တော့ တစ်မျိုးပေါ့။

မိမိတို့ ငယ်ဆရာရှိစဉ်က သူ့ရဲ့ တူတစ်ယောက်က တရားလိုလို ပုတီးဂိုဏ်းလိုလိုနဲ့ တောင်သူအလုပ်ကို လက်ကြောမတင်းဘူး။ အရွယ် မရောက်တရောက် သားသမီးလေးတွေနဲ့ အိမ်ရှင်မက ဖြစ်သလို လုပ်ကိုင်စားနေကြရတော့ ကသီလင်တ ဖြစ်နေကြတယ်။ ဆရာတော် က သူ့ညီကိုခေါ်ပြီး 'ဟော့ကောင် မင်း တောကြောင်ဆိုရင်လည်း တောထွက်ပြီး သစ်သီးစားနေ၊ ရွာကြောင်ဆိုရင်လည်း တခြားကြောင် တွေလို ကြွက်ခုတ်ကွာ၊ မင်း တောကြောင်မဟုတ် ရွာကြောင်မဟုတ် လျှောက်လုပ်နေလို့ မင်းမိသားစု ဒုက္ခရောက်နေတာ မတွေ့ဘူး လား' လို့ ဆုံးမတာကို မှတ်သားရဖူးပါတယ်။

ဟုတ်တယ်။ မိမိတွေ့ဖူးတဲ့ ဗုဒ္ဓဘာသာဝင်တချို့လည်း စီးပွား ရှာတဲ့အခါမှာ 'ဒါတွေက သင်္ခါရတွေပါ။ သေတော့ ကိုယ့်နောက် ပါမှာတွေမှတ်လို့' ဆိုပြီး လျော့ရိလျော့ရဲလုပ်နေကြတယ်။ တကယ် တမ်း တရားရှာပါလားဆိုတော့လည်း 'စားဝတ်နေရေးက လက်လှုပ် မှ ပါးစပ်လှုပ်ရတာ' နဲ့ ဖြစ်ကြပြန်ရော၊ တချို့ကျတော့လည်း 'သား ကျွေးမှု၊ မယားကျွေးမှုတွေ ရှာဖွေနေတာဟာ အပါယ်ထင်းစီးတွေစု နေတာ၊ ဒီထင်းတွေကြောင့် အပါယ်မီး မငြိမ်းနိုင်တာ' ဘာညာနဲ့ အရွယ်ရှိတုန်းမှာ ယောင်ခြောက်ဆယ်လုပ်ရင်း အရွယ်လွန်တော့ 'ဗမာအို ကျောင်းကြို ကျောင်းကြား' အဖြစ်နဲ့ ဇာတ်သိမ်းသွားကြသူတွေ

http://www.dhammadownload.com



လည်း တွေ့ရဖူးတယ်။

သင်္ခါရဆိုတာနဲ့ ပတ်သက်လို့ ဆရာဇော်ဂျီ ပြောဖူးတဲ့ ကောက်ရိုး သင်္ခါရနဲ့ သံသင်္ခါရကို ကွဲကွဲပြားပြား ခံယူတတ်ဖို့ လိုပါတယ်။ တရားကို တကယ်တမ်း အားထုတ်တော့မယ်ဆိုရင် 'ကောက်ရိုးသင်္ခါရ' ကို ခံယူရမှာပါ။ ကောက်ရိုးများ မီးနဲ့တွေ့ရင် ဟုပ်ခနဲ ပြာဖြစ်သွားသလို ကွေးတဲ့လက်မဆန့်ခင် ဆန့်တဲ့လက် မကွေးခင် ပျက်စီးတတ်တဲ့သဘောကို ခံယူဆင်ခြင်ရမှာပါ။ စီးပွား ရှာတဲ့အခါမှာတော့ 'သံသင်္ခါရ' ကို ခံယူရမှာပါ။ အခိုင်အမြဲမရှိဘူး ဆိုပေမယ့် သူ့အတိုင်းအတာအတွင်းမှာ ပြည့်စုံအောင် သုံးစွဲနိုင် တယ်ဆိုတာကို ခံယူပြီး ရှာဖွေရမှာ ဖြစ်ပါတယ်။

လက်တီဆရာတော်ဘုရားကြီးကတော့ 'တရားအားထုတ်မယ် ဆိုရင် 'ငါ အခုချက်ချင်း သေသွားနိုင်တယ်လို့ သဘောထားပြီး မသေခင်ကလေး အချိန်မီအောင်' ဆိုတဲ့ စိတ်ထားနဲ့ အားထုတ် ရမယ်။ စီးပွားရှာပြီဆိုရင် 'ငါ ဘယ်တော့မှ မသေနိုင်သေးဘူး အရွယ်ရှိသေးတယ်' ဆိုတဲ့ စိတ်ကိုမွေးပြီး ကြိုးစားရမယ်လို့ ဆုံးမ ကြောင်း မှတ်သားရဖူးပါတယ်။

မြတ်စွာဘုရားရှင်ကလည်း သားမယားတို့ကို တရားသဖြင့် ပြည့်စုံအောင် ရှာဖွေလုပ်ကျွေးခြင်းဟာ မင်္ဂလာတစ်ပါးဖြစ်တယ်လို့ ဟောကြားသလို ပစ္စည်းဥစ္စာ ပြည့်စုံအောင် ရှာဖွေထားရှိခြင်းဖြင့် အချိန်အခါအလျောက် ပေါ်ပေါက်လာတတ်တဲ့ လူမှုကိစ္စအဝဝတို့နဲ့ ပတ်သက် လို့...

(၁) စားဝတ်နေရေး၊ ကျန်းမာရေး၊ လူမှုရေး၊ လောကရေး၊ ဓမ္မရေး ဘယ်လို အကြောင်းကြီးငယ်ပဲ ကြုံတွေ့ကြုံတွေ့ ငါ့မှာ ပူပင်ကြောင့်ကြစရာ မလိုဘူး။ အပြည့်အစုံ ရှိတယ်

http://www.dhammadownload.com



လို့ တွေးပြီး ချမ်းသာရတဲ့ **အတ္ထိသုခ**။

(၂) အလိုရှိတိုင်းသုံးစွဲလှူဒါန်း ပေးကမ်းနိုင်ခြင်း **ဘောဂသုခ**။

(၃) သူတစ်ပါးထံက ချေးငှားစရာမလိုတဲ့အတွက် ကြွေးမြီကင်းစင်ခြင်း **အနာဏျသုခ**။

(၄) ပြည့်စုံလုံလောက်တဲ့အတွက် ခိုးဝှက်လိမ်ညာ ကတိပျက်ခြင်း စသည်တို့ကို မကျူးလွန်တဲ့ အပြစ်ကင်းစင်ခြင်း **အနဝဇ္ဇသုခ** ဆိုတဲ့ ချမ်းသာလေးမျိုးကို ရနိုင်တယ်။ ရရှိစုဆောင်းခြင်းမရှိသူများမှာ ဒါနဲ့ ဆန့်ကျင်ဘက် ဒုက္ခလေးမျိုးကို ခံစားရနိုင်တယ်လို့ သတိပေး ဆုံးမတော်မူတာပါ။

အချိန်အရွယ်အလျောက် ကိုယ့်ကိုယ်ကိုယ် အကောင်းဆုံး တည်ဆောက်ပြီး ပညာဥစ္စာတို့ကို ပြည့်စုံအောင် ရှာဖွေခြင်းဟာ အမြင့်ဆုံးဘဝကို တည်ဆောက်နိုင်ရေးအတွက် အရေးပါဆုံး လှေကားထစ်တစ်ခုဖြစ်လို့ ကုတ်ဖွဲ့တဲ့ တရုတ်ကြီး "ကိစ္စရှိပြီ ဆရာကီး" လို့ ရေလယ်ရောက်မှ အော်သလို မအော်ရအောင် ကိစ္စမရှိခင် လှေကို လုံအောင် ဖာထားကြဖို့ အရေးကြီးပါတယ်။

ကိုယ့်ကိုယ်ကိုယ် တည်ဆောက်နိုင်ကြပါစေ။

❐

http://www.dhammadownload.com

# ပုဂ္ဂိုလ်ယုတ်မြတ်နဲ့ ကုသိုလ်ယုတ်မြတ် (၁)

"ခပ်ညံ့ညံ့ စိုက်ပျိုးရေးသမားအတွက်တော့ မြေကောင်းဖို့ လိုအပ်ချင် လိုအပ်မယ်။ ကျွမ်းကျင်တဲ့ စိုက်ပျိုးရေးသမားအတွက်တော့ မျိုးစေ့ မှန်ဖို့ပဲ လိုအပ်ပါတယ်"

**(အဘိဓမ္မဟာရဋ္ဌဂုရု မစိုးရိမ်ဆရာတော်ကြီး)**

တစ်ခါက မီးရထားပေါ်မှာ မန္တလေးမြို့ မစိုးရိမ်ကျောင်း တိုက်ကြီးကို တည်ထောင်ဆောက်လုပ် လှူဒါန်းထားတဲ့ ကျောင်း ဒကာကြီး ဦးကျော်ကို တခြားကျောင်း ဒကာကြီးတစ်ဦးက စာအုပ် တစ်အုပ် လက်ဆောင်လာပေးပါသတဲ့။ "ဘာစာအုပ်များပါလိမ့်" လို့ မေးတဲ့အခါ သူတို့ကိုးကွယ်တဲ့ ဆရာတော်ကြီး ရေးသားထားတဲ့ "ပုဂ္ဂိုလ်ကို ရွေးချယ်ပြီး လှူဒါန်းတတ်ဖို့အကြောင်း" စာအုပ်ဖြစ်ပါ တယ်ဆိုတာ သိရတော့ ကျောင်းဒကာကြီး ဦးကျော်က...

"ဒီလို ပုဂ္ဂိုလ်ရွေးချယ်လှူဒါန်းဖို့ရေးတဲ့ စာအုပ်ဖြင့် မဖတ် ပါရစေနဲ့ဗျာ၊ ပြန်ယူသွားပါတော့။ လူ့ဘဝ သက်တမ်းတိုတိုလေး

http://www.dhammadownload.com



အတွင်းမှာ သာသနာတော်နဲ့ ကြုံကြိုက်တုန်း ကုသိုလ်ရဖို့ မနည်း ကြိုးစားနေကြရတာပါ။ ဒါနကုသိုလ်လေးတစ်ခု ပြုဖို့အရေးမှာ တောင် အလှူခံပုဂ္ဂိုလ်ကို ရွေးချယ်စိစစ်နေကြရမယ်ဆိုရင် ဘာ ကုသိုလ်မှ မရလိုက်ဘဲ သံဃာတော်တွေကို လိုက်ပြီး ရွေးချယ်ဝေဖန် နေရတာနဲ့ပဲ အပြစ်တွေ တိုးနေပါ့မယ်။ အချိန်ရသမျှလေးမှာ ကုသိုလ် တိုးအောင်ပဲ ကြိုးစားပါရစေ"လို့ ပြောပြီး ငြင်းပယ်လိုက်ပါသတဲ့။

ကျောင်းဒကာကြီး ဦးကျော် ဆည်းကပ်ကိုးကွယ်တဲ့ "အဘိ ဓဇမဟာရဋ္ဌဂုရု မစိုးရိမ်ဆရာတော်ဘုရားကြီး" ကိုလည်း ဆဋ္ဌသင်္ဂါ ယနာတင် ကာလတုန်းက ကမ္ဘာအေးမှာ ဆုံကြတော့ စောစောက စာအုပ်လှူဒါန်းတယ်ဆိုတဲ့ ဒကာ ကိုးကွယ်ဆည်းကပ်တဲ့ ဆရာတော် များက ပုဂ္ဂိုလ်ကို ရွေးချယ်ပြီးတော့ လှူဒါန်းသင့်ကြောင်း ဆွေးနွေး ပြောဆိုကြပါသတဲ့။ မစိုးရိမ်ဆရာတော်ကြီးက ပုဂ္ဂိုလ်အယုတ်၊ အလတ်၊ အမြတ် မခွဲခြားဘဲ လှူဒါန်းနိုင်မှ ကုသိုလ်စင်ကြယ်ကြောင်း ပြန်လည် ဆွေးနွေးတော့ "ပုဂ္ဂလဝိသေသော ဇာနိတဗ္ဗော = ပုဂ္ဂိုလ် ရဲ့ ထူးခြားမှုကို သိရမယ်"လို့ ဟောထားတာ ရှိတယ်မဟုတ်လား ဆိုပြီး ပုဂ္ဂိုလ်ရွေးချယ် လှူဒါန်းရေး ဆရာတော်များက အတွန့်တက် လာတဲ့အတွက် မစိုးရိမ် ဆရာတော်ကြီးက...

"ဟုတ်ပါတယ်။ ကုသိုလ်ပြုတယ်ဆိုတာ ကုသိုလ်မျိုးစေ့ ကြဲ ချတာပဲဖြစ်လို့ ကောက်ပဲသီးနှံ စိုက်ပျိုးတဲ့သဘောနဲ့ ခပ်ဆင်ဆင် ပါပဲ။ ခပ်ညံ့ညံ့ စိုက်ပျိုးရေးသမားအတွက် မြေကောင်းဖို့ လိုအပ်ပါ တယ်။ ကျွမ်းကျင်လိမ္မာတဲ့ စိုက်ပျိုးရေးသမားအတွက်တော့ မျိုးစေ့ မှန် (မျိုးစေ့ ကောင်း) ဖို့ပဲ လိုအပ်ပါတယ်"လို့ မိန့်ကြားတော်မူပါ သတဲ့။ (မစိုးရိမ်ထေရုပ္ပတ္တိ)

ဆရာတော်ကြီး မိန့်ကြားတဲ့အထဲက "ခပ်ညံ့ညံ့ စိုက်ပျိုးရေး သမား" ဆိုတာနဲ့ ပတ်သက်လို့ အတော်စိတ်ဝင်တစား ဖြစ်မိလို့

http://www.dhammadownload.com



လက်လှမ်းမီသလောက် လေ့လာကြည့်မိပါတယ်။ ဆရာတော်ကြီးရဲ့ စကားအရ ဥပမေယျအနေနဲ့ ပြောရမယ်ဆိုရင် ကုသိုလ်ပြုသူဟာ ခပ်ညံ့ညံ့ (ဝါ) အညံ့စားကုသိုလ်ရှင်နဲ့ ကျွမ်းကျင်သူ (ဝါ) အမြတ်စား ကုသိုလ်ရှင်လို့ နှစ်မျိုးနှစ်စား ကွဲပြားပုံကို ညွှန်ပြနေပါတယ်။

ဒီနှစ်မျိုးကို ခွဲခြားသိနိုင်ဖို့အတွက် တိုင်းတာရမယ့် 'စံ'ကတော့ ပြုလုပ်သမျှ ကုသိုလ်များဟာ 'ပါရမီ မြောက်တယ်၊ မမြောက်ဘူး' ဆိုတဲ့ စံနဲ့ပဲ တိုင်းတာရပါလိမ့်မယ်။ 'ပါရမီ'ဆိုတဲ့ စကားလုံးရဲ့ အဓိပ္ပာယ်က 'အမြင့်မြတ်ဆုံး' အဆင့်အတန်းအထိ ရောက်ရာရောက် ကြောင်းလို့ အဓိပ္ပါယ်ရပါတယ်။ မြတ်စွာဘုရားရှင်တို့ရဲ့ အဆုံးအမ အရ အမြင့်မြတ်ဆုံးဆိုတာ ဝဋ်ဒုက္ခအားလုံးက လွန်မြောက်ရာ နိဗ္ဗာန်ကို မျက်မှောက် ပြုနိုင်တဲ့ မဂ်ရ ဖိုလ်ရပုဂ္ဂိုလ် (ဝါ) အရိယာပုဂ္ဂိုလ်တို့ရဲ့ အဆင့်အတန်း ဖြစ်ပါတယ်။ အများနားရေဝနေတဲ့ စကားနဲ့ ပြောရရင် 'မဂ် ဖိုလ် နိဗ္ဗာန်ရဲ့ အထောက်အပံ့ ဖြစ်ရေးအတွက်သာ ရည်မှန်းပြုလုပ်တဲ့ ကုသိုလ်မျိုး'လို့ ဆိုလိုတာပါ။

ဒီလို ပါရမီမြောက်အောင် ရည်ရွယ်ပြီးပြုတဲ့ ကုသိုလ်ရှင်များဟာ ကျွမ်းကျင်လိမ္မာတဲ့ ကုသိုလ်ရှင် (အမြတ်စားကုသိုလ်ရှင်) ဖြစ်ပြီး၊ ဒါနဲ့ ဆန့်ကျင်ဘက်ဖြစ်တဲ့ လောကီအာရုံ ကာမဂုဏ်တို့ကို မျှော်ကိုးတောင့်တပြုလုပ်တဲ့ ကုသိုလ်ရှင်များကတော့ မကျွမ်းကျင် မလိမ္မာတဲ့ ကုသိုလ်ရှင် (ဝါ) ခပ်ညံ့ညံ့အမျိုးအစား ကုသိုလ်ရှင်များ လို့ ဆိုနိုင်ပါတယ်။ 'ခပ်ညံ့ညံ့'လို့ သုံးလိုက်တာတောင် သိပ်မတိကျလှ ပါဘူး။ အမှန်ကတော့ အညံ့စားကုသိုလ်ရှင်များလို့သာ ပြောရ မှာပါ။

ဟုတ်ပါတယ်။ မြတ်ဗုဒ္ဓရဲ့ တရားဦးမေ့စကြာမှာ လောကီ အာရုံ ကာမဂုဏ်တို့ကို ချမ်းသာသုခလို့ မှတ်ယူတောင့်တနေသူများ

http://www.dhammadownload.com



ကို 'ဟီနော = အယုတ်စား၊ အနိမ့်စား၊ အညံ့စား' 'ဂါမ္မော = အကြမ်းစား၊ အရိုင်းစား'လို့ သတ်မှတ်ထားတာကိုကြည့်ရင် ဒီအတွက် ရည်မှန်းပြီး ပြုလုပ်သူများဟာလည်း အညံ့စား၊ အနိမ့်စား၊ အကြမ်းစား ကုသိုလ်ရှင် များလို့ ဆိုရမှာပါပဲ။

ဒါပေမယ့် လောကထဲမှာ ဒီရည်ရွယ်ချက်မျိုးနဲ့သာ ပြုလုပ်နေကြသူတို့ရဲ့ အချိုးအစားက 'ပေါထုဇ္ဇနိကော = လူများစုကြီးရဲ့ လုပ်ဆောင်ချက်' ဖြစ်နေတယ်။ ဒါကို အနိမ့်စား၊ အညံ့စားများလို့ သတ်မှတ်လက်ခံသူဆိုလို့ အရိယာပုဂ္ဂိုလ်များနဲ့ အရိယာတို့ရဲ့ အဆုံးအမကို နားရည်ဝ လိမ္မာနေသူ အနည်းအပါးလောက်သာ ရှိပါတယ်။ ဒါကြောင့်လည်း တရားဦးဒေသနာတော်မှာ 'ပေါထုဇ္ဇနိကော = လူများစုရဲ့ အကြိုက်ဖြစ်ပေမယ့်၊ အနရိယော = အရိယာပုဂ္ဂိုလ်များနဲ့ အရိယာရဲ့ တပည့်သားစစ်တို့ကတော့ လက်မခံပါဘူး'တဲ့။ ဘာကြောင့်လဲဆိုတော့ 'အနတ္ထသံဟိတော = ကောင်းကျိုးချမ်းသာ အစစ်အမှန် မဟုတ်လို့ (ဝါ) အများနဲ့လည်း ဆက်ဆံ၊ ဖြစ်ပျက်ဖောက်ပြန်ခြင်း၊ အလိုမကျဖြစ်ခြင်းဆိုတဲ့ ဘေးရန်တွေနဲ့လည်း တွဲစပ်ဝန်းရံနေတဲ့ အရာများသာ ဖြစ်တဲ့အတွက် ကိုယ်ပိုင်ကိုယ်ကျိုးစစ်စစ်များ မဟုတ်ကြလို့ပါတဲ့။ (ဓမ္မစကြာနိဒါန်း)

ဝိသုဒ္ဓိမဂ်မှာတော့ ပါရမီမြောက်တဲ့ ကုသိုလ်ဟုတ်၊ မဟုတ်ကို အမှီအတွယ်ရှိ၊ မရှိ (နိဿိတ - အနိဿိတ)ဆိုတဲ့ 'စံ'နဲ့ တိုင်းတာပြပါတယ်။

အသက်ရှည်ရာ အနာမဲ့ရေးနဲ့ လောကီ စည်းစိမ်ချမ်းသာ ပြည့်စုံရေးဆိုတဲ့ ဘဝသမ္ပတ္တိ၊ ဘောဂသမ္ပတ္တိတို့ကို တောင့်တ ရည်မှန်း မျှော်ကိုးပြီး ပြုတဲ့ကုသိုလ်မျိုးဟာ တဏှာကို မှီတွယ်ပြီး ပြုတာဖြစ်လို့ တဏှာနိဿိတကုသိုလ်မျိုး ဖြစ်တယ်။ လောကီကျိုးကို

http://www.dhammadownload.com



ပေးနိုင်သော်လည်း ပါရမီမမြောက်ပါဘူး။

တချို့က မိမိတို့အစဉ်အလာ လက်ခံယုံကြည် ကျင့်သုံးနေတဲ့ အလေ့အကျင့်များနဲ့ ကိလေသာ အညစ်အကြေးတွေ စင်ကြယ်နိုင်တယ်လို့ စွဲယူထားကြပါတယ်။ ဥပမာ- ခွေးလို လေးဖက်ထောက်ပြီး စားတဲ့ အကျင့်တို့၊ နွားလို မြက်နဲ့ အရွက်တို့ကိုသာ စားပြီးနေတဲ့ အကျင့်တို့၊ မဇ္ဈိမဒေသမှာ ဗြဟ္မဏဝါဒီ အများစုတို့ လက်ခံယုံကြည်ကြတဲ့ ဖဂ္ဂုဏီနက္ခတ်နဲ့ယှဉ်တဲ့ တပေါင်းလမှာ ဂင်္ဂါ ယမုံနာ စတဲ့ မြစ်ကြီးငါးသွယ်ထဲမှာ ရေချိုးရင် ကိလေသာတွေ ရေနဲ့မျောပါသွားတယ်လို့ ယုံကြည်ကြတဲ့ အကျင့်တို့၊ ဥရုဝေလ ကဿပ စတဲ့ ရသေ့ညီနောင်တို့လို ဆောင်းရာသီရဲ့ အအေးဆုံး 'အန္တရဋ္ဌက'ခေါ်တဲ့ နတ်တော်လနဲ့ ပြာသိုလစပ်ကြား၊ ရှစ်ရက်တို့ရဲ့ အအေးဆုံးဖြစ်တဲ့ ညချမ်းအချိန်မှာ ခိုက်ခိုက်တုန်အောင် အေးနေတဲ့ ရေထဲကိုငုပ်ပြီး ပြန်ပေါ်လာရင် ကိလေသာ အညစ်အကြေးတွေ ကင်းစင်ပြီး ရဟန္တာဖြစ်တယ်လို့ ယုံကြည်တဲ့ အကျင့်မျိုးတို့ စတဲ့ 'သုဒ္ဓိဒိဋ္ဌိ' အယူမျိုးတို့ စတာတွေပါပဲ။ ဒီလို လက်ခံယုံကြည် ကျင့်သုံးမှုများဟာ လွဲမှားတဲ့အယူကို မှီတွယ်နေတဲ့အတွက် 'ဒိဋ္ဌိနိဿိတ' ဖြစ်ပါတယ်။

ဒီ ဒိဋ္ဌိနိဿိတ အယူကို လက်ခံယုံကြည် ကျင့်သုံးခြင်းမျိုးကတော့ ပါရမီမြောက် မဆိုထားနဲ့ လောကီကောင်းကျိုးလောက်ကိုပင် လှလှပပ မပေးနိုင်တဲ့ အညံ့ဆုံး အနိမ့်ဆုံး အကျင့်များသာ ဖြစ်ပါတယ်။ ဒိဋ္ဌိနိဿိတနဲ့ ပတ်သက်လို့ ဝိသုဒ္ဓိမဂ်မှာ ဖော်ပြတဲ့အတိုင်း အတိုချုပ်သဘောပေါက်ဖို့ကတော့ သီလ သမာဓိ ပညာဆိုတဲ့ သိက္ခာသုံးပါး (မဂ္ဂင်ရှစ်ပါး)နဲ့ ဝိပဿနာအကျင့်များ မဂ်တရား ဖိုလ်တရားများကို ပစ်ပယ်ပြီး မိမိတို့ ယုံကြည်လက်ခံထားတဲ့ အကျင့် (တပ)များနဲ့သာ သံသရာဝဋ်ဒုက္ခတွေ၊ ကိလေသာတွေ စင်ကြယ်တယ်လို့ ခံယူထားချက်

http://www.dhammadownload.com



မှန်သမျှ သုဒ္ဓိဒိဋ္ဌိ အယူမှားချည်းဖြစ်လို့ ဒိဋ္ဌိနိယတတာ ဖြစ်ပါတယ်။ စစ်မှန်တဲ့ မဂ် ဖိုလ် နိဗ္ဗာန်နဲ့ အလှမ်းဝေးတဲ့ ယုံကြည်မှုပါပဲ။

ဒီ နိယတ နှစ်မျိုးထဲမှာ ဒိဋ္ဌိနိယတ ကောင်းမှုမျိုးဆိုတာက တော့ 'ကမ္မဿကတ သမ္မာဒိဋ္ဌိ'လောက်ကို အခြေခံ မပါတဲ့အတွက် ကုသိုလ်စာရင်းတောင် သွင်းလောက်အောင်လည်း စံမမီ၊ လောကီကျိုး လောက်မျှကိုလည်း လှလှမပေးနိုင်တဲ့အတွက် အထူးပြောဖို့ မလိုတော့ ပါဘူး။

တဏှာနိယတ ကုသိုလ်မျိုးကတော့ ကမ္မဿကတ သမ္မာဒိဋ္ဌိ မလွတ်တဲ့အတွက် လောကီကောင်းကျိုးကို ပေးနိုင်ပါတယ်။ ဒီကုသိုလ် မျိုးကို ပြုလုပ်သူဟာ ရည်ရွယ်ရင်းက အလှူခံပုဂ္ဂိုလ် ချမ်းသာရေးထက် မိမိအကျိုးချမ်းသာကိုသာ အဓိကထားသူများဖြစ်လို့ ပုဂ္ဂိုလ် ယုတ်မြတ်ကို ရွေးတတ်ကြပါတယ်။ အလှူခံပုဂ္ဂိုလ်ရဲ့ ဂုဏ်ကို အဓိကထားပြီး ရွေးတာတော့ မဟုတ်ပါဘူး။ မိမိအတွက် ကောင်းကျိုး ချမ်းသာတွေ များများ ရနိုင်မယ့် အလှူခံပုဂ္ဂိုလ်မျိုးကို ရွေးတာပါ။

ကုသိုလ်ပြုရာမှာ မိမိအတွက် ဘဝသမ္ပတ္တိတဏှာ၊ ဘောဂ သမ္ပတ္တိတဏှာ (ဘဝပြည့်စုံမှု၊ စည်းစိမ်ပြည့်စုံမှုကို တောင့်တချက်) များကို ငဲ့ကွက်ပြီး ပြုလုပ်သူများဟာ 'တဏှာသိနေဟ = တဏှာအစေး ခါတ်'များ တွဲဖက်ပါရှိနေတဲ့အတွက် ကုသိုလ်အကျိုးပေးရာ ဘဝတွေ မှာ ရရှိတဲ့ စည်းစိမ်ဥစ္စာများနဲ့ တဏှာအစေးခါတ်တို့ ကပ်ငြိပြီး ခွာမရ ခွဲမရ တွဲကပ်ပြီး ဒုက္ခနယ်ထဲက ရုန်းမထွက်နိုင်အောင် ဖြစ်တတ်ကြလို့ တဏှာနိယတ (တဏှာအမှီပြုတဲ့) စိတ်ထားနဲ့ ပုဂ္ဂိုလ် အယုတ်အမြတ် ခွဲခြားရွေးချယ်တဲ့ ကုသိုလ်ဟာ အယုတ်စား အနိမ့်စား ကုသိုလ်မျိုးသာ ဖြစ်တယ်။ ခပ်ညံ့ညံ့ စိုက်ပျိုးရေးသမားနဲ့ တူတယ်လို့ မိန့်ကြားတာပါ။

□

http://www.dhammadownload.com

# ပုဂ္ဂိုလ်ယုတ်မြတ်နဲ့ ကုသိုလ်ယုတ်မြတ် (၂)

ယံ ပန လောကုတ္တရံ လောကိယဋ္ဌ တဿေဝ သမ္ဘာရဘူတံ ဣဒံ အနိဿိတံ ' လောကုတ္တရာကုသိုလ်နဲ့ လောကုတ္တရာကုသိုလ်ရဲ့ မျိုးစေ့ မူလ သမ္ဘာရဖြစ်တဲ့ လောကီကုသိုလ်မျိုးကတော့ တဏှာဒိဋ္ဌိ အမှီအတွဲ မရှိတဲ့အတွက် အနိဿိတကုသိုလ်လို့ ခေါ်ပါတယ်။ (ဝဋ်ကင်းရာ နိဗ္ဗာန်ကို ရည်မှန်းပြုလုပ်တာဖြစ်လို့ ဝိဝဋ္ဋ - နိဿိတ ကုသိုလ်လို့လည်း ခေါ်ပါတယ်)။

ဒီကုသိုလ်မျိုးဟာ ကုသိုလ်ပြုစဉ်မှာ ဘဝတဏှာ၊ ဘောဂ တဏှာ အစေးခာတ် မလူးမကပ်တဲ့ ဝိဝဋ္ဋမျိုး သက်သက်ဖြစ်လို့ ကုသိုလ်ရဲ့ အကျိုးပေးမှုအရ ပဒေသရာဇ်၊ ကောရာဇ်၊ စကြာမင်းစည်းစိမ် တွေကို ရရှိနေစေဦးတော့ တရားနဲ့တွေ့ခဲ့ရင် အတွယ်အတာ အကပ် အငြိ မရှိဘဲ စွန့်လွှတ်နိုင်ပါတယ်။ မဟာသုဒဿန စကြာမင်းတို့ မဟာ ဇနကမင်းတို့လို အလောင်းတော်ကြီးများ တရားအသိ ဝင်ချိန်မှာ စည်းစိမ်တွေစွန့်ပြီး တရားနောက်ကိုသာ လိုက်ကြတယ်ဆိုတာ ပါရမီ

http://www.dhammadownload.com



မြောက်တဲ့ ဒီလိုကုသိုလ်ဓာတ်ခံတွေကြောင့်ပါပဲ။

ဒီနေရာမှာ လယ်တီဆရာတော်ဘုရားကြီးကတော့ 'တဿေဝ သမ္ဘာရဘူတံ = လောကုတ္တရာရဲ့ မျိုးစေ့အဆောက်အဦး သမ္ဘာရ အတွက်သာ' လို့ 'ဧဝ' သဒ္ဒါနဲ့ ကန့်သတ်ဖယ်ရှားတဲ့ ဝိသုဒ္ဓိမဂ်စကားအရ အခုကာလမှာ 'နိဗ္ဗာန်ကို မျက်မှောက်ပြုရပါလို၏။ အကြင်မျှလောက် နိဗ္ဗာန်ကို မရသေး။ ထိုမျှလောက်ကာလန္တိုပြီး ဘဝသမ္ပတ္တိ ဘောဂသမ္ပတ္တိတို့ကို ရေစက်ချဆရာ အာဝဇ္ဇန်းရှိတိုင်း ချဲ့ပြီး တောင့်တကြခြင်းဟာ နိဗ္ဗာန်က အသံမျှသာပါတော့တယ်။ အများကြိုက်တို့ကိုသာ အာဝဇ္ဇန်းရှိသမျှ ဆန်းကြယ်ကြတယ်။ ဒီလို ကုသိုလ် ကြောင်ခြစ်များကို ပယ်ရှားတော်မူလိုတဲ့အတွက် ဝိသုဒ္ဓိမဂ်မှာ 'တဿေဝ'လို့ 'ဧဝ' သဒ္ဒါနဲ့ မိန့်ဆိုတော်မူတာ ဖြစ်တယ်လို့ သတိပေးပါတယ်။

(ဥတ္တမ ပုရိသဒီပနီ-၁၀)

ဆရာတော်ကြီးများ မိန့်ကြားလိုရင်း အနှစ်ချုပ်ကတော့ ကုသိုလ်ပြုရာမှာ ပြုသူရဲ့ အကျိုးကို မျှော်ပြီး ပုဂ္ဂိုလ်ယုတ်မြတ် ရွေးချယ်မှုကို ရှောင်ရှားပြီး မိမိတို့ပြုတဲ့ ကုသိုလ်ရဲ့ အယုတ်အမြတ်ကိုသာ စိစစ်သုံးသပ်ရမယ်လို့ ဆိုလိုတာပါ။

## ကုသိုလ်ယုတ်မြတ်

မိမိတို့ ပြုတဲ့ကုသိုလ်ကို အယုတ်အမြတ် ခွဲခြားတတ်ဖို့အတွက်ကတော့-

(၁) ယသ ကာမတာယ ပဝတ္တိတံ ဟီနံ = လောကမှာ အကျော်အစော ရလို့မှုအတွက်သာ ရည်ရွယ်ပြီးဖြစ်စေတဲ့ (ပြုလုပ်တဲ့) ကုသိုလ်မျိုးဟာ အယုတ်စား၊ အညံ့စား ဖြစ်တယ်တဲ့။

ကောသလမင်းကြီးရဲ့ အသဒိသ ကုသိုလ်ကြီးလိုပေါ့။ တိုင်း

http://www.dhammadownload.com



သူ ပြည်သားများနဲ့ ပြိုင်တဲ့အခါ သာလွန်ဖို့ဆိုတဲ့ အကျော်အစော အတွက် ပြုလုပ်တဲ့ ကုသိုလ်ဖြစ်လို့ ခုနစ်ရက်တိတိ တစ်နေ့တစ်နေ့ မှာ ၁၄ ကုဋေ လောက် အကုန်ခံပြီး အလှူခံပုဂ္ဂိုလ်ကလည်း ဘုရား အမှူးရှိတဲ့ တကယ့်အမြတ်ဆုံး အလှူခံပုဂ္ဂိုလ်တွေကို လှူဒါန်းခဲ့တာ ဖြစ်ပေမယ့် ဘဝသမ္ပတ္တိ ဘောဂသမ္ပတ္တိလောက်ကိုမျှ လှုလှုပေးနိုင် တဲ့ ကုသိုလ်မျိုး မဟုတ်ပါဘူး။ ပါရမီဖြစ်ဖို့ကတော့ ဝေလာဝေးပါပဲ။

(၂) ပုညဖလ ကာမတာယ ပဝတ္တိတံ မဇ္ဈိမံ = ကုသိုလ်ရဲ့ အကျိုးဖြစ်တဲ့ လောကီကောင်းကျိုးကို မျှော်ကိုးတောင့်တတဲ့ တဏှာ နိဿိတ ကုသိုလ်မျိုးဟာ အလယ်အလတ်တန်းစား ကုသိုလ်ဖြစ် တယ်တဲ့။

မိမိအတွက် လောကီကောင်းကျိုးကို မျှော်ကိုးပြီး အလှူခံ ပုဂ္ဂိုလ်ကို အယုတ်အမြတ် ရွေးချယ်တတ်တယ်။ အကျိုးကြီးကြီးပေးနိုင် တယ်ဆိုတဲ့ ပုဂ္ဂိုလ်မျိုးကိုမှ ရွေးချယ်ပေးလှူတယ်။ ဒီကုသိုလ်မျိုးဟာ ဘဝသမ္ပတ္တိ ဘောဂသမ္ပတ္တိကျိုးကိုတော့ လှုလှုပေးနိုင်ပါတယ်။ ရည် ရွယ်ချက် နေရာမကျတဲ့အတွက် ပါရမီတော့ မမြောက်ပါဘူး။

မိမိ သုံးနှစ်ကျွန်ခံပြီးမှ ရခဲ့တဲ့ ဝတ်ပန်းပုဆိုးစကို အရိယာ အရှင်မြတ်အား လှူဒါန်းပြီး 'မြင်သူတိုင်း ငေးလောက် ရှူးလောက်တဲ့ အလှဘုရင်မ ဖြစ်ဖို့' ဆုတောင်း လှူဒါန်းတဲ့ ဥမ္မာဒန္တီအလောင်း အမျိုးသမီးလေးရဲ့ အလှူမျိုးပေါ့။ လောကီကောင်းကျိုးကိုတော့ လှုလှုကြီး ပေးပါတယ်။ လှလွန်းလို့ အလောင်းတော် သိဝိမင်းကြီး ရူးကြောင်ကြောင် ဖြစ်သွားရတာပဲရှိတယ်။ ဒီအတွက် နိဗ္ဗာန်ကို အထောက်အကူ ဖြစ်လောက်တဲ့ ပါရမီမျိုးစေ့ မဖြစ်ခဲ့လို့ အမြတ်စား ပါရမီကုသိုလ်စာရင်းတော့ မဝင်ခဲ့ပါဘူး။

(၃) ကတ္တဗ္ဗမေဝိဒန္တိ အရိယ ဘာဝံနိဿာယ ပဝတ္တိတံ

http://www.dhammadownload.com



ပဏ္ဍိတ်း 'ကုသိုလ်ကောင်းမှုဆိုတာ သူတော်ကောင်းတို့ ပြုသင့်ပြုထိုက်တဲ့ ပါရမီလုပ်ငန်းဖြစ်တယ်'ဆိုတဲ့ ခံယူချက် စေတနာထားပြီး အရိယာနွယ် စင်ကြယ်ဖြူ ဖြောင့်တဲ့ သူတော်ကောင်းအလေ့ကိုမှီပြီး ဖြစ်စေတဲ့ ကုသိုလ်မျိုးဟာ အထွတ်အမြတ် ကုသိုလ်ဖြစ်တယ်တဲ့။

ဒီကုသိုလ်မျိုးဆိုတာ ကုသိုလ်ပြုသူက မိမိလုပ်တဲ့ ကောင်းမှုကိစ္စကိုသာ အလေးဂရုပြုတယ်။ အကျိုးအပေါ် မျှော်ကိုးအလေးထားမှု မပြုဘူး။ 'မိမိလက်ရှိ ပိုင်ဆိုင်နေတဲ့ ပစ္စည်းဝတ္ထုကို သူတစ်ပါးတို့နဲ့ မကန့်မကွက် ဆက်ဆံအောင် ပြုလုပ်သုံးဆောင်ခြင်းဟာ အရိယာသူမြတ်တို့ရဲ့ အစဉ်ထုံးတမ်းသွားမြဲလမ်းဖြစ်တယ်။ ငါလည်း အလောင်းအလျာ အရိယာတို့လမ်းကို လိုက်ထိုက်တယ်'လို့ ခံယူပြီး ပြုလုပ်တဲ့ ကုသိုလ်မျိုးပါ။ သုမေဓာ သူဌေးသားဘဝကစပြီး ဝေဿန္တရာမင်းကြီးဘဝအထိ အလောင်းတော်မြတ် ပြုခဲ့သမျှ ကုသိုလ်တွေဟာ ဒီလိုစိတ်ထားနဲ့ ပြုလုပ်ခဲ့တာချည်းပါပဲ။

ဒီကုသိုလ်မျိုး ပြုလုပ်သူဟာ ပြုလုပ်စဉ်ကာလက လောကီကောင်းကျိုးချမ်းသာ တစ်စုံတရာကိုမျှ ကန့်သတ်တောင့်တခဲ့ခြင်း မပြုခဲ့ဘဲ အလျှုခံဖြစ်တဲ့ သူတစ်ပါးအကျိုးအတွက် သက်သက်ရည်မှန်း ပြုလုပ်ခဲ့တာဖြစ်လို့ လောကုတ္တရာဖြစ်တဲ့ မဂ် ဖိုလ် နိဗ္ဗာန်ကို မရောက်မချင်း ဘဝအဆင့်ဆင့် မြင့်သထက်မြင့်အောင် အထောက်အပံ့ပြုပေးရုံမျှမက လောကီကောင်းကျိုးကို ပေးရမှာလည်း သူတစ်ပါးတို့ ဟန့်တားပိတ်ပင်လို့ မရနိုင်အောင် အကန့်အသတ်မဲ့ ကောင်းကျိုးကို ပေးပါတယ်။

တစ်ခါက မြတ်စွာဘုရားရှင် နောက်ပါ ရဟန်းငါးရာတို့နဲ့ အတူ 'ထူဏ'ဆိုတဲ့ ပုဏ္ဏားရွာကို ကြွသွားတဲ့အခါ ရွာခံအများစုဖြစ်တဲ့ ပုဏ္ဏားတွေက ဘုရားရှင်နဲ့ နောက်ပါရဟန်းတော်တို့ တည်းခိုခွင့်မရ

http://www.dhammadownload.com



နိုင်အောင် ရေကို ဖြတ်တောက်ဖို့ အစီအစဉ်ပြုလုပ်ကြတယ်။ မိမိတို့ ရွာသားများအတွက် ခုနစ်ရက်စာ ရေကို ခပ်ယူသိုလှောင်ထားစေပြီး ရေတွင်း ရေကန်များကို မြက်တွေ အမှိုက်တွေနဲ့ ဖို့ထားလိုက်ကြတယ်။

မြတ်စွာဘုရားရှင်က ဒီအကြောင်းကို သိထားပေမယ့် အဲဒီ ရွာကို အရောက်ကြွတယ်။ ရွာနားရောက်တော့ သစ်တစ်ပင်အောက်မှာ တစ်ထောက်နားပြီး အရှင်အာနန္ဒာကို ရေခပ်ခိုင်းတယ်။ အရှင်အာနန္ဒာက ဖြစ်ကြောင်းစုံကို လျှောက်ထားပေမယ့် ဘုရားရှင်က သုံးကြိမ်တိတိ ဆက်ပြီးတိုက်တွန်းတဲ့အခါမှာတော့ မငြင်းဆန်တော့ဘဲ ရေသွားခပ်ရတော့တယ်။ အရှင်အာနန္ဒာ ရေတွင်းအနီး ချဉ်းကပ်မိတာနဲ့ တစ်ပြိုင်နက် အတွင်းရေတွေက အပေါ်မှာ ဆို့ပိတ်ထားတဲ့ အမှိုက်သရိုက်တွေကို တွန်းဖယ်ပြီး ရေတွေလျှံထွက်လာလို့ ကြိုးတပ်ပုံးနဲ့တောင် ငင်စရာမလိုဘဲ သပိတ်နဲ့ အလွယ်တကူ ခပ်ယူနိုင်ခဲ့ပါတယ်။

ဒီအကြောင်းကို အံ့ဩဝမ်းမြောက်ဖြစ်နေတဲ့ အရှင်အာနန္ဒာက ဘုရားရှင်ထံ လျှောက်ထားတဲ့အခါမှာ ဘုရားရှင်က 'ငါဘုရားဟာ ပါရမီဖြည့်စဉ် ကာလတစ်လျှောက် ကုသိုလ်ကောင်းမှုပြုရာမှာ မိမိအတွက် တောင့်တခြင်း အလျဉ်းမပါဘဲ သူတစ်ပါးအတွက် သက်သက်သာ ရည်မှန်းပြုလုပ်ခဲ့တယ်။ 'တောင့်တမှု'ဆိုတာ ဘယ်တုန်းကမှ မပြုခဲ့တဲ့အတွက် 'တောင့်တတဲ့အရာကို မရခြင်းကြောင့် ကြုံရတဲ့ဒုက္ခ ဆိုတာ ငါဘုရားအတွက် ဘယ်တော့မှ မရှိနိုင်ဘူး။ လိုအပ်အရာ စိတ်ထဲက ဆုံးဖြတ်လိုက်တာနဲ့ တစ်ပြိုင်နက် ဘယ်သူမှ ဟန့်တားဖျက်ဆီးလို့ မရဘဲ ပြည့်စုံရတယ်'လို့ မိန့်ကြားတော်မူပါတယ်။ (ဥဒါန်းပါ - ၄၅ - ဥဒပါနသုတ်)

ကိုယ်ကျိုးအတွက် ငဲ့ကွက်တောင့်တခြင်းမရှိ၊ ပုဂ္ဂိုလ်အယုတ်

http://www.dhammadownload.com



အမြတ် ခွဲခြားခြင်းလည်းမရှိတဲ့ ကုသိုလ်မျိုးရဲ့ ကြီးမြတ်မှုကို ထင်ရှားစေတဲ့ သာဓကတစ်ရပ်ပါပဲ။ အမှန်ကတော့ အလောင်းတော်များဟာ အလှူခံပုဂ္ဂိုလ် အယုတ်အမြတ်ကိုသာ မခွဲခြားတာ မဟုတ်ပါဘူး။ မိတ်ဆွေနဲ့ ရန်သူကိုပင် ခွဲခြားခြင်းမရှိဘဲ အလှူခံမှန်သမျှ အားလုံးကို တစ်သားတည်း သဘောထားပြီး စေတနာကြီးကြီး၊ သဘောထားကြီးကြီးနဲ့ လှူဒါန်းပြုလုပ်ခဲ့ကြတာပါ။ ဒီလို ကုသိုလ်မျိုးမှသာ အမြင့်ဆုံး၊ အမြတ်ဆုံး၊ အထွဋ်အထိပ်အကျဆုံးဖြစ်လို့ ပါရမီကုသိုလ်လို့ ခေါ်ပါတယ်။

'စေတနာဟံ ဘိက္ခဝေ ကမ္မံ ဝဒါမိ = မိမိတို့ထားတဲ့ စေတနာကိုသာ 'ကံ'လို့ ငါဘုရားရှင် ဟောတော်မူခဲ့တယ်'ဆိုတဲ့ ဘုရားရှင်ရဲ့ အဆုံးအမတော်အရ မိမိတို့ရရှိထားတဲ့ စေတနာနဲ့ ရည်ရွယ်ချက် အယုတ်အမြတ်ကသာ ကုသိုလ်ကံ အယုတ်အမြတ်ကို သတ်မှတ်ပေးတယ်လို့ အခိုင်အမာ လက်ခံယုံကြည်ပြီး မြင့်မြတ်တဲ့ ကုသိုလ်စစ်စစ်များကို ပြုတတ်ကြဖို့ပါ။

အလောင်းတော်သူမြတ်တို့ ပါရမီဖြည့်ခဲ့တဲ့ လေးသင်္ချေ ကမ္ဘာတစ်သိန်း ကာလတစ်လျှောက်မှာ သဗ္ဗညုဘုရားရှင် (၂၄)ဆူသာ ကြုံခွင့်ရတာမို့ မြေကောင်းနဲ့ ကြုံတဲ့ဘဝက (၂၄)ကြိမ်သာလို့ ဆိုရမှာပါ။ ကျန်တဲ့ ကာလတစ်လျှောက်မှာ မျိုးစေ့ကောင်း၊ နည်းစနစ်ကောင်း အားကိုးနဲ့ သဗ္ဗညုဉာဏ်တော်ကြီးကို ရရှိတဲ့အထိ ပါရမီတော်တွေ ဖြည့်ခဲ့တဲ့ထုံး နှလုံးမူပြီး ကုသိုလ်စစ်စစ်ကို ကြီးမြတ်အောင် ပြုတတ်ကြပါစေ။

□

http://www.dhammadownload.com

# အခွင့်နှင့် အရေး (၁)

တချို့ အခွင့်ရလျက်နဲ့ အရေးပါအောင် မစွမ်းနိုင်ကြဘူး။

တချို့ကျတော့ အရေးပါနိုင်လျက်နဲ့ အခွင့်မရကြဘူး။

မြောက်ဥက္ကလာပ "ဇမ္ဗူသီရိ သာသနာ့အကျိုးတော်ဆောင် လူငယ်များ"ရဲ့ (၉)နှစ်မြောက် ဓမ္မခရီးမှတ်တိုင်အတွက် အကြောင်းပြုပြီး ပြောရတာ ဖြစ်ပေမယ့် ဒီအကြောင်းအရာများဟာ လောကကျိုး၊ ဓမ္မအကျိုးကို လိုလားတဲ့ သမ္မာဆန္ဒရှိကြသူ အားလုံးအတွက်လည်း အကျိုးဝင်မယ်လို့ ထင်ပါတယ်။ (ဒါကြောင့် မထေရ်မြတ်တို့ စကားဝိုင်းမှာ ထည့်လိုက်ရတာပါ)

"ဇမ္ဗူသီရိ" ဆိုတော့ "ဇမ္ဗူဒိပ်ရဲ့ ကျက်သရေ" လို့ပဲ ဆိုကြပါစို့။ ဟုတ်ပါတယ်။ ဇမ္ဗူဒိပ်လို့ခေါ်တဲ့ ဇမ္ဗူဒီပါ လက်ျာတောင်ကျွန်းရဲ့ ကျက်သရေဆိုတာ အဓိကအားဖြင့် ဘုရားအစရှိတဲ့ အရိယာပုဂ္ဂိုလ်များ ပွင့်ထွန်းပေါ်ပေါက်ခြင်းနဲ့ ဘုရားရှင်တို့ရဲ့ သာသနာတော်ထွန်းကားခြင်းပဲဆိုတော့ သာသနာ့အကျိုးတော်ဆောင်တယ် ဆိုတာ ဇမ္ဗူဒိပ်ရဲ့ ကျက်သရေကို ဆောင်ရွက်နေတဲ့

http://www.dhammadownload.com



သဘောပါပဲ။ အထူးသဖြင့်တော့ ဒီလုပ်ငန်းကို လူငယ်များက စေတနာ သဒ္ဓါတရား ထက်ထက်သန်သန်နဲ့ ငွဲလှုံ့လ အားသန်သန်နဲ့ ကိုယ်စွမ်း၊ ဉာဏ်စွမ်းသာမက ကိုယ့်လုပ်အားခနဲ့ ရရှိထားတဲ့ ငွေကြေးများ၊ ကိုယ့်ကံ အလျောက် ရရှိထားတဲ့ လူ့ပြည်မှာ နေခွင့်ဆိုတဲ့ အချိန်များ ကိုပါ လောကကျိုး၊ သာသနာကျိုးအတွက် ရက်ရက်ရောရော စွန့်လွှတ် ဆောင်ရွက်နေတာ ဖြစ်လို့လည်း တကယ့် ကျက်သရေဆောင် အစစ်လို့ ဆိုရမှာပါ။

လူငယ်တွေလုပ်လို့ ပိုပြီး ကျက်သရေရှိတယ်ဆိုတော့ လူကြီး တွေ လုပ်တာကျတော့ ကျက်သရေ မရှိဘူးလားလို့တော့ အတွေးမခေါင် ကြပါနဲ့နော်။ လူငယ်ဆိုတော့ ပိုပြီး ရေရှည်လုပ်ကိုင်နိုင်တာရယ်၊ အပင်ပန်းခံနိုင်တဲ့အတွက် ပိုပြီး ထိရောက်တာရယ်၊ တခြားလူငယ်တွေ အားလုံး အားကျပြီး အတူလိုက်လုပ်လာနိုင်ကြတာရယ်ကြောင့် ပိုပြီး ကျက်သရေရှိတယ်လို့ ဆိုလိုက်ရတာပါ။

သာသနာ့အကျိုးတော်ဆောင် ဆိုတဲ့အတိုင်း မိမိနေတဲ့ ရပ်ကွက်၊ ဒေသအတွက်သာမကဘဲ ကျိုက်ထီးရိုးစေတီတော်ရင်ပြင်လို နေရာမျိုးတွေမှာကော။ ဟိုး... မုံရွာမြို့ တစ်ဘက်ကမ်းမှာရှိတဲ့ ဖိုးဝင်းတောင်လို ဒေသတွေအထိကော၊ တခြား အရပ်ဒေသတွေအထိပါ သာသနာတော်နဲ့ ပတ်သက်လို့ လိုအပ်ရာရာကို စွမ်းနိုင်သမျှ လိုက်လံဆောင်ရွက်ပေးကြတယ်ဆိုတာ သိရတော့ ဒီအဖွဲ့ရဲ့အမည်ဟာ ဂုဏ်နဲ့ဒြပ် ဟပ်မိတဲ့ အနွတ္ထ အမည်လို့ ဆိုနိုင်ပါတယ်။

ဒီလူငယ်အဖွဲ့ရဲ့ (၉)နှစ်မြောက် ဓမ္မခရီးမှတ်တိုင်မှာ မော်ကွန်း စကားအဖြစ် ပြောချင်တာကတော့ "အခွင့်နဲ့အရေး"လို့ ခေါင်းစည်း ပေးထားတဲ့ အကြောင်းအရာပဲ ဖြစ်ပါတယ်။

မြန်မာစကားမှာ "အခွင့်အရေး"ဆိုတာ မိမိတို့ ပြုထားပြီးခဲ့တဲ့

http://www.dhammadownload.com



ကုသိုလ်ကံအလျောက် အကျိုးပေးဖို့ အချိန်ကျရောက်တဲ့အခါမှာ ဖြစ်ပေါ်လာတဲ့ လုပ်ပိုင်ခွင့်တို့၊ လုပ်ကိုင်ခွင့်တို့ ကောင်းကျိုးချမ်းသာတို့ကိုပဲ အားလုံးခြုံပြီးတော့ "အခွင့်အရေး"ဆိုတဲ့ ဝေါဟာရနဲ့ တစ်ပေါင်း တည်းမဟုတ်ဘဲ ပြောဆိုသုံးစွဲကြတယ်လို့ ထင်ပါတယ်။

မိမိအနေနဲ့တော့ ဒီနေရာမှာ အခွင့်နဲ့ အရေးကို တစ်ပေါင်းတည်းမဟုတ်ဘဲ တစ်ခုချင်းစီ သီးခြားအဓိပ္ပာယ်နဲ့ ရည်ညွှန်းပြောဆိုချင်ပါတယ်။

မိမိတို့ရဲ့ ကံအလျောက် အရပ်ဒေသကောင်း၊ နေရာကောင်း၊ ဆရာကောင်း၊ သမားကောင်း စသည်တို့နဲ့ ကြုံတွေ့ပေါင်းဆုံခွင့်ရရှိတာကို "အခွင့်"လို့ အဓိပ္ပာယ်ကောက်ချင်ပါတယ်။

အဲဒီလို အခွင့်ရတဲ့အခါ အခွင့်နဲ့ ကြုံကြိုက်တဲ့အခါ အချိန်အခါ၊ အခြေအနေ ကာလဒေသအလျောက် ပတ်ဝန်းကျင်က သတ်မှတ်ထားတဲ့ စံချိန်စံညွှန်းများနဲ့အညီ အရေးပါ အရာရောက်တဲ့ အဆင့်အထိ ကိုယ်စွမ်းကိုယ်စ ဉာဏ်စွမ်းဉာဏ်စ ပြနိုင်ကြတာကို "အရေး"လို့ ဆိုချင်ပါတယ်။

"အခွင့်"ဆိုတာကို တွေ့ခွင့် ကြုံခွင့် ပါဝင်လုပ်ကိုင်ခွင့်လို့ယူပြီး၊ "အရေး"ဆိုတာ အရေးပါ အရာရောက်သူလို့ ပြောချင်တာပါပဲ။

ဒီအဓိပ္ပါယ်အရ လောကကို ကောက်ချက်ချကြည့်တဲ့အခါ...

၁။ အချို့ အခွင့်ရလျက်နဲ့ အရေးပါအောင် မစွမ်းဆောင်နိုင်တာ။

၂။ တချို့ အရာရောက်နိုင်စွမ်း ရှိပါလျက်နဲ့ အခွင့်မကြုံကြတာ။

၃။ တချို့တော့ အခွင့်လည်းရ အရေးလည်း ပါကြတာ။

၄။ တချို့တော့ အခွင့်လည်း မကြုံ၊ အရေးလည်း မပါကြတာဆိုပြီး လေးမျိုးလေးစားလောက် ခွဲနိုင်လိမ့်မယ်။

http://www.dhammadownload.com



ဒီအထဲမှာ အခွင့်နဲ့ အရေး နှစ်ခုလုံးနဲ့ ပြည့်စုံသူနဲ့ အခွင့် (သို့ မဟုတ်) အရေးတစ်ခုဖြစ်စေ၊ နှစ်ခုလုံးဖြစ်စေ မရကြသူတို့ရဲ့ ပမာဏ ကွာခြားချက်နဲ့ ပတ်သက်လို့ကတော့ မြတ်စွာဘုရားရှင် ပေးတော်မူ ခဲ့တဲ့ ဥပမာအတိုင်း ပြောရမယ်ဆိုရင် အခွင့်နဲ့အရေး နှစ်မျိုးလုံး ပြည့်စုံသူက လက်တစ်ခုပ်စာ မြေမှုန့်လောက်သာရှိပြီး အခွင့်နဲ့အရေး မပြည့်စုံသူများက ကျန်နေတဲ့ မဟာပထဝီမြေကြီးလောက် ရှိနေပါလိမ့်မယ်။

ဒီလို မြေအထုလောက်ရှိနေတဲ့ သတ္တဝါအများစုကြီးထဲမှာ လည်း အများဆုံးအစုက အခွင့်ကော၊ အရေးပါ နှစ်မျိုးလုံး ချို့တဲ့ကြသူ များ ဖြစ်ကြပြီး တချို့ နည်းနည်းပါးပါးက အရေးပါနိုင်လျက်နဲ့ အခွင့် မရကြသူတွေ၊ တချို့ကတော့ အခွင့်ရလျက်နဲ့ အရေးမပါကြသူတွေ ဖြစ်ပါတယ်။ ဒီအထဲမှာ သမ္မာသမ္ဗုဒ္ဓ ဘုရားရှင်တို့ ပွင့်ပေါ်တဲ့အချိန် သာသနာတွင်း ကာလကြီးမှာ "အရေး"ရှိလျက် အခွင့်မရကြသူများ ဆိုတာ မြတ်စွာဘုရားရှင် အာဋာရ ရသေ့နဲ့ ဥဒက ရသေ့တို့အပေါ်မှာ မှတ်ချက်ချခဲ့သလို ဆုတောင်းမှား၊ ရည်ရွယ်ချက်မှားနဲ့ အလွန်သက်တမ်း ရှည်တဲ့ ရူပဗြဟ္မာဘုံနဲ့ တရားအသံကို ကြားနာခွင့်မရနိုင်တဲ့ အရူပ ဗြဟ္မာဘုံ ရောက်နေတဲ့ ပုဂ္ဂိုလ်တို့၊ ဇမ္ဗူဒိပ်ကျွန်းရဲ့ တခြားဒေသမှာ လူဖြစ် နေကြသူ အချို့တို့လောက်ပဲ ရှိမှာပါ။

အခွင့်ကြုံလျက်နဲ့ အရေးမပါသူတွေဆိုတာကတော့ ဇမ္ဗူဒိပ် ကျွန်းမှာ လူဖြစ်ခွင့်ကြုံပြီး သာသနာတော်ကို ကြည်ညိုရကောင်းမှန်း သိလျက်နဲ့ ပညာပါရမီ နည်းပါးပြီး အသိဉာဏ် ဆင်ခြင်တုံတရား ချို့တဲ့ ကြသူတွေပါပဲ။

ဒီလို ပုဂ္ဂိုလ်တွေထဲက ပိဋကတ်တော်မှာ အထင်အရှား မှတ်တမ်းကျန်ခဲ့သူတွေကတော့ ရှင်ဥဒါယီတို့၊ ရှင်ဥပနန္ဒတို့၊ ဆဗ္ဗဂ္ဂီ

http://www.dhammadownload.com



ရဟန်းတို့လို ပုဂ္ဂိုလ်တွေ၊ လူပုဂ္ဂိုလ်ထဲကဆိုရင် ကောသလမင်းကြီးတို့လို ပုဂ္ဂိုလ်မျိုးတွေပေါ့။

ဟုတ်ပါတယ်။ ရှင်ဥဒါယီ မထေရ်ဆိုတာ သာသနာတော်ကို ကြည်ညိုရကောင်းမှန်းသိလို့ ဘုရားရှင် သက်တော်ထင်ရှား ရှိစဉ်ကတည်းက ရဟန်းတော်တစ်ပါးအဖြစ် သာသနာ့ဘောင် ဝင်ရောက်ခဲ့တဲ့ ပုဂ္ဂိုလ်ပါ။ ဝိနည်း ပိဋကတ်တော်မှာ သူက ဇာတ်လိုက်ကျော်ပါပဲ။ ကောင်းလို့ တော်လို့တော့ မဟုတ်ပါဘူး။ နှစ်ရာ့နှစ်ဆယ် ခုနစ်သွယ်သော သိက္ခာပုဒ်တွေမှာ သူ့ကိုအကြောင်းပြုပြီး ပညတ်ရတဲ့ သိက္ခာပုဒ် ဆယ့်လေးခုလောက်ရှိတယ်။ ဘုရားရှင်ရဲ့ သာသနာတော်နဲ့ မလျော်ကန်တဲ့ ကိစ္စတွေကို အာဒိကမ္မိကအဖြစ်နဲ့ အဦးဆုံး စတင်ပြုလုပ်သူအဖြစ် ထင်ရှားတဲ့ပုဂ္ဂိုလ်ပါပဲ။

ဝိနည်းပိဋကတ်တော်မှာပါတဲ့ သူ့အကြောင်းများကို ကြည့်ရတာကတော့ တောထွက်ရဟန်းတစ်ပါး ဖြစ်တယ်။ သူ့ရဲ့ ဇနီးဟောင်းကလည်း ဘိက္ခုနီမပဲ။ သူကတော့ ရွှတ်ရွှတ်နောက်နောက် ပျော်ပျော်ပေါ့ပေါ့နေတဲ့ ပုဂ္ဂိုလ်ပါပဲ။ ဓမ္မရေးရာနဲ့ ပတ်သက်ပြီး ထဲထဲဝင်ဝင် မရှိသလောက် လူမှုရေးမှာ အတော်အကင်းပါး ကျွမ်းကျင်ပြီး စကားပြောလည်း ခပ်ကောင်းကောင်း၊ ဥပမိရုပ်ကလည်း ခပ်ဖြောင့်ဖြောင့်နဲ့ တူပါတယ်။ သာသနာတော်နဲ့ သိပ်ပြီးမရင်းနှီးလှတဲ့ ပုဏ္ဏားများတောင် သူနဲ့ စကားပြောမိရင် သူ့အပေါ် အထင်ကြီး လေးစားခင်မင်သွားတယ်လို့ ဆိုပါတယ်။ လူအသိအကျွမ်းများပြီး သစ်ပင်ကြီးတစ်ပင်လို ထင်ရှားခဲ့ပေမယ့် သူ့ရဲ့ ဇာတ်သိမ်းပုံနဲ့ ပတ်သက်လို့ ဘာမှ ထူးထူးခြားခြား မှတ်တမ်းမတင်ဘဲ သစ်ရွက်ကလေး တစ်ရွက်ကြွေသလို ကြွေသွားရတာကို ထောက်ရင် ဘာအနှစ်မှုမရှိဘဲ အရေးမပါ အရာမရောက်တဲ့ ဘဝနဲ့ နိဂုံးချုပ်သွားရတယ်လို့ပဲ ဆိုရမှာပါ။

http://www.dhammadownload.com

## အခွင့်နှင့် အရေး (၂)

ရှင်ဥပနန္ဒ ဆိုတာကလည်း ဒီအတိုင်းပါပဲ။ ဝိနည်းတော်မှာ သူ့ကြောင့် ပညတ်ရတဲ့ သိက္ခာပုဒ် နှစ်ဆယ်ကျော်ရှိတဲ့ အာဒိကမ္မိက သာသနာ့ ဗရုတ်သုတ်ခ ပုဂ္ဂိုလ်တစ်ပါးပေါ့။ သီလ၊ သမာဓိ၊ ပညာ ဘာအရေးမှ မပါဘဲ သစ်ရွက်လို ဇာတ်သိမ်းခဲ့တဲ့ ပုဂ္ဂိုလ်ပါပဲ။

"ဆဗ္ဗဂ္ဂီရဟန်းများ" ဆိုတာကတော့ ရဟန်းတော်ရဲ့ ဘွဲ့အမည် မဟုတ်ပါဘူး။ ခြောက်ပါးအုပ်စုဖွဲ့ပြီး ဖွေဖွေရှုပ်ရှုပ် ဗရုတ်သုတ်ခ လုပ်နေကြတဲ့ ပုဂ္ဂိုလ်တွေပါ။ ဝိနည်းပိဋကတ်မှာ သူတို့ရဲ့ ဗရုတ်သုတ်ခ လုပ်ရပ်ပေါင်း တစ်ရာ့ငါးဆယ်လောက်ပါတယ်။ သစ်ပင်လို ထင်ရှား အောင်နေခဲ့ပြီး သစ်ရွက်လို ကြွေသွားကြတဲ့ အနှစ်မဲ့ အရာမရောက် သူများပဲ ဖြစ်ပါတယ်။

ကြံဖန်ကြည့်ညှိမယ်ဆိုရင်တော့ ဒီပုဂ္ဂိုလ်တွေဟာ ဗရုတ်သုတ်ခ တွေ လျှောက်ပြီးလုပ်နေကြပေမယ့် တခြားရဟန်းတော်တွေ မေးတဲ့ အခါတို့ ဘုရားရှင်ထံရောက်လျှောက်လို့ မေးစိစစ်တဲ့အခါတို့မှာတော့

http://www.dhammadownload.com



တစ်ချက် ကလေးမှ မလိမ်ဘူး။ အမှန်အတိုင်း ဝန်ခံတယ်။ ဘုရားရှင်က နောက်နောင် ဒါမျိုးမလုပ်နဲ့၊ မပြောနဲ့လို့ ပညတ်ပြီးတဲ့အခါမှာလည်း ပညတ်တော်မူပြီးသားကိုတော့ ထပ်ပြီး မချိုးဖောက်ဘူး။ တခြား ဗရုတ်သုတ်ခတစ်မျိုး ထပ်လုပ်တာပဲရှိတယ်။ အဲ... ကျေးဇူးကို ရှာကြံတင်မယ်ဆိုရင်လည်း သစ်ရွက်ဆိုတာ ကြွေကျတာ လူမသိရပေမယ့် မြေဩဇာကိုတော့ ဖြစ်စေပြီး ပင်စည်ကို အထောက်အကူပေးသလိုပေါ့။ ဒီပုဂ္ဂိုလ်များလည်း သူတို့ကိုယ်တိုင် အရေးပါတဲ့အဆင့် မရောက်ပေမယ့် သာသနာတော်ရဲ့ အသက်သွေးကြောဖြစ်တဲ့ ဝိနည်းသိက္ခာပုဒ်တွေ တော်တော်များများကတော့ သူတို့ကို အကြောင်းပြုပြီး ပညတ်ခဲ့တာ ဖြစ်လို့ သာသနာကို တစ်ဖက်တစ်လမ်းက သွယ်ဝိုက်ပြီး ကျေးဇူးပြုသူများအဖြစ် ကျေးဇူးတင်ရမှာပါပဲ။

ကောသလမင်းကြီးဆိုတာလည်း လူတိုင်း ကြားဖူးကြမှာပါ။ မြတ်စွာဘုရားရှင် သာသနာတော်မှာ "တစ်သာသနာမှာ တစ်လှူသာ" လို့ ဆိုရတဲ့ "အသဒိသ" အလှူကြီးကို ပေးလှူတဲ့အထိ ရင်းနှီးခွင့်ကြုံခဲ့ပေမယ့် သာသနာတော်မှာ အရာရောက်သူလို့ သတ်မှတ်ခံနိုင်တဲ့ အရိယာအဆင့်နဲ့တော့ အနားတောင် မသီနိုင်ဘူး။ ဘဝဇာတ်သိမ်းမှာလည်း တကယ့်ကို သစ်ရွက်ကလေးတစ်ရွက် ကြွေသလောက်လို ဆိုရလောက်အောင်ကို လမ်းဘေးဇရပ်မှာ ဇာတ်သိမ်းရတာ။ သာသနာတော်နဲ့ ပတ်သက်လို့ သူ့ရဲ့ အလေးထားပုံကလည်း ကြည့်ဦးလေ။ "သက်န်းဝတ်အတုအယောင်"ဆိုတာ ကောသလမင်းကြီးကစပြီး ထွင်ခဲ့တာလို့တောင် ပြောလို့ရတယ်။

တစ်ခါက ကောသလမင်းကြီး ဘုရားရှင်ထံ ချဉ်းကပ်နေတုန်း မလှမ်းမကမ်းကနေ ရဟန်းလေးငါးခြောက်ပါးလောက် ဖြတ်သွားတာကို ကြည့်ပြီး ကောသလမင်းကြီးက "အဲဒီ ရဟန်းတွေလည်း

http://www.dhammadownload.com



ရဟန္တာပုဂ္ဂိုလ်တွေထဲမှာ အပါအဝင် ပုဂ္ဂိုလ်တွေပဲ" ဆိုပြီး ဘုရားရှင်ကို လျှောက်ထား လိုက်ပါတယ်။ ဘုရားရှင်က အခြေအနေမှန်ကို သိပြီးသားပေမယ့် "ဒါတွေဟာ သင်မင်းကြီး စီစဥ်ထားတဲ့ အကြံအဖန် တွေပါ"လို့တော့ တိုက်ရိုက်ကြီး မပြောလိုက်ပါဘူး။ "သူတော်ကောင်း ဆိုတာ မြင်ရုံနဲ့ မသိနိုင်ဘူး။ အတူနေကြည့်မှ ပြောလို့ရမယ်" ဆိုတဲ့ သဘောလောက်ပဲ မိန့်ကြားပါတယ်။ ကောသလမင်းကြီးက မနေသာဘဲ "အရှင်ဘုရား မိန့်ကြားတာ မှန်ပါတယ်။ အဲဒီပုဂ္ဂိုလ် တွေဟာ နယ်စပ်မှာ ထောက်လှမ်းဖို့ တပည့်တော်လွှတ်ထားတဲ့ အထောက်တော်တွေပါ"လို့ ဖွင့်ဟဝန်ခံရတယ်။ အခွင့်ရလျက် အရေးမပါသူတွေဟာ ဘုရားရှင် လက်ထက်တော်ကစပြီး ခုချိန် အထိ ရှိနေကြတာပါပဲ။

ဒီလို အခွင့်ရလျက် အရေးမပါကြရတာ၊ အရေးပါနိုင်လျက် အခွင့်မရကြတာနဲ့ ပတ်သက်လို့ လယ်တီဆရာတော်ဘုရားကြီးက ဗောဓိပက္ခိယဒီပနီမှာ...

ဘယ်သူမဆို သီလ, သမာဓိ ဆိုတဲ့ စရဏတရားနဲ့သာ ပြည့်စုံ ပြီး ရုပ်နာမ် ခန္ဓာတို့မှာ ဉာဏ်ကျက်စားခြင်းဆိုတဲ့ (ဝိပဿနာ) ဝိဇ္ဇာ မျိုးစေ့ မရှိခဲ့ကြရင် စရဏတရား အားကောင်းတဲ့အတွက် ဘုရား သာသနာတော်နဲ့ ကြုံကြိုက်ခွင့်ရကြတယ်။ ဝိဇ္ဇာမျိုးစေ့ မရှိတဲ့အတွက် သစ္စာဉာဏ် အလင်းပေါက်ပြီး အရာရောက်တဲ့ အဆင့်အထိတော့ မရကြဘူး။ အထက်မှာပြောခဲ့တဲ့ ပုဂ္ဂိုလ်များလိုပဲ အသက်ထက်ဆုံး ဘုရားရှင်နဲ့ တွေ့ခွင့်ရပြီး တရားတော်ကို အကြိမ်ကြိမ် နာကြားခွင့်ရသော်လည်း ကျွဲပါးစောင်းတီးနဲ့ ပြီးရှာကြ ရတယ်တဲ့။

ရုပ် နာမ် ခန္ဓာတို့အပေါ်မှာ ဉာဏ်ကျက်စားတဲ့ (ဝိပဿနာ)

http://www.dhammadownload.com



ဝိဇ္ဇာမျိုးစေ့သာရှိပြီး ဒါန၊ နိစ္စသီလ၊ ဥပေါသထသီလ ဆိုတဲ့ စရဏတရား နည်းပါးကြသူတွေကျတော့ ဝိဇ္ဇာမျိုးစေ့ ရှိတဲ့အတွက် သဗ္ဗညုဘုရားရှင်တို့ရဲ့ တရားကို နာကြားခွင့်ရလျှင် သစ္စာဉာဏ် အလင်းပေါက် အရာရောက်နိုင်ကြပေမယ့် စရဏတရား နည်းပါးမှု ကြောင့် ဘုရားသာသနာတော်နဲ့ ကြုံခွင့် အလွန်ခဲယဉ်းလှတယ်တဲ့။

ဘာကြောင့်လဲဆိုတော့ ဘုရားတစ်ဆူနဲ့ တစ်ဆူကြားမှာ အန္တရ ကပ်ကြီး တစ်ကပ်စာ ဘဝပေါင်းများစွာ ခြားနားလှတဲ့အတွက် ဘဝ ကုဋေကုဋာတွေမှာ သုဂတိဘုံမှာချည်း စဉ်ဆက်မပြတ် ဖြစ်နေမှ နောက် ဘုရားတစ်ဆူနဲ့ တွေ့ခွင့်ရနိုင်မှာဖြစ်တယ်။ သုဂတိဘုံမှာသာ စဉ်ဆက် မပြတ် ဖြစ်ဖို့ဆိုတာကလည်း အနည်းဆုံး ဒါန၊ နိစ္စသီလ၊ ဥပေါသထ ဆိုတဲ့ စရဏကုသိုလ် ရှိနေမှသာ ဖြစ်နိုင်မှာ။

ဘုရားတစ်ဆူနဲ့ တစ်ဆူစပ်ကြားမှာ အပါယ်ဘုံကို တစ်ချက် စောင်းမိသွားရင် သုဂတိဘုံပြန်တက်ဖို့ စရဏတရား အထောက်အပံ့ ရဖို့ခဲရင်း သွားခဲ့ပြီဖြစ်တဲ့အတွက် ဘဝတွေ အသင်္ချေအထိ ဆက်သွား တတ်တယ်။ နောက်ဘုရားတစ်ဆူနဲ့ ကြုံခွင့်ရဖို့ အလွန် ခဲယဉ်းသွားပြီ။

ယခုဘဝမှာ ဒါနမှုနည်းပါး၊ ကာယကံမလုံခြုံ၊ ဝစီကံသောင်း ကျန်း၊ မနောကံ ညစ်နွမ်းလို့ စရဏတရားနည်းပါး (မရှိသလောက်ဖြစ် နေကြ) သူများဟာ သေပြီးရင် အပါယ်ကျဖို့ အားကြီးနေကြပြီ။ အခန့်တော်လို့ သုဂတိဘုံ ရောက်ရတယ်ဆိုဦးတော့ ဒါနဆိုတဲ့ စရဏနည်းပါးခဲ့တဲ့အတွက် ဖြစ်လေရာဘုံဘဝမှာ ဥစ္စာချို့တဲ့၊ ကိုယ်မချမ်းသာ၊ စိတ်မချမ်းသာ၊ အသက်မွေးမှု ကြမ်းတမ်းတဲ့ အပါယ (ချမ်းသာကင်းမှု) တစ်မျိုး၊ နိစ္စသီလ၊ ဥပေါသထသီလဆိုတဲ့ စရဏနည်းပါးလို့ ဒေါသ စရိုက်တွေ လွှမ်းမိုးပြီး ခိုက်ရန်ဒေါသ၊ ဝိဝါဒတိုးပွား အနာရောဂါများတဲ့ အပါယ (ချမ်းသာကင်းမှု)

http://www.dhammadownload.com



တစ်မျိုးတို့နဲ့ အပြစ်ဒေါသတွေ တိုးနေတဲ့အတွက် သုဂတိဘုံ ဆက်ခွင့် မရဘဲ ဒုဂ္ဂတိဘုံဆီကိုသာ ဦးတည်နေကြလို့ သုဂတိမှာဆုံပြီး ဘုရား သာသနာတော်နဲ့ ကြုံခွင့် အလွန်နည်းပါးသွားနိုင်ပါတယ်တဲ့။

(ဗောဓိပက္ခိယဒီပနီ)

ဒီနေ့ တချို့ ပြောဆိုနေကြတဲ့ "ခန္ဓာအရှိကို ဉာဏ်နဲ့ သိနေဖို့ပဲ လိုပါတယ်။ ဒါန, သီလတွေ ဆွမ်းတင်, ပန်းတင်, ရှိခိုး မေတ္တာပို့ တွေဆိုတာ သံသရာရှည်အောင် ဆွဲနေတဲ့ အလုပ်တွေပါ။ ဒါတွေက သိပ်အရေးပါတာ မဟုတ်ပါဘူး"ဆိုတဲ့ အတတ်ကျူးသူတို့ အလေးအနက် စဉ်းစားစရာအချက်ပါပဲ။

လိုရင်းအချုပ်ကတော့ ဒါန၊ သီလ၊ ဘာဝနာ စတဲ့ စရဏမျိုးနဲ့ ဝိပဿနာ ဝိဇ္ဇာမျိုးမှာလည်း အနည်းဆုံး ခတ်ကြီးလေးခုမျှလောက် စွဲမြဲပြီး အနိစ္စသဘော၊ ဒုက္ခသဘော၊ အနတ္တသဘောကို ရေးရေးမျှ ရိပ်စားမိရုံ အလေ့အထုံပြုတဲ့ ဝိဇ္ဇာမျိုးစေ့ပါ ပြည့်စုံအောင် ပွားများထား မှသာ ဘုရားသာသနာတော်နဲ့ ကြုံကြိုက်နိုင်တဲ့အခွင့်နဲ့ သစ္စာဉာဏ်ကို ထိုးထွင်းသိမြင်ပြီး အရိယာအဆင့်အထိ အရေးပါနိုင်ကြတယ်လို့ ဆိုလိုတာပါ။

(ဒါနကို စရဏလို့ ဆိုရတာက စရဏတရား တစ်ဆယ့်ငါးပါး ထဲမှာ ပါဝင်တဲ့ သူတော်ကောင်းတရား ခုနစ်ပါးထဲက "သဒ္ဓါ" ဆိုတဲ့ သူတော်ကောင်းတရားအရ ပါဝင်လို့ ဖြစ်ပါတယ်)။

အခုပြောခဲ့တာတွေကို ခြုံငုံပြီး သုံးသပ်ကြည့်မယ်ဆိုရင်...

ဝေနေယျတို့ရဲ့ သန္တာန်မှာ ဘဝအဆက်ဆက် ပါရမီဖြည့်ခဲ့ကြလို့ ရရှိထားတဲ့ သစ္စာလေးပါးကို ထိုးထွင်းသိမြင် အရေးပါနိုင်စွမ်းတွေဟာ သာသနာတော်နဲ့ ကြုံကြိုက်ခွင့် မရခဲ့ရင်၊ ကြုံကြိုက်ခွင့်ရသော်လည်း တရားဓမ္မ နာကြားခွင့်ဆိုတဲ့ "သဒ္ဓမ္မသဝနအတိဒုလ္လဘ"ကို မရခဲ့ရင်

http://www.dhammadownload.com



အချည်းနှီးဖြစ်ပြီး ဘုရားသာသနာတစ်ခုနဲ့ လွဲသွားနိုင်တဲ့အတွက် အာဋ္ဌာရနဲ့ ဥဒကတို့ကို ဘုရားရှင် မှတ်ချက်ချသလို "မဟာဇာနိယော ခေါ = အရှုံးကြီး ရှုံးချက်နာလိုက်လေ" ဆိုတာမျိုး ဖြစ်သွားနိုင်တယ်။

စရဏမျိုးစေ့သန်လို့ သာသနာကြုံခွင့် တရားနာယူခွင့် ရပြန်သော်လည်းပဲ တရားမွေ့ နာယူပွားများ ဆင်ခြင်ခြင်းဆိုတဲ့ ဝိဇ္ဇာမျိုးစေ့ မရှိခဲ့ရင် ကျွဲပါးစောင်းတီးသလိုပဲ ဖြစ်နေမယ်လို့ ဆိုလိုရင်းဖြစ်တယ် ဆိုတာ သဘောပေါက်လောက်ပါတယ်။

ဒါကြောင့် ဝေနေယျအများတို့ တရားမွေ့ နာယူခွင့်ရအောင် သာသနာ့အကျိုးကို ဆောင်ရွက်ကြတယ်ဆိုတာ အရေးပါနိုင်လျက် အခွင့် မရသေးသူတွေအတွက် အခွင့်ရစေဖို့နဲ့ အခွင့်ကြုံပါလျက် အရေး မပါနိုင်သူများအတွက် အရေးပါတဲ့ ဝိဇ္ဇာမျိုးစေ့ရနိုင်ဖို့ ဆောင်ရွက်ပေးနေတာ ဖြစ်တဲ့အတွက် "အရေးပါဖို့အတွက် အရေးအပါဆုံး လုပ်ငန်းကြီး တစ်ခု ဖြစ်တယ်"လို့ သဘောပေါက် ဝမ်းမြောက်ကြပြီး ဆထက်ထမ်းပိုး အားကုန်တိုးပြီး ကြိုးစားဖို့ပဲ ဖြစ်ပါတယ်။

အခွင့်အရေး နှစ်မျိုးလုံးနဲ့ ပြည့်စုံကြပါစေ။

□

http://www.dhammadownload.com

## "အန္တန္တ"ဘွဲ့ကို ပေးအပ်ချီးမြှင့်တဲ့ ကျေးဇူးရှင်လေးများ

တောင်တွင်းကြီးမြို့၊ နတ်မှီတောရ ကျောင်းတိုက်မှာ နှစ်စဉ်တန်ဆောင် မုန်း လကွယ်နေ့တိုင်း ကျင်းပပြုလုပ်မြဲဖြစ်တဲ့ ကျေးဇူးရှင် ဆရာတော် ဘုရားကြီးရဲ့ မွေးနေ့အထိမ်းအမှတ် ဂုဏပူဇာသဘင်မှာ ဒီနှစ်တော့ နတ်မှီကျောင်းထွက် တပည့်ဟောင်းဖြစ်တဲ့ မြင်းမူမြို့က မွေးမြူရေး အရာရှိကလေးတစ်ဦးရဲ့ သားရှင်ပြုပွဲနဲ့ တစ်ဆက်တည်း ပြုလုပ်ပါ တယ်။

တန်ဆောင်မုန်းလကွယ်နေ့မှာ ဆရာတော်ကြီးရဲ့ ဂုဏပူဇာပွဲ ကျင်းပပြီး နတ်တော်လဆန်း ၁ ရက်နေ့မှာ ရှင်ပြုအနုမောဒနာတရား ဟောကြားတဲ့အခါ ရပ်ကွက်သံဃနာယက ဆရာတော်ဖြစ်တဲ့ လက်ရှိ နတ်မှီတောရ ပဓာန နာယက ဆရာတော် ဘဒ္ဒန္တဆန္ဒာဓိကမထေရ် က...

"မိဘတိုင်း မိဘတိုင်းဟာ မိမိတို့မှာ ရင်သွေးဖြစ်တဲ့ သားသမီး ရတနာလေးတွေ ရလာပြီးဆိုတာနဲ့ တစ်ပြိုင်နက် ကိုယ့်ကိုယ်ကိုယ်

http://www.dhammadownload.com



သာမန်လူတစ်ဦးလို့ ပေါ့ပေါ့တန်တန် မှတ်ယူလို့ မရကြတော့ပါဘူး။ 'မာတာပိတု ဂုဏော အနန္တော'ဆိုတဲ့ ဂုဏ်ထူးကြီးတစ်ခုကို ပိုင်ဆိုင်ခွင့်ရတဲ့ အနန္တဂိုဏ်းဝင် ကျေးဇူးရှင်ကြီးများအဖြစ် အလေးအနက် ခံယူကြရပါတယ်။ ခံလည်း ခံယူကြတာပါပဲ။

ဗုဒ္ဓဘာသာဝင် သူတော်စင်များကတော့ သားယောကျ်ားကလေးများ ထွန်းပေါ်လာပြီဆိုရင် အနန္တဂိုဏ်းဝင်အဖြစ်နဲ့သာမကဘူး၊ သာသနာ့အမွေခံ ကုသိုလ်ထူးကြီးကိုပေးမယ့် 'အလှူထည်ကလေး' အဖြစ်နဲ့ပါ ဂုဏ်ယူဝမ်းမြောက်ကြပါတယ်။ အရွယ်ရောက်ရင် သာသနာ့ အမွေခံ ကုသိုလ်ထူးကြီးကို ရယူဖို့ဆိုပြီး ကြိုးစားရှာဖွေတာသုံး၊ စုဆောင်းသိမ်းဆည်းနဲ့ ပုဗ္ဗစေတနာ ကုသိုလ်တွေဟာ သားကလေး မွေးဖွားချိန်ကစပြီး အမြဲရရှိပွားများနေကြတာဟာ သားရှင် မိဘတိုင်းက ပိုသိပါတယ်။

ဒီနေရာမှာ သားရှင်ပြုပွဲနဲ့ ပတ်သက်လို့သာ သားကို အဓိကထားပြီး ပြောရတာပါ။ အမှန်ကတော့ သားပဲဖြစ်ဖြစ်၊ သမီးပဲဖြစ်ဖြစ် ရင်သွေးရတနာ ရလာပြီဆိုရင် မိဘတိုင်းဟာ အနန္တဂုဏ်အင် ကျေးဇူးရှင်တွေ၊ ဘုရားနဲ့ တစ်ဂိုဏ်းတည်းထားပြီး ကျေးဇူးတရားကို အောက်မေ့ပူဇော်ထိုက်သူတွေ ဖြစ်သွားသလို ကိုယ့်ကိုယ်ကိုယ်လည်း ဂုဏ်ယူကြတာပါပဲ။ 'တို့ဟာ သာမန်လူတွေ မဟုတ်ဘူး။ အနန္တဂိုဏ်းဝင် ကျေးဇူးရှင်ကြီးတွေ' ဆိုပြီးတော့လေ။

မိဘတိုင်းက ဒီဘွဲ့ထူး ဂုဏ်ထူးကြီးတွေနဲ့ ကိုယ့်ကိုယ်ကို ဝမ်းမြောက်ဂုဏ်ယူတတ်ကြတာဟာ အလွန်ကောင်းပါတယ်။ အဲ... တချို့မိဘတွေမှာ 'ငါတို့က အနန္တဂိုဏ်းဝင်တွေ၊ မင်းတို့ သားသမီးတွေ ဆိုတာ ငါတို့မွေးပေးမှ လူ့ပြည်ရောက်ရတာ" ဆိုတဲ့ သဘောမျိုးနဲ့ ကိုယ့်ကိုယ်ကိုယ် အမွှန်းတင်ဂုဏ်ယူသလောက်

http://www.dhammadownload.com



သားသမီးများအပေါ်မှာတော့ ပစ်စလက်ခတ် သဘောထားကြတာတို့ အနိုင်အထက် နှိပ်ကွပ်သလို ပြောဆိုပြုမူပြီး ရိုက်နှက်ဆုံးမတာမျိုး တို့အထိ လုပ်တတ်ကြတာတွေကိုလည်း တွေ့ရတတ်ပါတယ်။

ဒီနေရာမှာ တစ်ခု မေးစရာရှိတာက မိဘတိုင်းဟာ 'အနန္တ' ဆိုတဲ့ ဘွဲ့ထူးကြီးကို တကယ် အလေးထားတယ်၊ ဂုဏ်ယူမြတ်နိုးကြတယ် ဆိုရင် ဒီဘွဲ့ထူးကြီးကို ဘယ်သူက ချီးမြှင့်တာလဲဆိုတာပါပဲ။ အလေး ထားပြီး စဉ်းစားသင့်ပါတယ်။ သားသမီးဆိုတာ ရှိမလာရင် မိဘဆိုတာ လည်း မဖြစ်နိုင်တော့ပါဘူး။ မိဘမဖြစ်ဘဲနဲ့လည်း 'အနန္တ'ဆိုတဲ့ ဘွဲ့ထူးကြီးကို မရနိုင်ပါဘူး။ ဒါကို သေချာစဉ်းစားကြည့်လိုက်ရင် 'မိဘဆိုတာ အနန္တဂုဏ်အင် ကျေးဇူးရှင်ကြီးတွေဖြစ်သလို သားသမီး ဆိုတာဟာလည်း 'အနန္တ' ဘွဲ့ထူးကြီးကို ပေးအပ်ချီးမြှင့်တဲ့ ကျေးဇူးရှင်လေးတွေ'လို့ သဘောမထားသင့်ပေဖူးလား။ ဒီလို အလေးအနက် သဘောထားခံယူ ကြမယ်ဆိုရင် မိဘနဲ့ သားသမီးတို့ဟာ အပြန်အလှန် ကျေးဇူးသိပြီး လောကကြီး ပိုမိုယဉ်ကျေးလာမှာပါ။ အပြန်အလှန် ကျေးဇူးသိပြီး အပြန်အလှန် ကျေးဇူးပြုကြခြင်းဖြင့် သားသမီးတို့ ငယ်စဉ်အရွယ်မှာ မိဘတို့ကြောင့် သားသမီးတို့ရဲ့ဘဝ လုံခြုံမှုရှိကြရသလို၊ မိဘတို့ အိုမင်းမစွမ်း အရွယ်ရောက်ကြတဲ့အခါ မှာလည်း သားသမီးတို့ရဲ့ ကျေးဇူးတုံ့ပြန်မှုကြောင့် မိဘတို့ရဲ့ ဘဝ လုံခြုံမှုရှိကြမှာ မလွဲပါဘူး"ဆိုတဲ့ အကြောင်းများနဲ့ အစချီပြီးတော့မှ ဒါနကထာ - ကာမာနံ အာဒီနဝကထာနဲ့ မဂ္ဂကထာ တို့ကို ဟော ညွှန်ဆုံးမ ချီးမြှင့်တော်မူပါတယ်။

ဆရာတော်ပြောမှပဲ မိမိတို့လည်း သတိပြုမိတော့တယ်။ ဟုတ်ပါတယ်။ သားသမီး အပါအဝင် ကလေးငယ်များဟာ အမေ အဖေတို့ ကိုသာ 'အနန္တ'ဘွဲ့ထူးကြီးကို ချီးမြှင့်ကြတာ မဟုတ်ပါဘူး။

http://www.dhammadownload.com



ဆရာ၊ ဆရာမ တို့ကိုလည်း ဘုရားနှင့် တစ်ဂိုဏ်းတည်းအဖြစ် ရောက်စေတဲ့ 'အာစရိယ ဂုဏော အနန္တော' ဘွဲ့ကြီးကိုလည်း ချီးမြှင့်ပေးကြသူများ ဖြစ်ပါတယ်။

အထက်မှာ နတ်မှီဆရာတော် မေးခဲ့သလိုပဲ မိမိတို့ ရရှိထားတဲ့ 'အနန္တ'ဘွဲ့ကြီးကို တကယ်ပဲ အလေးအနက် တန်ဖိုးထား အသိအမှတ် ပြုကြပါသလား။ ဒီဘွဲ့ကို တန်ဖိုးထားခဲ့ရင်လည်း ဒီဘွဲ့ကို ချီးမြှင့်ပေးသူများ အပေါ်မှာကော အလေးအနက် တန်ဖိုးထားကြပါသလား ဆိုတာပါပဲ။ ကျေးဇူးရှင်ကြီးများဆိုတာ လေးစားပူဇော်ထိုက်သူများ ဖြစ်တယ်လို့ အသိအမှတ် ပြုစေလိုတယ်ဆိုရင် ကျေးဇူးရှင်လေးများကို အရင် အလေးအနက်ထားကြဖို့ အရေးကြီးမယ် ထင်ပါတယ်။

မိမိ အတွေ့အကြုံများအရ အချို့မိဘတွေ၊ ဆရာသမားတွေဟာ သားသမီးတို့၊ တပည့်တို့ကို ဆုံးမရာမှာ ရိုက်ပုတ်ကြိမ်းမောင်း ဆဲဆို ကြတာတို့၊ နာကျင်ပင်ပန်းအောင် ထိုင်ထလုပ်ခိုင်းတာတို့၊ အရှက်တကွဲ ဖြစ်အောင် လူမြင်ကွင်းအလယ်မှာ ဒူးတုပ်ထိုင်ခိုင်းတာတို့ နားရွက်ကို လက်နဲ့ ကြက်ခြေခတ်ဆွဲပြီး ရပ်နေစေတာတို့ စတဲ့ နာကျင်စရာ၊ အရှက်ရစရာများဖြစ်အောင် မညှာမတာ ဆုံးမတာများကို တွေ့ရဖူးပါတယ်။ နာကျင်တယ်ဆိုတာ ကိုယ်မှာသာ နာကျင်တာဆိုရင်တော့ တယ်မထောင်းသာလှသေးပါဘူး။ စိတ်ပါ နာကျင်သွားစေပြီဆိုရင်တော့ ဆရာကြီးရွှေဥဒေါင်း ပြောသလိုပဲ "ဆူးတောင်လေးတွေ" ပေါက်သွားစေနိုင်ပါတယ်။

ဒီလို မိဘဆရာမျိုးတွေနဲ့ ပတ်သက်လို့ အလေးအနက် ပြောချင်တာကတော့ သားသမီးတို့၊ တပည့်တို့ဆိုတာ 'လူကလေးတွေ' ဖြစ်ပါတယ်။ သူတို့ကို အကြောင်းပြုပြီး အနန္တဂိုဏ်းဝင် မိဘများ၊ ဆရာသမား

http://www.dhammadownload.com



များ ဖြစ်ကြဖို့ဆိုရင် လူကို လူလို သဘောထားပြီး 'ကျောင်း'သင့်ပါတယ်။ လူကို လူလို ကျောင်းပေးမှသာ လူသား အချင်းချင်းထဲမှာ အမြတ်ဆုံး ဖြစ်တဲ့ 'အနန္တ'ဂိုဏ်းဝင် ကျေးဇူးရှင်များ ဖြစ်ကြမှာပါ။ တကယ်လို့ လူကို နွားလို ကျောင်းကြမယ်ဆိုရင်တော့ နွားကျောင်းသား အဆင့်လောက်ပဲ အသိအမှတ်ပြုခံရပါလိမ့်မယ်။

ဟုတ်တယ်လေ။ နွားကျောင်းသားဆိုတာ နွားအပေါ် မကျေနပ်ရင် တုတ်နဲ့ရိုက်လို့မီရင် ရိုက်တယ်၊ မမီရင် ပစ်တယ်၊ ပစ်လို့ မမီဘူးဆိုရင် ဆဲရေးတိုင်းထွာကြပါတယ်။ မိဘ, ဆရာတို့ အနေနဲ့လည်း လူသားကလေးများကို ထိန်းကျောင်းစောင့်ရှောက်ရမှာ နွားကျောင်းသားရဲ့ အပြုအမူ၊ အပြောအဆိုမျိုးတွေနဲ့ ထိန်းကျောင်းကြမယ်ဆိုရင် နွားကျောင်းသား ဂိုဏ်းဝင်များသာ ဖြစ်ကြတော့မှာပေါ့။

အနန္တဂိုဏ်းဝင်များက အနန္တဘွဲ့ကို ပေးအပ်ချီးမြှင့်ပြီး ကျေးဇူးရှင်ကြီးများအဖြစ် အသိအမှတ်ပြုကြမယ့် တပည့် သားသမီးတို့အပေါ်မှာ အနန္တဂိုဏ်းဝင်တို့ရဲ့ အပြုအမူမျိုးနဲ့ မဆက်ဆံဘဲ နွားကျောင်းသားတို့ရဲ့ အပြုအမူမျိုးနဲ့ ဆက်ဆံခြင်းခံရတဲ့အတွက် ကျေးဇူးတုံ့ပြန်လိုစိတ်ဖြစ်ပေါ်ရမယ့်အစား စူးရှနာကြည်းတဲ့ ဆူးတောင်ကလေးတွေ ပေါက်လာတတ်ပုံနဲ့ ပတ်သက်လို့ ဆရာကြီး ရွှေဥဒေါင်းရဲ့ 'တစ်သက်တာမှတ်တမ်း'ကြီးထဲမှာလည်း ဆရာကြီးကိုယ်တိုင် ကိုယ်တွေ့ခံစားချက်အပြည့်နဲ့ ရေးထားခဲ့တာလည်း ရှိပါတယ်။

မိမိတို့ ငယ်စဉ်တုန်းက ခဏပိုင်းလောက် ကြုံလိုက်ရတဲ့ ရွာဦးကျောင်း ဘုန်းကြီးက သိပ်ပြီး အရိုက်ကြမ်းပါတယ်။ သူ့ရဲ့ တူသားတွေကလည်း ခပ်ပေပေ ခပ်ထုံထုံတွေတော့ များတယ်။ 'ဆန်ရင်းနာနာဖွပ်' ဆိုတဲ့သဘောနဲ့ တူသားတွေကိုဆိုရင် ရက်ရက်

http://www.dhammadownload.com



စက်စက်ကို နှိပ်စက်တာ။ ထုပ်ကို ဖောက်ထိုးဆွဲပြီး ရိုက်တာများ အညစ်အကြေးတွေကို အစိမ်း ထွက်ကျတယ်။ အဲဒါကို နာကြည်းပြီး တခြားအရပ် ထွက်ပြေးတဲ့ ကျောင်းသားကြီးတစ်ယောက်ဆိုရင် မိဘရပ်ရွာနဲ့ပါ အဆက်အသွယ် မလုပ်တော့လို့ သေသလား၊ ရှင်သလားတောင် မသိကြတော့ဘူး။ တစ်ခါတော့ တိုက်တိုက်ဆိုင်ဆိုင်ပဲ မိမိ မန္တလေးကို ပညာသင်ဖို့သွားတဲ့အခါ သာစည်ဘူတာမှာ သူကလည်း မန္တလေးအသွား ရထားပေါ်မှာ ဆုံမိတာ။ မိမိနဲ့တော့ တစ်ဖက်ကလည်း သွေးသားတော်စပ်တယ်။ အိမ်နီးနားချင်းဖြစ်လို့ ငယ်ငယ်ကတည်းက မိမိတို့ကို ထိန်းကျောင်းခဲ့ တာဖြစ်တော့ အတော်သံယောဇဉ်ရှိပါတယ်။ ရွာက ဆွေမျိုးတွေ သိရအောင် ပြန်ဖို့တိုက်တွန်းတော့ 'ငယ်စဉ်ကအကြောင်းတွေ စဉ်းစား လိုက်တိုင်း ရင်ထဲမှာ နာနာလာလို့ မပြန်ပါရစေနဲ့'တဲ့။

နောက်ထပ် တွေ့ရတာကတော့ ရှစ်တန်းလောက်အရွယ် ကျောင်းသားကလေးပါ။ ပညာမစုံသေးပေမယ့် အတတ်က တော်တော် လေးစုံနေပြီ။ ကာလပေါ် အတုမြင် အတတ်သင်တွေပေ့ါ။ မိမိနဲ့တွေ့ တော့ 'ငယ်ငယ်ရွယ်ရွယ်နဲ့ ဒါတွေ ဘာဖြစ်လို့ လုပ်နေတာလဲ။ အပေါင်း အသင်းမှားလို့ ဖြစ်မယ်ထင်တယ်' ဆိုတဲ့အကြောင်း ပြောတဲ့အခါ 'အပေါင်းအသင်းမှားတွေဆိုတာ သူတို့က လာပြီး မြှူဆွယ်ပေါင်းတာ မဟုတ်ဘူး။ သူက လိုက်ပေါင်းပြီး ဒါတွေ အစုံလိုက်လုပ်နေတာပါ'တဲ့။

'ဘာဖြစ်လို ဒီလို လျှောက်လုပ်နေရတာလဲ'လို့ မေးတဲ့အခါ မှာတော့ 'သူ ခုနစ်တန်းတုန်းက သူငယ်ချင်းတွေနဲ့တွေ့လို့ ဆေးလိပ် ဆိုတာ ဘယ်လိုနေလဲလို့ တစ်ဖွာ နှစ်ဖွာ ဖွာကြည့်မိတာ အဖေနဲ့တွေ့ တော့ အိမ်ကိုခေါ်သွားပြီး ကြိုးနဲ့တုပ် ရိုက်တယ်'တဲ့။ တကယ်ဆို

http://www.dhammadownload.com



အကျိုးသင့် အကြောင်းသင့်ပြောရင် 'သား'နားလည်နိုင်ပါတယ်။ ခုတော့ မတန်တဆ အရိုက်ခံရတယ်။ အဲဒါကို နာကြည်းလွန်းလို့တဲ့။ ဒါတွေကို လုပ်ရင် သူတို့လည်း စိတ်ထဲမှာ အခံရခက်နေမယ်ဆိုပြီး လျှောက်လုပ်နေတာလို့ ပြောပါတယ်။

မိမိက ဆရာကြီးရွှေဥဒေါင်းစာထဲက ဆူးတောင်ကလေးတွေ ပေါက်လာပုံအကြောင်း ပြောပြတယ်။ ပြီးတော့ ဆရာကြီးကတော့ အသိဉာဏ်ကြီးမားတဲ့အတွက် သူ့ဘဝ ပျက်စီးလောက်အောင်အထိ ဆူးတောင်တွေ အပေါက်မခံဘူး။ သူ့ကိုယ်သူ ပြန်လည်တည်ဆောက်နိုင်တဲ့အတွက် မြန်မာစာပေမှာ အထင်ကရ ပုဂ္ဂိုလ်ကြီးဖြစ်လာတဲ့အကြောင်း ပြောပြပါတယ်။ ပြီးတော့မှ မြတ်စွာဘုရား ဟောတော်မူတဲ့ "သူတစ်ပါးကို ဒေါသနဲ့ တုံ့ပြန်တာဟာ မီးခဲကို လက်နဲ့ကောက်ပြီး သူတစ်ပါးကိုပက်တာနဲ့ အတူတူပဲ။ သူတစ်ပါးကို ထိတယ်၊ မထိတယ် မသေချာပေမယ့် ကိုယ့်လက်ကို ပထမဆုံး လောင်မှာတော့ သေချာတယ်ဆိုတဲ့အကြောင်းရယ်၊ 'ဘယ်သူမပြု မိမိမှု' ဆိုတဲ့အတိုင်း ကိုယ့်ဘဝရဲ့ အနာဂတ်ကို ကိုယ်တိုင်ရင်ဆိုင်ရမှာဖြစ်လို့ ကိုယ့်ချွတ်ယွင်းချက်များဟာ ကိုယ်သာခံရမှာဖြစ်တယ်" ဆိုတာ ပြောပြတယ်။

နောက်နေ့ ကျောင်းဆင်းချိန်ရောက်တော့ ဒီကလေးက မိမိတည်းခိုတဲ့နေရာ ရောက်လာတယ်။ သူငယ်ချင်းတွေနဲ့ လျှောက်မသွားတော့ဘူး။ စပ်မိစပ်ရာလေးတွေ ပြောပြတယ်။ သူ စိတ်ဝင်စားတဲ့အကြောင်းအရာ တစ်ခုရောက်တော့ သူက 'ဒါတွေကို သားလည်း သိချင်တယ်' ဆိုတဲ့အကြောင်း ပြောလာလို့ ဆရာအောင်သင်းရဲ့ စာအုပ်အချို့နဲ့ ဆရာ ဖေမြင့်၊ လူထုဦးစိန်ဝင်း၊ အတ္တကျော်၊ ကောင်းသန့် စသူတို့ရဲ့ ကောင်းနိုးရာရာ စာအုပ်ကလေးတွေ မိမိမှာ ပါလာသမျှ ပေးလိုက်ပြီး ဒီဆရာတွေရဲ့ စာအုပ်တွေ ရှာပြီးဖတ်ဖို့ တိုက်တွန်းလိုက်

http://www.dhammadownload.com



တယ်။ ပြီးတော့ မော်ဘီက ဓမ္မဒူတ အရှင်ဆေကိန္ဒရဲ့ ယဉ်ကျေးလိမ္မာ သင်တန်းကို တက်ဖို့လည်း တိုက်တွန်းပေးလိုက်ပါတယ်။

ပြန်မယ့်နေ့မတိုင်မီ ညနေပိုင်းမှာတော့ ကလေးရဲ့ အမေပါ ကျောင်းကို လိုက်လာတယ်။ သားအမိနှစ်ယောက်လုံးကိုပဲ ဆရာကြီး ရွှေဥဒေါင်း ဆူးတောင်ပေါက်ရပုံကလေးတွေကို ပြောပြမိတယ်။ ပြီးတော့မှ 'ဆရာကြီးကတော့ ကိုယ့်ကိုယ်ကိုယ် ကောင်းအောင် တည်ဆောက်နိုင်စွမ်းတဲ့ အသိပညာရှိလို့ ဆူးတောင်တွေ ပွားမလာဘဲ နောက်ဆုံးမှာ စာပေပညာရှင်ကြီးအဖြစ်နဲ့ လောကကို ကောင်းကျိုးပြုရင်း ဘဝကို အသုံးချသွားပုံတွေ၊ ဆူးတောင်တွေပွားလာရင် လူစစ်စစ်ကနေ 'သုစိ လောမ'လို့ခေါ်တဲ့ အပ်လို အမွေးတွေပေါက်နေတဲ့ ဘီလူးကြီးလို အများက ကြောက်လန့်ရှုံ့မုန်းတဲ့ဘဝ ရောက်သွားနိုင်ပုံတွေ ပြောပြတော့ 'သားလည်း အမွေးတွေကျွတ်ပြီး လူစစ်စစ်ပြန်ဖြစ်အောင် ကြိုးစားပါမယ်'လို့ ပြန်ပြောပါတယ်။ သူ့သားစကားကို ကြားရတော့ အမေမှာ မျက်ရည်တွေ ဖြိုင်ဖြိုင်ကျပြီး ကျေနပ်နေရှာပါတယ်။

မနှစ်ဆီက ကလေးရဲ့အရပ်ရောက်လို့ စုံစမ်းကြည့်လိုက်တော့ နည်းပညာတက္ကသိုလ် ဒုတိယနှစ်ဆိုလားပဲ တက်နေသတဲ့။ အမေက အကျိုးအကြောင်း ပြန်ပြောလို့ သူ့အဖေကလည်း 'သူမှားကြောင်းတွေ ဖွင့်ဟဝန်ခံပြီး သူ့သားကို ချော့မော့တောင်းပန်တယ်'လို့ ပြောပါတယ်။ 'ငါက အဖေပဲ'ဆိုပြီး သားသမီးရှေ့မှာ ကိုယ့်အမှားကို ဝန်မခံချင်၊ မပြုပြင်ချင်တဲ့ မိဘများ သတိပြုစရာပါ။

ဘာပဲဖြစ်ဖြစ် သားသမီးများ၊ တပည့်များက ပေးအပ်ချီးမြှင့်သလို၊ ဘုရား အစရှိတဲ့ သူတော်ကောင်းများကလည်း အသိအမှတ်ပြု ပေးထားတဲ့ 'အနန္တာ'ဆိုတဲ့ ဘွဲ့ထူးဂုဏ်ထူးပုဒ်ကြီးကို 'န္တွားကျောင်းသား' ဆိုတဲ့ နာမည်နဲ့ မလဲမိကြဖို့တော့ အထူးသတိပြုသင့်ပါတယ်။

http://www.dhammadownload.com



ကျေးဇူးရှင်ကြီးများနဲ့ ကျေးဇူးရှင်လေးများတို့ အပြန်အလှန် အလေးထားခြင်း၊ လေးစားခြင်းတို့ဟာ နှစ်ဦးနှစ်ဖက်တို့ရဲ့ ဘဝလုံခြုံမှု အတွက် အရေးအကြီးဆုံး အရင်းအနှီးတစ်ခု ဖြစ်တဲ့အတွက် ရခဲ ကြုံခဲတဲ့ မနုဿတ္တ ဒုလ္လဘနဲ့ ဗုဒ္ဓုပ္ပါဒ ဒုလ္လဘတို့ရဲ့ အရင်းအနှီးတွေ ဆုံးရှုံးပြုန်းတီးမှု မဖြစ်ရအောင် ကြိုးစားစောင့်ရှောက်ကြပါလို့ အကြံပြု တိုက်တွန်းလိုက်ရပါတယ်။

အားလုံးရဲ့ ဘဝလုံခြုံမှုရှိကြအောင် အနန္တဂုဏ်နဲ့ ထိုက်တန်ကြ ပါစေ။

❒

http://www.dhammadownload.com

## ချီးမြှောက်ခြင်းနဲ့ လှူဒါန်းခြင်း (၁)

ချီးမြှောက်ခြင်း (သင်္ဂဟ) ဆိုတာ ဘဝလုံခြုံရေးအတွက် ရင်းနှီးမြှုပ်နှံတဲ့ သဘော ဖြစ်တယ်။

လှူဒါန်းခြင်း (ဒါန)ဆိုတာ မိမိနဲ့ ပိုင်ဆိုင်တဲ့ ပစ္စည်းကြားမှာ တွယ်တာနေတဲ့ သံယောဇဉ်ကို ဖယ်ရှားတဲ့သဘော ဖြစ်တယ်။

**တောင်တွင်းကြီး နတ်မှီတောရ**
**ဆရာတော် အရှင်ဆန္ဒာဓိက**

တလောဆီက သာကေတ (၆)ရပ်ကွက် အရှေ့ပိုင်းမှာ တရားပွဲ တစ်ခု ချီးမြှင့်ဖို့ နောင်တော်ကြီးဖြစ်တဲ့ တောင်တွင်းကြီး နတ်မှီတောရ ဆရာတော် အရှင်ဆန္ဒာဓိက ကြွရောက်လာတော့ ဆရာတပည့် ညီနောင် တစ်စုတို့ အောင်သုခကျောင်းတိုက်မှာ ဆုံမိကြပါတယ်။

ဒေးဒရဲ နိကာယ်သင်တန်းမှာ ဆရာသမားများ ပြောဆို ဆွေးနွေးခဲ့တာတွေနဲ့ ပတ်သက်လို့ နောက်လာနောင်သား မျိုးဆက်သစ် တို့ထံ လက်လွှဲပေးအပ်နိုင်ရေးအတွက် ဆွေးနွေးပြောဆိုကြရင်းက

http://www.dhammadownload.com



မင်္ဂလ သုတ်အကြောင်း ပြောဆိုကြတဲ့အခါ နောင်တော်ကြီးက...

"မိမိပိုင်ဆိုင်တဲ့ ပစ္စည်းဥစ္စာကို သူတစ်ပါးအတွက် ပေးကမ်းတာနဲ့ ပတ်သက်လို့ မင်္ဂလာတရားတော်မှာ သင်္ဂဟနဲ့ ဒါနဆိုပြီး နှစ်မျိုး ပါရှိတယ်။ ဒီနှစ်မျိုးထဲမှာ သားမယားတို့ကို ပေးကမ်းတာ၊ ဆွေမျိုးတို့ကို ပေးကမ်းထောက်ပံ့တာကို 'သင်္ဂဟ'လို့ သုံးတယ်။ အလှူခံပုဂ္ဂိုလ်တို့ကို ပေးကမ်းတာကိုတော့ 'ဒါန'လို့ သုံးပါတယ်။

သင်္ဂဟရဲ့ သဘောက မိမိက သားမယား ဆွေမျိုးတို့ကို ပေးကမ်းတဲ့အတွက် လောလောဆယ်မှာ လက်ခံရယူသူတို့ရဲ့ ဘ၀ကို လုံခြုံပြည့်စုံစေတယ်။ ရယူသူတို့ရဲ့ ကျေးဇူးသိမှု၊ ကျေးဇူးတုံ့ပြန်မှုတို့ကြောင့် ပေးကမ်းသူရဲ့ ဘ၀ကိုလည်း လုံခြုံပြည့်စုံစေပါတယ်။ ပေးသူ ယူသူ နှစ်ဦးနှစ်ဖက်တို့ရဲ့ ဘ၀လုံခြုံမှုကို ပေးစွမ်းနိုင်တဲ့အတွက် မင်္ဂလာ ဖြစ်ပါတယ်။

ဒါနရဲ့ သဘောက အလှူခံပုဂ္ဂိုလ်တို့အပေါ်မှာ အကျိုးဆောင် ပေးလိုတဲ့ စေတနာနဲ့ ဂုဏ်ကျေးဇူးကို ပူဇော်လိုတဲ့ စေတနာသက်သက်နဲ့ မိမိပိုင်ပစ္စည်းကို တွယ်တာငဲ့ကွက်မှုမထားဘဲ လွတ်လွတ်စွန့်ကြတဲ့ သဘောပါ။ မိမိနဲ့ ပစ္စည်းဥစ္စာတို့အကြားမှာ တွယ်တာ ကပ်ငြိနေတဲ့ သံယောဇဉ်အစွဲ ဥပါဒါန်ကို ပယ်ရှားတဲ့သဘော၊ တဖြည်းဖြည်း ပါးရာ ကနေ ပြတ်သွားတဲ့အထိရောက်အောင် လေ့ကျင့်ပေးတဲ့ သဘောသက်သက်ပါ။ အတွယ်အတာ အနှောင်အဖွဲ့ဖြစ်တဲ့ အနှောင့် အယှက်တွေ နည်းပါးသွားစေတဲ့အတွက် မင်္ဂလာဖြစ်တယ်" ဆိုတဲ့ အကြောင်း အကျယ်တဝင့် ဆွေးနွေးသွားပါတယ်။

စကားဝိုင်းမှာ နားထောင်နေတဲ့ အရှင်မြတ်တစ်ပါးက "အခု ဆရာတော်တို့ပြောမှ တစ်ခု သတိထားမိလာတယ်။ တပည့်တော်ကို ဆွမ်းခံအိမ်က ဒကာကြီးတစ်ယောက်က မေးဖူးတယ်။ 'အရှင်ဘုရား

http://www.dhammadownload.com



ဒါနရှိတဲ့ ပုဂ္ဂိုလ်တွေဟာ ချမ်းသာတယ်လို့ ဘုရားဟောရှိတယ်ဆိုတာ နာယူမှတ်သားရပါတယ်။ တပည့်တော်တို့ ဗုဒ္ဓဘာသာတွေဟာ 'အလှူ ရေစက် လက်နဲ့မကွာ' ဆိုသလို ဒါနတွေ ဒီလောက် ကြိုးစားနေရက်နဲ့ ကြီးပွားချမ်းသာတာကျတော့ ဟို... အနောက်နိုင်ငံက လူတွေကို ဘာကြောင့် မမီရတာလဲ'တဲ့။ အဲဒါလည်း ရှင်းပြပါဦး"

ဒါကတော့ 'ကြီးပွားချမ်းသာခြင်းကို ကံအကြောင်းတရား တစ်ခုတည်းအပေါ်မှာသာ တည်မှီနေတယ်'လို့ အယူအဆမှားတတ်တာ မျိုးလည်း ရှိပါတယ်။ အမှန်တော့ မြတ်စွာဘုရား ဟောတော်မူတဲ့ ကြီးပွားချမ်းသာခြင်း အကြောင်းတရားက လေးပါး ရှိပါတယ်။ ရှေး ကုသိုလ်ကံရှိခြင်း၊ သင့်လျော်တဲ့ အရပ်ဒေသမှာ နေရခြင်း၊ သူတော်ကောင်း၊ ပညာရှင်တို့ကို မှီခိုခွင့်ရခြင်း၊ မိမိကိုယ်ကို ကောင်းစွာ ဆောက်တည်နိုင်ခြင်းဆိုတဲ့ သမ္ပတ္တိစက် လေးပါးပါပဲ။

ကံချင်းတူရင် အရပ်ဒေသကောင်းသူက သာတယ်။ ဒီနှစ်မျိုး လုံးတူရင်လည်း စီမံညွှန်ပြပေးတဲ့ မှီခိုရာပုဂ္ဂိုလ်တို့ရဲ့ အရည်အချင်း အလိုက် ကွာခြားမယ်။ ဒီသုံးမျိုးလုံး တူတယ်ဆိုရင် ကိုယ့်ကိုယ်ကိုယ် ကောင်းအောင်တည်ဆောက်နိုင်မှုရှိသူက သာမှာပေါ့။

ပြီးတော့ နောက်တစ်ခုက အခုန နတ်မှီတောရဆရာတော် ပြောသွားသလိုပဲ ဗုဒ္ဓဘာသာတွေဟာ သင်္ဂဟနဲ့ ဒါနကို သိပ်ပြီး ကွဲကွဲ ပြားပြား နားမလည်ကြဘူး။ ကိုယ့်ပစ္စည်း သူများကိုပေးလိုက်ရင် ဒါန ချည်းပဲလို့ ထင်နေကြတယ်။ မင်္ဂလာကဗျာကို သေသေချာချာ မစဉ်းစား မိကြဘူးနဲ့ တူပါတယ်။ ကဗျာရေးတဲ့ ပုဂ္ဂိုလ်က ပါဠိတော် အဋ္ဌကထာ အားလုံးညှိပြီး သေချာရေးထားတာပါ။ သင်္ဂဟနဲ့ ပတ်သက်လို့ ...

■ ကျွေးသစ်ချကာ၊ သားနှင့် မယားကို၊ မြှောက်စားချီးမြှင့်

http://www.dhammadownload.com



ဝတ်ကုန်စေ။

■ ဆွေမျိုးတွေကို၊ ပြင်ပမထားနဲ့၊ သင်္ဂဟတရားနဲ့ ချီးမြှောက်လေတဲ့။

သားမယားအပေါ်မှာပြုတဲ့ သင်္ဂဟတရားဆိုတာ ဟို "သာလိကာကေဒါရ ကျေးသား"ဇာတ်တော်မှာ လာတဲ့အတိုင်း တစ်ဘဝ အိုးစာမင်းစာအဖြစ်နဲ့ ကြွေးသစ်ချတဲ့သဘောမျိုး ပေးတာ၊ "ဆွေမျိုးတွေကိုပြင်ပမထားနဲ့" ဆိုတာကလည်း အရေးကြုံရင် ကိုယ့်ရဲ့အတွင်းလူယုံအဖြစ် အားကိုးရအောင် စည်းရုံးရေးသဘောနဲ့ ပေးတာမျိုးပါ။ နတ်မှီ ဆရာတော် ပြောသလိုပဲ ဘဝလုံခြုံရေးအတွက် ရင်းနှီးမြှုပ်နှံတဲ့သဘောနဲ့ ပေးတာမျိုးလို့ ဆိုလိုတာပါ။

"ဒါန"ဆိုတာကိုကျတော့...

■ သုံးတန်စေတနာ၊ ဖြူစင်လန်းလို့ ပေးကမ်းဝေမျှ လှူနိုင်စေတဲ့။ "သုံးတန်စေတနာ ဖြူစင်လန်း"ဆိုတာ မလှူမီကော၊ လှူဆဲမှာကော၊ လှူပြီးတဲ့နောက်မှာကော စေတနာ သုံးတန်လုံးမှာ လောဘ၊ ဒေါသ စတဲ့ ကိလေသာ အညစ်အကြေးတွေ စင်စင်ကြယ်ကြယ်ထားပြီး ပေးကမ်းလှူဒါန်း ရမှာဖြစ်ပြီး ရရှိမယ့် အကျိုးကိုတောင်ကိုယ့်အတွက်ဆိုတဲ့ လောဘစိတ်မထားဘဲ အမျှအတန်းပါ ပေးဝေရမယ်လို့ ဆိုတာပါ။ ဒါလည်း နတ်မှီဆရာတော် ပြောသလို ပါပဲ။ ပစ္စည်းဝတ္ထုအပေါ်မှာ ငါ့ဥစ္စာ၊ ငါ့အတွက်ဆိုတဲ့ တွယ်တာ တပ်မက်မှုကိုပယ်စွန့်တဲ့သဘောသက်သက်ပဲ ဖြစ်ရမယ်လို့ ဆိုလိုတဲ့သဘောပါပဲ။

'ဒါန'လို့ အမည်တပ်ထားပေမယ့် ကိုယ့်အတွက် ဘဝလုံခြုံရေး၊ လောကီစည်းစိမ်ရရှိရေးကို တောင့်တပြီး ပေးကမ်းတယ်ဆိုရင် ဒါဟာ "သင်္ဂဟ"သဘောနဲ့ ပေးကမ်းမှုသာဖြစ်တယ်။ ဒါန မဟုတ်ဘူး။ ဒါနဖြစ်အောင် ပေးတာဖြစ်ရင်လည်း အတွယ်အတာ အစွဲဥပါဒါန်

http://www.dhammadownload.com



ကင်းရေး အတွက် လေ့ကျင့်တာဖြစ်လို့ ပါရမီမြောက်တဲ့ ကုသိုလ်ပဲ ဖြစ်ရမှာပါ။ ဒီကုသိုလ်မျိုး စစ်မှန်မှ နိဗ္ဗာန်အထိ အကျိုးကြီးမှာပေါ့။ တောင်မြို့ ဆရာတော် (အရှင်ဇနကာဘိဝံသ) မိန့်ကြားတဲ့...

"တစ်စ တစ်စ စွန့်ဝံ့မှလျှင် ဘဝနောက်နှောင်း တာရှည် ကောင်း၏" ဆိုတာလည်း ဒီလိုပါရမီမြောက်အောင် စေတနာသုံးတန် အစင်အကြယ်နဲ့ ပြုလုပ်တဲ့ ဒါနစစ်စစ်ကို ပြောတာပါပဲ။ သင်္ဂဟ သဘော ပေးကမ်းခြင်းနဲ့ ပတ်သက်လို့ ဝိသုဒ္ဓိမဂ်မှာ...

"ယသကာမတာယ ပဝတ္တိတံ ဟီနံ = လောကီအခြံအရံ အကျော် အစောကို တောင့်တပြီးဖြစ်စေတဲ့ ပေးကမ်းမှုဟာ အနိမ့်စားသာဖြစ်တယ်" လို့ ဆိုပါတယ်။

တကယ်လို့ လောကီကောင်းကျိုးလောက်ကိုသာ တောင့်တပြီး ပြုလုပ်တယ်ဆိုရင်လည်း "ပုညဖလ ကာမတာယ ပဝတ္တိတံ မဇ္ဈိမံ = ကောင်းမှုအကျိုးကို မျှော်ကိုးတောင့်တပြီး ပြုလုပ်တဲ့ ကုသိုလ်ဟာ အလယ်အလတ်တန်းစား အဆင့်မှာပဲရှိတယ်"တဲ့။

ပါရမီမြောက်တဲ့ ကုသိုလ်စစ်စစ်နဲ့ ပတ်သက်လို့ကျတော့...

"ကတ္တဗ္ဗမေဝိဒန္တိ အရိယဘာဝံ နိဿာယ ပဝတ္တိတံ ပဏီတံ = ဒီလို ကုသိုလ်အလုပ်ဆိုတာ အရိယာလောင်းလျာတို့ ပြုရိုးပြုစဉ် ပြုလုပ် ထိုက်တဲ့ အလုပ်ဖြစ်တယ်လို့ ခံယူပြီး ကိလေသာကင်းစင်တဲ့ အရိယာ အဖြစ်ကို အမှီပြုဖြစ်စေအပ်တဲ့ ကောင်းမှုသာ အမြတ်ဆုံး ဖြစ်တယ်"လို့ ဆုံးဖြတ်ပါတယ်။ ဒီလို ဒါနမျိုးမှသာ ကိုယ်က ကန့်သတ် တောင့်တခြင်း မရှိတဲ့အတွက် နိဗ္ဗာန်ကို မျက်မှောက်ပြုတဲ့အထိ အကန့်အသတ်မရှိ အကျိုးကြီးမားတယ်လို့ ဆိုလိုတာပါ ဆိုတဲ့ အကြောင်း ဆွေးနွေးပြောဆိုကြပါတယ်။

စောစောကမေးတဲ့ အရှင်မြတ်က "ဒီလိုဆိုရင် တခြားနိုင်ငံသား

http://www.dhammadownload.com



တွေ တိုးတက်ကြီးပွားလာတာ 'ဒါနစစ်စစ် ပြုလုပ်ခဲ့ကြလို့'လို့ ဆိုရမှာလား။ သူတို့မှာ သရဏဂုံမှ မရှိဘဲနဲ့ စင်ကြယ်တဲ့ ကုသိုလ် ဆိုတာ ဖြစ်နိုင်ပါ့မလား"လို့ ထပ်မေးပါတယ်။

အရှင်ဘုရား မေးခွန်းက အပိုင်းနှစ်ပိုင်း ပါတယ်နော်။ ပထမ ပိုင်းက 'ဒါနစစ်စစ် ပြုလုပ်ခဲ့ကြလို့လား' ဆိုတဲ့အပိုင်း၊ ဒါကတော့ စောစောက ပြောခဲ့သလိုပေါ့။ ဒါနရှိတာချင်းတူရင် ပတိရူပဒေသဝါသ၊ သပ္ပုရိသူပနိဿယ၊ အတ္တသမ္မာပဏိဓိ ဆိုတဲ့ အင်္ဂါရပ်တွေ သာလွန်သူ က အကျိုးပိုကြီးတာပေါ့။ ဒါနဲ့ပတ်သက်လို့ တပည့်တော် ကိုယ်တွေ့ လေးတစ်ခု ပြောပြမယ်နော်။

တပည့်တော်ငယ်ငယ် ကျောင်းနေစလောက်တုန်းက မိုးရွာ ပြီးစ ရေမြောင်းဘေးမှာ အပေါ့သွားရင်း ပစ္စည်းတစ်ခု ကောက်ရတယ်။ ဝါဝါလေးနဲ့ အဖျားချွန်ပြီး အထစ်ကလေးတွေနဲ့ဆိုတော့ ဘုရားထီးပုံစံ ကလေးပေါ့။ လှလို့ ကောက်ယူပြီး ဆရာတော်ဘုရားရှေ့ သွားပြတော့ "အဲဒါ ရွှေဦးစီးနားချောင်း"တဲ့။ အဲဒီခေတ်တန်ဖိုးနဲ့ ငါးဆယ်လောက် တန်ပါတယ်။ တောမှာတော့ ဧရာမကံကောင်းသူ ဖြစ်သွားတာပေါ့။

နောက် ရဟန်းဖြစ်ပြီးလို့ ဇွဲရာသီ မိုးကုတ်မှာနေတော့ မုန့်ဟင်းခါးရောင်းသူတစ်ဦး ကျောက်တူးတဲ့နေရာတွေ လှည့်လည်ပြီး မုန့်ဟင်းခါးရောင်းရာက ပြန်လာတော့ မောလို့ လမ်းဘေးက ဆီးပင် ရိပ်မှာ မုန့်ဆိုင်းနှစ်ခုကိုချပြီး နားနေတာ။ အဲဒီအချိန်မှာ ကျောက်ကို မိုင်းနဲ့ခွဲပြီး တူးတဲ့ဆီက အသံကြားရပြီး မကြာခင် မုန့်ဆိုင်းပေါ်ကို လက်သီးလောက် ကျောက်ခဲတစ်လုံး လာကျလို့ မုန့်ဆိုင်းကျိုးပဲ့သွား တယ်။ အလန့်တကြားနဲ့ ကျောက်ခဲကို ကောက်ကြည့်လိုက်တော့ အနီရောင် ပတ္တမြားတစ်လုံးကပ်နေတာ တွေ့ရတယ်။ နားလည်သူကို ပြကြည့်တော့ တစ်သိန်းနီးပါး တန်သတဲ့။ အဲဒီလူလည်း ရောင်းချပြီး

http://www.dhammadownload.com



သူ့အရပ် ပြန်သွားလေရဲ့။ "ရွာမှာ မြေနဲ့ ယာနဲ့ အိုးအိမ်၊ လှည်း၊ နွားနဲ့ တင့်တင့်တယ်တယ် နေလို့ရပြီ"လို့ပြောတာပဲ။ ပြောချင်တာကတော့ ကံရဲ့ အလှည့်အခွင့်သာတာချင်းတူရင် အရပ်ဒေသ (ပတိရူပဒေသ) လိုက်ပြီး အကျိုးပေးချင်း ကွာတယ်ဆိုတဲ့အကြောင်းပါ။

□

http://www.dhammadownload.com

## ချီးမြှောက်ခြင်းနဲ့ လှူဒါန်းခြင်း (၂)

နောက်တစ်ပိုင်းက "သူတို့မှာ သရဏဂုံမှ မရှိဘဲနဲ့ စင်ကြယ်တဲ့ကုသိုလ် ဆိုတာ ဖြစ်နိုင်ပါ့မလား" ဆိုတဲ့ အပိုင်းပဲ။ ဒီအပိုင်းနဲ့ပတ်သက်လို့ အထင်ရှားဆုံး သာဓကတစ်ခုနဲ့ ပြောရရင် ဝေဿန္တရာမင်းကြီးရဲ့ အလှူပါပဲ။ အလှူခံပုဂ္ဂိုလ်ကို ကြည့်လိုက်ရင် မယားငယ်ငယ်လေး ယူထားတဲ့ ဇူဇကာပုဏ္ဏားယုတ်ပါပဲ။ (ပုဏ္ဏားယုတ်လို့ ပြောရတာ ကတော့ ကလေးငယ်နှစ်ဦးကို မညှာမတာ နှိပ်စက်တာကိုကြည့်ပြီး ပြောရတာပါ) ဒီအလှူတော်မှာ မြေကြီးက တုန်ခါပြီး အသိအမှတ် ပြုရတယ်လို့ ဆိုပါတယ်။ ဝေဿန္တရာမင်းကြီးဟာ ဘယ်ဘာသာဝင်မှ မဟုတ်ပါဘူး။ ဘာသရဏဂုံမှလည်း မရှိပါဘူး။ အဲဒီအလှူကို မစင်ကြယ်ဘူးလို့ ဘယ်သူမှ သံသယဖြစ်စရာ မရှိပါဘူး။ မြေကြီး (မြေစောင့်နတ် အပါအဝင် နတ်ဒေဝတာများ)ကတောင် အသိအမှတ် ပြုရတဲ့ အလှူကြီး မဟုတ်ပါလား။

ဒီနေရာမှာ (သဘောထားကြီးကြီးနဲ့ သုံးသပ်ဖို့တော့ လိုပါ

http://www.dhammadownload.com



တယ်) ဗုဒ္ဓဘာသာဝင် တော်တော်များများဟာ ဘယ်ကုသိုလ်မဆို သရဏဂုံဆောက်တည်ပြီး ဗုဒ္ဓဘာသာဝင်အဖြစ်နဲ့ပြုလုပ်မှသာ စင်ကြယ် မြင့်မြတ်တဲ့ အလှူဖြစ်မယ်လို့ အစွဲသန်တတ်ကြပါတယ်။ မြတ်စွာဘုရား ပါရမီဖြည့်ခဲ့တဲ့ အချိန်ကာလဟာ လေးသင်္ချေနဲ့ ကမ္ဘာတစ်သိန်းကြာတယ်။ ဘဝပေါင်းကတော့ မရေမတွက်နိုင်ပါဘူး။ ဒီလောက်ကြာတဲ့ အချိန်ကာလအတွင်းမှာ သဗ္ဗညုတ ဘုရားရှင်ပေါင်း ၂၄ ဆူ ပွင့်ပါတယ်။ ဘုရားမပွင့်တဲ့ ကပ်ကမ္ဘာတွေ အများကြီးပဲ။ အဲဒီအချိန် ကာလတွေမှာ ဘုရားအလောင်း ဖြည့်ခဲ့တဲ့ ပါရမီကုသိုလ်တွေကို မစင်ကြယ်တဲ့ ကုသိုလ်တွေလို့ မှတ်ယူ ရမလား စဉ်းစားပါ။ ဒါနပရမတ္ထ ပါရမီရဲ့ သာစကဖြစ်တဲ့ ယုန်မင်းဟာ ဘယ်ဘာသာဝင်လို့ ပြောချင်လဲ။

ဒီနေရာမှာ ကွဲကွဲပြားပြား နားလည်ဖို့က ဒုက္ခငြိမ်းရာ နိဗ္ဗာန်ကို မျက်မှောက်ပြုဖို့ ကျင့်မယ်ဆိုရင် မဂ္ဂင်ရှစ်ပါးကလွဲလို့ တခြားနည်း မရှိဘူး။ မဂ္ဂရှစ်ပါးဆိုတာ သဗ္ဗညုတ ဘုရားရှင်တို့ရဲ့ သာသနာတော်က လွဲလို့ တခြား ဘယ်မှာမှ မရှိနိုင်ဘူး။ ဒါဟာ လုံးဝ ပုံသေကားကျပဲ။ မြင့်မြတ်တဲ့ ပါရမီကုသိုလ်ဖြစ်ဖို့ရာကတော့ သာသနာတွင်း သာသနာပ ရယ်လို့ ကန့်သတ်ချက် မရှိဘူး။ "စေတနာဟံ ဘိက္ခဝေ ကမ္မံ ဝဒါမိ" ဆိုတဲ့အတိုင်း စေတနာဓမ္မဟာ အဓိကပဲ။ စေတနာဓမ္မဆိုတာ ဓမ္မ နိဿတ္တ နိဇ္ဇီဝ သဘောဖြစ်လို့ သတ္တဇီဝဆိုတဲ့ သတ်မှတ်ကန့်သတ်ချက် မရှိတဲ့ ဓမ္မသဘာဝဖြစ်လို့ ဘယ်လိုဘာသာတရားနဲ့မှ ကန့်သတ်ပိုင်းခြား ထားခြင်းလည်း မရှိပါဘူး။

ဒါကြောင့် ဗုဒ္ဓဘာသာဝင်မဟုတ်တဲ့ မာသာထရီဇာတို့လို ကိုယ်ကျိုးအားလုံးကို စွန့်လွှတ်ပြီး ဒုက္ခိတသတ္တဝါမှန်သမျှကို လူမျိုး ဘာသာ ကန့်သတ်ခွဲခြားမှု မထားဘဲ စာနာထောက်ထား ရိုင်းပင်း

http://www.dhammadownload.com



ကူညီတဲ့ ကုသိုလ်မျိုးကို မစင်ကြယ်ဘူးလို့ လုံးဝ ပြောလို့မရပါဘူး။ ကံတစ်ခုရဲ့ အမြင့်ဆုံးကို အဘိဓမ္မာနည်းအရ ဝေဖန်တဲ့အခါ ကောင်းကျိုးကို သိမြင်တဲ့ အသိဉာဏ်နဲ့ယှဉ်ပြီး ကံရဲ့ မပြုမီနဲ့ ပြုပြီးတို့မှာ ကိုယ့်အတွက် တောင့်တခြင်း၊ ကြောင့်ကြခြင်းဆိုတဲ့ အကုသိုလ် အလိုဆိုးတွေ ကင်းနေရင် အမြင့်မြတ်ဆုံးဖြစ်တဲ့ 'တိဟိတ်ဥက္ကဋ္ဌကံ'လို့ ခေါ်ပါတယ်။ မပြုလုပ်မီလည်း စိတ်ကို သန့်စင်အောင်ထား၊ ပြုဆဲနဲ့ ပြုပြီးတို့မှာလည်း ကိုယ့်အတွက် ကိုယ်ကျိုးမျှော်ကိုးမှု ကင်းကင်းနဲ့ စင်စင်ကြယ်ကြယ်ထားပြီးလုပ်တဲ့ ကုသိုလ်မျိုးပါ။

အကုသိုလ်ကံ ရှေ့နောက်ရဲ့
မှတ်ရန် ဩမက (အညံ့စား)
ကုသိုလ်နှစ်တန် ရှေ့နောက်ရဲ့
မှတ်ရန် ဥက္ကဋ္ဌ (အမြတ်စား)

ဆိုတဲ့ လယ်တီဆရာတော်ဘုရားရဲ့ သံပေါက်အတိုင်းပါပဲ။ ဗုဒ္ဓဘာသာဝင်တိုင်း သဘောထားကြီးကြီးနဲ့ နားလည်သင့်တဲ့ အချက်ကတော့ 'ဣဒမေဝသစ္စံ၊ မောဃမညံ = ငါ့ ဝါဒသာ အမှန်ဖြစ်တယ်။ တခြားဝါဒတွေဟာ အလကားဝါဒတွေ"ဆိုတဲ့ ခံယူချက်မျိုးဟာ မိစ္ဆာ ဒိဋ္ဌိဝါဒီတို့ရဲ့ လက်သုံးစကားသာ ဖြစ်တယ်။ သဗ္ဗညုဘုရားရှင်တို့ရဲ့ လက်သုံးစကား လုံးဝ မဟုတ်ရုံသာမက ဝိဘဇ္ဇဝါဒီဆိုတဲ့ အရိယာတပည့်သားတို့ ပြောဆိုသုံးစွဲသင့်တဲ့ စကားမျိုး မဟုတ်ဘူးဆိုတဲ့ အချက်ပါပဲ။ ဒါကို အထူး သတိထားသင့်တယ် ဆိုတဲ့အကြောင်း မိမိက ဝင်ရောက်ဆွေးနွေးပါတယ်။

နတ်မှီ နောင်တော်ကြီးကတော့ သူ့ထုံးစံအတိုင်း မျက်နှာထား ချိုချို အသံအေးအေးနဲ့ "ဒါတွေကတော့ စပ်မိတုန်း ကိုယ့်အချင်းချင်း သိထားသင့်တဲ့ အချက်ကလေးတွေပေါ့လေ။ အခုကပြောလိုတဲ့ အချက်

http://www.dhammadownload.com



ကတော့ တို့တောင်တွင်းက ဒကာ၊ ဒကာမတွေကိုပဲ မကြာခဏ ပြောဖူးပါတယ်။ 'ဒါန'ကို အထင်မသေးကြပါနဲ့။ ဒါနဆိုတာ လောကဂုဏ် သိက္ခာနဲ့ လောကီကောင်းကျိုးအတွက် ရင်းနှီးမြှုပ်နှံတဲ့ အလုပ်မျိုး မဟုတ်ဘူး။ ဗုဒ္ဓလမ်းစဉ်ရဲ့ အခြေခံလုပ်ငန်းဖြစ်တယ်။ ဗုဒ္ဓလမ်းစဉ်ရဲ့ အမြင့်ဆုံး ရည်မှန်းချက်က အစွဲဥပါဒါန်တွေ အားလုံးချုပ်ငြိမ်းပြီး နိဗ္ဗာန်ကို အာရုံပြုနိုင်ရေးပဲ။ 'ဒါန'ဆိုတာ မိမိကိုယ်နဲ့ မိမိတို့ပိုင်ဆိုင်တဲ့ ပစ္စည်း ဥစ္စာတို့အပေါ်မှာ တွယ်တာ စွဲလန်းနေမှု (ဥပါဒါန်)တရားကို ပယ်ဖြတ်နိုင်အောင် လေ့ကျင့် ပေးတဲ့ အလုပ်ဖြစ်တယ်"ဆိုတဲ့ အကြောင်းပါပဲ။

ဟုတ်တယ်။ "ပါရမီဆယ်ပါးထဲမှာ ဒါနပါရမီကို ပထမဆုံး ထားရတာဟာ လူတိုင်းလည်း လုပ်နိုင်လို့၊ ပြုလုပ်ရတာလည်း လွယ်ကူ လို့"လို့ တချို့က ပေါ့ပေါ့လေး မှတ်ထင်တတ်ကြပါတယ်။ အမှန်ကတော့ "ငါ... ငါ့ဥစ္စာလို့ သတ်မှတ်စွဲလမ်းနေတဲ့ အတ္တဝါဒနဲ့ ဥပါဒါန်ထုထည်ကြီးကို တဖြည်းဖြည်း ပါးရာကနေ ပျောက်သွားအောင် လေ့ကျင့်ပေးတဲ့ တကယ့်အခြေခံလုပ်ငန်းကြီး၊ 'စွဲလမ်းမှု'ဆိုတာကို 'လျှော့'မပေးနိုင်သမျှ တခြားပါရမီတွေကို ပြည့်အောင် ဖြည့်ဖို့ဆိုတာ (သေချာစဉ်းစားကြည့်) ဖြစ်ကို ဖြစ်နိုင်ဖို့ မလွယ်ပါဘူး။ စွဲလမ်းမှု ဥပါဒါန်အားကြီးနေရင် သီလလည်း မစင်ကြယ်နိုင်ဘူး။ ကျန်တဲ့ နေက္ခမ္မတို့ ပညာ၊ ဝီရိယ၊ ခန္တီ၊ သစ္စာ၊ အဓိဋ္ဌာန၊ မေတ္တာ၊ ဥပေက္ခာတို့ ဆိုတာတွေလည်း လုံးဝ မစင်ကြယ်နိုင်တော့ပါဘူး"ဆိုတဲ့အကြောင်း ဆက်လက်ဆွေးနွေးပါတယ်။

စကားဝိုင်းမှာပါတဲ့ မထေရ်လေးတစ်ပါးက "အရှင်ဘုရားတို့ အခုပြောခဲ့တဲ့ အချက်တွေက ထေရဝါဒ ပိဋကတ်တော်မှာကော အနိုင်အမာ ပါရဲ့လား။ တပည့်တော် သံသယရှိလို့၊ လက်မခံနိုင်လို့

http://www.dhammadownload.com



ခုလို မေးတာ မဟုတ်ပါဘူးနော်။ တပည့်တော်တို့က တခြားနေရာတွေမှာ ဒီသဘောတရားတွေကို ဆွေးနွေးဖြစ်ကြတဲ့အခါ 'ကျမ်းထောက်မခိုင် စကားယိုင်' ဆိုသလို ကိုယ့်ဘက်က အခိုင်အမာ သာဓကမပြနိုင်ရင် ကိုယ့်စကား 'ယိုင်'သွားအောင် သူများက ဝိုင်းပယ်ကြမှာစိုးလို့ပါ"ဆိုပြီး လျှောက်ထားပါတယ်။

မိမိက စာအုပ်စင်ပေါ်မှာ အသင့်ရှိနေတဲ့ "တိပိဋကဓရ အရှင် သုမင်္ဂလလင်္ကာရ"ရဲ့ 'ပါရမီတော်'ဆိုတဲ့ စာအုပ်ကို လှမ်းယူပြီးတော့မှ အဲဒီစာအုပ်ရဲ့ စာမျက်နှာ ၇၅ ကနေစပြီး ပါတဲ့အတိုင်း (ဒီအကြောင်း အရာများဟာ သီလက္ခန် ဋီကာသစ် ပထမအုပ်မှာ ပါတဲ့အတိုင်းပါ) ပါရမီတော်အားလုံးရဲ့ ညစ်နွမ်းကြောင်းတရားဟာ တဏှာ၊ မာန၊ ဒိဋ္ဌိ ဆိုတဲ့ တရားသုံးမျိုးကြောင့် ဖြစ်ပါတယ်။ ဒီတရားတွေထဲမှာ တဏှာ၊ ဒိဋ္ဌိက ဥပါဒါန်တရားထဲမှာ တိုက်ရိုက်ပါနေတယ်။ မာနဆိုတဲ့ တရားကိုလည်း စဉ်းစားကြည့်ပေါ့။ "ငါမှ ငါ"ဆိုတဲ့ အတ္တဝါ - ဒုပါဒါန်ရဲ့ ကိုယ်ပွားပါပဲ။ ပြီးတော့ ပါရမီ တစ်ခုချင်းစီရဲ့ ညစ်နွမ်း ကြောင်းနဲ့ ပတ်သက်လို့လည်း...

လှူဖွယ်ဝတ္ထုနဲ့ အလှူခံပုဂ္ဂိုလ်တို့ကို ခွဲခြားသတ်မှတ် စွဲလမ်းမှုကြောင့် ဒါနပါရမီ ညစ်နွမ်းတယ်။ (ပစ္စည်းကောင်း၊ ညံ့နဲ့ အလှူခံ မျက်နှာကြီး၊ မျက်နှာငယ် ခွဲခြားမှုကို ဆိုလိုတာပါ)

သတ္တဝါနဲ့ အချိန်ကာလကို ခွဲခြား (စွဲလမ်း)မှုကြောင့် သီလ ပါရမီ ညစ်နွမ်းတယ်။ (လူနဲ့ တိရစ္ဆာန်မှာ လူအသက်ရှင်ရေးအတွက် တိရစ္ဆာန် သေချင်သေဆိုတဲ့ ခွဲခြားမှုမျိုးကို ပြောတာပါ)

ကာမနဲ့ ဘဝတို့အပေါ်မှာ မွေ့လျော်ခြင်း ဒီတရားနှစ်မျိုးတို့ ငြိမ်းရာ နိဗ္ဗာန်ကို ငြီးငွေ့ခြင်းကြောင့် နေက္ခမ္မပါရမီ ညစ်နွမ်းတယ်။

ငါ၊ ငါ့ဥစ္စာဆိုတဲ့ ဖောက်ပြန်မှားယွင်း စွဲလမ်းခြင်းကြောင့်

http://www.dhammadownload.com



ပညာပါရမီ ညစ်နွမ်းတယ်။

"ဟုတ်မှ ဟုတ်ပါ့မလား။ အပင်ပန်းခံသလောက်၊ ကုန်ကျသလောက် တွက်ခြေကိုက်ပါ့မလား"ဆိုတဲ့ တွန့်ဆုတ်မှု၊ ပျံ့လွင့်မှုတို့ကြောင့် ဝီရိယပါရမီ ညစ်နွမ်းတယ်။

"မိမိနဲ့ သူတစ်ပါး"ဆိုတဲ့ ခွဲခြားမှု (ငါနဲ့ ပတ်သက်တယ်၊ မပတ် သက်ဘူးဆိုတဲ့ ခွဲခြားမှု)ကြောင့် ခန္တီပါရမီ ညစ်နွမ်းတယ်။

"မြင်တာကို မမြင်ဘူး၊ မမြင်တာကို မြင်တယ်"ဆိုတဲ့ မှားယွင်း ဖောက်ပြန်မှုကြောင့် သစ္စာပါရမီ ညစ်နွမ်းတယ်။

အကုသိုလ်ကို ဂုဏ်လို့ထင်ပြီး ကုသိုလ်ကို အပြစ်လို့မြင်တဲ့ ဖောက်ပြန်မှုကြောင့် အဓိဋ္ဌာနပါရမီ ညစ်နွမ်းတယ်။

စီးပွားရှိနဲ့ စီးပွားမဲ့တို့ကို တလွဲတချော် အစွဲမှားခြင်းကြောင့် မေတ္တာပါရမီ ညစ်နွမ်းတယ်။ (ပါရမီမြောက်တဲ့ မေတ္တာဆိုတာ ကိုယ်ကျိုးကို လုံးဝ မငဲ့ကွက်ဘဲ မိမိနဲ့ ဆက်စပ်မှုရှိသူ၊ မရှိသူ၊ နိမ့်ကျသူ၊ မြင့်မြတ်သူ ဆိုတဲ့ ခွဲခြားမှုမျိုး လုံးဝ မရှိရရုံမျှမက မိတ်ဆွေနဲ့ ရန်သူအပေါ်မှာပင် အတူမခြား တစ်သားတည်း သဘောထားပြီး ချစ်ခင်ရတာဖြစ်လို့ ဒါတွေကို အမျိုးမျိုးခွဲခြားရင် မေတ္တာပါရမီ မဖြစ်တော့ပါဘူး)

ဣဋ္ဌာရုံ၊ အနိဋ္ဌာရုံရယ်လို့ ခွဲခြားစွဲလမ်းရင် ဥပေက္ခာပါရမီ ညစ်နွမ်းတယ်လို့ ဆိုထားပါတယ်။ ဒါတွေအားလုံး ခြုံကြည့်လိုက်ရင် "ဥပါဒါန် အစွဲမလျှော့ဘဲ ဘာပါရမီမှ မပြည့်နိုင်ဘူးဆိုတာ သေချာပါတယ်" ဆိုတဲ့အကြောင်း ဖြည့်စွက်ပြောပြတော့ မထေရ်လေးက စာအုပ်ပါ အပိုင်း အလျှုံခံသွားပါတယ်။

နတ်မှီနောင်တော်ကြီးက "အဲဒီတော့ ဗုဒ္ဓဘာသာဝင်တွေ အနေနဲ့ ဒါနရဲ့ အရေးပါမှုကို အလေးအနက် သဘောပေါက်ကြဖို့နဲ့

http://www.dhammadownload.com



တန်ဖိုးထားတတ်ကြဖို့ပါ။ သာသနာတော်နဲ့ ကြုံကြိုက်လို့ 'ဒါန'ဆိုတဲ့ အလုပ်ကြီးတစ်ခုကို လုပ်ကြတဲ့အခါမှာ တစ်ဘဝစာပဲဖြစ်ဖြစ်၊ တစ်သံသရာလုံးအတွက်ပဲဖြစ်ဖြစ် လောကီ ဘဝလုံခြုံရေးအတွက် အရင်းအနှီးမြှုပ်နှံတဲ့ အလုပ်တစ်ခုလို သဘောထား လုပ်ကိုင်နေရင် ဒါဟာ ဒါနမဟုတ်ဘူး။ သင်္ဂဟမင်္ဂလာသာ ဖြစ်တယ်။ ဒါနရဲ့ အစွမ်းသတ္တိဟာ အစွဲဥပါဒါန်အားလုံး ကုန်ဆုံးရာ နိဗ္ဗာန်အထိ ပေးစွမ်းနိုင်တဲ့ အမြင့်မြတ်ဆုံး မင်္ဂလာလုပ်ငန်းကြီးဖြစ်လို့ သင်္ဂဟမင်္ဂလာအဆင့်လောက်နဲ့ ပြီးမနေသင့်ဘူးဆိုတာပါပဲ။ လောကရဲ့ ဒုက္ခတွေအားလုံး ကုန်ဆုံးရာ နိဗ္ဗာန်အထိ အကျိုးပြီးစေနိုင်တဲ့ 'ဒါန'စစ်စစ်ကြီး ဖြစ်ပြီဆိုရင်တော့ တခြားမပြီးစေနိုင်တဲ့ ကိစ္စရယ်လို့ ရှိတော့မှာ မဟုတ်ပါဘူး။ ဒါကို နားလည် တန်ဖိုးထားကြဖို့ပါ"ဆိုတဲ့အကြောင်း ပြောပြီး စကားဝိုင်း အပြီးသတ်လိုက်တယ်။

ဒါနစစ်စစ်ဖြင့်
ပါရမီအားလုံး အထောက်အကူဖြစ်ပြီး
နိဗ္ဗာန်တိုင်အောင်
ပြီးမြောက်နိုင်ကြပါစေသော်။ ။

❐

http://www.dhammadownload.com

# နှလုံးကောင်း စိတ်မြတ် (၁)

သူတော်ကောင်းစိတ်ထား၊ စိတ်ကောင်းနှလုံးကောင်းဆိုတာနဲ့ ပတ်သက်ပြီး မြတ်ဗုဒ္ဓရဲ့ တပည့်ဦး အရှင်ကောဏ္ဍည မထေရ်မြတ်ကြီးရဲ့ စိတ်ထားဟာ လေးစားစံပြု အတုယူလောက်ပါပေတယ်။

အရှင်ကောဏ္ဍည မထေရ်မြတ်ကြီးဆိုတာ အများသိကြပြီး ဖြစ်တဲ့အတိုင်း မြတ်စွာဘုရားရှင်ရဲ့ တပည့်ဦးကြီးဖြစ်တဲ့အတွက် 'ရတ္တညူ' လို့ခေါ်တဲ့ ရဟန်းပြုခဲ့တဲ့ နေ့ရက်၊ ညဥ့်တွေကို သိနိုင်စွမ်းတဲ့ ပုဂ္ဂိုလ်တွေထဲမှာ အသာဆုံး အမြတ်ဆုံး ဧတဒဂ်ဘွဲ့ရ မထေရ်မြတ်ကြီးပါ။

မြတ်စွာဘုရားရှင် ပွင့်တော်မူတဲ့ မဟာသက္ကရာဇ် ၁၀၃ ခုနှစ်၊ ဝါဆိုဦးမှာ အရှင်ကောဏ္ဍည အမှူးပြုတဲ့ ပဉ္စဝဂ္ဂီငါးပါး ရဟန်းအဖြစ်ရောက်တယ်။ နောက်တော့ ဝါတွင်းကာလမှာပဲ ယသသူဌေးသား အမှူး ပြုတဲ့ သူငယ်ချင်း ၅၅ ယောက် ရဟန်းအဖြစ်ရောက်တယ်။ ဝါကျွတ်ပြီးလို့ တပို့တွဲလဆန်းထဲရောက်တော့ ရသေ့ညီနောင်

http://www.dhammadownload.com



ရှင်တစ်ထောင် တို့လည်း ရဟန်းအဖြစ်ရောက်ကြပြီး လက်ဝဲရံ၊ လက်ယာရံဖြစ်ကြတဲ့ အရှင်မောဂ္ဂလာန်နဲ့ အရှင်သာရိပုတ္တရာ မထေရ်မြတ်နှစ်ပါးတို့လည်း သာသနာ့ဘောင် ရောက်လာကြလို့ သာသနာတော်မှာ အဂ္ဂသာဝက (အမြတ်ဆုံး တပည့်နှစ်ပါး)၊ မဟာသာဝက (ထေရ်ကြီးဝါကြီး တပည့်များ)၊ ပကတိသာဝက (အခြားတပည့်များ)ပါ စုံညီလာကြတယ်။

သာသနာတော်ရဲ့ ထုံးစံအရ မြို့ရွာတွင်း ဆွမ်းခံကြွချိန်မှာတော့ ဘုရားရှင်နောက်တော်က ထေရ်စဉ်ဝါလိုက် စီတန်းကြွရတယ်။ ပရိသတ်အများနဲ့ ညီမူ (ထိုင်နေ)တော်မူတဲ့အခါမှာတော့ ဘုရားရှင်က အလယ်ဗဟို ဓမ္မပလ္လင်နေရာမှာထိုင်ပြီး လက်ယာဘက်ကတော့ ဓမ္မသေနာပတိ အရှင်သာရိပုတ္တရာ၊ လက်ဝဲဘက်မှာတော့ အရှင်မဟာမောဂ္ဂလာန် မထေရ်တို့ အမှူးပြုတဲ့ မဟာသာဝက၊ ပကတိသာဝက ရဟန်းသိက္ခာ အစဉ်အတိုင်း ထိုင်နေတော်မူရတာ။

သာသနာ့ထုံးစံအရသာ နေရာယူကြရပေမယ့် သာသနာတော်မှာ အစဦးဆုံး သစ္စာလေးပါးကို သိတော်မူတဲ့ မထေရ်မြတ်ကြီးလည်းဖြစ်၊ သက်တော်အရလည်း ကြီးရင့်တဲ့ အရှင်ကောဏ္ဍညမထေရ်မြတ်ကြီး အပေါ်မှာ လေးစားကြည်ညိုရင်းကလည်း ရှိကြလေတော့ အရှင်မြတ်ကြီးရှေ့မှာ အဂ္ဂသာဝက နှစ်ပါးတို့က နေရာယူပြီး ထိုင်ရမှာကို မဝံ့မရဲ ရှက်နိုးအားနာ ဖြစ်ကြတယ်။

ဒါကိုသိပြီး အရှင်ကောဏ္ဍည မထေရ်မြတ်ကြီးက...

"အဂ္ဂသာဝက မထေရ်မြတ်တို့ဆိုတာ ပါရမီဖြည့်ရတဲ့ ကာလအားဖြင့် ကြည့်ရင်လည်း တစ်သင်္ချေနဲ့ ကမ္ဘာတစ်သိန်းကြာအောင် ဖြည့်ဆည်းခဲ့ရတာ။ မြတ်စွာဘုရားရှင်ပြီးရင် သာသနာတော်မှာ ပါရမီ ကာလအရှည်ကြာဆုံး (ဘုရားရှင်တို့ရဲ့ လေးပုံတစ်ပုံကာလ)

http://www.dhammadownload.com



ဖြည့်ရတယ်။ ပါရမီဓာတ်ခံ ကြီးမားကြသလို သာသနာအကျိုး၊ လောကအကျိုး ဆောင်ရွက်နိုင်စွမ်းအရ ကြည့်ရင်လည်း ဘုရားရှင်ပြီးရင် အစွမ်းနိုင်ဆုံး ပုဂ္ဂိုလ်မြတ်တွေဖြစ်တယ်။ ဒီလိုဆောင်ရွက်နိုင်စွမ်းရှိကြတဲ့ ပုဂ္ဂိုလ်တွေ ငါ့ကြောင့် မငံ့မရဲ ရှက်နိုးအားနာနဲ့ နေခက်၊ ထိုင်ခက် မဖြစ်သင့်ဘူး"လို့ စဉ်းစားတယ်။

ပြီးတော့ မထေရ်မြတ်ကြီးက ဘုရားရှင်ရဲ့ တပည့်ဦးကြီးဖြစ်တဲ့အတွက် မြတ်စွာဘုရားထံ ပူဇော်ဆည်းကပ်ဖို့ ရောက်လာကြတဲ့ လူ၊ နတ်၊ ဗြဟ္မာ ပရိသတ်တို့ကလည်း ဘုရားရှင်ကို ပူဇော်ပြီးတဲ့အခါ မထေရ် မြတ်ကြီးကိုလည်း ဝင်ရောက်ပူဇော်လေ့ ရှိကြတယ်။ ဒီလို လာရောက် ဆည်းကပ်ကြတဲ့အခါ သာသနာ့ထုံးစံအရ တရားစကား ဟောကြားမှု၊ အစေ့အစပ်စကား ပြောကြားမှု တစ်ခုခုကို ပြုလုပ်ရမယ့်တာဝန်က ပိုလာပြန်တယ်။ မထေရ်မြတ်ကြီးက သက်တော်ကြီးရင့်လာပြီ ဖြစ်တဲ့အတွက် ဖလသမာပတ် ချမ်းသာနဲ့သာ နေရတဲ့ အရိယဝိဟာရကို အလေးဂရုပြုပြီး နေတော်မူလိုတယ်။

ဒီအကြောင်းတရား နှစ်မျိုးကို အကြောင်းပြုပြီး လူသူလေးပါးနဲ့ ရောပြွမ်းခြင်းမရှိတဲ့ ဆဒ္ဒန်အိုင်အနီးမှာ သွားရောက်နေထိုင် ခွင့်ပြုဖို့ မြတ်စွာဘုရားရှင်ထံ ခွင့်ပန်ပြီး ဆဒ္ဒန်အိုင်အနီးက မဏ္ဍာကိနီ ရေကန် ဆိပ်ကမ်းမှာ ကေစာ သွားရောက်သီတင်းသုံးနေပါတယ်။

အဲဒီ အရပ်ဟာ ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့ အစဉ်အဆက်နေလေ့ရှိတဲ့ အရပ်ဖြစ်လို့ အဲဒီမှာရှိတဲ့ ဆင်ပေါင်း ရှစ်ထောင်တို့က အရိယာသူတော်စင်များကို ချိုးရေ၊ သုံးရေ၊ သစ်သီးဝလံများနဲ့ပါ ဆက်ကပ် လုပ်ကျွေးတတ်တယ်။ အနီးအပါးက ဟိမဝန္တာကေလာသတောင်မှာရှိတဲ့ နာဂဒတ္တ နတ်သားကလည်း ထောပတ်နို့ဆွမ်းတို့နဲ့

http://www.dhammadownload.com



ဆက်ကပ်လှူဒါန်း ပါတယ်။ မထေရ်မြတ်ကြီးဟာ အဲဒီရွာမှာပဲ ၁၂ နှစ်ပတ်လုံး နေထိုင်ပြီး အာယုသင်္ခါရ လွှတ်ခါနီးမှသာ မြတ်စွာဘုရားထံ လာရောက်ပြီး 'တပည့်တော် ကောဏ္ဍည ဖြစ်ပါတယ် ဘုရား'လို့ မိမိအမည်ကို ထုတ်ဖော် လျှောက်ကြား ကန်တော့ပါတယ်။

အမည်ကို ထုတ်ဖော်လျှောက်ကြားတာကတော့ မသိမမီကြတဲ့ ရဟန်းငယ်များက အကြောင်းမသိတဲ့အတွက် 'ဘယ်က ရဟန်းအိုကြီး လဲ'လို့ တွေးပြီး စိတ်ထဲက ပြစ်မှားကြမှာ စိုးလို့ပါတဲ့။ မြတ်စွာဘုရားကို နောက်ဆုံးကန်တော့ခြင်းနဲ့ ကန်တော့ပြီးတဲ့အခါ မိမိ သီတင်းသုံးနေတဲ့ မဏ္ဍာကိနီအိုင်ကိုပဲ ပြန်ကြွပြီး ပရိနိဗ္ဗာန်ပြုတော်မူပါတယ်။

မိမိအတွက် ကျော်စောသတင်း ပူဇော်သက္ကာကို လုံးဝ မငဲ့ကွက်ဘဲ သာသနာတော်အကျိုးအတွက် ညီတော်ငယ်တွေ အနေမခက်စေရအောင် ကျင့်ဆောင်တော်မူတဲ့ မထေရ်မြတ်ကြီးရဲ့ စိတ်ထားဟာ ဖြင့် တွေးလိုက်တိုင်း ကြည်နူးရသလို ကိုယ်ကျိုးမဖက်ဘဲ လောကကျိုး၊ သာသနာကျိုးကို တကယ်သယ်ပိုးလိုသူတိုင်း အားကျလိုက်နာ အတုယူ စရာကောင်းလှတဲ့ နှလုံးကောင်းစိတ်မြတ် ဖြစ်ပါတယ်။

"သူတော်ကောင်းစိတ်ထားဆိုတာ လောကကျိုး၊ သာသနာကျိုးအတွက် ကိုယ်ကျိုးစွန့် အနစ်နာခံတဲ့ စိတ်ထားမျိုးကိုပြောတာ"

မိမိ အမရပူရမြို့ကို စာသင်ဖို့ရောက်ခါစက သာသနာပွဲတစ်ခုမှာ ဓမ္မကထိက ဆရာကြီးဦးလှသိန်း တရားလာဟောတာ နာရဖူးတယ်။ ဒီဘုရားပွဲမှာ ဆရာကြီး ဦးလှသိန်းကို ဖိတ်ကြားပြီး တရားပွဲလုပ်ရတာကလည်း အကြောင်းရှိတယ်။ ဘုရားမှာ အစဉ်အလာအရ ဂေါပက လူကြီး လုပ်နေကြတဲ့ ပုဂ္ဂိုလ်တွေက ရပ်ကွက်နဲ့ တယ်ပြီး သဟာဇာတ မဖြစ်ကြဘူး။ ဒါနဲ့ ဘုရားစေတီနဲ့

http://www.dhammadownload.com



ပတ်သက်ပြီး တိုးတက်ရာ တိုးတက်ကြောင်း လုပ်ကိုင်ဆောင်ရွက်နိုင်စွမ်းရှိကြတဲ့ လူငယ် လူလတ်တွေနဲ့ အစားထိုးပြီး အသစ် ဖွဲ့စည်းကြတယ်။ ဒါကို အစဉ်အလာအရ လုပ်ခဲ့တဲ့ လူကြီးတွေက မကြိုက်ချင်ကြပြန်ဘူး။ ဒါနဲ့ နောက်ဆုံးတော့ ဘုရား ဂေါပကအလုပ်ကို အကြောင်းပြုပြီး ရပ်ကွက်မှာ သူ့အုပ်စု၊ ကိုယ့်အုပ်စု ပုံစံမျိုးလိုဖြစ်ပြီး မညီမညွတ် ဖြစ်ချင်လာတယ်။ ဒါကို အချိန်မီ ကုစားနိုင်ဖို့အတွက် ရပ်ကွက်မှာ အထိုက်အလျောက် ဩဇာလည်းရှိ၊ ငွေကြေးလည်း စိုက်ထုတ်နိုင်ကြတဲ့ ရပ်မိရပ်ဖ လူကြီး များက ဆရာကြီးဦးလှသိန်းကို ဖိတ်ကြားပြီး ဘုရားပွဲအကြို တရားပွဲအဖြစ် ထည့်ကြတာ။

လက်ရှိဖြစ်ပေါ်နေတဲ့ အခြေအနေကို သိထားပြီးဖြစ်တဲ့ အတိုင်း ဆရာကြီးကလည်း အခြေအနေနဲ့ လိုက်လျောညီထွေဖြစ်မယ့် တရားဓမ္မကို ဟောကြား ဆုံးမပါတယ်။ အဲဒီ တရားပွဲမှာ ဆရာကြီးက ရယ်စရာ သဘောမျိုးနဲ့ အဖြစ်အပျက်ကလေးတစ်ခု ပြောပြတယ်။

တစ်ခါတုန်းက မြန်မာအမျိုးသမီးတစ်ဦးနဲ့ ပေါက်ဖော်ကြီး တို့ အိမ်ထောင်ကျကြတယ်တဲ့။ သားဦးကလေးငယ် ရလာတဲ့အခါ ကျတော့ မိခင်က ကလေးငယ်ကို ထိန်းရတဲ့အတွက် ဈေးဝယ် ချက်ပြုတ် မလုပ်နိုင်တော့ဘူး။ ဒါကြောင့် ပေါက်ဖော်ကြီးပဲ ဈေးဝယ် ချက်ပြုတ်ရတယ်တဲ့။

ပေါက်ဖော်ကြီးက စီးပွားရေးလည်းရှာရ၊ ဈေးဝယ်ချက်ပြုတ်လည်း လုပ်ရဆိုတော့ ပင်ပန်းလာတယ်။ ဒါကြောင့် အိမ်မှာ နားနားနေနေ ကလေးထိန်းတဲ့အလုပ်ကို သူပဲလုပ်မယ်ဆိုပြီး အိမ်ရှင်မဆီမှာ ကလေးထိန်းပုံ လေ့လာသင်ယူတယ်။ အိမ်ရှင်မက ကလေးငိုတဲ့အခါ ပုခက်ထဲမှာ သိပ်ပြီး...

http://www.dhammadownload.com



"ကျုပ်သားကို စွန်ချီ ငှက်ပလီ ဘယ်ကိုသွားပါလိမ့်"

ဆိုတဲ့ သီချင်းကို ငြိမ့်ငြိမ့်ညောင်းညောင်းလေးဆိုပြီး ပုခက်ကို လွှဲပေးတဲ့အခါ ကလေးက မျက်တောင်စင်းပြီး အိပ်ပျော်သွားတာကို ပေါက်ဖော်ကြီးက သေချာကြည့်ပြီး သီချင်းကိုပါ သင်ယူထားတယ်တဲ့။

နောက်နေ့ရောက်တော့ အိမ်ရှင်မက ကလေးကို ပုခက်ထဲမှာ သိပ်ပြီး ဈေးသွားတယ်။ ပေါက်ဖော်ကြီးကိုလည်း ကလေးကို သေချာ ကြည့်ပြီး နိုးလာရင် သူချော့သလို သီချင်းလေးအေးအေးနဲ့ဆိုပြီး ပုခက် လွှဲပေးဖို့ မှာခဲ့တယ်။ ပေါက်ဖော်ကြီးက သီချင်းကို တိုးတိုး လေးဆိုကြည့်ရင်း စဉ်းစားတယ်တဲ့။ 'ကျုပ်သားကို'ဆိုတော့ ဒါ ဘယ်သူ့သားလဲဆိုတာ အိမ်နီးနားချင်းတွေ အသေအချာ မသိနိုင် ဘူး။ 'ကျုပ်သား'ဆိုတာ တရုတ်သားလို့ အိမ်နီးချင်းတွေ သိလောက် အောင် ကြွားချင်လာတယ်။ ဒါနဲ့ ကလေးက ပုခက်ထဲမှာ နိုးပြီး လွန့်လည်းလာရော...

"ကျုပ်သား တရုတ်သားကွနော်။ စွန်ချီတာ ဘယ်ရောက်သွား တာလဲ"ဆိုပြီး စူးစူးဝါးဝါးနဲ့ အော်လိုက်တာ ကလေးက လန့်နိုးပြီး အော်ငိုပါလေရောတဲ့။

ဆရာကြီးက အသံကလည်းကောင်း၊ အသံတု အမျိုးမျိုးက လည်း လုပ်တတ်တာဆိုတော့ ကလေးအမေဆိုပုံကိုရော၊ ပေါက်ဖော်ကြီး ဆိုပုံပါ အသံတုနဲ့ လုပ်ပြတယ်။ ပေါက်ဖော်ကြီးအသံနဲ့ သူဆိုပြလိုက်ပုံ က နားထောင်နေတဲ့ ပရိသတ်တောင် လန့်ပြီး ခေါင်းထောင်မော့ကြည့် ကြတယ်။ ပြီးတော့ ရယ်လိုက်ကြတာ။ ဆရာကြီးက ပြောလိုရင်းကိုလည်း ရှင်းပြပါတယ်။ ကလေးအငိုတိတ်အောင် လုပ်ရမယ့်ကိစ္စမှာ အငိုတိတ် ဖို့ဆီ စိတ်ကမရောက်ဘဲ တရုတ်သားပဲလို့ ကြွားချင်တဲ့စိတ်က အားကြီး သွားတော့ ကလေးက အငိုမတိတ်ဘဲ လန့်ပြီး အော်ငိုတာပေါ့။

http://www.dhammadownload.com



ဒါကြောင့် ကုသိုလ်ရေး၊ အမျိုးဘာသာ သာသနာရေးတွေကို ဆောင်ရွက်တဲ့အခါမှာ ကုသိုလ်ရဖို့၊ အမျိုးဘာသာ သာသနာ တိုးတက်ဖို့ စေတနာထားကြပါ။ ကျုပ်သားဆိုတဲ့ ကြွားချင်တဲ့ စိတ်တွေ ရှေ့တန်းတင်လာခဲ့ရင် လှုပ်ရာကနေ လန့်ပြီး အော်ငိုတတ် ကြတယ်လို့ ရှင်းပြပါတယ်။ ပြီးတော့ သူတော်ကောင်းစိတ်ကို ဇာတ်နိပါတ် အဖြစ်အပျက်များနဲ့ နမူနာပြပြီး ဟောကြားသွားတယ်။ အဲဒီ ရပ်ကွက်လည်း နောက်တော့ လူငယ်များရဲ့ ဆောင်ရွက်မှုကို လူဟောင်းကြီးတွေက ဘာမှ ကဖျက်ယဖျက် မလုပ်ကြတော့ဘဲ သင့်သင့်မျှမျှ ဖြစ်သွားကြပါတယ်။

❐

http://www.dhammadownload.com

## နှလုံးကောင်း စိတ်မြတ် (၂)

မြတ်စွာဘုရားအလောင်းတော် ကုရုတိုင်းမှာ ခမည်းတော်ရဲ့ အရိုက်အရာခံပြီး မင်းပြုတဲ့အခါ ကုရုတိုင်းမှာ ရှေးအစဉ်အလာကတည်းက လေးစားလိုက်နာရတဲ့ 'ကုရုဓမ္မ'ဆိုတဲ့ ငါးပါးသီလကို ရှင်ဘုရင်ကစပြီး တိုင်းသူပြည်သားအားလုံး အနိမ့်ဆုံးဖြစ်တဲ့ ပြည့်တန်ဆာမအထိ မကျိုးပေါက်အောင် လေးစားလိုက်နာကြတယ်။

သီလ စင်ကြယ်ပြီး ဘုန်းကံကြီးမားတဲ့အတွက် ဘုန်းကံရဲ့ သင်္ကေတအဖြစ် 'အဥ္စနဝဏ္ဏ' အမည်ရှိတဲ့ မင်္ဂလာဆင်တော်ကိုလည်း ရှင်ဘုရင်က ပိုင်ဆိုင်ရတယ်။ တိုင်းပြည်မှာ မိုးလေဝသမှန်ကန်ပြီး ဆန်ရေ စပါး ပေါများတဲ့အတွက် သာယာဝပြောတယ်။

ကုရုတိုင်းရဲ့ အိမ်နီးချင်း တိုင်းပြည်ဖြစ်တဲ့ ကာလိင်္ဂမင်း အုပ်ချုပ်ရာ ကာလိင်္ဂတိုင်းမှာတော့ မိုးလေဝသ မမှန်ကန်တဲ့အတွက် မိုးခေါင်ရေရှားဘေး၊ ဝမ်းမွတ်ခေါင်းပါးဘေး၊ ရောဂါဘယထူပြောတဲ့ ဘေးကြီးတွေ ကျရောက်ပြီး တစ်တိုင်းပြည်လုံး မငြိမ်မသက် ယောက်

http://www.dhammadownload.com



ယက်ခတ်နေကြတယ်။ မိုးလေဝသ မှန်ကန်စေတယ်လို့ အစဉ်အလာက လက်ခံခဲ့တဲ့ နည်းတွေကို ကျင့်သုံးကြည့်ပေမယ့်လည်း အခြေအနေက ထူးမလာဘူး။

ဒါနဲ့ ရှင်ဘုရင်က ပညာရှိအမတ်များနဲ့ တိုင်ပင်တဲ့အခါ အမတ်များက ကုရုဘုရင်မှာ 'အဉ္ဇနဝဏ္ဏ' အမည်ရှိတဲ့ မင်္ဂလာဆင်တော်ရှိတယ်။ အဲဒီဆင်တော်ကို ဆောင်ယူနိုင်ရင် မိုးလေဝသ မှန်ကန်လိမ့်မယ်လို့ လျှောက်ထားကြတယ်။ မင်္ဂလာဆင်တော်ကိုရအောင် ဘယ်လိုဆောင်ကြဉ်းကြမလဲလို့ တိုင်ပင်တဲ့အခါ ကုရုဘုရင်ဟာ စေတနာကောင်းပြီး အလှူအတန်း ရက်ရောတယ်။ အကြောင်းစုံလျှောက်ထားပြီး အလှူခံရင် ရနိုင်ပါတယ်လို့ တင်ပြကြတဲ့အတွက် ပုဏ္ဏားရှစ်ယောက်တို့ကို စေလွှတ်ပြီး အလှူခံခိုင်းလိုက်တယ်။

ကုရုတိုင်းဘုရင် ဓနဉ္စယကောရဗျမင်းက ပုဏ္ဏားများ အလှူခံတဲ့အတိုင်း မင်္ဂလာဆင်တော်ကို အဆင်တန်ဆာ အပြည့်အစုံဆင်ယင် ပြီး ဆင်ဦးစီး၊ ဆင်ထိန်းတို့နဲ့အတူ လှူဒါန်းလိုက်ပါတယ်။ မင်္ဂလာ ဆင်တော် ရောက်လာမယ့်နေ့မှာ ကာလိင်္ဂကဘုရင်နဲ့ တိုင်းသူပြည်သား အားလုံး ဝမ်းပန်းတသာ ကြိုဆိုကြပါတယ်။ မင်္ဂလာဆင်တော် ရောက်လာပြီးတဲ့အခါမှာလည်း ကာလိင်္ဂတိုင်းရဲ့ ရာသီဥတု အခြေအနေက ပြောင်းလဲမလာပါဘူး။

အကြောင်းမှန်သိဖို့ ကုရုတိုင်းသားဖြစ်တဲ့ ဆင်ထိန်းကို မေးမြန်းတဲ့အခါ ကုရုတိုင်းမှာ မိုးလေဝသမှန်ကန်ပြီး တိုင်းပြည်သာယာဝပြောတာဟာ တစ်တိုင်းပြည်လုံး ကုရုဓမ္မကို လိုက်နာကျင့်သုံးကြတဲ့ ကုသိုလ်ကံကြောင့် ဖြစ်တယ်။ ဒါနဲ့ မင်္ဂလာဆင်တော်ကို အဆင်တန်ဆာ အခြံအရံများနဲ့အတူ ပြန်လည်ဆက်သပြီး ကုရုဓမ္မတရားကို ရွှေပြားမှာ ရေးသားမှတ်ယူခဲ့ကြဖို့ စီစဉ်ကြရတော့တယ်။

ကာလိင်္ဂမင်းရဲ့ စေတမန်များက ကုရုဘုရင်ထံမှာ ကုရုဓမ္မကို

http://www.dhammadownload.com



မြှက်ကြွားပေးဖို့ လျှောက်တင်ကြတဲ့အခါ ချက်ချင်း မဟောပြသေးဘူး။ ကုရုဓမ္မကို လိုက်နာတဲ့အခါ ပညာရှိတို့ ကဲ့ရဲ့ဖွယ်ဖြစ်တဲ့ ချွတ်ယွင်းချက် အနည်းငယ်မျှလေးကိုတောင် သံသယဖြစ်ရပုံကို ပြောပြီးမှ သင်ကြား ပေးတယ်။ ပြီးတော့ ဒီတရားကို ပိုပြီးစင်ကြယ်အောင် စောင့်ထိန်းမယ် ထင်ရတဲ့ မယ်တော်၊ အိမ်ရှေ့မင်း စတဲ့ အဆင့်ဆင့်ထံကိုလည်း လျှောက်ထားတောင်းခံဖို့ ညွှန်ကြားလိုက်သေးတယ်။

ကာလိင်္ဂမင်းရဲ့ စေတမန်များကလည်း အဆင့်ဆင့်ညွှန်ကြား ချက်အတိုင်း နောက်ဆုံး ပြည့်တန်ဆာမအထိ ကုရုဓမ္မနဲ့ ပတ်သက်လို့ စုံစမ်းနာယူပြီး ရွှေပြားမှာ မှတ်တမ်းတင်ယူကြတယ်။ အားလုံးကပဲ ကုရုဓမ္မအပေါ် ဘယ်လောက် အလေးအနက်ထားကြောင်းနဲ့ သူတို့ တွေ့ကြုံရတဲ့ သံသယဖြစ်စရာ ချွတ်ယွင်းချက်များကို ပြောပြပြီးမှ သင်ပေးလိုက်ကြတယ်။

ရှင်ဘုရင်က သူပစ်လွှတ်လိုက်တဲ့ မြားလေးစင်းထဲက ကုန်းပေါ် ကျတဲ့ မြားသုံးစင်းကြောင့် ဘယ်သတ္တဝါကိုမှ မထိခိုက်တာ သိရပေမယ့် ရေထဲကျတဲ့ မြားတစ်စင်းအတွက် သံသယဖြစ်ရပုံ။

အိမ်ရှေ့မင်းကလည်း ဘုရင်ထံ အခစားဝင်ရာမှာ ရထားထိန်းနဲ့ နောက်ပါ ပရိသတ်တွေကို ညနေပြန်လာမယ်လို့ သင်္ကေတပြခဲ့ပေမယ့် တစ်ညအိပ်လိုက်ရတဲ့အတွက် ပရိသတ်ကို တစ်ညတာ ညှဉ်းဆဲမိသလို ဖြစ်ရပုံ။

နောက်ဆုံး ပြည့်တန်ဆာမကို စုံစမ်းတဲ့အခါ တစ်ယောက်တည်း ဆီက အသပြာတစ်ထောင်ကို လက်ခံထားပြီး အဲဒီပုဂ္ဂိုလ် မလာတဲ့ အတွက် သုံးနှစ်တိတိ တခြားသူရဲ့ လက်ဆောင်ကို လက်မခံဘဲ စောင့် ဆိုင်းရင်း ဆင်းဆင်းရဲရဲ အသက်မွေးရပုံ၊ တရားသူကြီးက သုံးနှစ်တိတိ စောင့်ဆိုင်းပြီးဖြစ်လို့ တခြားလက်ဆောင်ကို လက်ခံတော့လို့ ဆုံးဖြတ် လိုက်တဲ့နေ့မှာ မူလ အသပြာတစ်ထောင်ပေးသူမှာ သီလကို

http://www.dhammadownload.com



စုံစမ်းလိုတဲ့ သိကြားမင်းကိုယ်တိုင် ဖြစ်နေပုံတွေ ပြောပြကြပါတယ်။

ကာလိင်္ဂတိုင်းသားများလည်း အကြောင်းစုံမှတ်သားပြီး သင်ပေးသမျှ ကုရုဓမ္မ (ငါးပါးသီလ) တရားတွေ ရွှေပြားမှ ရေးယူပြီး တိုင်းပြည်ပြန်ကြတော့ ဘုရင်ကစပြီး တစ်တိုင်းပြည်လုံး လိုက်နာကျင့်သုံးကြလို့ ကာလိင်္ဂတိုင်းမှာလည်း မိုးလေဝသမှန်ကန်ပြီး သာယာ ဝပြောလာပါတော့တယ်။

ကုရုတိုင်းဘုရင် ဓနဉ္စယကောရဗျမင်းက သူ့တိုင်းပြည် သာယာဝပြောတာဟာ ကုရုဓမ္မကို လိုက်နာကျင့်သုံးကြတဲ့ ကုသိုလ်ကံကြောင့် ဖြစ်တယ်။ တိရစ္ဆာန်ဖြစ်တဲ့ မင်္ဂလာဆင်တော်ဆိုတာ ဘုန်းကံရဲ့ အမှတ်လက္ခဏာသာဖြစ်တယ်။ ရုပ်ဝတ္ထုတွေကြောင့် ဘယ်လိုကောင်းကျိုးကိုမှ မဖြစ်စေနိုင်ဘူးဆိုတာ သိပါတယ်။ ဒါပေမဲ့ ကာလိင်္ဂမင်းရဲ့ စေတမန်များကို ပထမဆုံးလာစဉ်ကတည်းက ဒီအကြောင်း ရှင်းပြပြီး ကုရုဓမ္မကိုသာ ပေးလိုက်မယ်ဆိုရင် ဒါဟာ မင်္ဂလာဆင်တော်ကို မပေးလိုတဲ့အတွက် လှည့်ပတ်ပြောဆိုနေတယ်လို့ ထင်မှတ်ပြီး ဓမ္မအပေါ်မှာ လေးစားယုံကြည်မှု နည်းသွားနိုင်တယ်။ ဒါကြောင့် သူတို့အလိုရှိတဲ့ ပစ္စည်းကို အရင်ပေးလိုက်တယ်။ သက်ရှိ သက်မဲ့ ရုပ်ဝတ္ထုတွေကြောင့် ဘယ်လိုကောင်းကျိုးမှ ထူးခြားဖြစ်ပေါ်မလာနိုင်ဘူးလို့ ကိုယ်တွေ့ကြုံ သိရှိပြီး တကယ့်ဓမ္မအစစ်ကို လာရောက်တောင်းခံတော့မှ ဓမ္မအစစ်ကို ပေးလိုက်တယ်။

အစဉ်အလာ ရိုးရာဓလေ့တွေကိုသာ လက်ခံယုံကြည်နေတဲ့ နိုင်ငံတစ်ခုကို ကမ္ဘာ့သကတ သမ္မာဒိဋ္ဌိ အယူမှန်လက်ခံတဲ့ နိုင်ငံတစ်ခု ဖြစ်လာအောင် အရှည်ကြည့် အမြင်ကြယ်ပြီး သည်းခံကူညီ တည်ဆောက်ပေးခဲ့တဲ့ ကုရုဘုရင်ရဲ့ နှလုံးကောင်း စိတ်မြတ်ဟာလည်း လေးစားအားကျ အတုယူစရာပါပဲ။

❒

http://www.dhammadownload.com

# နှလုံးကောင်း စိတ်မြတ် (၃)

မြန်မာ့ဆိုရိုးစကားထဲမှာ 'စိုတဲ့လက် မခြောက်စေရ'လို့ အဆိုရှိတယ်။ 'စိုတယ်'ဆိုတာ မေတ္တာတရား၊ 'ခြောက်တယ်'ဆိုတာ ဒေါသတရားကို ရည်ညွှန်းတာပါ။ ကိုယ့်အပေါ် မေတ္တာထားခဲ့ဖူး၊ ကျေးဇူးပြုခဲ့ဖူးတဲ့ သူကို ဒေါသနဲ့ မတုံ့ပြန်ရဘူး၊ ကျေးဇူးမကန်းရဘူးလို့ ဆိုလိုတဲ့ သဘောပါ။

ဟုတ်ပါတယ်။ မေတ္တာတရားတို့၊ ကျေးဇူးတရားတို့ဆိုတာ လုပ်ရပ်နဲ့ ရုပ်ဝတ္ထု နည်းတာ များတာ ပဓာနမဟုတ်ပါဘူး။ သူထားတဲ့ စေတနာကြီးမားရင် ကြီးမားသလောက် ပမာဏလည်း ကြီးမားပါတယ်။ ကျေးဇူးခံသူရဲ့ ကျေးဇူးသိမှု ပမာဏကြီးမားရင်လည်း ကျေးဇူးပြုသူက သာမန်စေတနာလေးပင် ဖြစ်ဦးတော့ ကြီးကျယ်မြင့်မား သွားတာပါပဲ။

သာဝတ္ထိပြည်မှာ 'ရာဓ'ဆိုတဲ့ ပုဏ္ဏားကြီးဟာ လူ့လောကထဲမှာ ဆင်းရဲဒုက္ခရောက်တဲ့အတွက် ရဟန်းတော်များနေတဲ့

http://www.dhammadownload.com



ကျောင်းတိုက်ကိုသွားပြီး ပေါင်းရှင်း၊ တံမြက်လှည်း၊ ရေခပ် စတဲ့ ဝေယျာဝစ္စ ဆောင်ရွက်ရင်း ကျောင်းတိုက်အတွင်းမှာ မှီတင်းနေထိုင်ပါတယ်။ ရဟန်းတော်များကလည်း သူ့ကို စားစရာများ ပေးကမ်းချီးမြှောက်ပါတယ်။ သူက ရဟန်းပြုလိုတဲ့ ဆန္ဒပြင်းပြပေမယ့် အဲဒီဆန္ဒကိုတော့ ဘယ်ရဟန်းတော်ကမှ လက်ခံကူညီမပေးဘူး။

ဒီကိစ္စကလည်း ဝိနည်းစည်းကမ်းအရ တာဝန်က သိပ်ပေါ့လှတာ မဟုတ်ဘူး။ ကိုယ်က ဆရာအဖြစ်နဲ့ လက်ခံပြီး ရဟန်းပြုပေးထားရင် သူ့ကို အနီးနေ (အန္တေဝါသိက) တပည့်အဖြစ်နဲ့ အစစတာဝန်ယူ စောင့်ရှောက်ရမှာ။ နေမကောင်း ထိုင်မသာ ဖြစ်ခဲ့ရင် သူ့ကိစ္စတွေကို အကုန်လုံး လုပ်ပေးရမယ့် ဝတ်တွေက အများကြီးဆိုတော့ သက်ကြီး ရွယ်အိုကို တပည့်အဖြစ် မွေးရတာဟာ ကိုယ်က သူလုပ်ကျွေးပြုစုတာကို ခံရဖို့ထက် သူ့ကို ကိုယ်က လုပ်ကျွေးပြုစုရဖို့က ပိုပြီး သေချာနေတာကလား။ ပုဏ္ဏားကြီးဟာ သူ့အလိုဆန္ဒမပြည့်ဝတဲ့အတွက် တဖြည်းဖြည်း စိတ်ညစ်ပြီး ပိန်ချုံးလာတယ်။

တစ်နေ့မှာ မြတ်စွာဘုရားရှင်နဲ့တွေ့တော့ အကျိုးအကြောင်းမေးမြန်းကြည့်တဲ့အခါ ပုဏ္ဏားကြီးက သူ့ရဲ့ဆန္ဒ မပြည့်ဝပုံကို လျှောက်ထားတယ်။ ဒါနဲ့ မြတ်စွာဘုရားရှင်က ရဟန်းသံဃာအားလုံးကို စုဝေး စေပြီး 'ဒီပုဏ္ဏားကြီးပြုခဲ့တဲ့ ကျေးဇူးတရား ရှိခဲ့ဖူးတာကို ဘယ်ရဟန်းများ အောက်မေ့သတိရမိတာ ရှိသလဲ'လို့ မေးတော်မူပါတယ်။

အရှင်သာရိပုတ္တရာ မထေရ်မြတ်က 'တပည့်တော် ရာဇဂြိုဟ်မြို့ထဲမှာ ဆွမ်းခံသွားစဉ်က ဒီပုဏ္ဏားကြီးက ဆွမ်းတစ်ဇွန်း လောင်းလှူဖူးပါတယ်။ အဲဒီ ကျေးဇူးတရားကို တပည့်တော် အောက်မေ့သတိရ

http://www.dhammadownload.com



ပါတယ် ဘုရား'လို့ လျှောက်ထားပါတယ်။ 'ဒီလိုဆို မိမိအပေါ် ကျေးဇူး ပြုခဲ့ဖူးသူကို ဒုက္ခကလွတ်မြောက်အောင် လုပ်မပေးသင့်ဖူးလား'လို့ မိန့်ကြားတော့ 'မှန်လှပါ၊ တပည့်တော် ရဟန်းပြုပေးလိုက်ပါမယ်ဘုရား' လို့ လျှောက်ထား တာဝန်ယူလိုက်ပါတယ်။ ရာဓပုဏ္ဏားကြီးလည်း ရာဓ ရဟန်းတော် ဖြစ်လာတယ်။

အရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီးလည်း ရာဓရဟန်းကို အနီးနေတပည့်အဖြစ် လက်ခံပြီး မိမိက အနီးကပ် ဆုံးမရတဲ့ ဥပဇ္ဈာယ် ဆရာ၊ နိဿရည်းဆရာ ဖြစ်လာတဲ့အတွက် စားဝတ်နေရေးအတွက် လည်း တာဝန်ယူ စီမံပေးရတယ်။ ရဟန်းတော်များ ရှောင်သင့်တဲ့ကိစ္စ၊ ပြုလုပ်သင့်တဲ့ ကိစ္စများကိုလည်း ဆွမ်းခံသွားရာမှာ နောက်ပါရဟန်း အဖြစ် ခေါ်ဆောင်သွားပြီး အမြဲဆုံးမ ညွှန်ကြားပေးတယ်။ ရာဓရဟန်းတော်ဟာ ဆုံးမလွယ်ကူတဲ့ ပုဂ္ဂိုလ်ဖြစ်တာနဲ့အညီ မထေရ်မြတ် ဆုံးမ သွန်သင်သမျှကို ဦးထိပ်ရွက်ခံယူပြီး လိုက်နာ ကျင့်သုံးတဲ့အတွက် မကြာခင် အာသဝေါကုန်ခန်းပြီး ရဟန္တာဖြစ် သွားပါတယ်။

မထေရ်မြတ်ကြီးက ရာဓရဟန်းနဲ့အတူ မြတ်စွာဘုရားထံ သွားရောက်ရှိခိုး ကန်တော့တဲ့အခါ မြတ်စွာဘုရားက အတူနေ တပည့်ရဲ့ အခြေအနေကို မေးတော့ 'အလွန် ဆုံးမရ လွယ်ကူ ပါတယ်ဘုရား၊ ဘယ်လိုအပြစ်မျိုးကိုပဲ ပြဆိုဆုံးမဆုံးမ မျက်နှာ တစ်ချက် မပျက်ဘဲ လေးစားနာယူပါတယ်'လို့ လျှောက်ထား ပါတယ်။ 'ဒီလို တပည့်မျိုး ရတယ်ဆိုရင် ဘယ်လောက်များများ လက်ခံနိုင်မလဲ'လို့ မေးတော့ 'ဘယ်လောက်ပဲရရ လက်ခံပါမယ် ဘုရား'လို့ ပြန်ကြားလျှောက်ထားပါတယ်။

အရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီးရဲ့ 'တစ်လုပ်စားဖူး သူ့

http://www.dhammadownload.com



ကျေးငှ'ကို သိတတ်တဲ့စိတ်ထားကြောင့် ပါရမီရှင်ဖြစ်လျက် ဒုက္ခနဲ့ အခက်အခဲ ကြုံတွေ့နေရတဲ့ ရာဓပုဏ္ဏားကြီး ရဟန်းဘဝရရှိပြီး ကိလေသာအားလုံး ချုပ်ငြိမ်းတဲ့ ရဟန္တာပုဂ္ဂိုလ်အဖြစ် ရောက်ခဲ့ရသလို ရာဓရဟန်းတော်ရဲ့ ဆရာသမားကျေးဇူးကို သိပြီး ကျိုးနွံလေးစားမှု ကြောင့် ဆရာရှင်ဖြစ်တဲ့ မထေရ်မြတ်ကြီးမှာလည်း 'ဒီလို တပည့်မျိုးတွေ သာဆိုရင် ဘယ်လောက်ပဲလာလာ လက်ခံမယ်'ဆိုတဲ့ မေတ္တာ၊ ကရုဏာ စိတ်တွေ ပိုပြီးတိုးပွားလာစေတယ်လို့ ဆိုနိုင်ပါတယ်။

မထေရ်မြတ် နှစ်ပါးတို့ရဲ့ စိုတဲ့လက်ကို တိုးလို့စိုစေတဲ့ နှလုံးကောင်း စိတ်မြတ်များဟာ ကျေးဇူးပြု ကျေးဇူးခံ နှစ်ဦးနှစ်ဖက်တို့အတွက် အတုယူ အားကျစရာပါ။

ဆရာတပည့် နှစ်ပါးတို့ရဲ့ ဖြစ်ရပ်ကိုကြည့်ပြီး မြတ်စွာဘုရားရှင်က တရားစကား ပြောကြားရာမှာတော့...

'လောကမှာ အပြစ်ကိုကြည့်သူ နှစ်မျိုးရှိတယ်။ အများရှေ့မှာ ချွတ်ယွင်းချက်တွေ ဖော်ပြပြီး နှိပ်ကွက်ဖို့အတွက် အပြစ်ကို ကြည့်သူဟာ ရန်ရှာသူနဲ့ အတူတူဖြစ်လို့ နာခံရသူကို ကျိုးမဲ့ပြစ်ရ ဖြစ်စေတယ်။

မသိတာ သိအောင်၊ မပြည့်တာ ပြည့်အောင် ချီးမြှောက်ပေးလိုတဲ့ စိတ်ထားနဲ့ သူ့ရဲ့ ကြီးပွားတိုးတက်ရေးအတွက် အပြစ်ကိုကြည့်ပြီး ပြောဆိုဆုံးမသူဟာ ဖုံးနေတဲ့အရာကို ဖယ်ပြီး၊ မြုပ်ကွယ်နေတဲ့ ရွှေအိုးကို ထုတ်ဖော်ပေးလိုက်သလိုဖြစ်လို့ ဒီလို ဆရာသမား (မိတ်ဆွေသင်္ဂဟ) ရဲ့ စကားကို နာခံရသူဟာ ပြစ်မဲ့ကျိုးရှိ ဖြစ်စေတဲ့ အတွက် အရှုံးမရှိ စေဘဲ အမြတ်သာရှိစေတယ်' ဆိုတဲ့အကြောင်း (ဓမ္မပဒဂါထာ ၇၆) ဆုံးမ ဟောကြားတော်မူပါတယ်။

□

http://www.dhammadownload.com

## လူ့ရည်သန့်

ဓမ္မနယ်ပယ်မှာ အရိုအသေ အလေးအမြတ်ပြုထိုက်တယ်၊ တန်ဖိုး မဖြတ်နိုင်အောင် မြင့်မြတ်တယ်၊ အတုလည်း မရှိဘူး၊ တွေ့မြင်ရဖို့ လည်း ခဲယဉ်းတယ်၊ အဆင့်မီ မြင့်မြတ်တဲ့ ပုဂ္ဂိုလ်တို့သာ သုံးဆောင် ခွင့်ရတယ် ဆိုတဲ့ အရာမျိုးကို 'ရတနာ'လို့ သတ်မှတ်ကြတယ်။

လောကနယ်ပယ်ကတော့ နှစ်သက်ရွှင်လန်းခြင်း၊ ကျေနပ် ဝမ်းမြောက်ခြင်းကို ဖြစ်စေတတ်ပြီး ရှားပါးအဖိုးတန်တဲ့ ရွှေ ငွေ၊ ပုလဲ၊ ပတ္တမြား၊ စိန် စတဲ့ အရာတွေကို 'ရတနာ'လို့ သတ်မှတ်ပြီး တန်ဖိုးထား နှစ်သက်တတ်ကြတယ်။ ဒီရတနာတွေထဲမှာလည်း စစ်မှန်ပြီး အပြစ်အနာ ကင်းစင်ကြရင် ပတ္တမြားတို့၊ စိန်တို့ကို ပိုပြီတန်ဖိုးရှိတယ်လို့ သတ်မှတ်ကြပြန်သေးတယ်။

ဒါပေမဲ့ ရှေးခေတ်အဆက်ဆက်ကစပြီး ခုချိန်အထိ အခိုင် အမာ အလေးအနက်ထားတဲ့ အရာတို့ရဲ့ အမည်ကို အမြဲတန်း အမွှမ်း တင်လိုတဲ့အခါမှာတော့ အမည်နာမတွေရဲ့ရှေ့မှာ စိန်တို့ ပတ္တမြား

http://www.dhammadownload.com



တို့ကို အသုံးမပြုကြဘူး။ 'ရွှေ'ဆိုတဲ့ ဂုဏ်ပုဒ်နဲ့သာ တပ်ဆင်အသုံးပြုလေ့ရှိပါတယ်။ ဥပမာ ရွှေစိတ်တော်၊ ရွှေကိုယ်တော်၊ ရွှေဘုံရွှေနန်း၊ ရွှေမန္တလေး ဆိုတာမျိုးပေါ့။

ဘာဖြစ်လို့ စိန်တို့၊ ပတ္တမြားတို့ထက် ရွှေကိုသာ အလေးထားပြီး ဂုဏ်ပုဒ်အဖြစ်နဲ့ အသုံးပြုရတာပါလိမ့်လို့ စဉ်းစားကြည့်တဲ့အခါ ရွှေမှာ တခြားရတနာတွေထက် ထူးခြားတဲ့ အခိုင်အမာ အရည်အချင်းတွေရှိတယ်။ ဟုတ်တယ်။ စိန်တို့၊ ပတ္တမြားတို့ဆိုတာ ငရဲမီးနဲ့ တို့တာကိုတော့ ခံနိုင်ရည် ရှိချင်ရှိမယ်။ ရွှေလိုတော့ မီးဖုတ်တာ၊ တူထုတာ၊ နန်းဆွဲတာ တို့ကို ခံနိုင်ရည်မရှိဘူး။ ရွှေက ဒီစမ်းသပ်ချက်တွေကို ခံနိုင်ရည်ရှိရုံသာ မကဘူး၊ ဒီလို စမ်းသပ်လိုက်တဲ့အခါ သူ့အရည်အသွေးက ပိုပြီးတော့တောင် မြင့်တက်လာသေးတယ်။ ဒါကြောင့်လည်း မြတ်စွာဘုရားရှင်ရဲ့ တရားတော်တွေထဲမှာ ပြောဆိုဆုံးမဖို့လွယ်ကူတဲ့သူများကို 'အထပ်ထပ် လှော်ပြီးတဲ့ ရွှေလို နူးညံ့တဲ့စိတ်ထားရှိတယ်'လို့ အမွှမ်းတင် ချီးကျူးတော်မူတာ တွေ့ရတယ်။ အမြတ်တနိုးရှိတဲ့ အမည်တွေကို အမွှမ်းတင် ဂုဏ်ပြုပြီး ခေါ်ဆိုတဲ့အခါမှာလည်း 'ရွှေ'ဆိုတဲ့ ဂုဏ်ပုဒ်ကို သုံးတာဟာ ဒါကြောင့်များလားလို့ တွေးမိပါတယ်။

ပန်းထိမ်ဆရာတွေ ပြောလေ့ရှိတဲ့ စကားတစ်ခုရှိတယ်။ 'ရွှေမှန်ရင် မီးဖုတ်လို့ မမည်းရဘူး၊ တူထုလို့ မကွဲရဘူး၊ နန်းဆွဲလို့ မပြတ်ရဘူး၊ ငရဲမီးတွေနဲ့တွေ့လည်း မဖြုံရဘူး'တဲ့။ ဒီစမ်းသပ်ချက်တွေကို မခံနိုင်ဘူးဆိုရင်တော့ ရွှေရည်မပြည့်ဘူး၊ ရွှေရည်မသန့်ဘူးတဲ့၊ ဒါမှမဟုတ် ရွှေမစစ်ဘူးလို့ ဆိုကြတယ်။

လူအချင်းချင်း အကဲခတ်ပြောဆိုကြတဲ့အခါ ဥပဓိရုပ်ပြေပြစ်ပြီး ဝတ်ဆင်နေထိုင်ပုံ သပ်သပ်ရပ်ရပ်ရှိတဲ့လူကို 'လူရည်သန့်'တယ်လို့

http://www.dhammadownload.com



ပြောလေ့ရှိကြတယ်။ တကယ်တော့ 'လူ'ဆိုတာ သတ္တလောကထဲမှာ အဆင့်အမြင့်ဆုံး ဖြစ်ပါတယ်။ ဒါကြောင့် သူ့ကို အကဲခတ်တဲ့နေရာမှာလည်း သတ္တဝါတို့ရဲ့ အဆင့်အမြင့်ဆုံးဖြစ်တဲ့ 'ရွှေ'ကို အကဲခတ်သလို စမ်းသပ် အကဲခတ်ကြရင် ပိုပြီးမှန်ကန်မယ်ထင်တယ်။

ဟုတ်တယ်။ လူတစ်ယောက် လောကထဲကို ရောက်လာတာနဲ့ တစ်ပြိုင်နက် သူရင်ဆိုင်ရမယ့် လောကဓံဆိုတာကလည်း ဖွားဖက်တော်ပမာ ပူးတွဲပါလာစမြဲပဲ။ ဒီလောကဓံတွေ ဆိုတာကလည်း တစ်ခါတလေ မီးလိုလည်း ပူတတ်တယ်။ တူထုသလိုလည်း ပြင်းထန်တတ်တယ်၊ နန်းဆွဲ ပေါက်ထက်လည်း အကျဉ်းအကျပ် ကြုံချင်ကြုံတယ်။ ငရဲမီးလို လောင်တတ်၊ စားတတ်တာမျိုးလည်း ရှိနိုင်တယ်။ ဒီလိုရင်ဆိုင်ရတဲ့အခါ မည်းသွားမယ်၊ ကွဲသွားမယ်၊ ပြတ်သွားမယ်၊ စားသွား၊ ဖြုံသွားမယ်ဆိုရင်တော့ ပန်းထိမ်ဆရာစကားနဲ့ ပြောရရင် လူရည်မပြည့်ဘူး၊ လူရည် မသန့်ဘူးလို့ပဲ ဆိုရလိမ့်မယ် ထင်ပါတယ်။

'လူ'ဆိုတာ ပါဠိလိုတော့ 'မနုဿ'လို့ ခေါ်တယ်။ အဓိပ္ပာယ်ကတော့ စိတ်ထားမြင့်မြတ်သူ (စိတ်သဘောထားကြီးသူ)လို့ ဆိုလိုတာပါ။ ဟုတ်ပါတယ်။ တိရစ္ဆာန်များဟာ မနာလို ဝန်တိုမှုတွေ၊ လောဘ၊ ဒေါသ၊ မောဟတွေ လွှမ်းကဲတဲ့အတွက် မြင့်မြတ်တဲ့စိတ်ထား မရှိတတ်ကြပါဘူး။ လူမှာသာ မေတ္တာ၊ ကရုဏာ စတဲ့ ဗြဟ္မစိုရ်တရားများ ထားနိုင်တတ်ကြလို့ စိတ်ထားမြင့်မြတ်သူများ ဖြစ်နိုင်ကြတာပါ။ တကယ့် လူ့အရည်အသွေး၊ လူ့အရည်အချင်းဆိုတာ ချစ်ခင်ခြင်း၊ ကြင်နာခြင်း၊ ချီးမွမ်းဝမ်းမြောက်ခြင်း၊ ခွင့်လွှတ်သည်းခံခြင်းဆိုတဲ့ ဗြဟ္မာစိုရ်စိတ်ထားများပဲ ဖြစ်ပါတယ်။

ဒါကြောင့်လည်း မြတ်စွာဘုရားရှင်က ဓမ္မပဒ (ဂါထာ-၁၉) မှာ 'မကောင်းတဲ့စိတ်ထားဟာ အဲဒီ စိတ်ထားရှိသူကို ယုတ်ညံ့ဆိုးဝါးသူ

http://www.dhammadownload.com



ဖြစ်အောင် ပြုတတ်တယ်။ ကောင်းတဲ့စိတ်ထားက အဲဒီလို စိတ်ထား ရှိသူကို အထက်တန်းကျသူဖြစ်အောင် ပြုတတ်တယ်’လို့ ဟော တော်မူတာ ဖြစ်ပါလိမ့်မယ်။ ကောင်းတဲ့စိတ်ထား (ဝါ) စိတ်ကို ကောင်းအောင် ထားခြင်းကို မင်္ဂလာတရားတော်မှာတော့ ‘အတ္တ သမ္မာပဏိဓိ မင်္ဂလာ’လို့ ခေါ်ပါတယ်။

ဒီတရားတော်များရဲ့ အလိုအရကတော့ အထက်တန်းကျသူ၊ အောက်တန်းကျသူ၊ လူရည်သန့်သူ၊ မသန့်သူဆိုတာကို ‘အတ္တသမ္မာ ပဏိဓိ မင်္ဂလာ’ ရှိ၊ မရှိဆိုတာနဲ့ တိုင်းတာသတ်မှတ်မှသာ တိကျမှန်ကန် မယ်လို့ ဆိုလိုတဲ့သဘောပါ။

‘အတ္တသမ္မာပဏိဓိ မင်္ဂလာ’နဲ့ ပြည့်စုံအောင် ကိုယ် နှုတ် စိတ်ထား ပြုပြင်ပုံနဲ့ပတ်သက်လို့တော့ အရှင်ရာဟုလာကို မြတ်စွာဘုရား ရှင်က ညွှန်ကြားဆုံးမခဲ့တာရှိတယ်။

“မိမိသွားရောက်လိုတဲ့ ပရိသတ်အလယ်မှာ ဂုဏ်သိက္ခာရှိရှိ ဝင်ဆံ့နိုင်ဖို့အတွက် မှန်ပေါ်မှာကြည့်ပြီး မိမိရဲ့ ဝတ်ဆင်ပုံ၊ ဖြီးလိမ်း ထုံးဖွဲ့ပုံ၊ အချိုးကျ၊မကျ၊ မျက်နှာနဲ့ ကိုယ်ပေါ်မှာ အစွန်းအပြစ်ရှိ၊ မရှိ ဆင်ခြင်ကြည့်သလို မိမိရဲ့ ကိုယ်နှုတ် စိတ်ထားများဟာလည်း မိမိရောက် လိုတဲ့ နေရာနဲ့ လိုက်လျောညီထွေမှုရှိ၊ မရှိ အသိဉာဏ်မှာ ထင်မြင်အောင် ဆင်ခြင်ကြည့်ပြီး အပြောအဆို၊ အပြုအမူ၊ စိတ်နေစိတ်ထားတို့ကို ပြုပြင် တည်ဆောက်ရမယ်”တဲ့။ ဒီလို ကောင်းအောင် ဆောက်တည်ထားနိုင် သူများသာ လူရည်သန့် စစ်စစ်များ ဖြစ်တယ်လို့ ဆိုပါတယ်။

❒

http://www.dhammadownload.com

# ဒါနနဲ့ သံသရာ

ရေပြင်မှာ မျောပါနေရသူချင်း အတူတူ အမှီအခို အကာအကွယ် ရိက္ခာ ဆေးဝါးလည်း ဘာမှမရှိဘဲ မျောနေရသူနဲ့ မှီခိုစရာ လှေဖောင် သစ်ဝါး လည်းပါ၊ ရိက္ခာဆေးဝါးလည်း အပြည့်အစုံနဲ့ မျောနေရသူ ဘယ်သူက သက်သာသလဲ၊ တစ်ဖက်ကမ်းကို ကူးကြမယ်ဆိုရင်ကော ဘယ်သူက ရောက်လွယ်မလဲ?

(တောင်တွင်းကြီး နတ်မှီတောရဆရာတော်ကြီး)

ဒေးဒရဲမှာ နိကာယ်သင်တန်း ပို့ချစဉ်တုန်းက နံနက်ပိုင်း၊ နေ့ပိုင်းမှာ ဆရာတော် အရှင်သေဋ္ဌိလနဲ့ နတ်မှီတောရ ဆရာ တော်ကြီးတို့က နာယကအဖြစ် ကြီးကြပ်ကူညီကြပြီး ဒေးဒရဲ ကွင်းကျောင်း ဆရာ တော်ကြီးက စာဝါပို့ချပေးပါတယ်။ စာလိုက် သံဃာတော်များအပြင် စာဝါသနာပါလို့ လာရောက်နာယူကြတဲ့ ပရိသတ် လေးငါးဆယ်လောက်လည်း နေ့စဉ်လိုလို ရှိနေပါတယ်။ သင်တန်းက နံနက်ဆွမ်းစား ပြီးချိန်ကစပြီး ၁၀ နာရီခွဲအထိ ကြား

http://www.dhammadownload.com



ထဲမှာ ၁၀ မိနစ် နားပြီး ဆိုရတာ ဖြစ်လို့ နံနက်ပိုင်းမှာ နှစ်ကြိမ်ဖြစ်ပါတယ်။

နေ့ခင်းမှာ တစ်နာရီကစပြီး ငါးနာရီအထိ ကြားထဲမှာ မိနစ် ၂၀ ခန့် နားကြရပါတယ်။ ညပိုင်းမှာတော့ ရဟန်းရှင်လူတို့က မိမိတို့ သိလိုတဲ့အချက်၊ မရှင်းလင်းတဲ့ အချက်များကို မေးလျှောက်ကြပြီး ဆရာတော်ကြီးများက ရှင်းလင်းဖြေကြားတော်မူကြတဲ့ ဓမ္မသာကစ္ဆာပွဲဖြစ်လို့ ပရိသတ် ပိုပြီးများပါတယ်။ တရားပွဲများလည်း အလျဉ်းသင့်သလို ပြုလုပ်ပါတယ်။

တစ်နေ့မှာတော့ ပုသိမ်က တရားရေးဌာန အကြီးအကဲဆိုတဲ့ ဒကာကြီးနဲ့အဖွဲ့ ရောက်လာကြပြီး နံနက်သင်တန်း ပထမအချိန်ပြီးလို့ ခေတ္တနားချိန်မှာပဲ ညပိုင်း ဓမ္မသာကစ္ဆာ အချိန်အထိ မနေနိုင်ကြတဲ့အတွက် သိလိုတာကို လျှောက်ထားခွင့် ပြုတော်မူပါလို့ ခွင့်တောင်းလာလို့ ဆရာတော်ကြီးများက ခွင့်ပြုလိုက်ပါတယ်။

အကြီးဆုံးဖြစ်တဲ့ ဒကာကြီးက 'တချို့ကလည်း ဒါနဟာ သံသရာရှည်တယ်လို့ ပြောကြတယ်။ အချို့ကတော့လည်း ဒါနမပါရင် နိဗ္ဗာန်ကို မရောက်နိုင်ဘူးလို့ ပြောကြပြန်တယ်။ အဲဒါ တပည့်တော်တို့ သဲသဲကွဲကွဲ သဘောပေါက်အောင် ရှင်းပြပေးတော်မူပါ'လို့ လျှောက်ထားပါတယ်။

ဆရာတော်ကြီးများထဲမှာ တောင်တွင်းကြီး နတ်မီှတောရ ဆရာတော်ကြီးက မကြာခင် ရက်ပိုင်းကပဲ ရှင်ပြုပွဲမှာ ဒါနတရားကို ဟောတော်မူပြီးခါစဖြစ်လို့ ဒီအမေးကို ဆရာတော်ကြီးပဲ ဖြေစေလိုတဲ့ သဘောနဲ့ တခြားဆရာတော်များက ကြည့်လိုက်ကြတယ်။ ဆရာတော်ကြီးကလည်း အားလုံးရဲ့ဆန္ဒကို သိလိုက်ပုံရပါတယ်။

'ဒါနဟာ သံသရာရှည်တယ်၊ တိုတယ်ဆိုတာကတော့ ပြုတဲ့

http://www.dhammadownload.com



ပုဂ္ဂိုလ်က ဒါနစေတနာစစ်၊ မစစ်ဆိုတဲ့ အပေါ်မှာပဲ မူတည်ပါတယ်။ ဝေဿန္တရာမင်းကြီးဟာ ဘယ်လောက်ဒါနအားကြီးတယ်ဆိုတာ လူတိုင်း သိပြီးသားဖြစ်မှာပါ။ နောက်တစ်ဘဝပဲခြားလိုက်တယ်။ သဗ္ဗညုဘုရားရှင်အဖြစ်နဲ့ သံသရာဝဋ်ဇာတ်သိမ်းသွားတယ်ဆိုတဲ့ ဖြစ်စဉ်တွေဟာလည်း ဗုဒ္ဓဘာသာဝင်တိုင်း သိပြီးသားမို့ အထူးပြောဖို့ မလိုတော့ပါဘူး။

ဒါန မပါရင် နိဗ္ဗာန်ကို မရောက်ဘူး၊ ရောက်တယ်ဆိုတာလည်း တိုက်ရိုက် မုချစကားတော့ မဟုတ်ပါဘူး။ မြတ်စွာဘုရားရှင်တို့ရဲ့ အဆုံးအမ သာသနာတော်မှာ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ရေးအတွက် တိုက်ရိုက်မုချ ကျင့်သုံးရမယ့်တရားနဲ့ ပတ်သက်လို့ မဟာသတိပဋ္ဌာန သုတ်မှာ ဘုရားရှင်ကိုယ်တော်တိုင်က 'ဧကာယနော အယံ ဘိက္ခဝေ မဂ္ဂေါ' ဆိုပြီး ဟောထားတာရှိပါတယ်။ သတိပဋ္ဌာန်လေးပါးကို မဂ္ဂင်ရှစ်ပါး ပြည့်စုံအောင် ပွားများတဲ့နည်းသာလျှင် နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ရေးအတွက် တစ်ကြောင်းတည်းသောလမ်းလို့ ဆိုထားတာပါ။

အဲဒါကိုကြည့်ရင် ဒါနသက်သက်နဲ့ နိဗ္ဗာန်ကို မရောက်နိုင်ဘူးဆိုတာ ဗုဒ္ဓဘာသာဝင်တိုင်းပဲ သိထားကြပါတယ်။ ဒါဖြင့် 'ဘုရားအလောင်းတော်များဟာလည်း ဒါနပါရမီကပဲစပြီး ဖြည့်ဆည်းတော်မူကြတယ်။ ဒါနမပါရင် နိဗ္ဗာန်မရောက်နိုင်ဘူးလို့ ဘာဖြစ်လို့ ပြောနေကြတာလဲ။

ဒီနေရာမှာ ဥပမာတစ်ခုနဲ့ စဉ်းစားကြည့်ရမယ်၊ ဟောဟိုဒေးဒရဲမြစ်ထဲမှာပဲ ဆိုကြပါစို့။ ရေပြင်မှာ လူတွေမျောပါနေကြတဲ့အခါ တချို့က လှေဖောင်သစ်ဝါး စတဲ့ ကိုင်တွယ်စရာ၊ မှီခိုစရာလည်း မပါဘူး၊ စားစရာ သောက်စရာ ရိက္ခာလည်း မပါဘူး၊ မမာမကျန်း

http://www.dhammadownload.com



ဖြစ်တဲ့အခါ သောက်စရာ ဆေးဝါးလည်း မပါဘူး။ တချို့ကတော့ ကိုယ်ရနိုင်သလောက် ဝါးတစ်လုံး၊ သစ်တစ်တုံးဖြစ်စေ၊ လှေကလေး ဖောင်ကလေးဖြစ်စေ တတ်နိုင်ရင်တော့လည်း မေ်ာတော်တို့ သင်္ဘောတို့အထိပေ့ါ။ မှီခို စီးနင်းစရာလည်း ပါတယ်၊ အစာရေစာ ရိက္ခာ ဆေးဝါးလည်း အနည်းနဲ့ အများဆိုသလို ပါကြတယ်ဆိုပါစို့။

ရေပြင်မှာ မျောပါနေရသူချင်းအတူတူ အမှီအခို အကာ အကွယ် ရိက္ခာ ဆေးဝါး ဘာမှမရှိဘဲ မျောနေရသူနဲ့ မှီခိုစရာ လှေ ဖောင် သစ်ဝါးလည်းပါ၊ ရိက္ခာ ဆေးဝါးလည်း အပြည့်အစုံနဲ့ မျောနေ ရသူ၊ ဘယ်သူက သက်သာသလဲ၊ တစ်ဖက်ကမ်းကို ကူးကြမယ်ဆိုရင် ကော ဘယ်သူ ရောက်လွယ်မလဲ'လို့ မေးလိုက်ပါတယ်။

ဒကာကြီးက 'ဒါကတော့ဘုရား၊ တပည့်တော်တို့ကိုယ်တိုင် အခု မြစ်ကြောင်းအတိုင်း အမြန်သင်္ဘောနဲ့ လာခဲ့ရတာပဲ၊ ကွာချင်တိုင်း ကွာတာပေ့ါဘုရား၊ လက်ပစ်ကူးနေရသူထက် သမွန်သမားက သက်သာတယ်၊ လှေသမွန်သမားထက် စက်လှေ သင်္ဘောသမားက သက်လည်း သက်သာ၊ မြန်လည်းမြန်၊ ချမ်းလည်း ချမ်းသာပေ့ါ ဘုရား'လို့ လျှောက်ထားပါတယ်။ ဆရာတော်ကြီးရဲ့ ဆိုလိုရင်းကို အနည်းအပါး ရိပ်စားမိဟန်နဲ့ ခေါင်းကို တဆတ်ဆတ်ညိတ်ရင်း ကျေနပ်ဝမ်းမြောက်တဲ့ အမူအရာနဲ့ ဆရာတော်ကြီးကို ကြည့်နေ ပါတယ်။

ဆရာတော်ကြီးက "ဒကာတို့လည်း ကြားဖူးမှာပေ့ါ၊ သံသရာ ဆိုတာကို ဘုရားရှင်က 'သံသာရသာဂါရ'တဲ့၊ သမုဒ္ဒရာရေပြင်ကြီးလို ပဲတဲ့၊ ထောက်ရာတည်ရာကိုလည်း ရနိုင်ခဲတယ်၊ ကမ်းမမြင် လမ်းမမြင် ကျယ်လည်း ကျယ်ဝန်းတယ်။ သတ္တဝါတွေ သံသရာမှာ ကျင်လည်ရတယ် ဆိုတာ အဲဒီ သမုဒ္ဒရာကြီးထဲမှာ မျောနေရသလိုပဲလို့

http://www.dhammadownload.com



ဆိုလိုတာပေ့ါ။

ဒါနကုသိုလ်ဆိုတာ နိဗ္ဗာန်ကို တိုက်ရိုက်မရောက်နိုင်ပေမယ့် 'ဒါနတော ဘောဂဝါ' ဆိုတဲ့အတိုင်း သံသရာခရီးမှာ လှေဖောင် သစ်ဝါး စားနပ်ရိက္ခာသဘောမျိုး၊ အထောက်အကူအကျိုးကို ပေးစေတယ်၊ သီလ ကုသိုလ်က ဆေးဝါးပမာ အထောက်အကူအကျိုးကို ပေးစေတယ်။ ဘာဝနာကုသိုလ်က သံသရာတစ်ဖက်ကမ်းကို ကူးမြောက်နိုင်ဖို့ လမ်းညွှန်ပြသပေးမယ့် ပုဂ္ဂိုလ်များနဲ့ ကြုံရတဲ့အခါ နားလည် သဘောပေါက်စေတယ်လို့ ကျမ်းဂန်တွေမှာလည်း ဆိုထားတာရှိတယ်။ ဟောကြပြောကြတဲ့ ပုဂ္ဂိုလ်တွေလည်း ရှိပါတယ်။ ဒကာကြီးတို့လည်း ကြားဖူးကြမှာပါ' ဆိုတော့...

ဒကာကြီးက 'အမှတ်တမဲ့နဲ့ ကြားဖူးသလိုလိုတော့ ရှိနေတာပဲ ဘုရား၊ အခုလောက်တော့ ရှင်းရှင်းလင်းလင်း သဘောမပေါက်မိလှဘူး။ တပည့်တော်တို့က နမော်နမဲ့နိုင်ကြတာလည်း ဖြစ်မှာပေါ့ ဘုရား' တဲ့။

ပြီးတော့ ဆရာတော်ကြီးက 'ဒါက သံသရာမှာ ကျင်လည်ရတဲ့ အခိုက်ကို ပြောတာ၊ အခုလို သာသနာတော်နဲ့ကြုံလို့ သံသရာက လွတ်မြောက်ရာ တစ်ဖက်ကမ်းလို့ခေါ်တဲ့ နိဗ္ဗာန်ရောက်ရေး အားထုတ်ကြတဲ့အခါမှာဆိုရင်ကော ဘယ်လိုနေမလဲ။ စားဝတ်နေရေး မပူပင်ရသူနဲ့ မပြည့်စုံသူ ဘယ်သူက စိတ်အေးချမ်းသာ အားထုတ်နိုင်မလဲ။ အဲဒီလို အထောက်အကူပြုပေးနိုင်လို့ ဒါန မပါရင် နိဗ္ဗာန်မရောက်နိုင်ဘူးလို့ ပြောကြတာပါ။ တိုက်ရိုက်မရောက်နိုင်ပေမယ့် အဲဒါအထောက်အကူ မပါရင် ကူးနိုင်ဖို့ ခဲယဉ်းကြတာပဲမို့လား။ ကဲ... ဒီလောက်ဆို သဘောပေါက်လောက်ကြရောပေ့ါ'လို့ မိန့်ကြားပြီး စကားရပ်လိုက်ပါတယ်။

http://www.dhammadownload.com



ဒကာကြီးများကလည်း 'ဒီကိုလာရကျိုး နပ်လိုက်လေဘုရား' လို့ လျှောက်ထားဝတ်ပြုပြီး ပြန်သွားကြပါတယ်။

ညပိုင်းမှာ ဒီအကြောင်းကို ဆက်ပြီး ဆွေးနွေးပြောဆိုကြတဲ့အခါ အင်္ဂုတ္တိုရ် စတုတ္ထနိပါတ် အာနဏျသုတ်မှာ အနာထပိဏ်သူဌေးကြီးကို မြတ်စွာဘုရား ဟောကြားတော်မူတဲ့ ပစ္စည်းဥစ္စာပြည့်စုံခြင်းကြောင့် ရရှိတဲ့ ချမ်းသာလေးမျိုးကို ဖြည့်စွက်ပြောဆိုကြပါတယ်။ အဲဒီ လေးမျိုးကတော့-

(၁) မိမိကိုယ်တိုင် ကြိုးစားအားထုတ် ရှာဖွေရရှိတဲ့ စည်းစိမ်ဥစ္စာ ပြည့်စုံတဲ့အတွက် 'ငါ့မှာ စားဝတ်နေရေး၊ လူမှုရေးကိစ္စအဝဝ အတွက် အလိုရှိသလို သုံးစွဲဖို့ တရားသဖြင့် ရှာဖွေထားတဲ့စည်းစိမ် ဥစ္စာ အပြည့်အစုံ ရှိပေတယ်'လို့ တွေးတောဝမ်းမြောက်ရတဲ့ အတ္ထိသုခ။

(၂) 'ငါ့မှာ ပစ္စည်းဥစ္စာ ပြည့်စုံတဲ့အတွက် အလိုရှိသလို သုံးဆောင်ခံစားနိုင်ပြီး အလိုရှိသလို လှူဒါန်းနိုင်ပေတယ်'လို့ တွေးတော ဝမ်းမြောက်ရတဲ့ ဘောဂသုခ။

(၃) 'ငါ့မှာ ပစ္စည်းဥစ္စာပြည့်စုံတဲ့အတွက် ကူးသန်းရောင်းဝယ်မှုစတဲ့ ပြုဖွယ်ကိစ္စနဲ့ ကြုံတဲ့အခါ သူတစ်ပါးထံမှ ချေးငှားရခြင်းမရှိတဲ့ အတွက် ကြွေးမြီကင်းပေတယ်'လို့ တွေးတောဝမ်းမြောက်ရတဲ့ အာနဏျ သုခ။

(၄) မိမိမှာ ပစ္စည်းဥစ္စာကို တရားသဖြင့် ရှာဖွေရရှိပြီးဖြစ်လို့ မကောင်းမှု ဒုစရိုက်တို့နဲ့ ရှာဖွေစားသောက်ရခြင်း မရှိတဲ့အတွက် 'ငါ့မှာ အပြစ်ကင်းတဲ့ ကာယကံ ဝစီကံ မနောကံတို့နဲ့ ပြည့်စုံရပေတယ်' လို့ တွေးတော ဝမ်းမြောက်ရတဲ့ အနဝဇ္ဇသုခတို့ ဖြစ်ပါတယ်။

ဒုစရိုက်ကင်းပြီး သုစရိုက်နဲ့ ပြည့်စုံခြင်းဟာ သာသနာတော်ရဲ့

http://www.dhammadownload.com



အခြေခံကျင့်စဉ်ဖြစ်တဲ့ သီလသိက္ခာ လုံခြုံပြည့်စုံခြင်းပဲဖြစ်လို့ သမာဓိ သိက္ခာ၊ ပညာသိက္ခာတို့ကို အထောက်အကူ ဖြစ်စေတဲ့အတွက် ပစ္စည်း ဥစ္စာ ပြည့်စုံကြောင်းဖြစ်တဲ့ ဒါနကုသိုလ်ဟာ သံသရာရှည်ကြောင်း မဟုတ်၊ သံသရာလွတ်ရေးအတွက် အထောက်အပံ့သာ ဖြစ်ကြောင်းနဲ့ ခုလို သီလသိက္ခာ ပြည့်စုံရေးအတွက် အကြောက်အမျှော် ကင်းပြီး စင်ကြယ်တဲ့ ဒါနကုသိုလ်စစ်စစ်များဖြစ်အောင် ပြုကြဖို့ ဆွေးနွေး ညွှန်ကြားတော်မူကြပါတယ်။

စင်ကြယ်တဲ့ ဒါနကုသိုလ်နဲ့ သံသရာခရီးတိုအောင် လှမ်းနိုင်ကြပါစေ။

❐

http://www.dhammadownload.com

## တရားသဖြင့် နေထိုင်သူ

ကိုယ်မလိုချင်တာ သူများကို လုံးဝ မပေးပါနှင့်။
ကိုယ်လိုချင်တာ သူများကို အကုန်ပေးပါ။
ကိုယ်ပေးထားတဲ့အတိုင်း ကိုယ်ပြန်ရလိမ့်မယ်။
(တောရဆရာတော်ကြီး)

ဆရာတော်ကြီးရဲ့ ဘွဲ့တော်နဲ့ နေရပ်ကိုတော့ ဆရာတော်ကြီး မိန့်ကြားလိုက်တဲ့ "ကယ်ပေါက်" ဆုံးမစကားကြောင့် မဖော်ပြလိုက်ရတာပါ။ (ကယ်ပေါက်ကို သီးခြား ရေးပါဦးမယ်)

အထက်မြန်မာပြည်က မြို့တစ်မြို့မှာ မိမိနဲ့ ဆရာတူတပည့်လည်းဟုတ်၊ ငယ်စဉ်က စာသင်ပေးခဲ့ရဖူးတဲ့ တပည့်လည်း ဟုတ်တဲ့ ဆရာတော်လေးတစ်ပါးက စာချဘွဲ့ရလို့ဆိုပြီး ပြုလုပ်တဲ့ ဂုဏ်ပြုပွဲတစ်ခုမှာ သက်တော် ၉၄ နှစ် ရှိပြီဆိုတဲ့ ဆရာတော်ကြီးတစ်ပါးကိုလည်း ဖူးမြော်ကန်တော့ခွင့် ရလိုက်ပါတယ်။ ဆရာတော်ကြီး မျက်နှာတော်ကို ဖူးမြင်လိုက်ရတာ စိတ်ထဲမှာ အေးချမ်းမှုတစ်ခုကို ခံစားလိုက်ရသလို အတော်လေး ကြည်ညိုစိတ် ဖြစ်ပေါ်လာပါတယ်။

http://www.dhammadownload.com



မိမိတည်းခိုတဲ့ တပည့်ဓမ္မကထိကလေး ကျောင်းပြန်ရောက်လို့ ဆရာတော်ကြီးအကြောင်း ပြောပြတော့ ကျောင်းထိုင် ဓမ္မကထိကလေးနဲ့ သူ့နောင်တော်တို့က သူတို့လည်း အလားတူစိတ်မျိုး ဖြစ်ပေါ် ကြည်ညိုတဲ့အတွက် မကြာမကြာ သွားရောက်ပြီး ဝေယျာဝစ္စ ပြုပေး လေ့ရှိကြောင်းနဲ့ ဆရာတော်ကြီးနဲ့ တွေ့ကြုံဖူးကြတဲ့ တခြားဆရာတော် သံဃာတော်များနဲ့ ဒကာ၊ ဒကာမတို့ကလည်း အလားတူ မှတ်ချက်ချ ကြကြောင်း ပြောပြပါတယ်။

ဒီခရီးမှာ နောက်ထပ် သာမဏေကျော်ဘွဲ့ရတဲ့ တပည့် သာမဏေတစ်ပါးရဲ့ ဂုဏ်ပြုပွဲက ငါးရက်လောက်ခြားပြီး စောင့်နေရဦးမှာဖြစ်လို့ အတော်လေး အချိန်ရတဲ့အတွက် နောက်နေ့ညနေပိုင်းမှာ ဆရာတော်ကြီး အသုံးတည့်ပုံရတဲ့ အိုဗာတင်းဘူးနဲ့ ဆေးမျိုးစုံတို့ကို ကပ္ပိယနဲ့ စီစဉ်ခိုင်းပြီး ဓမ္မကထိကတို့ ညီနောင်နဲ့အတူ ဆရာတော်ကြီး သီတင်းသုံးနေထိုင်တဲ့ တောရကျောင်းတိုက်ကို သွားကြပါတယ်။

ဆရာတော်ကြီးက သက်တော်နဲ့ မမျှလောက်အောင်ကို သွားလာလှုပ်ရှားနိုင်တုန်းပါပဲ။ မျက်စိတို့၊ နားတို့၊ သွားတို့ကလည်း သုံးလို့ရနေဆဲ ဖြစ်ပါတယ်။ အတူပါလာတဲ့ တပည့်များက အကျိုးအကြောင်းလျှောက်ထား မိတ်ဆက်ပေးပြီးတော့ အားလုံး ကန်တော့ကြပါတယ်။ ကန်တော့ကြိုးပေးပြီးတဲ့အခါ ဩဝါဒစကားလေး ချီးမြှင့်ပေးဖို့ လျှောက်ထားတော့ "ဘာမှ အထွေအထူး ဩဝါဒ ပေးစရာရယ်လို့ မရှိ ပါဘူး။ ရဟန်းဆိုရင် ရဟန်းနဲ့တူအောင်နေ၊ လူဆိုရင် လူနဲ့တူအောင်နေ၊ ဒါပဲ အရေးကြီးဆုံးမို့လား။ အဲဒီလို နေကြရုံပေါ့"လို့ မိန့်ကြားပြီး တခြား စပ်မိစပ်ရာ မေးမြန်းပြောဆို နေပါတယ်။

ဆရာတော်ကြီးက မျက်နှာတော် ကြည်လင်အေးဆေးသလို

http://www.dhammadownload.com



အသံကလည်းအေးအေး၊ စကားလည်းအေးအေးပါပဲ၊ တော်တော်လေး စကားစပ်မိပြီးလို့ တရင်းတနှီးလို ဖြစ်လာတဲ့အခါ မိမိက...

"ဆရာတော်ဘုရား၊ တပည့်တော် ဆရာတော်ကြီးကို ဖူးမြင်လိုက်ရတဲ့အချိန်မှာပဲ ဆရာရင်းတစ်ပါးကို တွေ့လိုက်ရသလို ကြည်နူးစိတ်၊ ကြည်ညိုစိတ် ဖြစ်လာပါတယ် ဘုရား။ တည်းခိုတဲ့ကျောင်းပြန်ရောက်တော့ ဟောဒီ တပည့်များနဲ့ စကားစပ်မိတဲ့အခါ ဆရာတော်နဲ့တွေ့ဖူးကြတဲ့ တခြားဆရာတော်၊ သံဃာတော်တွေနဲ့ ဒကာ၊ ဒကာမ တွေကလည်း တပည့်တော်ပြောသလိုပဲ ပြောကြတယ်လို့ သိရပါတယ် ဘုရား။ တပည့်တော်တို့ နည်းယူလိုက်နာရအောင် ဆရာတော် အမြဲ နှလုံးသွင်းတဲ့တရားနဲ့ ဆရာတော် ကျင့်သုံးနေတဲ့ စရဏလေးများကို တပည့်တော်တို့ သိခွင့်ပြုပေးပါဘုရား"လို့ လျှောက်ထားတော့ ဆရာတော်ကြီးက ခဏလောက် စဉ်းစားနေပါတယ်။

ပြီးတော့မှ စောစောကပြောတဲ့ တပည့်များဘက်ကို မျက်နှာတစ်ချက်လှည့်ကြည့်ပြီး "သူတို့ကတော့ ဓမ္မကထိကတွေဆိုတော့ ဒီလိုပဲ တစ်ဖက်သား စိတ်ချမ်းသာအောင် ပြောကြတာပါပဲ။ အေးပေါ့လေ- ဘုန်းကြီးက တရားနည်းလမ်းကို လျှို့ဝှက်ထားတယ်လို့ ထင်နေဦးမယ်။ မောင်ပဉ္စင်း သိချင်သပဆိုရင်လည်း ကိုယ်နှလုံးသွင်း ကျင့်သုံးနေတာလေးတော့ ပြောပြနိုင်ပါတယ်။

အထွေအထူးတော့ မဟုတ်လှပါဘူး။ ဘုန်းကြီးတို့ ဆရာသမားဆုံးမခဲ့တဲ့ စကားသုံးခွန်းရှိတယ်။ အဲဒီအတိုင်း တတ်နိုင်သမျှ လိုက်နာကျင့်သုံးနေတာပါပဲ။ ဘုန်းကြီးတို့ စာသင်တိုက်သွားခါနီးတော့ ဆရာသမားက ဘာမှာသလဲဆိုတော့...

"ကိုယ်မလိုချင်တာ သူများကို လုံးဝ မပေးပါနဲ့။

http://www.dhammadownload.com



ကိုယ်လိုချင်တာ သူများကို အကုန်ပေးပါ။
ကိုယ်ပေးထားတဲ့အတိုင်း ကိုယ်ပြန်ရလိမ့်မယ်'တဲ့။

သတ္တဝါဆိုတာ လူတွေမဆိုထားနဲ့ တိရစ္ဆာန်တောင် ဆဲရေးတိုင်းထွာတဲ့စကား၊ ကြမ်းတမ်းတဲ့စကားကို မကြိုက်လို့ မြတ်စွာဘုရားရှင် ဟောထားတာလည်း ရှိတယ်လေ။ (နန္ဒိဝိသာလဇာတ်)၊ အကျိုးမဲ့အောင် လိမ်ညာတာတို့ အချင်းချင်း စိတ်ဝမ်းကွဲအောင် ကုန်းတိုက်တာတို့လည်း အတူတူပဲပေါ့။ ကိုယ်မကြိုက်တာတွေ သူများကို လုံးဝ မပေးမိအောင် စောင့်စည်းပြီးတော့ နေရမှာပေါ့။

ဘယ်သူမဆို ကိုယ်ရောက်တဲ့နေရာမှာ မျက်နှာကြည်သာတာ၊ ဖော်ဖော်ရွေရွေ နှုတ်ဆက်ကြိုဆိုတာကို တွေ့ရရင် ဝမ်းသာကျေနပ်ကြတာပဲမဟုတ်လား။ ကိုယ့်ဆီရောက်လာတဲ့ ဧည့်သည်ကိုလည်း ကိုယ်က အဲဒါမျိုး ပေးရမှာပေါ့။ ဒီနေရာမှာ စကားစပ်မိလို့ သတိပေးရဦးမယ်။ ခရီးဝေးကရောက်လာတဲ့ ဧည့်သည်မျိုးကျတော့ နှုတ်ဆက်ပြောဆိုတာ လောက်ပဲလုပ်၊ စကားကြောတွေ သိပ်ပြီးရှည်မနေနဲ့ဦး။ ခရီးရောက်မဆိုက်မှာ အရင်ဆုံးလိုအပ်တာက ရေသောက်စရာတို့၊ အပေါ့အလေး သွားစရာတို့ ခြေဆန့် လက်ဆန့် နားနေချင်တာတို့ကလည်း လူတိုင်း လိုချင်တဲ့ အရာပဲ။ အဲဒါတွေကို အရင်ပေးရတယ်။

စကားအရာနဲ့ ပတ်သက်လို့ မြတ်စွာဘုရားကို ဆန့်ကျင်ဘက် ပုဏ္ဏားတွေကတောင် ချီးကျူးရတဲ့အချက်တွေ ရှိတယ်လေ။ အဲဒါတွေလည်း အတုယူစရာတွေပေါ့။

| | | |
|---|---|---|
| ဟေိသွာဂတဝါဒီ | = | ကောင်းသော လာခြင်းပါလို့ ပြောဆိုလေ့ရှိတယ်။ |
| သခိလော | = | ချိုသာကြည် ပြောဆိုတတ်တယ်။ |
| သမ္မောဒကော | = | နှမ်းသူကို လန်း၊ ပန်းသူကို ပြေစေလောက် |

http://www.dhammadownload.com



| | | |
|---|---|---|
| | | အောင် ခရီးကြိုစကား ပြောဆိုတတ်တယ်။ |
| အဇ္ဈာကုဋ္ဌိကော | = | မျက်စောင်းမထိုး၊ မကျိုးမျက်မှောက်၊ ဖြောင့်ဖြောင့် ချစ်ကြည် ကြည့်ရှုလေ့ရှိတယ်။ |
| ဥတ္တာနမုခေါ | = | ပြောဆိုဆက်ဆံရ လွယ်ကူတယ်။ |
| ပုဗ္ဗဘာသီ | = | ပြောဆိုသင့်တဲ့ စကားကို ဘုရားရှင်ကပဲ စပြီးပြောတယ်လို့ ဆိုသမို့လား။ |

(ဒီ-၁-ပါ-၁၀၉၊ ၅-၂၅၆)

ဒီ နောက်ဆုံးအချက်က အရေးကြီးတယ်နော်။ အဇာတသတ် မင်းကြီး ဘုရားရှင်ထံ ပထမဆုံးရောက်လာတုန်းက သူ့အပြစ်သူ လိပ်ပြာမလုံလို့ စကားမပြောဝံ့ဘူးလေ။ ဘုရားရှင်ကစပြီး နှုတ်ခွန်း ဆက်လိုက်တော့မှ မေးရဲ လျှောက်ရဲဖြစ်ပြီး ရဟန်းပြုခြင်းရဲ့ မျက်မှောက်အကျိုးတွေကို လျှောက်ထားလို့ သာမညဖလသုတ်ကြီး ဖြစ်ပေါ်လာတာမို့လား။ ဒါတွေဟာ ပြောဆိုဆက်ဆံရေးမှာ ကိုယ် ကြိုက်တဲ့ အရာတွေပဲမို့လား။ အဲဒါတွေကို ကိုယ်က သူများကို အကုန်ပေးရမယ်တဲ့။

ကာယကံနဲ့ ပတ်သက်ရင်လည်း ဒီအတိုင်းပဲပေါ့။ မြတ်စွာ ဘုရား ဟောတော်မူတဲ့ 'အတ္တာနံ ဥပမံ ကတွာ၊ နဟနေယျ နဃာတယေ' ဆိုတဲ့အတိုင်း အရှင်မဟာရဋ္ဌသာရကတောင် လင်္ကာလေး စပ်ထားတာ ရှိတယ်လေ။ "ကိုယ်နှင့်လည်းစာ၊ သတ္တဝါကို၊ ကြင်နာလှစေ၊ သူ့ အသက်ကို ချစ်ပါလေ" ဆိုသလို ပြုလုပ်ရမှာပေါ့။

မနောကံနဲ့ ပတ်သက်လို့လည်း ကိုယ်ချင်းစာစိတ် ထားရတာ ပါပဲ။ ဘယ်သူမဆို အစာ ဝချင်တယ်၊ အနာ ကင်းချင်တယ်၊ ဘေး အန္တရာယ် ကင်းရှင်းချင်ကြတယ်မို့လား။ အဲဒီတော့ "သတ္တဝါအားလုံး၊ စာဝ၊ နာကင်း၊ ဘယာရှင်းကြပါစေ"ဆိုတဲ့ မေတ္တာစိတ် အမြဲပွားပေး

http://www.dhammadownload.com



ပေါ့။ ဒါကတော့ ကိုယ့်ဆရာသမား ဆုံးမခဲ့တာကို ကိုယ်သဘောပေါက်သလောက် အဓိပ္ပာယ် ကောက်ယူတာပေါ့။ အဲဒီအတိုင်း တတ်နိုင်သလောက် လိုက်နာကျင့်သုံးတာပါပဲ။

အဲ... စောစောက ဟိုကောင်လေးတွေပြောသလို တွေ့ကြမြင်ကြသူတွေရဲ့ စိတ်ထဲမှာ ဖြစ်ပေါ်လာကြတယ်ဆိုတာဟာ ဟုတ်တယ်ဆိုရင်ပေါ့လေ (သူမြေး တပည့်နှစ်ပါးဘက်ကို မယုံကြည်သလိုနဲ့ ပြုံးပြီး ကြည့်လိုက်သေးတယ်) အဲဒါလည်း ကိုယ်ပေးထားတဲ့အတိုင်း ကိုယ် ပြန်ရတယ်လို့ပဲ ဆိုရမှာပေါ့။ အဲဒါပါပဲ။ ဘာမှ အထွေအထူး မဟုတ်ပါဘူး"လို့ မိန့်ကြားတော်မူပါတယ်။

ဒါတွေဟာ ဆရာတော်ကြီးအနေနဲ့ အထွေအထူး မဟုတ်ဘူးဆိုပေမယ့် မိမိတို့အတွက်တော့ မထူးဘဲနဲ့ 'ထွေ'နေကြတုန်းပါ။

ကိုယ် လုံးဝမလိုချင်ပေမယ့် သူများကိုကျတော့ အလှူပယ်ပေးမိကြတာတွေ။

ကိုယ့်အတွက်တော့ အလှူပယ်ရချင်ပေမယ့် သူများကိုတော့ လုံးဝ မပေးမိတာတွေ။ တွေးကြည့်လိုက်ရင်တော့ ကိုယ်ပေးထားတဲ့အတိုင်း ကိုယ်ပြန်ရလာမယ့် အလှည့်မှာ "ကောက်ရိုးပုံကြီးကို တစ်နေကုန်ဖွရှာမှ ဆန်တစ်စေ့ပဲ အနိုင်နိုင်ရတယ်" ဆိုတာမျိုးတောင် ဟုတ်မှဟုတ်ပါ့မလား။

တောရဆရာတော်ကြီးနည်းတူပဲ၊ တခြား ဆရာတော်တစ်ပါးကလည်း မိန့်ကြားဖူးပါတယ်။

"ကိုယ်တွေ့ကြုံ ခံစားရတဲ့အခါ 'ဒါကတော့ သက်သက်မတရားတာပဲ၊ ကျေကို မကျေနပ်ဘူး' ဆိုတာမျိုးကို သူများ လုံးဝမပေးမိအောင်နေပါ။ အဲဒါဆို မတရားမှုကင်းပြီး အသက်ရှင်နေထိုင်သူဖြစ်မယ်။

http://www.dhammadownload.com



ကိုယ်တွေ့ကြုံ ခံစားရတဲ့အခါ 'ဒါမျိုးတော့ တရားတယ်၊ မျှတတယ်၊ ဝမ်းသာကျေနပ်စရာကောင်းတယ်' ဆိုတာမျိုး သူများကို ပေးနိုင်သလောက်ပေးပါ။ ဒါဆိုရင် လောကမှာ တရားသဖြင့် အသက်ရှင်နေထိုင်သူဖြစ်ပြီ"တဲ့။

မြတ်ဗုဒ္ဓအလိုတော်အရ သတ္တဝါတိုင်းမှာ တူညီတဲ့ အခြေခံ အခွင့်အရေး နှစ်ခုစီ ရှိကြပါတယ်။ "ပြုလုပ်ပိုင်ခွင့်"နဲ့ "ခံစားခွင့်" (ကံနဲ့ ကံ၏အကျိုး) ဖြစ်ပါတယ်။ ပြုလုပ်ပိုင်ခွင့်ကို ဆိုးဆိုးဝါးဝါး အသုံးချသူဟာ ခံစားခွင့်ကိုလည်း ဆိုးဆိုးဝါးဝါး ခံယူရမယ်။ ခံစားချိန်ရောက်မှ ငြင်းပယ်ခွင့် မရှိဘူး။ ပြုလုပ်ခွင့်ကို ကောင်းကောင်းမွန်မွန် အသုံးချသူဟာ ခံစားခွင့် ကောင်းကောင်းမွန်မွန် ရရှိမယ်။ တောင့်တနေစရာ မလိုဘူး။ ဒါဟာ ကမ္မသကတလမ်းစဉ်မှန်ပဲ ဖြစ်ပါတယ်။

သတိထား အသိပွားနိုင်ကြပါစေ။

တရားသဖြင့် သက်ရှင်နေထိုင်သူများ ဖြစ်စေသော်။

□

http://www.dhammadownload.com

# အို၊ နာ၊ သေခြင်း မရှိသူ

လျှောင်လှုပ်တယ်၊ ကမ်းပါးပြိုတယ်၊ သစ်ပင်လဲတယ်၊ သစ်ရွက်ကြွေတယ်၊ အိုးကွဲတယ်၊ နွားသေတယ်ဆိုတဲ့ ဝေါဟာရတွေဟာ "သင်္ခါရ"ဆိုတဲ့ အမြင်နဲ့ မြင်တတ်တဲ့ ပုဂ္ဂိုလ်တွေအတွက်တော့ "ဖြစ်ပြီးပျက်သွားတယ်" ဆိုတဲ့ အဓိပ္ပာယ်တစ်မျိုးတည်း အတူတူပဲ မို့လား။

(တောင်တွင်းကြီး နတ်မှီဆရာတော်)

ဒီအကြောင်းကို ရေးဖို့ စိတ်ကူးတာတော့ ကြာပြီ။ အခု အတွေးသစ်ဂျာနယ် အမှတ်စဉ် ၂၄၀ မှာ ဆရာအတ္တကျော်ရဲ့ "သေခြင်းတရား"နဲ့ ပတ်သက်တဲ့ ဘာသာပြန်ဆောင်းပါးကို ဖတ်ပြီးမှပဲ အထမြောက်တော့တယ်။ ဆရာအတ္တကျော်ရဲ့ ဘာသာပြန် ဆောင်းပါးတွေမှာ မြန်မာစာဖတ်ပရိသတ်နဲ့ အဆက်အစပ် ကွာဟမယ်ထင်တဲ့ နေရာမျိုးကို ဘာသာပြန်သူက ကြားဝင်ပြီး စေ့ပေးတာလေးတွေ တွေ့ရတတ်ပေမယ့် ဒီဆောင်းပါးမှာတော့ ဘာမှ ဝင်စေ့မထားဘူး။ ကိုယ်သိပ်မကျွမ်းကျင်သေးတဲ့ ဘာသာရပ်မှာ ဘာမှ ဝင်မစွက်ဖက်

http://www.dhammadownload.com



လိုဘူးဆိုတဲ့ သဘောနဲ့ တမင်လက်ရှောင်ထားတဲ့ပုံ ရပါတယ်။ မိမိအနေနဲ့လည်း ဆရာတော့ ဝင်မလုပ်ရဲပါဘူး။ ကြားနာဖူးတဲ့ မထေရ်မြတ်တို့ အဆိုအမိန့်နဲ့ပဲ ဖြည့်စွက်ပေးချင်တာပါ။

ဆရာအတ္တကျော်ရဲ့ ဆောင်းပါးမှာ အဓိက အကျဆုံးလို့ ဆိုရမယ့် အပိုဒ်ကတော့ "သတ်လို့ရတဲ့ သေစရာဆိုတာ မရှိလို့ သေခြင်း တရားမရှိတာပါ"ဆိုတဲ့ အပိုဒ်ပဲ ဖြစ်မယ်ထင်ပါတယ်။

ဒီအကြောင်းနဲ့ ပတ်သက်လို့ ဒေးဒရဲ ကွင်းကျောင်းတိုက်မှာ နိကာယ်သင်တန်းလုပ်စဉ်က ညပိုင်း ဓမ္မသာကစ္ဆာဝိုင်းမှာ သိပ္ပံဆရာ ဆိုတဲ့ ဒကာတစ်ဦးက...

"ဗုဒ္ဓတရားတော်တို့ရဲ့ အထွတ်အထိပ်ဆိုတာ မအို၊ မနာ၊ မသေရာ နိဗ္ဗာန်ကို မျက်မှောက်ပြုရတယ်လို့ ဆိုပါတယ်။ မဟာ ပရိနိဗ္ဗာနသုတ်မှာ ကြည့်လိုက်တော့ ဘုရားရှင်ကိုယ်တိုင် ခန္ဓာကိုယ်ကြီး အိုမင်းလာလို့ လှည်းအိုကြီးကို ကြိုးနဲ့တုပ်သလို ဖလသမာပတ်နဲ့ တုပ်နှောင်ထားရတယ် လို့လည်း ပါတယ်။ ဝမ်းတော်လားရတယ် ဆိုတာလည်း နာတာပဲ မို့လား။ ပရိနိဗ္ဗာန်ပြုတယ်ဆိုတာလည်း လူတွေလိုပြောရရင် သေတာပဲ မို့လား။ ဒီလိုဆိုရင် အို, နာ, သေက ဘယ်အချိန်မှာ လွတ်တာလဲ" ဆိုပြီး လျှောက်ထားပါတယ်။

တောင်တွင်းကြီး နတ်မှီတောရဆရာတော်ကြီးက တအောင့် လောက် စဉ်းစားနေပြီးတော့မှ "လျှောင်လှုပ်တယ်၊ ကမ်းပါးပြိုတယ်၊ သစ်ပင်လဲတယ်၊ သစ်ရွက်ကြွေတယ်၊ အိုးကွဲတယ်၊ နွားသေတယ်ဆိုတဲ့ ဝေါဟာရတွေဟာ 'သင်္ခါရ'ဆိုတဲ့ အမြင်နဲ့ မြင်တဲ့ပုဂ္ဂိုလ်အတွက်တော့ 'ဖြစ်ပြီးပျက်သွားတယ်'ဆိုတဲ့ အဓိပ္ပာယ်တစ်မျိုးတည်း အတူတူပဲမို့လား" လို့ မိန့်လိုက်တော့ မေးတဲ့ ဒကာက "နည်းနည်းရှင်းပြပါဦး ဘုရား" လို့ တောင်းပန်ပါတယ်။

http://www.dhammadownload.com



"သက်ရှိ သက်မဲ့ အရာအားလုံးဟာ အကြောင်းတရားတို့ စုပေါင်းပြီး ဖြစ်ပေါ်နေတဲ့ သင်္ခါရတရားတွေချည်းပါပဲ။ အဲဒါ လူတို့က 'ကမ်းပါး'လို့ သတ်မှတ်ထားတဲ့ သင်္ခါရတရား ပျက်တာကို 'ပြိုတယ်'၊ သစ်ပင်ကျတော့ 'လဲတယ်'၊ သစ်ရွက်ကျတော့ 'ကြွေတယ်'၊ အိုးကျတော့ 'ကွဲတယ်'၊ သတ္တဝါကျတော့ 'သေတယ်'လို့ ခေါ်ကြတာ မို့လား။ ဒီတော့ ပြိုတယ်၊ လဲတယ်၊ ကြွေတယ်၊ ကွဲတယ်၊ သေတယ် ဆိုတာတွေဟာ ကိုယ် စွဲလမ်း မှည့်ခေါ်ထားတဲ့အတိုင်း အစွဲရှိသူ တွေရဲ့ သတ်မှတ်ချက်တစ်ခုသာ ဖြစ်တယ်လို့ မဆိုသင့်ပေဘူးလား။

ဒါတွေအားလုံးကို "သင်္ခါရ"အဖြစ်နဲ့ မြင်အောင် ကိုယ်ပိုင် အသိနဲ့ ကြည့်တတ်၊ မြင်တတ်ကြပြီဆိုရင် ဘယ်လိုသဘောထားမလဲ။ အဲဒါ သဘောပေါက်ဖို့လိုတယ်။

ဒကာလျှောက်တဲ့ မဟာပရိနိဗ္ဗာနသုတ်မှာပဲ ဘုရားရှင်က အရှင်အာနန္ဒာကို ဟောပြတဲ့ ဂါထာတစ်ခုရှိတယ်။ လူတိုင်းလိုလိုလည်း ရနေကြမှာပါ။ "အနိစ္စာဝတသင်္ခါရာ၊ ဥပ္ပါဒဝယဓမ္မိနော" ဆိုတာ လေ၊ အဲဒီမှာ သေသေချာချာ စဉ်းစားပြီးကြည့်ပါ။

"အနိစ္စာဝတ" ပြီးတော့ "သင်္ခါရာ"တဲ့။ ဒါ အရိယာပုဂ္ဂိုလ် တွေ မြင်တာနော်။ အားလုံးကို သင်္ခါရတရားတွေအဖြစ်နဲ့ မြင်လို့ ဒီလို ပြောနိုင်တာ။ သင်္ခါရလို့ မြင်လိုက်တဲ့အတွက် နောက်မှာ ဘာလာ သလဲ ဆိုတော့ "ဥပ္ပါဒဝယဓမ္မိနော"တဲ့။ ဖြစ်ပြီးပျက်တဲ့ သဘာဝတွေ ပဲလို့ ဆိုတာ ဒီလို သိမြင်ကြသူတွေမှာ ဖြစ်တဲ့အရာတိုင်း ပျက်တယ်၊ ဒီ ဖြစ်တတ် ပျက်တတ်တဲ့ သဘောတရားတို့ ချုပ်ငြိမ်းကင်းလွတ်ရာ နိဗ္ဗာန် သည်သာ သုခအစစ်ဖြစ်တယ်လို့ ဆိုထားတယ်။ ဒါဟာ အစွဲဥပါဒါန် ကင်းကင်းနဲ့ မြင်နိုင်မှ တွေ့ခွင့်ရှိတာနော်။

တကယ်လို့ အဲဒီဂါထာနေရာမှာ "အနိစ္စာဝတသတ္တာ"လို့

http://www.dhammadownload.com



မြင်ကြမယ်ဆိုရင် ဘယ်လိုဖြစ်သွားမလဲ။ သတ္တာဆိုတော့ သတ္တဝါ ဆိုတဲ့ စွဲလမ်းသတ်မှတ်ချက် ပါသွားပြီမို့လား။ သတ္တဝါလို့ သတ်မှတ် စွဲလမ်းထားပြီးပြီဆိုရင် နောက်မှာ "ဥပ္ပါဒဝယဓမ္မိနော = ဖြစ်ပြီး ပျက်သွားတဲ့ သဘောရှိတယ်"လို့ ခံယူနိုင်ပါတော့မလား။ အခု ဒကာတို့ ဘုန်းကြီးတို့ သဘောထားသလိုပဲ။ "ပဋိသန္ဓေနေခဲ့ကြပြီး လို့ သေရပြီ"လို့ သဘောထားကြမယ်မို့လား။ ဒီလိုသဘောထားရင် "တေသံ ဝူပသမောသုခေါ" လည်း ဘယ်လာနိုင်တော့ပါ့မလဲ။ ဟိုး... ပဋိစ္စသမုပ္ပါဒ်မှာ ဆိုထားတဲ့ အတိုင်းပေါ့။ "ဇာတိ ပစ္စယာ ဇရာမရဏ" ပြီးတော့ ဘာလာသလဲ။ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသ ဆိုတာတွေ တစ်စီ တစ်တန်းကြီး လိုက်လာ တာပဲမို့လား"ဆိုတော့ "နည်းနည်းတော့ သဘော ပေါက်သလိုလို ရှိလာပြီ ဘုရား၊ ဆက်ပြီး အမိန့်ရှိပါဦး"တဲ့။

"အထူးအထွေ အမိန့်ရှိနေစရာ မလိုတော့ဘူး။ သင်္ခါရ တရားတွေအပေါ်မှာ ငါ သူတစ်ပါး ယောကျ်ား မိန်းမတို့၊ သက်ရှိ သက်မဲ့တို့ သတ္တဝါတို့ဆိုတဲ့ အစွဲမကင်းရင် ကိုယ်စွဲလမ်းထားတဲ့ အတိုင်း ပျက်တဲ့အခါမှာလည်း သေဆုံးတယ်။ ကွဲကွာတယ်ဆိုတဲ့ ခံယူချက်များနဲ့အတူ ဝမ်းနည်းပူဆွေးမှု စတဲ့ ဒုက္ခတွေကြုံရမယ်။ အဲဒီလို စွဲလမ်းသတ်မှတ်ချက် မရှိတော့တဲ့ ပုဂ္ဂိုလ်တွေအဖို့ကျတော့ သတ္တဝါဆိုတဲ့ အစွဲမရှိတော့ရင် မွေးဖွားစရာ၊ အိုစရာ၊ နာစရာ၊ သေစရာကော ရှိပါဦးမလား။

စောစောက ဒကာကြီးလျှောက်ထားတဲ့ 'အိုတာ နာတာ သေတာပဲမို့လား'ဆိုတဲ့ စကားကို သေချာစဉ်းစားလိုက်ရင် ဒါဟာ အစွဲဥပါဒါန်သမားများက ကိုယ့်အစွဲနဲ့ ကိုယ်ထင်မှတ်နေတာမို့လား၊ ဘုရား ရဟန္တာတို့မှာ သတ္တဝါဆိုတဲ့ အစွဲဥပါဒါန် မရှိတော့တဲ့အတွက်

http://www.dhammadownload.com



အိုစရာ၊ နာစရာ၊ သေစရာ ရှိပါဦးမလား" ဆိုတော့ "မရှိနိုင်လောက်တော့ဘူး ဘုရား"လို့ လျှောက်ထားပါတယ်။

"ဒါဖြင့် အိုနာသေက ဘယ်အချိန်မှာ လွတ်တာလဲဆိုတာကိုလည်း သဘောကျလောက်ရောပေါ့၊ သတ္တဝါလို့ သတ်မှတ်စွဲလမ်းခြင်းကင်းတဲ့ အချိန်ကစပြီး အိုစရာ နာစရာ သေစရာကို မရှိတော့တဲ့အတွက် အဲဒီအချိန်ကစပြီး လွတ်တယ်လို့ ဆိုရမယ်မဟုတ်လား"လို့ မိန့်ကြားတော်မူလိုက်ပါတယ်။

အမှန်ကတော့ ဒီမေးခွန်းနဲ့ အဖြေက သံသရာခရီးဆုံးဖြစ်တဲ့ နိဗ္ဗာန်နဲ့ ပတ်သက်နေတာပါ။ မိမိတို့က ဒီခရီးဆုံးနဲ့ ပတ်သက်လို့ လမ်းညွှန်မြေပုံလောက်ကိုသာ လေ့လာနေကြပြီး တကယ် ခရီးပေါက်အောင် မလျှောက်နိုင်ကြသေးသူတွေချင်းဖြစ်လို့ ဒီထက်ပိုပြီး ရှင်းပြဖို့နဲ့ ရှင်းရှင်းလင်းလင်း သဘောပေါက်ဖို့ဆိုတာကတော့ ဓမ္မဒူတ အရှင် ဆေကိန္ဒ ပြောသလိုပဲ။ "အတုကိုသာ နိုင်လို့ရမယ်၊ အစစ်ကတော့ ကျင့်မှ ရမယ်"လို့သာ ဆိုရပါလိမ့်မယ်။

အဲဒီတုန်းက တောင်တွင်းကြီးကနေ ဆရာတော်ကြီးနဲ့ အတူပါလာတဲ့ ကဗျာဝါသနာရှင် ဦးဘရှင်ဆိုတဲ့ ဒကာကြီးက ဆရာတော်ကြီးရဲ့ အဖြေကို နာယူပြီးတဲ့အခါ...

"သေတာဟာ သဘာဝ၊ ကမ္ဘာက ထုံးစံ၊ ပဓာန ရုန်းကန်လျှင်အဆုံးဉာဏ်နိဂုံး"လို့ အစချီပြီး တေးထပ်ကလေးတစ်ပုဒ် ရေးသေးတယ်။ အခု ပြန်စဉ်းစားလိုက်တော့ အဆုံးအထိလည်း မရတော့ဘူး။ မှတ်စုစာအုပ်တွေကလည်း တစ်နေရာစီဖြစ်နေလို့ ရေးမပြနိုင်တော့ပါဘူး။

မှတ်မိတဲ့အပိုဒ်ထဲက "ပဓာနရုန်းကန်" ဆိုတဲ့အထဲမှာ ပဓာနဆိုတာ ဒီနေရာမှာ "ကြိုးစားအားထုတ်ခြင်း"လို့ အဓိပ္ပာယ်ရပါတယ်။ ဆရာအတ္တကျော်ရဲ့ ဆောင်းပါးမှာ ပါတဲ့အတိုင်း သီလ၊ သမာဓိ၊

http://www.dhammadownload.com



ပညာ တရားများ မြင့်သည်ထက် မြင့်အောင် ကြိုးစားရမှာပါ။ "အဆုံးဉာဏ်" ဆိုတာ အမြင့်ဆုံးဖြစ်တဲ့ အရဟတ္တမဂ်ဉာဏ်ပါ။ အဲဒီ အဆုံးဉာဏ်ကို ရရှိပြီးတဲ့ ပုဂ္ဂိုလ်မှန်သမျှ အစွဲဥပါဒါန် လုံးဝဥဿုံ ချုပ်ငြိမ်းသွားပြီဖြစ်လို့ မွေး၊ အို၊ နာ၊ သေလို့ လူတွေ ထင်မှတ် စွဲလမ်းသမျှတွေဟာ တခြား သက်မဲ့ သင်္ခါရများနည်းတူ သဘာဝတရားကြီး။ သင်္ခါရကမ္ဘာရဲ့ ထုံးစံ ကြီးမျှသာ ဖြစ်တယ်လို့ သဘောထားနိုင်သွားပြီလို့ ဆိုလိုတာပါ။

ဒီလိုသဘောထားနိုင်တဲ့ ပုဂ္ဂိုလ်များဟာ မင်္ဂလာတရားတော် တွေထဲမှာ အမြင့်ဆုံး မင်္ဂလာတရားဖြစ်တဲ့ "ဖုဋ္ဌဿလောကဓမ္မေဟိ၊ စိတ္တံ ယဿ နကမ္ပတိ"ဆိုတဲ့ မင်္ဂလာနဲ့ ပြည့်စုံသွားပြီမို့ ဘယ်လို လောကဓံတရားကြောင့်မှ တုန်လှုပ်ခြင်း မရှိတော့ပါဘူး။ အ,သောကံ ဝမ်းနည်းခြင်းလည်း မဖြစ်တော့ဘူး။ (ဝမ်းနည်းခြင်း မရှိတဲ့အတွက် ဝမ်းသာခြင်းရယ်လို့လည်း ဖြစ်စရာအကြောင်း မရှိတော့ဘူး) ဝိရဇံ= တဏှာ အစေးခာတ် ခြောက်ခန်းသွားပြီဖြစ်လို့ ကိလေသာမြူတွေလည်း မကပ်ငြိတော့ဘူး။ ခေမံ = အဲဒါကိုပဲ ချမ်းသာအစစ်လို့ ပြောရတာပါ။ "ခေမံ"လို့ခေါ်တဲ့ ချမ်းသာဆိုတာ အခု လူတွေပြောနေတဲ့ ဆင်းရဲ ချမ်းသာ ဆိုတာနဲ့ မတူဘူးဆိုတာလည်း သဘောပေါက်သင့်ပါတယ်။

ဆရာအတ္တကျော်ရဲ့ စာများမှာလို "အားလုံး တွေးဆဆင်ခြင် ကြည့်နိုင်ကြပါစေ"လို့ နဂုံးချုပ်လိုက်ချင်ပေမယ့် မြတ်စွာဘုရားရှင်က "အတက္ကာဝစရော = တွေးတောကြံစည်ရုံနဲ့တော့ သဘောမပေါက်နိုင် ဘူး"လို့ မိန့်ကြားထားတဲ့အတွက် ဒီနေရာမှာတော့ "ကြိုးစားသိမြင်နိုင် ကြပါစေ"လို့သာ နဂုံးချုပ်လိုက်ပါရစေ။

မေ့ဘောရီအရှင်ဝီရိယ ၊တောင်စွန်း၊